www.burmeseclassic.com




LUCKY STAR
သားသမီးရတနာ မထွန်းကားသူများအတွက်
福星男女不孕不育專科
ဆရာစံ 楊醫師
B.E (Chemical) D.E.S (U.S.A)



Boy Baby 生男孩專方 သားသားရတနာ

x + y = ♂

Girl Baby 生女孩專方 သမီးလေးရတနာ

x + y = ♀

Twin Baby 雙生兒專方 အမြွှာလေးရတနာ



က်(D)၊ အခန်း(၆)၊ ရွှေစပယ်ရိပ်မွန်၊ ရေကျော်ဈေးအနီး ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
: 01 - 536355, Hp - 09 - 73241356, Hp - 09 - 5139886 Email sanmyint 5688@ gmail.com

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာအောင်ကျော်ဇော စီစဉ်ထုတ်ဝေသည်

တကယ့်ဖြစ်ရပ်

# ရှုခင်း မဂ္ဂဇင်း 2014 December

အတွဲ(၁)၊ အမှတ်(၁၅)


အယ်ဒီတာချုပ် - အောင်ကျော်ဇော

ရဲအုပ်အောင်လွင်(ငြိမ်း)

ဒုအရာခံဗိုလ်(ငြိမ်း)တင်မတော်(ကြည်း)

တာဝန်ခံအယ်ဒီတာ - ထက်ထက်ဦးဝေ

အယ်ဒီတာအဖွဲ့ - အေးအေးခိုင်၊ ဦးရဲလွင်(ရဲဘိုင်အို)

လက်ထောက်အယ်ဒီတာ - နေမျိုးအောင်


BURMESE CLASSIC


ထုတ်ဝေသူ

ဦးအောင်လွင်(ယာယီ/၂၀၈၃)

ပုံနှိပ်သူ

သိန်းသန်းဦးပုံနှိပ်တိုက်

ဒီဇိုင်းအပြင်အဆင်

Min Group

ကွန်ပျူတာစာစီ

နေမျိုးအောင်

ပန်းချီသရုပ်ဖော်

ပန်းချီမင်းထက်နိုင်၊ ရဲသူ(ရန်ကုန်တက္ကသိုလ်)




သက်တန့်ရောင်စဉ်


ဖြန့်ချိရေး

ကန့်ကော်လွင်စာပေ၊ အမှတ်(၉၇)၊ မြေညီထပ်(ဝဲ)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁ ၃၈၅၃၆၉၊ ၀၉ ၄၉၂၈၄၂၁၈


တန်ဖိုး - ၁၀၀၀၊ ဘုပ်ရေ - ၁၀၀၀

www.burmeseclassic.com

www.burmeseclassic.com

# 2014 DECEMBER

CONTENTS

ကဗျာ

မောင်သည်ဒါ(ပျော်ဘွယ်)၊ မာန်အောင်မင်းနီ၊ မောင်လွမ်းရည်(ရွှေတောင်)၊ မန်းစံရွှေ၊ သုမွန်ဦး(ဟသ်ာတ)၊ သမင်းသစ္စာ၊ မင်းထက်သားညီ(တောင်ငူ)၊ လှိုင်ခင်အုန်း(အမရပူရ)

ကာတွန်း

သုရိန်၊ မောင်တင်ယု၊ မှဒုံအိန်ဂျယ်၊ ရွှေသရော်၊ ဈာန်မောင်မောင်၊ စိတ်သစ်၊ စမ်းချောင်းစန်းကို၊ ကျော်ဝင်းနိုင်

ဆောင်းပါး


| | | |
|---|---|---|
| ညွှန့်ဟံ(ကြူတော) | သံသယနှင့်ဒေါသ ရောစပ်သည့်မှုခင်း | ၂၃ |
| ရွှေညာမောင်ကြီး(မြစ်ငယ်) | တို့ရွာနှင့်တို့စာသင်ကျောင်း သမိုင်းကြောင်းဖြင့် သက်သေတည် | ၂၇ |
| ဦးသန်းထွန်း(ဥပဒေ) | ဒါဖတ်ပြီးမှ ကာကွယ်ကြ | ၈၂ |


ဘာသာပြန်


| | | |
|---|---|---|
| လှမ်းထက် | ပြူစောထီးဗိုလ်ချစ်လှိုင်ကို ကြိုးပေးခဲ့စဉ်က | ၉၉ |
| လှမိုး(ပညာရေး) | အက်ဖ်ဘီအိုင်နှင့် စိတ်စွမ်းအင်စစ်ဆင်ရေး | ၁၀၆ |




BURMESE CLASSIC

တစ်မျက်နှာဝတ္ထု


| | | |
|---|---|---|
| ဒီနို(ရှပဒေ) | လုပ်ရက်တယ် | ၁၅၃ |


တစ်ခန်းရပ်ဟာသ


| | |
|---|---|
| အေးမို့မို့လှိုင်(မြန်မာစာ) | ၁၃၄ |




www.burmeseclassic.com

www.burmeseclassic.com




...န်းဆက်ဝတ္ထုရှည်
...ကဲဆက်ဦးဝေ
...အလွန် (ဇာတ်သိမ်း) ၃၆

...မိုးမိတ်ဆက်
...ပင်မြိုင်(သရုပ်ဆောင်)
...လေးအတွေး ၉၈

ဖေဒင်
ဝေဒသုတေသီတစ်ဦး

သတင်း
နိုင်ငံတကာသတင်း


www.burmeseclassic.com

www.burmeseclassic.com

ရသ


**မျိုးမြင့်ကြိုင်(သင်)**
အခုတစ်မျိုး တော်ကြာတစ်မျိုး ၃၁
**စမ်းချောင်းစန်းကို**
မျက်ကွယ်မြဒင် ၆၂
**ရွှေသိုက်ကယသီခင်အောင်**
လက်ဖွေ့လူညာကစ်မက်ကျိုင်း ၇၅
**ဒုတိယရဲမှူးကြီးဝင်းဦး(ငြိမ်း)**
ဆားပုလင်းခေါင်းစုံထောက်ကြီး ၈၈
**ရွှေအလျှံ**
ယုံကြည်မိသည့်နောက်ကွယ် ၁၁၂
**မောင်မောင်နိုင်(စစ်တွေ)**
ကယ်တင်ရှင်မဟာသခင်ကျော် ၁၂၅
**မောင်မောင်လွင်(ညောင်လေးပင်)**
လင့်စီးမှုဆိုး ၁၃၈
**ကျွန်းဆုံမြေတောက်**
ထိုင်းပြန် ၁၄၇
လူငယ်တစ်ယောက်အကြောင်း(၆)
**မိအောင်ကျော်ဇေ**
မှန်ပေါ်ရပ်တဲ့ မိန်းကလေး ၁၅၄










www.burmeseclassic.com

www.burmeseclassic.com



## ဘ၀အတွက်သွန်သင်ချက်



သမန်းမြက်နဲ့ ငါးပုပ်ထုပ်
စွဲငြီ အနံ့ပုပ်။
လူယုတ်မာနဲ့ ပေါင်းမိလျှင်
အမှားတွေ့မည်ပင်၊
ဆင်ခြင်တွေးဆ သတိထား
လူမိုက်ဟူက စဉ်ရှောင်ရှား။
ပေါက်ဖက်များနဲ့ ပန်းထုပ်လျှင်
ပေါက်ဖက်များမှာ ရနံ့လွင်၊
ဝန်းကျင်အနံ့သင်းပျံ့မွှေး
လူတိုင်းရင်မှာအေး။
သည့်ဖြစ်ရပ်လေး သတိမူ
ရင်ထဲစွဲမှတ်ယူ၊
ပညာရှိသူ ဆည်းကပ်မှ
အသိလိမ္မာ တိုးပွားရ
ချမ်းမြေ့လူ့ဘ၀။ ။

မောင်ထည်ဝါ (ပျော်ဘွယ်)

www.burmeseclassic.com

www.burmeseclassic.com



# ဒိုင်ပွဲရပ်နဲ့ ရှုံးတော့မလား

မိတ္တာဗလ၊ စာရိတ္တာနဲ့
လောကနီတိ၊ မသင်မိလည်း
ဟီရိသြတ္တပ္ပ၊ ရှိလိုက်ကြတာ
မိဘဘိုးဘွား၊ ဟိုခေတ်များက
ဝတ်စားဆင်ယင်၊ ဣန္ဒြေရှင်တဲ့
ယဉ်ကျေးသိမ်မွေ့၊ မြန်မာဟော့ဟု
ခလေ့စဉ်လာ၊ တို့ရိုးရာသည့်
ကမ္ဘာပေါ်တွင်၊ မှတ်တမ်းဝင်၍
စံတင်ကျော်ကြားနိုင်ခဲ့၏။
ယနေ့ကာလ၊ တွေ့မြင်ရပေါ့
ဘဝတွက်တာ၊ ကျွမ်းကျင်စရာတဲ့
စာထဲမှာရှိ၊ ဘာသိဘာသာ
ပမာဆိုပြု၊ ယဉ်ကျေးမှုလည်း
ဥတုရာသီ၊ ပြောင်းလေပြီလား
နှစ်ချီထောင်သောင်း၊ ခေတ်ပေါင်းများစွာ
ဝတ်ဆင်လာသည့်၊ ရိုးရာထဘီ
ခေတ်မမီသလို၊ ဘောင်းဘီတိုဝတ်
စကတ်ကိုခွဲ၊ ရှိုးပွဲအစ
ဖက်ရှင်ပြ၍၊ မြန်မာ့အမွေ
အသရေအရှက်၊ မငဲ့ကွက်ဘဲ
လမ်းထွက်အဆုံး၊ ပြုံးပြုံးရွှင်ရွှင်။
ဩော်.....ကျွန်ုပ်ရင်မှာ၊ ခံစားပါမိ
မြန်မာပြည်သူ၊ စံနမူဟု
ဂုဏ်ယူမဆုံး၊ ရိုးရာထုံးကို
နှိုးကာမှတ်၊ ဒိုင်ပွဲရပ်နဲ့
သတ်မှတ်အရှုံးပေးတော့မလား။ ॥

မာန်အောင်မင်းနို




www.burmeseclassic.com

www.burmeseclassic.com



# ဗိတ်ခေါ်ခြင်း



မောင်လွမ်းရည် (ရွှေတောင်)

ကျေးလက်အညာ၊ တို့တောရွာ
သာယာကြည်နူး၊ ပျော်ရွှင်မြူး
ထူးတယ်လေ့၊ ထူးတယ်လေ့။
ရွာဦးထိပ်ဆီ၊ ကန်ရေကြည်
ကြာနီဖြူရော၊ ကြာညိုနော
ပေါ်တယ်လေ့၊ ပေါ်တယ်လေ့။
ဘုရားတန်ဆောင်း၊ စေတီကျောင်း
ဆုတောင်းသံချွေ၊ မေတ္တာတွေ
ဝေတယ်လေ့၊ ဝေတယ်လေ့။
တမာပင်တန်း၊ ရွာလယ်လမ်း
ညချမ်းလေအေး၊ သယ်ယူပြေး
မွှေးတယ်လေ့၊ မွှေးတယ်လေ့။
ပျိုမေတစ်သင်း၊ ရေခပ်ဆင်း
ချစ်တင်းနှောဟန်၊ ပလွေသံ
ညံ့တယ်လေ့၊ ညံ့တယ်လေ့။
ခြိမ့်ခြိမ့်သဲသဲ၊ ရှင်ပြုပွဲ
ဆင်နွှဲလှည့်လည်၊ စီတန်းညီ
စည်တယ်လေ့၊ စည်တယ်လေ့။
အလည်တစ်ခေါက်၊ ရွာအရောက်
လာရောက်မယ်ဆို၊ လှည်းနဲ့ကို
ကြိုမယ်လေ့၊ ကြိုမယ်လေ့။ ။

www.burmeseclassic.com

www.burmeseclassic.com



# ပီတိတွေဝေ လွမ်းစိတ်ဖြေ



အမေ့ထဘီ-
ချည်ထည်ဟောင်းနွမ်း၊
သွင်မဆန်းလည်း
အမြဲသာပင်၊ တွယ်တာခင်လျက်
ဘဝင်စိတ်တွေ၊ အေးမြစေပြီး
ပူမီးသောက၊ ပြေလျော့ကျမို့
နေ့ညခါခါ၊ ကြည့်လျက်သာ။
အဖေ့ပုဆိုး-
တန်ဖိုးမများ၊ ချည်ထည်သားပင်
ကွက်ကြားမပီ၊ နွမ်းခဲ့ပြီတည်း
ရာသီကြာညောင်း၊ ချိန်ခါပြောင်းလည်း
ဟောင်းသည့်မမြင်၊
ကောင်းသည့်ထင်ဆဲ
ရင်ထဲလှိုက်ဖို၊ သိမ်းဆည်းသိုဝှက်
နံနက်ညခါ၊ ကြည့်မိပါသည့်
ရင်မှာအေးမြ၊ တမ်းတရ။
ဩော်.....
ချည်သားအထည်၊ သည်နှစ်သွယ်ကို
ဘယ်ခါမဆို၊ အမြဲလိုသာ
မကြာမကြာ၊ ထုတ်ကြည့်ပါ၏
နှစ်ဖြာမိဘ၊ မရှိကြလည်း
ဆုံးမစကား၊ မြွက်တရားတွေ
ကြားယောင်နေမိ၊ ယခုထိတိုင်
ပီတိတွေဝေ၊ လွမ်းစိတ်ပြေလျက်
ရက်လနှစ်တိုး၊ လက်ရေချိုးရင်း
ငါလည်း''အဘိုး''ဖြစ်ခဲ့ပြီ။ ။

မန်းစံရွှေ

www.burmeseclassic.com

www.burmeseclassic.com



# အန္ဓ

မပတ်သက်တော့ဘူးရယ်လို့
နှလုံးသားကို ထုးခတ်ပြီးမှ
တစိုးစိုး တစစ်စစ်နဲ့
ဟိုနားက နာကျင်
သည်နားက နာကျင်
သူ့ပုံသွင် မြင်လာနေသလိုလို
သူ့စကားတွေ ကြားနေရသလိုလို
တစ်ခါသေဘူးရင်
ပျဉ်ဖိုးနားလည်သတဲ့
အဓိပ္ပာယ်မဲ့ ပြောခဲ့တဲ့စကားမျိုး မဟုတ်ပေမယ့်
အခါခါသေဘူးတာတောင်မှ
ပျဉ်ဖိုးနားမလည်
သံဖိုးဆိုတာလည်း နားမလည်
မလည်တော့ဘူးဆိုရင်
ဘယ်လောက်ပဲ ရှင်းပြ ရှင်းပြ
အချိန်တွေသာ အလဟဿဆုံးရှုံး
နေရှိတုန်း လရှိတုန်း
အမှောင်တွေ မကွယ်မပ
မဆုံးရှုံးသေးခင်
ကိုယ့်အရိပ် ကိုယ်ပြင်
ကိုယ့်ဖြစ်အင် ကိုယ်မမြင်ရတော့
အမြင်တွေကန်းအ
လူ့အန္ဓတစ်ယောက်သာ ဖြစ်မှာသေချာတယ်။ ။



ဆုမွန်ဦး(ဟင်္သာတ)

www.burmeseclassic.com

www.burmeseclassic.com



## ချိုမြိန်သောလမ်း



စိတ်ကောင်းထားက
ချမ်းသာရ၏
စိတ်ကောင်းမထားက
ဆင်းရဲရ၏တဲ့။
ကြားမိတဲ့ တရားအဆို
နားကိုထွင်းဖောက်
ရင်ထဲရောက်ခဲ့။
လျှောက်ခဲ့တဲ့လမ်းမှာရှင်း
ရင်တွင်းချမ်းမြ
လန်းဆန်းရ၏။
ရာထူးမနေ
မပိုင်ဆိုင်ရလည်း
လောကခံထဲမှာ
သဘောအမှန်နဲ့ကျင်လည်
ခင်တွယ်စိတ်ကောင်း
အရိပ်ပေါင်းအောက်
ရောက်ရှိရသလို
စိတ်ချမ်းသာခြင်းက ချိုမြိန်တယ်။ ။

လမင်းသစ္စာ

www.burmeseclassic.com

www.burmeseclassic.com



# ငြိမ်းချမ်းရေးရဲ့အနှစ်သာရ

အသွင်လှဆန်း
လူ့ဘုံနန်းမှာ
အချစ်ပန်းတွေ
ပွင့်ဝေနေတော့
ရွှေနှလုံးသားမှာ
အပြုံးဖြာရင်း
သာယာတဲ့တေး
ဟစ်သီကြွေးမိ
ငြိမ်းချမ်းရေးရဲ့
အနှစ်သာရ။

အသွင်လှဆန်း
လူ့ဘုံနန်းမှာ
ဆန်းပြားခမ်းနား
ဖက်ရှင်များနဲ့
စိန်များရွှေများ
ဆင်ယင်ထားတာ
ပေါ်များချမ်းသာ
ပျော်စရာကမ္ဘာ
အခါခါကြည့်မဝ
ဒါမှ.....
ငြိမ်းချမ်းရေးရဲ့ အနှစ်သာရ။
အသွင်လှဆန်း
လူ့ဘုံနန်းမှာ
ချမ်းမြကြည်လင်
စိတ်အစဉ်နှင့်
ဖြူစင်စွာပြု
ဒါနအစုစု
သီလပြုရင်း
ကုသိုလ်လင်းဝေ
ဘာဝနာတွေပွား
နှလုံးသားက
သာဓုများစွာ
ခေါ်ဆိုကာပင်
ပျော်ရွှင်မဆုံး
တပြုံးပြုံးဖြစ်ရ
ဒါမှ.....
ငြိမ်းချမ်းရေးရဲ့ အနှစ်သာရ။ ။




မင်းထက်သားညီ(တောင်ငူ)

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်ရွှေမရောက်ရတဲ့အကြောင်း



သူက
ကျွန်တော့်ရွှေ့က.....
မိုင်ပေါင်းများစွာဝေးတဲ့
သူ့ရဲ့နောက်က ကျွန်တော်။
သူက
စိတ်ရင်းကောင်းတယ်
ရိုးသားတယ်၊ ကျေးဇူးသိတတ်တယ်
ရက်ရက်ရောရော ပေးတယ်၊ ကမ်းတယ်
ကျွေးတယ်၊ မွေးတယ်။
ချစ်ခင်တတ်တယ်
ကြင်နာတတ်တယ်
သနားတတ်တယ်
စာနာတတ်တယ်။
အယူသမားမဟုတ်ဘူး
အပေးသမားဖြစ်တယ်
စာပေလည်း နှံ့စပ်တယ်။
သူ့ကို
လူတွေက ချီးမွမ်းကြတယ်
အဲဒီလို ချီးမွမ်းတဲ့စံနှုန်း
ကျွန်တော့်မှာရှိရဲ့လား
ကိုယ့်စိတ်ကို ရှာဖွေကြည့်တယ်။
နိုး.....နိုး
ကျွန်တော့်မှာ မရှိဘူး။
ရှင်းပါတယ်
ဒါကြောင့် ကျွန်တော် ရွှေ့မရောက်တာပေါ့။ ။

လှိုင်ခင်အုန်း (အမရပူရ)

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com




# Cartoon




www.burmeseclassic.com

## Cartoon




www.burmeseclassic.com

www.burmeseclassic.com




## Cartoon



www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

## Cartoon




www.burmeseclassic.com

www.burmeseclassic.com



## ညွန့်ဟံ (ကျူတော)

# သံသယနှင့်ဒေါသ ရောစပ်သည့်မှုခင်း

လွန်ခဲ့သည့် ဆယ်စုနှစ် သုံးလေးခုလောက်ကဖြစ်၏။ စိတ်ပညာရှင်များက မျက်မှောက်ခေတ်ကို စိုးရိမ်သောကလွန်ခေတ်ဟု ကောက်ချက်ချဖူးပေသည်။ စိုးရိမ်စရာ၊ သောကပွေလီ မသတီစရာကိစ္စတွေ များပြားလွန်းသည့် အခြေအနေတွင် ပူပင်ရသည့်စိတ်က အတော်ပင်လွှမ်းခြုံတတ်ပေ၏။ ထို့ကြောင့် မလိုလားအပ်စရာများ ကြုံရပေရာ မှုခင်းများဖြစ်ပွားသည်အထိ ဖြစ်ရသည်။ စိတ္တဇဗေဒမှုခင်းများ အတော်ပင်ပွားများ ခေတ်စားနေသည်ဟုပင်ဆိုချင်၏။

ထို့ပြင် တစ်ဆက်တစ်စပ်ဆက်၊ ဆိုစရာပြောစရာ ရှိပေသေးသည်။ ယခုကာလသည် **သံသယစိတ်**တွေ များပြားသည့်ခေတ်ဟုပင် ကောက်ချက်ချလိုသည်။ သံသယမီးပွားတွေက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၌ တွေ့ရလေ့ရှိသည်။ ယုံကြည်မှုစိတ်ဓာတ်ထက် သတိကြီးစွာထား၍ ဆက်ဆံမှုတွေ ဖုံးလွှမ်းနေကြသည်။ ယုံကြည်မှုကို မတည်ဆောက်နိုင်၊ မိမိဘက်က အထိမနာရေးကို လုံ့လပြုကြပေသည်။ မယုံသင်္ကာ ဆက်ဆံပေသော အခြေအနေများ၌ သံသယစိတ်သည် ကောင်းကျိုးထက် ဆိုးကျိုးကို သက်ရောက်စေသည်။ အထူးအငြင်းပွားဖွယ်မရှိဟု ယူဆရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့သောလူသတ်မှုများသည် အမှန်တရားမပေါ်မီ သံသယအဖြစ်ခံရသူ၊ နာမည်ဆိုးဖြင့် ကျော်ကြားသူတို့ အထိနာကြသည်။ သက်သေသက္ကာယတွေပြနိုင်မှ တန်ကာကျ၏။ သေချာသည်က သံသယစိတ်ကြောင့် ဒေါသဖြစ်ရ၏။

မိမိ၏ပစ္စည်းဆုံးရှုံးမှု၊ ဇနီး၊ ခင်ပွန်းအပေါ်သံသယရှိမှု၊ လူမှုကျင့်ဝတ်ဖောက်ဖျက်မှု သံသယများရှိပါက ဒေါသကို ရှေ့တန်းတင်ကြသည်။ မှုခင်းက နောက်ဆက်တွဲ ကပ်ငြိပါလာပေ၏

...

လွန်ခဲ့သည့် ဆယ်စုနှစ် သုံးလေးခုလောက်ကဖြစ်၏။ စိတ်ပညာရှင်များက မျက်မှောက်ခေတ်ကို စိုးရိမ်သောကလွန်ခေတ်ဟု ကောက်ချက်ချဖူးပေသည်။ စိုးရိမ်စရာ၊ သောကပွေလီ မသတီစရာကိစ္စတွေ များပြားလွန်းသည့် အခြေအနေတွင် ပူပင်ရသည့်စိတ်က အတော်ပင်လွှမ်းခြုံတတ်ပေ၏။ ထို့ကြောင့် မလိုလားအပ်စရာများ ကြုံရပေရာ မှုခင်းများဖြစ်ပွားသည်အထိ ဖြစ်ရသည်။ စိတ္တဇဗေဒမှုခင်းများ အတော်ပင်ပွားများခေတ်စားနေသည်ဟုပင်ဆိုချင်၏။

ထို့ပြင် တစ်ဆက်တစ်စပ်ဆက်း ဆိုစရာပြောစရာ ရှိပေသေးသည်။ ယခုကာလသည် **သံသယစိတ်**တွေ များပြားသည့်ခေတ်ဟုပင် ကောက်ချက်ချလိုသည်။ သံသယမီးပွားတွေက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၌ တွေ့ရလေ့ရှိသည်။ ယုံကြည်မှုစိတ်ဓာတ်ထက် သတိကြီးစွာထား၍ ဆက်ဆံမှုတွေ ဖုံးလွှမ်းနေကြသည်။ ယုံကြည်မှုကို မတည်ဆောက်နိုင်။ မိမိဘက်က အထိမနာရေးကို လုံ့လပြုကြပေသည်။ မယုံသင်္ကာ ဆက်ဆံပေသော အခြေအနေများ၌ သံသယစိတ်သည် ကောင်းကျိုးထက် ဆိုးကျိုးကို သက်ရောက်စေသည်။ အထူးအငြင်းပွားဖွယ်မရှိဟု ယူဆရပေသည်။

သံသယဆိုသည့် စကားရပ်ဝေါဟာရနှင့် ဆက်စပ်ကာ စိတ်ဝင်စားဖွယ် အဓိပ္ပာယ်များ သက်ရောက်ကြပေသည်။ အသုံးလည်းတွင်၏။ သံသယကင်းသည်၊ သံသယဖြစ်သည်၊ သံသယရှိသည်၊ သံသယအကျိုးခံ စားရသည်။ သံသယ၏သားကောင်ဖြစ်သည်၊ သံသယ ဝင်သည်၊ သံသယစိတ်ကို နင်းချေသည် သံသယပွား သည် စသည်ဖြင့် အမျိုးမျိုးသုံးကြသည်။

သံသယပျောက်ပါစေ အမှန်ဘဝရောက်ပါစေဆို သည့်စကားရပ်။ သံသယဆိုသည်မှာ အလကား အမှန်တရားဆိုသည်က ပတ္တမြားဆိုသည့် အသုံးအနှုန်း တွေ အတော်ပင်တွင်ကျယ်၏။ သံသယမရှိ လျစ်လျူ နိုင်ခြင်းသည် ချမ်းမြေ့မှုကို ကိုယ်စားပြုပေသည်။ စိတ် ဆင်းရဲမှု၊ စိတ်မသက်မသာဖြစ်မှုကို ဦးတည်ပေသော သံသယကို အမှန်တရားနှင့် အစားထိုးခြင်းဖြင့် လောက ကို အလှဆင်ဖို့လိုသည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့၊ အသင်းအပင်းတစ်ခုနှင့်တစ်ခု၊ လူမျိုးတစ်စုနှင့် တစ်စု သံသယတွေရှိလာပါက များရာက နည်းပါးစေ နည်းပါးရာက ပပျောက်စေဆိုသည့် အမြင်အတွေးဖြင့် လက်တွေ့ကြိုးပမ်းရပါမည်။

သံသယကြောင့်ဖြစ်ရသည့် မှုခင်းများစွာသည် အိမ် ထောင်ရေး၊ စီးပွားရေးလောကတွင် များပြားပေသည်။ အချစ်ရေးကိစ္စတွင်လည်း ထို့အတူဖြစ်၏။ သစ္စာ၊ မေတ္တာ နှင်းအပ်ထားသည်ဆိုသော ချစ်သူတွေ မယုံသင်္ကာစိတ် သံသယဖြစ်မှုကြောင့် ကိုယ်ထိလက်ရောက် ကျူးလွန် မှုတွေရှိ၏။ စာနယ်ဇင်းများတွင် တွေ့ရလေ့ရှိသည့် အတိုင်း မိမိချစ်သူကို အခြားသူနှင့် သံသယစိတ်ဝင် ကာ ရန်ငြိုးရန်စထားကာ သတ်ဖြတ်သည်အထိဖြစ် သည်။ လက်တွဲဖော်ကောင်း၊ ဘဝအဖော်မွန် ဖြစ်ခဲ့ ကြပါလျက် သံသယမကင်းမှုကြောင့် ပျက်သုဉ်းကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာဆိုရိုး ဝေါဟာရစကားရပ်တွင် **''မရှိခိုးနိုး၊ လှစုန်းမျိုး''**ဟုဆိုကြသည်။ ရှေးအခါက ဘဝပေး ကောင်း၊ အကြောင်းမလှသည့်အတွက် အကျည်းတန် ချုပ်ဆိုးသူများကို စုန်းမနှင့်ပမာပြုကြသည်။ အထိနာ ၏၊ မခံချိမခံသာ ဖြစ်စေကြသည်။ ဘဝကံနှင့် ပစ္စုပ္ပန် ဟဇာတ မကောင်းလှသဖြင့် ဆင်းရဲတွင်းနက်သူများ ကို မိမိဥစ္စာခနေပျောက်ဆုံးပါက သူခိုးဟုစွပ်စွဲ၏။ မူလ ပင် ထားတတ်သည့် သံသယဖြစ်ပါ၏။ အနောက် ိုင်းဆိုရိုးစကားတစ်ရပ်ရှိပါ၏။ Poverty is the cause of mes ဟုဆိုပါ၏။ ဆင်းရဲမှုသည် မှုခင်းကျူးလွန်ခြင်း ၏ အကြောင်းတစ်ရပ်ဟု ဆိုလိုခြင်းဖြစ်၏။ နည်းပါးစွာ နိုင်ပါမည်။ သို့သော် ဆင်းရဲသူကို မူလစိတ်ထား သံသယပွားမှုက မသင့်မြတ်။ သီလနှင့် အကျင့်စာရိတ္တ ကို အပျက်အယွင်းမခံနိုင်၊ သံသယဖြစ်မည်ကို မလိုလား သော ဆင်းရဲသားများစွာရှိ၏။ လူသာအသေခံမည်၊ မည်အသေမခံ၊ အပျက်မခံ၊ သံသယပွားမှုမရှိအောင် တတ်၊ ကျင့်ကြံတတ်သူတွေ အင်နှင့်အားနှင့်ဖြစ်ပါ၏။

လောကကြီးတွင် **အပြုက်အပြက်နှင့် နှာခေါင်း သွေးထွက်**ရသော မှုခင်းတွေရှိ၏။ ချစ်လှပါသည်ဆို သော ဇနီးမောင်နှံ၊ လုပ်ငန်းခွင်သွားသည့် ခင်ပွန်းကို ယ်ရာမှာခြေများသည်ဟုထင်၊ အိမ်မှာနေသော ဇနီး ကို သံသယစိတ်ဖြင့် စွပ်စွဲပြောဆို၊ အမနာပ အခြားသူ နှင့်စွပ်စွဲမှုကြောင့် ရုံးရောက်၊ ဂါတ်ရောက် ဖြစ်ရ၏။ ဆုံးစွန်၌ ရိုက်နှက်ထိုးခုတ် သတ်ဖြတ်သည့် မှုခင်း ရှိပေ၏။

ခိုးတတ်လျှင် ယိုးတတ်သည်ဆိုသော စကားရပ် ကြားဖူးပေ၏။ မိမိကိုယ်တိုင် ခြေဆော့လက်ဆော့ သဖြင့် သူတစ်ပါးကို သံသယထားခြင်းဖြစ်၏။ သယအထားခံရသူသည် အမှန်တရားလက်ကိုင်ထား ဖြစ်ပါက ဒေါသဖြစ်၏၊ တုံ့ပြန်၏။ သံသယဖြစ်သူနှင့် သယအဖြစ်ခံရသူတို့ ဒေါသမထိန်းနိုင်သည့်အခါ င်းဖြစ်ပွား၏။ ဥပဒေ၏ စီရင်ခြင်းခံရတော့၏။ သံသယ ျိုး ခံစားခွင့်ပင်မရှိကြတော့။

အမှန်တရားနှင့် သံသယကို ကွဲပြားစေသင့်ပေ၏။ သော အိမ်ကြီးရှင်တို့သည် ဥစ္စာပစ္စည်းပျောက်ပါ က အနီးကပ် ဆင်းရဲသား အိမ်စေ၊ အိမ်ဖော်၊ အလုပ် သမားကို သံသယဖြစ်၏။ ဥစ္စာပျောက် ငရဲရောက်ဖြစ် ရ၏။ အမှန်တရားဖော်ထုတ်ခြင်းထက် သံသယကိုသာ ကြီးထွားစေသည်။

အချို့သောလူသတ်မှုများသည် အမှန်တရားမပေါ် မီ သံသယအဖြစ်ခံရသူ၊ နာမည်ဆိုးဖြင့် ကျော်ကြားသူ တို့ အထိနာကြသည်။ သက်သေသက္ကာယတွေပြနိုင်မှ တန်ကာကျ၏။ သေချာသည်က သံသယစိတ်ကြောင့် ဒေါသဖြစ်ရ၏။ မိမိ၏ပစ္စည်းဆုံးရှုံးမှု၊ ဇနီး၊ ခင်ပွန်းအပေါ် သံသယရှိမှု၊ လူမှုကျင့်ဝတ်ဖောက်ဖျက်မှု သံသယများ ရှိပါက ဒေါသကို ရှေ့တန်းတင်ကြသည်။ မှုခင်းက နောက်ဆက်တွဲ ကပ်ငြိပါလာပေ၏။

ဗုဒ္ဓဘာသာဝင်တို့၏ အခြေခံ ငါးပါးသီလ ပျက် ယွင်းမှုတိုင်းသည် အမှုမှန်မပေါ်မီ သံသယနှင့်ဒေါသ ဆက်စပ်လျက်ရှိ၏။ သူ့အသက်သတ်ခြင်း၊ ခိုးဝှက်ခြင်း၊ သူတစ်ပါးသားမယားကို ပြုကျင့်ခြင်း၊ လိမ်ညာခြင်း၊ အရက်သေစာသောက်စားခြင်းကြောင့် ကြုံရသည့် အမှု စသည့်ကိစ္စတိုင်း သံသယဖြစ်ရ၏။ ဒေါသပွားများရပေ သည်။

တစ်ခါက ဇနီးမောင်နှံတစ်စုံရှိ၏။ ဇနီးအပေါ် ခင် ပွန်းက စိတ်ချလေ့မရှိ၊ သံသယမျက်စိဖြင့်ကြည့်၏။ ဇနီး က ကြာသော် မခံမရပ်နိုင်ဖြစ်ရ၏။ ဒေါသဖြင့် ရှင်းလင်း တုံ့ပြန်၏။ အပြန်အလှန် ထိုးကြိတ်ရိုက်နှက်ရင်း ရဲစခန်း ရောက်၊ တရားရုံးရောက်ကာ ဖြေရှင်းရ၏။ လင်ကွဲ၊ မယားကွဲ၊ သားသမီးတွေ တကွဲတပြားဖြစ်ရပေသည်။ အမှုအခင်းသဘောအရ တရားရုံးက ဆုံးဖြတ်ချက်အမိန့် ချမှတ်ခြင်းမပြုမီအထိ တရားခံဟု သတ်မှတ်ခြင်းမပြု နိုင်။ ထို့ကြောင့် နိုင်ငံရပ်ခြားသတင်းစာများတွင် ခိုးမှု၊ လုယက်မှု၊ လူသတ်မှုများ အသေအချာကျူးလွန်သဖြင့် ရဲတပ်ဖွဲ့က ဖမ်းဆီးမိသည့်တိုင်အောင် တရားခံဟုမသုံး ဘဲ Suspect သံသယဖြစ်မှုခံရသူဟုသာ သုံးစွဲပေသည်။

လောကနှင့် သံသယသည် အတော်ပင် ဒွန်တွဲ၏။ မိဘနှင့်သားသမီးများအတွင်းပင် သူ့ကိုပို၍ချစ်သည် ငါ့ကို အချစ်လျော့သည်ဟု သံသယဖြစ်တတ်၏။ **ပေး ဝေနီးရင်း**ဆိုသည့် ဥစ္စာအမွေ ခံစားခွင့်တွင်လည်း

www.burmeseclassic.com

တစ်စုံတစ်ခုသော
အမှုအတွက်
သံသယဖြစ်ဖွယ်ရှိသူကို
စစ်ဆေးရာတွင်
အာဃာတပါလာတတ်၏။
ဒေါသစိတ်မကောင်းတတ်။
ဥပဒေအရ မျှတစွာ
ဆောင်ရွက်နိုင်ပါလျက်
အလျှင်စလို ဒေါသဖြင့်ရှင်းလင်းမှုက
နောင်ခါလာနောင်ခါစျေး
သဘောပြုမူသဖြင့်
အမှားကြီးမှားယွင်းကြခြင်း
ဖြစ်လေသည်...

မမျှတဟု သံသယပွားကြ၏။ မောင်နှမတွေ သံသယဖက်ကာ သေခန်းရှင်ခန်းပြတ်ကြသည့်အမှုတွေ ရှိပြီးဖြစ်၏။

နေ့စဉ်နှင့်အမျှ ထုတ်ပြန်သည့် မီဒီယာများတွင် မှုခင်းများ အစုလိုက်အပြုံလိုက်ဖြစ်နေ၏။ တစ်စုံတစ်ခု ဖြစ်လာပါက သံသယဖြစ်သူကို လက်ဦးမှုယူရသည် နောက်ကွယ်က ကြိုးကိုင်သူကို သံသယစိတ်ဖြင့် ရှာဖွေ ရသည်။ ဖော်ထုတ်ရသည်။ သို့ဖြစ်၍ စုံစမ်းစစ်ဆေး ခြင်းသည် အမှန်တရားဖော်ထုတ်ခြင်းဖြစ်သည်ဆိုသည့် ဆောင်ပုဒ်မျိုး တွင်ကျယ်ပေသည်။ အမှုမှန်ဖြစ်လာ သံသယကင်းအောင် လုပ်ငန်းသဘော ဆောင်ရွက် ခြင်းဖြစ်၏။ သို့ရာတွင် ဒေါသကင်းခြင်း၊ အာဃာတ ကင်းခြင်းရှိသင့်သည်။ ဓမ္မဓိဋ္ဌာန်ကျကျဖြစ်ဖို့လို၏။ ဥပမာ လူသတ်မှုအတွက် သံသယရှိသူကိုဖမ်းပြီး အဓမ္မဝန်ခံ ခိုင်းခြင်းက အမှန်တရားကို မျက်ကွယ်ပြုခြင်းဖြစ်ပေ သည်။ သံသယအကျိုးကို ဒေါသကင်းသော ဖြေရှင်းမှု ဖြင့် ခံစားခွင့်တည်ဆောက်ရသည့် ထုံးဓလေ့က သင့် မြတ်ပါ၏။

တစ်စုံတစ်ခုသော အမှုအတွက် သံသယဖြစ်ဖွယ် ရှိသူကို စစ်ဆေးရာတွင် အာဃာတပါလာတတ်၏။ ဒေါသစိတ်မကောင်းတတ်။ ဥပဒေအရ မျှတစွာ ဆောင် ရွက်နိုင်ပါလျက် အလျှင်စလို ဒေါသဖြင့် ရှင်းလင်းမှုက နောင်ခါလာ နောင်ခါစျေးသဘော ပြုမူသဖြင့် အမှား ကြီးမှားယွင်းကြခြင်းဖြစ်လေသည်။

သံသယနှင့် အမှန်တရားသည် မီးနှင့်မီးခိုးကဲ့သို့ ဖြစ်၏။ မီးရှိသဖြင့် မီးခိုးရှိ၏။ သံသယအတွက် အမှန် တရားရှိပြီးဖြစ်၏။ နောက်ကျနေ၍မဖြစ်။ လူ့သဘာ အရ မခံစားနိုင်သည့်ကိစ္စအတွက် ဒေါသတွေ၊ သံသယ တွေပွားဖွယ်များပါ၏။ သို့သော် စောင့်ကြည့်မှုသည် သည်းခံမှုတွေလိုအပ်၏။ God see the truth but wai ဆိုသည့်စကားအတိုင်း အမှန်တရားပေါ်ပေါက်ရေ မှာ ခေတ္တခဏ စောင့်ဆိုင်းအပ်ပါ၏။ ပါဠိစာပေလာ **"ကောဓော အတ္တံ နဇာနာတိ"** ဆိုသည့်စကားရှိ၏ ဒေါသအမျက်သည် အကောင်းအဆိုးကို ဝေဖန်ပိုင်းခြာ မဆုံးဖြတ်နိုင်ဟူသောစကားကို သံသယစိတ်ဖြစ်လေ တိုင်း သတိကြီးစွာ ထားအပ်ပါ၏။

ညွှန့်ဟံ (ကြူတော

www.burmeseclassic.com

www.burmeseclassic.com



ရွှေညာမောင်ကြီး (မြစ်ငယ်)

# တို့ရွာနှင့် တို့တသင်ကျောင်း

## သ မိုင်း ကြောင်း ဖြင့် သက် သေ တ ည် . . .

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ ခနဲ့ကျေးရွာအုပ်စုတွင် မူလက ခနဲ့ရွာနှင့် ကုလားရွာ နှစ်ရွာသာ တည်ရှိခဲ့ပါသည်။

သို့ဖြစ်ရာ ကုလားရွာအနေအားဖြင့် ခရစ်နှစ် ၁၉၀၅ ခုနှစ်တွင် တည်ခဲ့သော မြစ်ငယ်မြို့ မီးရထားစက်ရုံနှင့်အတူ ဖွားဘက်တော်အဖြစ် ထိုစဉ်က အစိုးရ၏အစီအစဉ်ဖြင့် အိန္ဒိယကုလားများ စုပေါင်းနေထိုင်ကြသည့် ကျေးရွာဖြစ်ခဲ့ပါသည်။

ထိုကုလားရွာမှ အိန္ဒိယကုလားများသည် ၁၉၄၂ ခုနှစ် အင်္ဂလိပ်တို့ မြန်မာနိုင်ငံမှ ထွက်ခွာစဉ် ရွာလုံးကျွတ် အိန္ဒိယသို့ ပြန်သွားခဲ့ကြပါသည်။

ထို့နောက် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးခေတ်အရောက်တွင် ကျောက်ဆည်ခရိုင်၊ အင်းဝတံတားဦး မြို့နယ်ရှိ ကူးတို့ဆိပ်၊ ခေါင်းကွဲ၊ ဆင်တဲ၊ လက်ဆောင်ယူ၊ သပွတ်ပင်စသော ကျေးရွာအသီးသီးက မြန်မာများ ရွှေ့ပြောင်းရောက်ရှိကာ ရွာတည်ကြ၍ ထိုကုလားရွာသည် ခနဲ့ကျေးရွာအုပ်စုတွင် ပြန်လည် ရှင်သန်ကြီးထွားစေခဲ့ပါသည်။

ဗုဒ္ဓဘာသာဝင် မြန်မာများ ရွာတည်၍ နေထိုင်လာခဲ့ကြသော်လည်း ရွာအမည်အနေဖြင့် ယခင် ခေါ်ဆိုမြဲအတိုင်း ကုလားရွာဟု အမည်ခေါ်တွင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ ဓနိုးကျေးရွာအုပ်စုတွင် မူလက ဓနိုးရွာနှင့် ကုလားရွာ နှစ်ရွာသာ တည်ရှိခဲ့ပါသည်။

သို့ဖြစ်ရာ ကုလားရွာအနေအားဖြင့် ခရစ်နှစ် ၁၉၀၅ ခုနှစ်တွင် တည်ခဲ့သော မြစ်ငယ်မြို့ မီးရထားစက်ရုံနှင့်အတူ ဖွားဘက်တော်အဖြစ် ထိုစဉ်က အစိုးရ၏အစီအစဉ်ဖြင့် အိန္ဒိယကုလားများ စုပေါင်းနေထိုင်ကြသည့် ကျေးရွာဖြစ်ခဲ့ပါသည်။

ထိုကုလားရွာမှ အိန္ဒိယကုလားများသည် ၁၉၄၂ ခုနှစ် အင်္ဂလိပ်တို့ မြန်မာနိုင်ငံမှ ထွက်ခွာစဉ် ရွာလုံးကျွတ် အိန္ဒိယသို့ ပြန်သွားခဲ့ကြပါသည်။

ထို့နောက် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးခေတ်အရောက်တွင် ကျောက်ဆည်ခရိုင်၊ အင်းဝ တံတားဦးမြို့နယ်ရှိ ကူးတို့ဆိပ်၊ ခေါင်းကွဲ၊ ဆင်တဲ၊ လက်ဆောင်ယူ၊ သပွတ်ပင်စသော ကျေးရွာအသီးသီးက မြန်မာများ ရွှေ့ပြောင်းရောက်ရှိကာ ရွာတည်ကြ၍ ထိုကုလားရွာသည် ဓနိုးကျေးရွာအုပ်စုတွင် ပြန်လည်ရှင်သန် ကြီးထွားစေခဲ့ပါသည်။

ဗုဒ္ဓဘာသာဝင် မြန်မာများ ရွာတည်၍ နေထိုင်လာခဲ့ကြသော်လည်း ရွာအမည်အနေဖြင့် ယခင်ခေါ်ဆိုမြဲအတိုင်း ကုလားရွာဟု အမည်ခေါ်တွင်ခဲ့ပါသည်။

ထိုကုလားရွာသည် မြေကြီးမြေပုံစာရင်း (ရုံး)ဌာနတွင် ကွင်းအမှတ် (ဂ၅၀) ကို ကုလားရွာ(ရွာမ)ဟုလည်းကောင်း၊ ကွင်းအမှတ် (ဂ၅၁)ကို ကုလားရွာ (တောင်ကွင်း)ဟုလည်းကောင်း၊ ကွင်းအမှတ် ၆၂၁/က)ကို ရွှေကျင်တိုက်ကွင်းဟုလည်းကောင်း စသည်ဖြင့် မန္တလေးတိုင်းဒေသကြီး၊ အမှတ်(၅)မြေပုံတွင် ရေးဆွဲဖော်ပြပါရှိပါသည်။

ထိုကုလားရွာအား ၁၉၇၃ ခုနှစ်အရောက်တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှ စာအမှတ် ၃/ဂ၀ အထ(၂) ဖြင့် ထုတ်ပြန်၍ ပြည်ထဲရေးပေါက် ကျေးရွာအမည်မှန် ထုတ်ပြန်ပေးစေခဲ့ပါသည်။

ထိုစဉ်က နိုင်ငံတော်အစိုးရမှာ တော်လှန်ရေးကောင်စီ (တပ်မတော်အစိုးရ)ပင်ဖြစ်ပါသည်။

၁၉၇၄ ခုနှစ်၊ လမ်းစဉ်ပါတီခေတ် ဒုတိယအကြိမ်ပြည်သူ့ကောင်စီကာလအရောက်တွင် ကွင်းအမှတ် (ဂ၅၁) ကုလားရွာ(တောင်ကွင်း) ခြံမြေများပေါ်မှာ လူ[illegible] နေအိမ်ဝိုင်းများ အကွက်ရိုက်သတ်မှတ်၍ ဓနိုးရွာနှင့် မူလ[illegible] လက်ရှိကွင်းအမှတ် (ဂ၅၀)ကုလားရွာမှ အိမ်မြေဝိုင်း[illegible] ကြသည့် နောက်တိုး အိမ်ထောင်ခွဲများကို မြေကွက်တစ်ကွက်လျှင် ငွေ (၂၅)ကျပ်ဖြင့် ကောက်ခံ၍ လူနေ[illegible] ရပ်ကွက်အသစ်တစ်ခုအဖြစ် တည်ပေးစေခဲ့ပါသည်။

**ကုလားရွာကို**
**အမည်ပျောက်အောင်**
**၂၀၁၀ ပြည့်နှစ်အရောက်တွင်**
**ဓနိုးရွာသား၊**
**ယဉ်တော်စံရွာသားအချို့တို့သည်**
**အမရပူရမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ**
**ဒုဦးစီးတစ်ဦးနှင့်**
**ပူးပေါင်း၍**
**ကုလားရွာအမည်ပျောက်ပြီး**
**ယဉ်တော်စံအမည်ဖြစ်အောင်**
**ကြံစည်လုပ်ဆောင်ခဲ့ကြခြင်းကြောင့်**
**. . .**

www.burmeseclassic.com

www.burmeseclassic.com



ထိုကွင်းအမှတ် (၇၅၁) ကုလားရွာ(တောင်ကွင်း) ခမြပေါ်တည်ခဲ့သည့် လူနေရပ်ကွက်ကို ခနဲ့ကွက်သစ်ဟု အမည်ပေးခဲ့ပါသည်။ ထို့နောက် ခနဲ့ကွက်သစ်တွင် နေထိုင်သော ဆရာမတစ်ဦးမှ 'မော်တော်ယာဉ်'လိုင်းကားတစ်စီး ဝယ်ယူသည်ကိုအကြောင်းပြုပြီး ခနဲ့ကွက်သစ်အမည်ဖျောက်၍ 'ယဉ်တော်စံ'ရပ်ကွက်ဟု ဆိုင်းဘုတ်တင်၍ ပြောင်းခဲ့ပါသည်။

၁၉၈၅/၈၆ ခုနှစ် ပညာသင်နှစ်အရောက်တွင် ကွင်းအမှတ် ၉၇၅၀) ရွာမဖြစ်သည့် ကုလားရွာကို မန္တလေးတိုင်း (ယခု မန္တလေးတိုင်းဒေသကြီး)ပညာရေးမှူး၏ (၆–၅–၁၉၈၆)ရက်စွဲပါ စာအမှတ် ဌာနစု(၁)/၂၆၆၁/ကျောင်းသစ်/၈၆ ဖြင့် မူလတန်းကျောင်း ချပေးခဲ့ပါသည်။

သို့သော် ထိုအချိန် လမ်းစဉ်ပါတီခေတ်အနေဖြင့် ခနဲ့ရွာသားတို့ နေရာတိုင်းမှာ စိုးမိုးခြယ်လှယ်ကြပြီး သည်းမျိုးစုံဖြင့် ကုလားရွာစာသင်ကျောင်းကို ယဉ်တော်စံစာသင်ကျောင်းဖြစ်အောင် ကြံစည်ခဲ့ကြသော်လည်း ယဉ်တော်စံသည် ပြည်ထဲရေးပေါက်ရွာမဟုတ်ဘဲ သာမန်လူနေရပ်ကွက် နောက်တိုးရပ်ကွက်အသစ်တစ်ခုသာဖြစ်၍ ပြည်ထဲရေးပေါက်ကုလားရွာကိုသာ စာသင်ကျောင်းဖွင့်လှစ်ရန် မြို့နယ်ကောင်စီမှ ခွင့်ပြုပေးခဲ့ပါသည်။

စာရေးသူသည် ၁၉၈၅ ခုနှစ်၊ စတုတ္ထအကြိမ်တွင် ကုလားရွာ၏ ပြည်သူ့ကောင်စီဝင်တစ်ဦးလည်းဖြစ်၊ စာရေးဆရာတစ်ယောက်လည်းဖြစ်၍ စာသင်ကျောင်းအငြင်းပွားမှုနှင့်ပတ်သက်ပြီး ကိုယ်တိုင်တစ်ဦးတည်း လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာ အဆင့်ဆင့်သို့ စာတင်ခဲ့ပါသည်။

ထိုကဲ့သို့ စာတင်ခဲ့ခြင်းကြောင့် အမရပူရမြို့နယ်ပြည်သူ့ကောင်စီမှ စာအမှတ် ၃၀၁/၄–၁/အမရပရ ဖြင့် ၁၉၈၆ ခုနှစ်၊ ဇူလိုင်လ (၁၅)ရက်ပါစာကို ခနဲ့ကျေးရွာအုပ်စု၊ ပြည်သူ့ကောင်စီဥက္ကဋ္ဌထံနှင့် စာရေးသူထံသို့ မိတ္တူပေး၍ စာမိတ္တူ ပေးပို့ပြန်ကြားခဲ့ပါသည်။

အမရပူရမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးသိန်းနိုင် လက်မှတ်ရေးထိုး၍ ကုလားရွာကို ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနမှ (၅–၃–၁၉၇၁)ရက်စွဲပါ စာအမှတ် ၃/၇၀ အထ(၂)ဖြင့် ကျေးရွာအမည်မှန် ထုတ်ပြန်ကြေညာခဲ့ခြင်းကြောင့် မူလတန်းကျောင်း ဖွင့်လှစ်ရမည့် ရွာအမည်ကို ကုလားရွာဟုသတ်မှတ်ရန် တိုင်းပညာရေးမှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံး စသည်တို့ကိုပါ စာမိတ္တူများ ထွက်ပေးစေခဲ့ပါသည်။

ထိုကဲ့သို့ အမရပူရမြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးသိန်းနိုင်၏ တရားမျှတစွာ ကူညီဆောင်ရွက်ပေးမှုကြောင့် စာရေးသူတို့ ကုလားရွာတွင် (၆–၆–၈၆) ရက်နေ့၌ အမှတ် (၉၄) အခြေခံပညာမူလတန်းကျောင်း၊ ကုလားရွာ၊ အမရပူရမြို့နယ်ဟူသော ကျောင်းဆိုင်းဘုတ်ကြီးဖြင့် ဝင့်ကြွားထည်ဝါစွာ စာသင်ကျောင်းဖွင့်လှစ်နိုင်ခဲ့ပါသည်။

စာရေးသူသည် ကုလားရွာမူလတန်းကျောင်းနှင့်ပတ်သက်ပြီး ကျောင်းစတည်ချိန် ၁၉၈၅/၈၆ ခုနှစ်များမှစ၍ ယနေ့ခေတ်အဆက်ဆက်တိုင်အောင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသူဖြစ်ပါသည်။

ထိုကဲ့သို့ ပြည်ထဲရေးပေါက် အသိအမှတ်ပြု စာရင်းဝင်ခဲ့သော ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကိုယ့်အားကိုယ်ကိုးပြီး မူလတန်းကျောင်းဖွင့်လှစ်နေထိုင်လာခဲ့သော ကုလားရွာကို အမည်ပျောက်အောင် ၂၀၁၀ ပြည့်နှစ်အရောက်တွင် ခနဲ့ရွာသား၊ ယဉ်တော်စံရွာသားအချို့တို့သည် အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးတစ်ဦးနှင့် ပူးပေါင်း၍ ကုလားရွာအမည်ပျောက်ပြီး ယဉ်တော်စံအမည်ဖြစ်အောင် ကြံစည်လုပ်ဆောင်ခဲ့ကြခြင်းကြောင့် နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာနမှ (ကြိုတင်ပေးပို့သောမိတ္တူ)ဟု စာထွက်သည့်အနေဖြင့် အမရပူရမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (ယခု မြို့နယ်အုပ်ချုပ်ရေးမှူးရုံး)၏ အသုံးပြုစာနံပါတ်ကို ဖော်ပြ၍ ၎င်းလုပ်ဆောင်စာထွက်သည့် ပြည်ထဲရေးစာတွင် စာအမှတ် ၂၀၀/၂၃၊ ၁၅၃ ဦး(၁)၊ ရက်စွဲ ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ (၇)ရက်ဖြင့် စာထွက်ခဲ့ပါသည်။

အဆိုပါ ရွာအမည်ပြောင်းလုပ်ကြံခြင်း အလွဲသုံးစားပြုလုပ်မှုနှင့်ပတ်သက်ပြီး စာရေးသူတို့ ကုလားရွာမှ တင်ပြစာများ၊ တိုင်ကြားစာများ သက်ဆိုင်ရာအဆင့်

www.burmeseclassic.com

www.burmeseclassic.com



**မန်းရွာသားအချို့နှင့် ယဉ်တော်စံရပ်ကွက်သားအချို့သည် "အမေကျော်ဒွေးတော်လွမ်း" သစ္စာဖောက်တို့နှင့် ပူးပေါင်းကာ ကျွန်တော်တို့ကုလားရွာစာသင်ကျောင်းဆိုင်းဘုတ်နှင့် ကုလားရွာဆိုင်းဘုတ်တို့ကို ကာယကံမြောက်ဝင်ရောက်၍ သိမ်းပိုက်ရန်ကြံစည်ပြီး အခြေခံပညာမူလတန်းကျောင်း ကုလားရွာ၊ အမရပူရမြို့နယ်ဆိုသည့် ကျောင်းဆိုင်းဘုတ်ကြီးအားလည်းကောင်း၊ ကုလားရွာဆိုသည့် ရွာဆိုင်းဘုတ်အားလည်းကောင်း ငါးကြိမ်တိုင်တိုင် ဖျက်ဆီးခဲ့ကြပါသည်။ . . .**

ဆင့်သို့ စဉ်ဆက်မပြတ် ပေးပို့ခဲ့ပါသည်။

ဒုဦးစီးတစ်ဦးသည်လည်း ချင်းပြည်နယ်၊ ဟားခါးသို့ တာဝန်ဖြင့် တိမ်းရှောင်ပြောင်းရွှေ့သွားပါသည်။

သို့ပါသော်လည်း အမရပူရနှင့် မန္တလေးတို့အနေဖြင့် ကုလားရွာကျေးရွာအား ပြည်ထဲရေးပေါက် အသိအမှတ်ပြု စာရင်းဝင်မှန်းသိပါလျက်နှင့် ကျေးရွာခံ ရပ်မိ၊ ရပ်ဖများ၊ ရွာသူရွာသားများ၊ ရပ်ခွဲအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများအစရှိသည့် အားလုံး၏ သဘောဆန္ဒမပါဘဲ ကြီးနိုင်ငယ်ညှဉ်းသဘောဖြင့် တစ်ဖက်သတ် အလွဲသုံးစားပြုလုပ်၍ ယဉ်တော်စံဘက်မှ ရပ်တည်လျက်ရှိပါသည်။

ထိုကဲ့သို့ မြို့နယ်နှင့် ခရိုင်တို့မှ တစ်ဖက်သတ်ဆန်သော ဖိအားပေးကာ ကုလားရွာအား ဥပေက္ခာပြုနှိမ့်ချ၍ ယဉ်တော်စံအမည်ရှိ ရပ်ကွက်ဘက်မှ ရပ်တည်နေခြင်းကြောင့် မန်းရွာသားအချို့နှင့် ယဉ်တော်စံရပ်ကွက်သားအချို့သည် "အမေကျော်ဒွေးတော်လွမ်း"သစ္စာဖောက်တို့နှင့် ပူးပေါင်းကာ ကျွန်တော်တို့ကုလားရွာစာသင်ကျောင်းဆိုင်းဘုတ်နှင့် ကုလားရွာဆိုင်းဘုတ်တို့ကို ကာယကံမြောက် ဝင်ရောက်၍ သိမ်းပိုက်ရန်ကြံစည်ပြီး အခြေခံပညာမူလတန်းကျောင်း၊ ကုလားရွာ၊ အမရပူရမြို့နယ်ဆိုသည့် ကျောင်းဆိုင်းဘုတ်ကြီးအားလည်းကောင်း၊ "ကုလားရွာ"ဆိုသည့် ရွာဆိုင်းဘုတ်အားလည်းကောင်း ငါးကြိမ်တိုင်တိုင် ဖျက်ဆီးခဲ့ကြပါသည်။

မည်သို့ပင်ဖြစ်စေ စာရေးသူတို့ကုလားရွာမှ သမိုင်းကြောင်းအမှန်ဖြင့် ရပ်တည်လာခဲ့သော၊ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကြိုးစားလာခဲ့သော၊ ကိုယ့်အားကိုယ်ကိုး၍ တိုးတက်လာခဲ့သော၊ စည်းလုံးညီညွတ်၍ အေးချမ်းသာယာသော၊ မနာလိုမရှုဆိတ်သူတို့၏ တစ်ဖက်သတ် ဖိနှိပ်မှုကို မလိုလား၊ လက်မခံနိုင်သော စာရေးသူနှင့်အတူ တစ်ရွာတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား ကျေးရွာသူ/ကျေးရွာသားတို့သည် "ကုလားရွာ"အမည်မှ ယဉ်တော်စံ ဖြစ်အောင် အလွဲသုံးစားပြုလုပ် ဖန်တီး ဆောင်ရွက်ကြသည့် ဒုဦးစီးတစ်ဦးနှင့် ကြံရာပါအားလုံးတို့ကို စုံစမ်းဖော်ထုတ်ပြီး ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ပါသည်။

ရွှေညာမောင်ကြီး (မြစ်ငယ်

မှတ်ချက်။
ဤစာ
အကြောင်းအရာများနှ
ပတ်သက်ပြီ
နိုင်မာသည်
အထောက်အထားများ
မှန်ကန်ကြော
ဖြေရှင်း
အသင့်ဖြစ်ပါသည်

www.burmeseclassic.com





# မျိုးမြင့်ကြိုင် (သင်)

## အခုတစ်မျိုး
## တော်ကြာတစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com

''ခင်ပျားတို့ကို ဘယ်လိုအားကိုးရမလဲ၊ ကျွန်တော့်သမီး နုနုထွတ်ထွတ်လေးကို ဒီလိုသက်ကျားအို အိမ်ထောင်ကွဲက ခေါ်သွားတယ်ဆိုတော့ သာမန်အမှုမျိုးမဟုတ်ဘူး''

ရဲစခန်းထဲ၌ အော်ဟစ်နေသော အရပ်ထောင်ထောင်မောင်းမောင်း၊ ကတုံးဆံတောက်နှင့်လူအား အမှုစစ်အခန်းထဲ၌တွေ့ရသဖြင့် စိတ်ဝင်စား၍ ကျန်လူများလည်း ဝိုင်းကြည့်နေကြ၏။

''သာမန်မိန်းကလေးတစ်ယောက်ကိုလည်း ပြစ်မှုပုဒ်မ ၃၆၆ ပဲ၊ ကျုပ်သမီးပျောက်သွားတာလည်း ၃၆၆ ပဲဆိုတော့ ဘယ်ဟုတ်မလဲ''

ထပ်၍အော်ကြီးဟစ်ကျယ်စကားထပ်ပြောလိုက်၏။ ၎င်းလူ၏ အော်ဟစ်ပြောဆိုမှုကြောင့် အလုပ်သင်ဒုရဲအုပ်လေးမှာ ကြောင်စီစီဖြစ်နေ၏။

ရဲတပ်ဖွဲ့တွင် အမှုစစ်အတွေ့အကြုံနုပါက အမှုသည်၏နောက်သို့ ရောက်သွားနိုင်သည်ကို တွေ့ရသဖြင့် ပွဲကိုဝင်ထိန်းရန်ပြင်လိုက်၏။

''စိုးဝင်းရေ ငါ့အခန်းထဲကိုခေါ်ခဲ့ပါကွာ''

အခန်းဝမှ ခေါင်းပြူ၍ပြောလိုက်၏။ အမှုစစ်ကလည်း အမှုသည်၏ ထိုးနှက်ချက်များကြောင့် စိတ်မသက်မသာဖြစ်နေချိန်တွင် ရဲစခန်းမှူး၏အသံကြားရသဖြင့် သက်သောင့်သက်သာဖြစ်သွား၏။ အားကိုးအားထားရာ ကောက်ရိုးတစ်မျှင်တွေ့သွားသည့်အတွက်လည်း မျက်နှာမှာလည်း ဝင်းလက်သွား၏။ အမှုစစ်ပေါက်စအဖို့ ပျော်သွားပြီး စခန်းမှူးအခန်းထဲသို့ အမြန်ခေါ်လာခဲ့၏။

''လာပါ၊ ထိုင်ပါ''

အခန်းထဲဝင်လာသူအား ထိုင်ခိုင်းလိုက်၏။

''ကျွန်တော့်သမီးကို မောင်
မောင်ဝင်းဆိုတဲ့ကောင်က ခေါ်သွား
တယ်၊ သူက အိမ်ထောင်ကွဲ
အသက် (၄၀)ကျော်သွားပြီ၊ ကျွန်
တော့်သမီးက (၂၀)ပြည့်ရုံရှိသေး
တာ၊ ဒါ ခိုးတာမဖြစ်နိုင်ဘူး၊ ပြန်
ပေးဆွဲတာပဲဖြစ်မှာ''

ထိုသူက ၎င်း၏ထင်မြင်ချက်
ကို ဖွင့်ပြောနေ၏။

''ဒါနဲ့ ခင်ပျားသမီးနဲ့ မောင်
မောင်ဝင်းက လုံးဝမသိဘူးလား''

ကျွန်တော်က ထပ်မေးလိုက်
၏။

''သိတာပေါ့၊ ကျွန်တော်နဲ့သူ
က အလုပ်လုပ်ဖက်၊ သူက ကျွန်
တော်တို့ထက် ချမ်းသာတယ်၊ သူ့
မိန်းမနဲ့သူနဲ့က ကွဲသွားတာမကြာ
သေးဘူး၊ ကျွန်တော့်သမီးနဲ့လည်း
နဂိုကတည်းကသိတာ''

ထိုသူက သူပြောချင်တာတွေ
ပြောနေ၏။ ထိုအချိန်တွင် သူ့စကား
ထဲက အချက်အလက်များကို ဆက်
စပ်ကြည့်လိုက်ရာ အိုးချင်းထားရာ
အိုးချင်းထိခြင်းဖြစ်၏။ သို့ရာတွင်
အမှုစစ်များမှာ တတ်နိုင်မျှ ဖျောင်း
ဖျဆောင်ရွက်ပေးရမည်ဖြစ်၏။

''ဟုတ်ကဲ့ပါ၊ အတတ်နိုင်ဆုံး
ကျွန်တော်တို့က ရှာဖွေဆောင်ရွက်
ပေးမှာပါ၊ သူတို့သွားတတ်တဲ့ နေ
ရာလေးတွေကိုလည်း ကျွန်တော်တို့
ကိုပြောပါ၊ ဒါမှ ကျွန်တော်တို့က ကူ
ညီလို့ရမှာပါ''

''ကျွန်တော့်သမီးမှာ သူငယ်
ချင်းတစ်ယောက်ရှိတယ်၊ သူ့နာ
မည်က မြင့်မြင့်မိုးပါ၊ သူ့ကိုဖမ်းစ

www.burmeseclassic.com

www.burmeseclassic.com


ရင်တော့ သူတို့ရှိတဲ့နေရာ သိမှာပါ''

ထိုလူက သူ၏လိုရင်း ဆွဲပြောလိုက်၏။ သူ့သမီး လင်နောက်လိုက်တာနဲ့ အခြားသူ့သမီးကို ဖမ်းစစ်ရမယ်ဟု သူထင်ရာပြောလိုက်ခြင်းဖြစ်၏။ ကိုယ့်ဘက်ကိုယ်ယက်ပြောလိုက်ခြင်းလည်းဖြစ်၏။

''အဲဒီလို ဖမ်းစစ်လို့တော့ မဖြစ်နိုင်ပါဘူး၊ ကျွန်တော်တို့ တတ်နိုင်သမျှ စစ်ဆေးပေးပါ့မယ်၊ ဒီလိုကိစ္စမျိုးမှာ အရမ်းလုပ်လို့မရဘူး၊ သိမ္မာပါးနပ်စွာနဲ့ လုပ်ရမှာပါ၊ ခင်ဗျားသမီးက အဓိကပါ၊ ကျွန်တော်တို့ အတတ်နိုင်ဆုံးရှာပေးပါ့မယ်''

''စခန်းမှူး၊ အထိရောက်ဆုံးဖြစ်ချင်တယ်၊ ဒါမှ အမှန်တရားဖြစ်မှာပါ''

''ဟုတ်ကဲ့၊ ကျွန်တော်တို့လည်း သတင်းပေးတွေနဲ့ ချိတ်ဆက်ပါ့မယ်၊ သတင်းရရင်ပြောပါ၊ သူ့ပစ္စည်းတွေလည်း ရှာကြည့်ပေါ့၊ အထောက်အထားတွေ ရနိုင်ပါတယ်၊ ကျွန်တော်တို့က ခင်ဗျားတို့နဲ့ ပူးပေါင်းပြီး ဆောင်ရွက်မှာပါ''

''လေးလေးနက်နက်ထားလုပ်ပါဗျာ၊ သမီးက ဒုတိယနှစ်ကျောင်းသူပါ၊ မတရားခြိမ်းခြောက်ခေါ်ယူသွားတာပါ၊ အထောက်အထားတွေ သတင်းပြပါဦးမယ်''

''ဟုတ်ကဲ့ပါ၊ ဒီခေတ်က မတရားလည်းလုပ်လို့မရပါဘူး၊ ဒုတိယနှစ်ကျောင်းသူဆိုတော့ ပိုပြီး အသိဉာဏ်ရှိပါတယ်၊ ခင်ဗျားတို့ကို ဆက်သွယ်မှာပါ၊ ပျောက်တဲ့သူကို ရှာလို့တွေ့နိုင်ပေမယ့် ပုန်းအောင်းတဲ့သူကိုတော့ မတွေ့နိုင်ဘူး၊ လူဆိုတာ ခြေထောက်ရှိတဲ့အတွက် ခြေရာတော့ကျန်မှာပါ၊ ခင်ဗျားတို့လည်း သိပ်စိတ်မပူပါနဲ့၊ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး ဆောင်ရွက်ပေးမှာပါ''

ဟု နှစ်သိမ့်လိုက်၏။

''အမြန်ဆုံးဆောင်ရွက်ပေးပါဗျာ''

ထိုသို့ပြော၍ ရဲစခန်းမှူးအခန်းထဲမှ ထွက်သွား၏။ သိပ်ကျေနပ်ပုံတော့မပေါ်ချေ။ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် သူ့အတွက် အတတ်နိုင်ဆုံးတော့ ဆောင်ရွက်ပေးရပေမည်။

+ + +

''ဗိုလ်ကြီး ဟိုလူကြီးက သူ့သမီးရဲ့သူငယ်ချင်းအိမ်ကို ညဘက်သွားရှာမယ်လို့ ကျွန်တော့်ကိုပြောပါတယ်၊ အဲဒါ ဗိုလ်ကြီးကို သတင်းပို့တာပါ''

''မင်း စခန်းမှာ ခေါ်စစ်ပြီးပြီလား''

''ဟုတ်ကဲ့ ခေါ်စစ်ပြီးပါပြီ''

''အဲဒါဆိုရင်တော့ ရမ်းမလုပ်နဲ့၊ တစ်ဖက်က နားမလည်ရင် ပြဿနာတက်တတ်တယ်''

''သူတို့က သူ့သမီးထွက်ပြေးတဲ့နေရာကို သိနိုင်တယ်လို့ ပြောနေတာ''

''ဟုတ်လား၊ ရမ်းလုပ်လို့မရဘူးနော်၊ တစ်ဖက်မှာလည်း မိသားစုအသိုင်းအဝိုင်းရှိတယ်၊ လူဆိုတာ ကိုယ့်ပစ္စည်းကိုပဲ တန်ဖိုးထားတတ်တာ၊ သူများပစ္စည်းကို နားလည်တာမဟုတ်ဘူး''

''ကောင်မလေးက ကျောင်းမှာမှစသိတာ၊ သူ့အတွင်းရေးကို မသိဘူးလို့ပြောတယ်၊ ကျောင်းအဆင်းမှာ လာကြိုတာတော့တွေ့ဘူးတယ်၊ သူ့သမီးနဲ့ မောင်မောင်ဝင်းတို့ ကျောင်းမှာတွေ့တာသိတယ်၊ တခြားတော့ ဘာမှမသိဘူး၊ သူတို့က ကျောင်းမှာတွေ့ပြီးခင်တာလို့ စစ်ချက်ပေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



ပျောက်တဲ့သူကို ရှာလို့ တွေ့နိုင်ပေမယ့် ပုန်းအောင်းတဲ့ သူကိုတော့ မတွေ့နိုင်ဘူး၊ လူဆိုတာ ခြေထောက် ရှိတဲ့အတွက် ခြေရာတော့ ကျန်မှာပါ . . .

"အဲဒါဆိုရင်တော့ သွားပြီး မရှာနဲ့ကွာ၊ ပြဿနာဖြစ်နိုင်တယ်၊ စောင့်ကြည့်ပေးမယ်လို့ပြောကွာ"

"အဲဒါဆိုရင် သူကျေနပ်မှာ မဟုတ်ဘူး"

"ဘယ်တတ်နိုင်မလဲ၊ ရမ်းလုပ်လို့မရဘူး၊ အထောက်အထားမရှိဘဲနဲ့ ရှာလို့မကောင်းဘူး၊ ငါနားလည်အောင် ကြည့်ပြောပေးမယ်ကွာ"

အမှုစစ် ဒုရဲအုပ် စိုးဝင်းအား ပြောလိုက်၏။ ဒုရဲအုပ် စိုးဝင်းမှာ အခန်းအပြင်ဘက်သို့ထွက်သွား၏။ ခဏအကြာတွင် ဦးကျော်ဝင်း ခေါ်အလိုက်မသိလူကြီးဝင်လာ၏။

အကျိုးသင့်အကြောင်းသင့် ရှင်းပြသော်လည်း နားလည်ပုံမပေါ်။ ထပ်ခါထပ်ခါ ရှင်းပြမှ အနည်းငယ် နားလည်လာပြီး မကျေမချမ်းနှင့် အခန်းအပြင်ဘက်ထွက်သွား၏။ အသက်ကြီးသော်လည်း ဆင်ခြင်တုံ တရားနည်းပါးသည်ကိုတွေ့ရ၏။

အချို့မိဘများသည် မိမိတို့၏ သားသမီးများကို သဘောမပေါက်၊ သူတို့၏စိတ်ကိုလည်း နားမလည်၊ မည်သို့မည်ပုံ သင်ကြားပေးရမည်ကို ကိုယ်တိုင်လည်းမသိသည့်အတွက် ဖြစ်လာမှ ပတ်ဝန်းကျင်ကိုရမ်းတတ်လေသည်။ ဒါကိုနားမလည်လျှင် ကိုယ်က ဓားစာခံဖြစ်ရပေမည်။

ယခုလည်း ကိုယ့်သားသမီးကို ကိုယ်မနိုင်ဘဲ အခြားလူ၏သားသမီးကိုရမ်းတော့မည့်အဖြစ်အပျက်ကို လက်ခံ၍မရချေ။ လူကြီးမိဘများ အနေဖြင့် သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်သည့်သဘောနှင့် အိုးချင်းထား၍အိုးချင်းထိ၊ ကြိုးချင်းထား၍ ကြိုးချင်းငြိသည့်သဘောကို နားလည်သဘောပေါက်သင့်ပေသည်။ အချိန်အခါအလိုက် ပြောင်းလဲတတ်သည်ကိုလည်း သိထားဖို့လိုသည်။

\+ + +

ကျွန်တော်တို့ရဲစခန်းမှာအလုပ်များပြီး အမှုလည်းများသဖြင့် တစ်ခါတစ်ရံတွင် ကိုယ့်အမှုကိုကိုယ် အာရုံထားနေရသည့်အတွက် သူများအမှုကို သတိမထားမိချေ။ အမှုစစ်နှင့် ဦးကျော်ဝင်းမှာ ဘယ်လိုအဆင်ပြေသွားသည်မသိ။ မကြာခဏ အပြင်ထွက်၍ရှာလိုက်၊ ရဲစခန်းလက်ဖက်ရည်ဆိုင်တွင် စကားပြောလိုက်နှင့်တွေ့ရသဖြင့် ကျွန်တော်လည်း သိပ်အမှုမထားဖြစ်။ ခေါင်းထဲတွင်တော့ တစ်စိတ်တစ်ပိုင်းရှိနေမိ၏။

ရက်သတ္တ တစ်ပတ်လောက်ကြာချိန်တွင် ဦးကျော်ဝင်းမှာ ရဲစခန်းဘက်သို့ ရောက်မလာတော့ချေ။ ထို့အတွက်ကြောင့် သတိရမိသည့်အတွက် အမှုစစ်အား ခေါ်ယူမေးမြန်းကြည့်မိ၏။

"စိုးဝင်း၊ ဟိုလူကြီးမတွေ့တော့ပါလား"

"ဟုတ်တယ် ဗိုလ်ကြီး၊ ကျွန်တော်လည်း တခြားအမှုတွေဘက်လှည့်နေတာနဲ့ သူ့ဘက်မလှည့်မိဘူး"

"မင်း အဆင်ပြေအောင်လုပ်ပေးတယ်မဟုတ်လား"

"ဟုတ်ကဲ့ လုပ်ပေးပါတယ်၊

www.burmeseclassic.com



သူသွားချင်တဲ့နေရာ လိုက်ပေးပါတယ်၊ သူမေးချင်တဲ့လူတွေကိုလည်း မေးပေးပါတယ်၊ ကျွန်တော်လည်း အတတ်နိုင်ဆုံး စုံစမ်းပါတယ်၊ သတင်းတော့မှုပ်နေတယ်''

''မင်းထပ်ပြီးစုံစမ်းဦးကွာ''

''ဟုတ်ကဲ့၊ ကျွန်တော်သတင်းရအောင် စုံစမ်းပါ့မယ်''

''သူ့အိမ်ကိုလည်း ပြန်စုံစမ်း၊ တော်ကြာ သမီးက အဖေနဲ့မဆက်သွယ်ရဲလို့ အမေနဲ့ဆက်သွယ်နေတာလည်းရှိတယ်နော်''



ဟု အတွေ့အကြုံအရပြောလိုက်၏။

''ဟုတ်ကဲ့ ဗိုလ်ကြီး၊ ကျွန်တော် ပြန်စုံစမ်းကြည့်ဦးမယ်''

ဟု ဒုရဲအုပ် စိုးဝင်းက ပြောလိုက်၏။

+ + +

စခန်းမှူးအခန်းထဲတွင် အမှုများထိုင်ရေးနေစဉ် လူနှစ်ဦးဝင်လာသည့်အတွက် ခေါင်းမော့ကြည့်လိုက်၏။

''ဝင်ခွင့်ပြုပါ''

ဦးကျော်ဝင်းက ပြောလိုက်၏။

''ဟုတ်ကဲ့၊ ဝင်ပါ၊ ထိုင်ပါ''

ထိုသို့ပြော၍ နေရာပေးလိုက်၏။

''ဘာထူးလို့လဲ''

ထပ်မေးလိုက်၏။

''ဗိုလ်ကြီး သူ့သမီးနဲ့သမက်က သူတို့အိမ်ရောက်နေကြပါပြီ၊ အားလုံးလည်း အဆင်ပြေပြီလို့ပြောပါတယ်''

ဒုရဲအုပ် စိုးဝင်းက သတင်းပို့လိုက်၏။

''ဟုတ်ပါတယ် ဗိုလ်ကြီးရယ်၊ သူတို့နှစ်ယောက်က ဖူးစာပါနေတော့ ကျွန်တော်တို့လည်း ခွဲလို့မကောင်းတော့ပါဘူး၊ သမီးကိုလည်း ချော့မော့ပြန်ခေါ်ထားပါတယ်၊ ကျွန်တော်လည်း အဆင်ပြေနေတော့ ဗိုလ်ကြီးတို့ဆီကို မရောက်ဖြစ်တာပါ''

''ခင်ဗျားက အဆင်ပြေတော့ သတင်းတောင်မပေးဘူး၊ အဆင်မပြေတော့ ဟိုလူကိုဖမ်းခိုင်း၊ ဒီလူကိုရှာခိုင်းနဲ့''

ဒုရဲအုပ် စိုးဝင်းက ပြောလိုက်၏။ သူ့အနေဖြင့် မကျေမနပ်ဖြစ်လောက်၏။ အရှောင်အတိမ်းကောင်း၍သာ အတိုင်မခံရခြင်းဖြစ်၏။

''ဦးကျော်ဝင်းအနေနဲ့ ဘာလုပ်ချင်သေးလဲ၊ ပြစ်မှုပုဒ်မ ၃၆၆ က တိုးချင်သေးလား''

''မတိုးချင်ပါဘူး ဗိုလ်ကြီးရယ်၊ လျှော့ပြီးပျောက်အောင် လုပ်ချင်တာပါ''

''တရားဥပဒေက အဲဒီလိုလုပ်လို့မရဘူး၊ အမှန်အတိုင်းဖြစ်အောင် လုပ်ရပါမယ်၊ ခင်ဗျားတို့ပြဿနာကို ကျွန်တော်တို့က တရားရုံးတင်ပေးပါမယ်၊ ခင်ဗျားတို့ဘာသာ ရုပ်သိမ်းလွှာတင်ကြပါ''

''ဒီမှာပြတ်အောင် လုပ်လို့မရဘူးလားဗျာ၊ သမီးနဲ့သမက် ဒုက္ခမရောက်စေချင်ဘူး''

''မရပါဘူး၊ တတ်နိုင်သမျှ အဆင်ပြေအောင်လုပ်ပြီး တရားရုံးတင်ပေးပါ့မယ်၊ အဲဒီမှာသာ ရုပ်သိမ်းကြပါ''

ကျွန်တော်က ပြောလိုက်ရ၏။ စိတ်ထဲတွင် ကျိတ်၍ ''အခုတစ်မျိုး၊ တော်ကြာတစ်မျိုး''ဟု ရေရွတ်မိ၏။

မျိုးမြင့်ကြိုင်(သင်)

www.burmeseclassic.com

www.burmeseclassic.com

# ထက်ထက်ဦးဝေ

# နွေအလွန်

အခန်းဆက်ဝတ္ထုရှည်(ဇာတ်သိမ်း)



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာမလေးကို အမေ မှာထားခဲ့ချင်တယ်၊ တကယ်လို့များ အမေမရှိတော့ရင် မောင်လွမ်းသာကို သမီးလက်ထဲ အပ်ထားခဲ့ပါရစေကွယ်"

ဦးလွမ်းသာ၏မိခင်ကြီးမှာ ကျွန်မ၏လက်အစုံအား ဆုပ်ကိုင်ပြီး ပြောနေရှာသည်။ အမေ့ထွန် မသေနိုင်သေးပါ။ တော်ရုံဝေဒနာတစ်ရပ်ကို ခံစားနေရသည့်တိုင် သူမ၏ စိတ်မှာ သားထံတွင် ရှိနေတတ်၍ ဦးလွမ်းသာနှင့် မိခင်ကြီးတို့၏မေတ္တာ ဘယ့်ဥ်နှိုင်းပြလောက်ပါသည်။

"အမေဘာမှမဖြစ်သေးပါဘူး၊ ကျွန်မ တာဝန်ယူတယ် အမေ၊ ပြီးတော့ ဦးလွမ်းသာအတွက်လည်း စိတ်ချပါ"

"သားကို အိမ်ထောင်တစ်ခုနဲ့ အခြေတကျ အမေမြင်လိုလှပါပြီကွယ်၊ မောင်လွမ်းသာနဲ့ သမီးကို အမေ လက်ထပ်ပေးချင်တယ်"

ရုတ်တရက်မို့ ကျွန်မ၏မျက်ဝန်းလေးများ ပြူးကျယ်သွားလု မတတ် အံ့သြသွားရ၏။ ဦးလွမ်းသာထံ အကြည့်တစ်ချပြုမိချိန်တွင် သူကလည်း ကျွန်မနည်းတူ ခံစားနေရသည်ကို တွေ့မိပြန်သည်။ အမေ့ထွန့်အား ကျွန်မ မည်သို့တုံ့ပြန်ရမည်နည်း။

"နော်.....အမေလေ သားလေးကို စိတ်မချနိုင်သရွေ့ အမေ အသေဖြောင့်မှာမဟုတ်ပါဘူးကွယ်၊ သားဟာ သမီးကို လက်ထပ်လိုမှန်း အမေသိပါတယ်၊ ဒါပေမဲ့ သူ့ဘဝလေးကို အားငယ်နေတာလည်း အမေသိတယ်၊ သမီးလို ဆရာဝန်မတစ်ယောက်ကို ဖွင့်မပြောရဲတာ သမီးလေး နားလည်ပေးပါ"

"ဟုတ်ကဲ့ပါ အမေ၊ ကျွန်မ နားလည်ပါတယ်"

"သား.....မောင်လွမ်းသာ"

ဦးလွမ်းသာမှာ မိခင်ကြီးက ခေါ်လိုက်သံကြောင့် ကပျာကယာ မိခင်နားသို့ ရောက်လာရှာသည်။

"မေမေ ဘာပြောချင်လို့လဲဟင်၊ သား ရှိနေပါတယ်"

"သား....."

ဦးလွမ်းသာ၏ လက်အစုံအား ဆုပ်ကိုင်ပြီး သားဖြစ်သူအား မချိတင်ကဲ ကြည့်လာ၏။

"သားနဲ့သမီးကို အမေကိုယ်တိုင် လက်ထပ်ပေးချင်တယ်ကွယ်"

ဦးလွမ်းသာသည် ကျွန်မထံ မျက်လုံးဝင့်ကြည့်လာ၍ ဦးလွမ်းသာ အပေါ် မျက်နှာချင်းမဆိုင်ရဲလောက်အောင် ဖြစ်ခဲ့ရသည့်အတွက် ကျွန်မမှာ ခေါင်းကိုသာ ငုံ့ထားမိပါပြီ။

"ဒေါက်တာ့သဘောထားကရှိသေးတယ် မေမေ၊ သားဘက်ကတော့ မေမေသိပြီးသားဖြစ်မှာပါ"

ဦးလွမ်းသာမိခင်၏အကြည့်သည် ကျွန်မထံ ကူးပြောင်းလာပြန်သည်။ သားအမိနှစ်ဦး၏ဆန္ဒသည် ကျွန်မပေါ်သို့ စုပုံကျလာလေပြီ။

ပုံတော်ရှေ့မှာ
ထိုင်ဖူးရင်လည်း
ကုသိုလ်ရပါတယ်
အမေရယ်၊
တချို့ဆို
တစ်ခေါက်မှတောင်
ရောက်ဖူးကြတာ
မဟုတ်ပါဘူး။
စိတ်မှာမျှော်မှန်းပြီး
ဖူးမြော်တတ်ရင်
မန္တလေးကိုသွားပြီး
မဟာမြတ်မုနိဘုရားကို
ဖူးမြော်ရသလို
ပါပဲလေ

ooo

www.burmeseclassic.com

www.burmeseclassic.com

"သမီးရဲ့ဆန္ဒကို ပြောပြပါဦး ကွယ်"

"ကျွန်မ.....ကျွန်မ စဉ်းစားပါရစေဦး အမေ"

အထစ်ထစ်အငေါ့ငေါ့ဖြင့် ဆန္ဒတစ်ခုကို ပြောချလိုက်မိပေမယ့် စိတ်မကောင်းဖြစ်သွားကြသည့်မျက်နှာများမှာ အထင်းသားပေါ်လွင်နေကြ၏။ အမေညွန့်၏ သက်ပြင်းချသံနှင့် အကြည့်စူးစူးလေးများကို ကျွန်မ ရလိုက်သည်။

"အင်းလေ၊ သမီးကို စဉ်းစားချိန်ပေးပါ့မယ်၊ ဒါပေမဲ့ အကြာကြီးတော့ မဟုတ်ဘူးနော်"

"တစ်လလောက်တော့ပေးပါ အမေရယ်"

အပြုံးယဲ့ယဲ့တစ်ခု တွေ့ရပြန်သည်။ ပြီးနောက် ဦးလွမ်းသာထံ အမေးတစ်ခုပြု၏။

"သားကရော ခွင့်ပြုရဲ့လား ကွယ်"

"ခွင့်ပြုရမှာပေါ့ အမေရယ်၊ ဒေါက်တာဘက်က ဒီစကားမျိုးကြားရရုံနဲ့ ကျေနပ်မိပါပြီ"

ကျွန်မ၏အဖြေမှာ သူတို့အား ချမ်းမြေ့မှုတစ်ခု ပေးစွမ်းနိုင်၍ စိတ်ချမ်းသာရပါပြီ။ ပြည်သို့သွားစဉ်က ပင်ပန်းမှုမှန်သမျှ ယခုမှ အမေညွန့် ခံစားနေရ၍ နောင်ဆိုလျှင် ခရီးပင်ပန်းမှုဒဏ်ကို ခံနိုင်တော့မည် မဟုတ်ပါ။ ဦးလွမ်းသာမိခင်ကိုတော့ ပြောပြမိပါ၏။

"အမေ နောက်ကို ခရီးဝေးတဲ့နေရာမျိုး မသွားရတော့ဘူးနော်၊ အသက်က ထောက်လာပြီဆိုတော့ ခန္ဓာကိုယ်က မခံနိုင်တော့ဘူးလေ"

"မန္တလေးက မဟာမြတ်မုနိဘုရားကြီးကို တစ်ခေါက်လောက်သွားဖူးချင်တဲ့ဆန္ဒတော့ ရှိနေဆဲပါ သမီးရယ်၊ မန္တလေးကို မရောက်တာကြာနေပါပြီ၊ အမေက မန္တလေးသူလေ သမီးရဲ့၊ မောင်လွမ်းသာအဖေနဲ့ အိမ်ထောင်ကျကတည်းက မန္တလေးကို တစ်ခေါက်မှမရောက်တော့ဘူး"

မန္တလေးသူ အမေညွန့်မှာ ဆွေဘုရား၊ မျိုးဘုရားဖြစ်သည့် မဟာမြတ်မုနိကို ဖူးမြော်လိုသည့်ဆန္ဒရှိမည်ကို ကိုယ်ချင်းစာပါ၏။

"အမေ့ရဲ့ကျန်းမာရေးကြောင့်ပါ၊ ပုံတော်ရှေ့မှာ ထိုင်ဖူးရင်လည်း ကုသိုလ်ရပါတယ် အမေရယ်၊ တချို့ဆို တစ်ခေါက်မှတောင် ရောက်ဖူးကြတာမဟုတ်ပါဘူး၊ စိတ်မှာမျှော်မှန်းပြီး ဖူးမြော်တတ်ရင် မန္တလေးကိုသွားပြီး မဟာမြတ်မုနိဘုရားကို ဖူးမြော်ရသလိုပါပဲလေ"

"အင်း...သမီးကတော့ အမေစိတ်ချမ်းသာအောင် အမြဲ ပြောတတ်ပါပေတယ်ကွယ်၊ ဟင်း..ဟင်း ဒါကြောင့်လည်း အမေ့ချွေးမသာဖြစ်လိုက်ပါတော့လား"

ဦးလွမ်းသာသည် ကျွန်မ၏ ကြောင်တက်တက်ဖြစ်မှုအပေါ် ဝင်ထိန်းသည့်အနေဖြင့် မိခင်ကြီးထံ ခွင့်တောင်းလိုက်ပါသည်။

"မေမေ ဒေါက်တာက ဆေးရုံကို ပြန်သွားရမှာ၊ သားပြန်ပို့ရဦးမယ်လေ"

"ဩော်.....ဟုတ်ပါရဲ့၊ ထမင်း



တောင် စားမသွားတော့ဘူးလား သမီးရယ်၊ အချိန်ရသေးတယ် မဟုတ်လား"

"ခွင့်လွှတ်ပါ အမေ၊ ကျွန်မ အချိန်မရလို့ပါ၊ နောက်တော့စားပါ့ မယ်"

"အင်းလေ၊ သမီးတို့က ပြည်သူ့ကျန်းမာရေးကို စောင့်ရှောက်နေကြတဲ့ ဝန်ထမ်းတွေပဲလေ၊ အမေ ခွင့်ပြုရမှာပေါ့ကွယ်၊ ဒါပေမဲ့ တစ် လဆိုတဲ့အချိန်လေးကိုတော့ မေ့ မသွားနဲ့ဦးနော်"

အမေညွန့်က ကျွန်မအား ထပ်

www.burmeseclassic.com

www.burmeseclassic.com



ဆင့်သတိပေးနေ၍ ခေါင်းလေးကို သောအယာညိတ်ပြကာ နှုတ်ဆက်ထွက်လာမိလေသည်။

"မမေ့ပါဘူး ··· အမေရယ်၊ ကျွန်မ ပြန်မယ်နော်"

ကျွန်မတို့နှစ်ဦးအား တွေတွေသေး ငေးကြည့်နေရှာပြီး ကျန်ရစ်ခဲ့လေ၏။ ကျွန်မတို့နှစ်ဦး၏ အပြန်လမ်းလေးသည်တိတ်ဆိတ်ငြိမ်သက်နေရာ ဦးလွမ်းသာထံမှ တောင်းပန်စကားကို ကြားရလေသည်။

"မေမေ့စကားအတွက် ဒေါက်တာ့ကို ကျွန်တော် တောင်းပန်ပါတယ်"

စကားကို အေးဆေးစွာ မောင်းနှင်ရင်းမှ ကျွန်မထံ ပြောလာရှာသည်။ သူ၏သက်ပြင်းချသံတစ်ခုနှင့်အတူ.....

"တကယ်တော့ ကျွန်တော့်လိုဆိုးဖိုတစ်ယောက်က ဒေါက်တာနဲ့ မတန်ပါဘူး"

အားငယ်ခြင်းစကားနှင့် ထိုအတွေးမျိုးကြောင့် ဦးလွမ်းသာအား အားမလိုအားမရ ဖြစ်မိသည်တော့အမှန်ပါ။ ကျွန်မ၏ ခပ်တွေတွေကြည့်ကြောင့် တစ်ဆက်တည်းပြောလာသည့် စကားများကို ကြားရပြန်သည်။

"ကိုယ်စိတ်ချမ်းသာဖို့ထက် သူများတကာ စိတ်ဆင်းရဲမှာကိုမကြည့်ရက်ဘူး ဒေါက်တာ၊ ဒါဟာ ကျွန်တော့်ရဲ့ စေတနာစကားလေးပါ"

"ရပါတယ် ဦးလွမ်းသာ၊ ဒါဆိုရင် ဦးလွမ်းသာက အိမ်ထောင်သစ် မထူတော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီလား"

သူ့ဘက်မှ တိတ်ဆိတ်သွားတော့၏။ ကျွန်မ ပြုံးမိသည်။ သူ့စိတ်ဓာတ်ကို လေးစားမိခြင်းသည် သူ့အပေါ် မငြင်းနိုင်သည့်အကြောင်းပြချက်တစ်ခုဖြစ်ပါက သူ့ကိုလက်ခံနိုင်ကြောင်း သူသိထားစေချင်သည်။ ဦးလွမ်းသာ၏ သက်ပြင်းခဏခဏချနေပုံကြောင့် သူ့ထံတွင် ကျွန်မ မသိသေးသည့် မည်သည့်လျှို့ဝှက်ချက်များ ရှိနေကြပြီလဲ။ ကျွန်မ ရိပ်မိလိုက်၏။

"ဦးလွမ်းသာမှာ ဖွင့်ပြောပြစရာ တခြားအကြောင်းအရာမျိုးတွေ ရှိနေလို့လားဟင်၊ ဒါဆိုလည်း သိရအောင် ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြပါလား"

ကျွန်မ၏ အားပေးစကားတစ်ခွန်းသည် သူ့အား အားတက်လာစေရန် မီးထိုးပေးလိုက်သကဲ့သို့ ဦးလွမ်းသာ၏ အကြည့်စူးစူးနှင့်အတူ ပြောလာသည့်စကားများကို ကြားရတော့သည်။

"ဟုတ်ပါတယ် ဒေါက်တာ၊ ဒေါက်တာ့ကို တစ်ချိန်က ကျွန်တော် ပြောခဲ့ပြီးသားပါ၊ ကျွန်တော့်မှာဖွင့်ပြောလို့မရနိုင်တဲ့ အမှန်တရားတစ်ခုရှိတယ်လို့၊ အဲဒါဟာ ဘာလဲဆိုရင်....."

ကျွန်မရင်မှာ တုန်ယင်နေလေ၏။ ဦးလွမ်းသာ၏ ဆက်လက်ပြောလာမည့်စကားတစ်ခွန်းအား မကြားဝံ့မနာသာ နားထောင်နေရပေမယ့် ကျွန်မ တွေးထင်မိသည်က ဦးလွမ်းသာထံတွင် ချစ်သူ သို့မဟုတ် ရည်ရွယ်သူ သို့မဟုတ် ဇနီးတစ်ယောက်များ မိခင်မသိအောင် ရှိနေခဲ့ပြီလား။ ဒါဆိုလည်း သူက ကျွန်မကို လိုလိုလားလားပြောလာလိမ့်မည်မဟုတ်ပါ။

"ကျွန်တော့်သမီးက အမေရိကားမှာပါ"

လက်ထဲကိုင်ထားသည့် လက်ကိုင်ပဝါပင် ယောင်ပြီးလွတ်ကျသွားရလေပြီ။ ကျွန်မ အံ့ဩတုန်လှုပ်သွားမိ၏။ သေချာစေရန် ထပ်မေးမိပြန်သည်။

"ဦးလွမ်းသာမှာ သမီးရှိတယ်ဟုတ်လားဟင်"

ဦးလွမ်းသာ၏ ဆက်လက်ပြောလာမည့်စကားတစ်ခွန်းအား
မကြားဝံ့မနာသာ နားထောင်နေရပေမယ့် ကျွန်မ တွေးထင်မိသည်က ဦးလွမ်းသာထံတွင်
ချစ်သူ သို့မဟုတ် ရည်ရွယ်သူ သို့မဟုတ် ဇနီးတစ်ယောက်များ
မိခင်မသိအောင် ရှိနေခဲ့ပြီလား ···

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပါတယ် ဒေါက်တာ၊ ကျွန်တော့်ဇနီး ဆုံးသွားချိန်မှာ သမီးဟာ လူမမည်အရွယ်လေးပဲရှိပါသေးတယ်၊ သမီးနဲ့မခွဲလိုပေမယ့် ကျွန်တော့်ယောက္ခမတွေက အမေရိကားမှာ အပြီးအပိုင် ထွက်ခွာသွားချိန်မှာ သူတို့နဲ့လိုက်ခဲ့ဖို့ ခေါ်ခဲ့ပါတယ်၊ ကျွန်တော်က မေမေ့ကိုထားရစ်ခဲ့ပြီး ဘယ်လိုလုပ် လိုက်နိုင်မှာလဲ ဒေါက်တာရယ်၊ မေမေ့ကိုခေါ်ဖို့ တိုက်တွန်းကြပေမယ့် မြန်မာပြည်ကိုချစ်တဲ့ မေမေနဲ့ နိုင်ငံချစ်စိတ်ရှိတဲ့ ကျွန်တော်တို့ ကိုယ့်တိုင်းပြည်ကြီး ကို စွန့်လွှတ်ထွက်ခွာသွားဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ ဒီတော့ သမီးကို ထည့်လိုက်ရပါတယ်၊ ဒါကိုလည်း သားသမီးကို မခင်တွယ်တတ်တဲ့ ဖခင်လို့ မထင်စေချင်ဘူး ဒေါက်တာ၊ သမီးတစ်ယောက်လုံးကို ဆုံးရှုံးခံလိုက်ရတဲ့ ယောက္ခမတွေအတွက် မြေးနဲ့အစားထိုး ဖြေဖျောက်စေချင်တဲ့ ဆန္ဒနဲ့ပါ၊ သမီးကိုတော့ မြန်မာပြည်ကိုအလည်လာခွင့်ပေးထားပြီး ကျွန်တော်နဲ့ တွေ့ရအောင် ခွင့်ပြုပေးထားပါတယ်၊ သမီးဟာ အမေဘက်က အဘိုး၊ အဘွားတွေနဲ့ အနေများတော့ မေမေ့ကို မခင်တွယ်ဘူး၊ အနေစိမ်းနေတယ်လေ၊ အဖေကိုတော့ သွေးကစကားပြောလို့လား မသိဘူး ဒေါက်တာ၊ ခင်တွယ်တတ်ပါတယ်၊ မြန်မာပြည်ကို သုံးခေါက်ရောက်ဖူးတဲ့ သမီးဟာ နောက်ဆုံးလာသွားတဲ့အခေါက်မှာ ကျွန်တော့်ကို ပြောသွားတယ် ဒေါက်တာ၊ 'ဒက်ဒီဘာလုပ်လုပ် သမီးကို အသိပေးပါ'တဲ့၊ သဘောကတော့ ကျွန်တော် အိမ်ထောင်ပြုမယ်ဆိုရင် သူ့ကိုပြောပြဖို့ မှာသွားခဲ့တယ်လေ''

သူ့မှာ သံယောဇဉ်အတွယ်အတာနှင့်ဆိုတော့လည်း စဉ်းစားစရာပေါ့လေ။ ဦးလွမ်းသာတွင်သမီးတစ်ယောက်ရှိနေသည်ကို ကျွန်မ မကြားမိပါ။ မည်သူမျှလည်း သိထားကြဟန်မတူပေ။ ဦးလွမ်းသာမိခင်ကရော ကျွန်မထံ ဘာကြောင့် မပြောခဲ့တာလဲ။

''ဒီအကြောင်းတွေကို သိထားစေချင်တဲ့ဆန္ဒနဲ့ ဒေါက်တာ့ကိုအသိပေးချင်ပေမယ့် မေမေက တားဆီးခဲ့ပါတယ်၊ သမီးကလည်း ကျွန်တော်နဲ့ အတူနေနိုင်တာမှမဟုတ်တာ၊ ဒီတော့ မေမေ့ဆန္ဒက ဒေါက်တာသိလည်း အကြောင်းထူးမှာမဟုတ်လို့ ပြောမပြစေချင်တာပါ''

သိလာရင်လည်းစိတ်မကောင်းစရာတွေပဲ ဖြစ်လာမှာပေါ့ ဦးလွမ်းသာရယ်။ ရှင့်မှာ သမီးရှိမှန်း ကျွန်မ မသိခဲ့ရိုးအမှန်ပါ။

''ပြီးတော့ ကျွန်တော့်ဘက်က ဖွင့်မပြောဘဲနေမိရင် ဒေါက်တာ့အချစ်ကို လိမ်ညာယူတဲ့ယောကျ်ားတစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကိုယ် လိပ်ပြာသန့်မှာမဟုတ်ပါဘူး၊ ဒေါက်တာ သိသွားရင်လည်း မပွင့်လင်းတဲ့သူလို့ စွပ်စွဲပြီး အမုန်းခံရမှာကို ကျွန်တော် မလိုလားဘူး၊ ဒါကြောင့် ဖွင့်ပြောပြချင်တာပါ''

ရိုးသားစွာ တင်ပြချက်အပေါ် ကျွန်မ နားလည်ပါသည်။ ကျွန်မ၏ တွေဝေငြိမ်သက်နေခြင်းအပေါ် ဦး လွမ်းသာ တလွဲမတွေးစေချင်ပေ ဦးလွမ်းသာ၏ မျက်ဝန်းများမှာ ကစဉ့်ကလျားဖြစ်နေသည်ကို တွေ့ ရပြန်၏။

''ကျွန်တော် ဒေါက်တာ့ကိုချစ် တယ်၊ လက်ထပ်မယ်၊ အားလုံးနဲ့ အဆင်ပြေနိုင်ရင် အကောင်းဆုံးပေ ဒေါက်တာရယ်''

ကျွန်မအနေနှင့် သူ့သမီးထံမှ ဆန္ဒကို ရယူခွင့်ရမှ ပုစ္ဆာတစ်ပုဒ်၏ အဖြေကို ရနိုင်မည်မဟုတ်ပါလား ဦးလွမ်းသာ၏ အဆုံးအဖြတ်သည် သူ့သမီးထံတွင်ရှိနေသလို ကျွန်မ၏ အဖြေသည်လည်း သူ့သမီးထံတွင် ရှိနေပါလိမ့်မည်။

''ဦးလွမ်းသာရဲ့သမီးကဘယ် အရွယ်ရှိနေပြီလဲဟင်''

''သမီးက ဒီနှစ်ပြေီဆိုအသက် ၂၀ ပြည့်ပါပြီ ဒေါက်တာ''

''သြော်.....ကြီးပြီပဲလေ''

ရင်မှာပေါ့သွားသလို ခံစား ပြန်၏။ မည်သို့ပင်ဖြစ်ပါစေ ငယ် ရွယ်သူထက် နိုင်းယှဉ်လျှင် အရွယ် ရောက်နေပြီဖြစ်သည့်အတွက် နား လည်စာနာစိတ်တော့ ရှိမည်ထင်ပါ သည်။ ကျွန်မလည်း ငယ်စဉ်အချိန် က ဒေါ်လေးမေမေမှ ကျွန်မအပေါ် အချစ်လျော့သွားမည်ကို စိုးရိမ်ပြီး ဦးဖေသော်နှင့် မကြည်ဖြူခဲ့ပါ။ ခု တော့လည်း နားလည်မှုများစွာဖြင့် အရွယ်ရောက်လေ၊ အသိပိုကြွယ် လေပင်။ ကျွန်မ မျှော်လင့်ထား သည့်အတိုင်း ဖြစ်လာလိမ့်မည်ဟု ထင်မိ၏။

www.burmeseclassic.com

www.burmeseclassic.com





''ဒါဆိုလည်း ဦးလွမ်းသာရဲ့ သမီးကို ဖွင့်ပြောပြလိုက်တော့ပေါ့၊ သူ့ကို အသိပေးထားတော့ ကောင်းတာပေါ့ ဦးလွမ်းသာရယ်၊ ဒါဆို ဦးလွမ်းသာရင်ထဲမှာ ပေါ့သွားပြီမဟုတ်လား''

''ကျေးဇူးတင်မိပါတယ် ဒေါက်တာရယ်၊ ကျွန်တော့်ကို ဒေါက်တာချစ်နိုင်ရဲ့လားဟင်၊ အခုလို ဖွင့်ပြောမိလို့ စိတ်မကောင်းရော ဖြစ်သွားသေးလား ဒေါက်တာ''

အခုမှ ဦးလွမ်းသာတစ်ယောက် ပြုံးနိုင်၊ ပျော်နိုင်တော့လေ၏။ ကျွန်မလည်း သူ့ကို ကျေးဇူးတင်မိရသည်။ ဘာကြောင့်လဲဆိုရလျှင် ဦးလွမ်းသာ၏ ရိုးသားမှုကို နှစ်သက်မိ၍ပဲဖြစ်ပါ၏။

''ဟင့်အင်း ... မဖြစ်မိပါဘူး၊ ကျွန်မ သိပ်ကိုသိချင်နေမိတဲ့ ဦးလွမ်းသာရဲ့ ဖွင့်ပြောလို့မရနိုင်တဲ့ အမှန်တရားကြီးကို သိလိုက်ရလို့ပါ၊ အင်း ...ဒီနေ့မှပဲ ဦးလွမ်းသာရဲ့ လျှို့ဝှက်ချက်တစ်ခုကို ကျွန်မ သိလိုက်ရပါလားနော်၊ ရိုးသားခြင်းကို လူတွေက နှစ်သက်ကြပါတယ် ဦးလွမ်းသာရယ်၊ အချစ်မှာလည်း ရိုးသားဖို့ လိုအပ်တာပေါ့နော်''

ရွှန်းလဲ့သော အကြည့်တစ်ခုကို ရလိုက်သည့်နောက် စိမ်းသွားသော မီးပွိုင့်မှ သွက်လက်စွာ မောင်းထွက်ခဲ့ပြီး မကြာမီတွင် ဆေးရုံဝင်းထဲသို့ ရောက်ရှိတော့ပေမည်။ ဦးလွမ်းသာထံမှ အချစ်အင်အားများက Surf ကားလေးနှင့်အပြိုင် သွက်လက်မြူးကြွနေပြီဟု ထင်မိပါ၏။

✦ ✦ ✦

''သားရယ်.....ဘာကြောင့် ဒေါက်တာမလေးကို ဖွင့်ပြောလိုက်ရတာတုံး၊ ခမျာမှာ စိတ်မကောင်းဖြစ်တော့မှာပဲနော်''

ကျွန်မ ရောက်ရောက်ချင်း ဦးလွမ်းသာအား မိခင်ကြီးမှ ဆူပူနေတော့သည်။ အမေညွှန့်အနေနှင့် မထူးခြားသော ကိစ္စတစ်ခုအား ပြောစေချင်ပုံမရပါ။ မြေးဖြစ်သူကိုလည်း အသိပေးစေချင်ပုံမရခဲ့။

''ကျွန်မ နားလည်ထားပြီးသားပါ အမေ၊ အခုလို ပြောပြလို့ ဦးလွမ်းသာကိုတောင် လေးစားမိတာပါ''

''အိုကွယ်.....အမေကတော့ ကြည်လင်နေတဲ့ ကန်ရေပြင်လေးမှာ လှိုင်းဂယက် မထစေချင်ဘူး၊ ရေကြည်လေးအတိုင်း ထားစေချင်တယ်၊ ခပ်စေချင်တယ်၊ သောက်သုံးစေချင်တယ်ကွယ်''

အမှန်အတိုင်း ဝန်ခံရလျှင် ဦးလွမ်းသာတွင် သမီးတစ်ယောက်ရှိခဲ့သည်ဟု ကြားမိချိန်တွင် ရင်မှာ လှိုင်းဂယက်ထသွားမိပေမယ့် အခုတော့လည်း ထိုရေလှိုင်းလေးများမှာ ပြန်လည်တည်ငြိမ်သွားကြလေပြီ။ ကျွန်မ၌ ထူးထူးခြားခြား ခံစားမှု မဖြစ်ပေါ်မိတော့ပေ။

''မြေးမလေးက မြန်မာပြည်ပေါ် ပြန်ရောက်လာလည်း ဘိုသွေးပါလာတယ်ထင်ပါ့၊ အပြောအဆို၊ အနေအထိုင်၊ အဝတ်အစားကအစ အမေ့မျက်စိထဲ မတွေ့မိဘူး၊ သူ့အဖေကိုလည်း ဒက်ဒီတဲ့၊ အမေ့ကိုလည်း ဂရန်းမားတဲ့၊ ဘိုစိတ်ပေါက်နေပြီကွယ်''

နိုင်ငံခြားတွင် အနေကြာသော် စိတ်ဓာတ်ကအစ ပြောင်းလဲနေမည်ကို ကျွန်မလည်း သိနေပြီးသားပါ။ ကျွန်မတို့တိုင်းပြည်အတွက် မြန်မာမလေးတစ်ယောက် ဆုံးရှုံးရသည့် အဖြစ်မျိုးပင်။

''သူကလည်း အမေ့ကို သံယောဇဉ်ရှိပုံမရပါဘူး၊ ဒီရောက်ပြီး တစ်ရက်မပြည့်သေးဘူး၊ ဖိုးကအဘိုးအဘွားတွေကို လွမ်းနေတယ်

www.burmeseclassic.com

www.burmeseclassic.com

တဲ့၊ ဒီမှာလည်း ပျင်းသတဲ့လေ၊ အဖေဖြစ်သူကလည်း မအားလပ်တော့ သူသွားချင်တဲ့နေရာမျိုး ဘယ်လိုက်ပို့ပေးနိုင်မှာလဲကွယ်၊ ရန်ကုန်မှာဆိုရင် အကြောင်းမဟုတ်ဘူး၊ သူသွားချင်တဲ့နေရာတွေက ပုဂံ၊ အင်းလေး၊ မန္တလေး၊ ပြင်ဦးလွင်လို ဝေးတဲ့နေရာတွေမှ ပူဆာတာ၊ အမေတော့ အနေဝေးလို့လားမသိဘူး၊ မြေးမလေးကို မချစ်တာကတော့ သေချာပါတယ် သမီးရယ်''

မြေးအပေါ်ထားသည့် ဘွားအေတစ်ယောက်၏သဘောထားကို သိရပြန်တော့ ကလေးမလေးအတွက် စိတ်ထဲမကောင်းနိုင်တော့ပါ။ မြန်မာမလေးတစ်ယောက်သည် မြန်မာပြည်ကြီးတွင်သာ မြန်မာဆန်ဆန် လုပစွာ ဖူးပွင့်စေချင်သည့်ဆန္ဒတစ်ခုတော့ ဖြစ်ပေါ်မိ၏။ တိုင်းတစ်ပါးအား အထင်ကြီးစိတ်၊ တုပစိတ်ဟူသည် မျိုးချစ်စိတ်မရှိသူများ၏ လုပ်ရပ်ဟု မြင်မိပြန်တော့ ဦးလွမ်းသာမိခင်ကြီးအား အပြစ်မမြင်နိုင်ပေ။

''ဟိုမှာတော့ ဘယ်လိုနေတယ် မသိဘူးကွယ်၊ ရန်ကုန်မှာမနေတတ်ဘူးတဲ့၊ အဲယားကွန်းရှိတာတောင် ပူအိုက်လို့တဲ့လေ၊ ဒူးပေါ်၊ ပေါင်ပေါ်အဝတ်အစားနဲ့ မိဘရှေ့မှာ မသင့်တော်ဘူးပေါ့၊ ဒါကိုလည်း သူသိမှာမဟုတ်ပါဘူး၊ မြေးမလေးမှာက အနောက်တိုင်းယဉ်ကျေးမှုက အမြစ်တွယ် လွှမ်းမိုးနေပြီလေ၊ ဘယ်လောက် ရင်နာစရာကောင်းသလဲကွယ်၊ အမေ စိတ်မကောင်းဖြစ်မိတာက ကိုယ့်သွေးသားတစ်ယောက်မှာ မြန်မာ့ယဉ်ကျေးမှု၊ အကျင့်စရိုက်ရှိလာအောင် ထိန်းကျောင်းခွင့်မရလိုက်တာကိုပါပဲ၊ တကယ်ဆိုရင် သားအချစ်၊ မြေးအနှစ်တဲ့လေ၊ အမေ့အဖြစ်က မြေးကတောင် ကိုယ့်ကိုမခင်တွယ်၊ သံယောဇဉ်ရှိမထားတာကိုပဲ ဝမ်းနည်းမိတယ် သမီးရယ်''

မိခင်၏စကားကြောင့် ဦးလွမ်းသာလည်း ခံစားချက်ရှိနေပုံပေါ်ပါသည်။ သမီးတစ်ယောက်ကို ရင်အုပ်မကွာ ထိန်းကျောင်း၊ ကျွေးမွေးပြုစုခွင့် မရခဲ့သည့်အတွက် သူ့ရင်ထဲတွင် ဝမ်းနည်းနေမည်ပင်။ သို့ပေမယ့် ဦးလွမ်းသာ၏ခံစားမှုကို ကျွန်မ မကြားရမိပါ။ သူကလည်း ဖွင့်ပြောလာလိမ့်မည်ဟု မထင်မိပေ။

''သမီးဆီကို မနေ့က ဖုန်းနဲ့အသိပေးလိုက်ပြီးပြီ ဒေါက်တာ''

''ဟုတ်လား၊ ဦးလွမ်းသာသမီးက ဘာပြောလဲဟင်''

''သမီးက Picnic ထွက်သွားတယ်တဲ့၊ သမီးနဲ့ မတွေ့လိုက်ရဘူး ဒေါက်တာ၊ ယောက္ခမကြီးနဲ့ပဲစကားပြောလိုက်ရတယ်''

''သားယောက္ခမတွေက ဘာပြောကြသေးလဲ''

''မင်းကောင်းသလိုသာလုပ်ပါတဲ့၊ သူတို့သမီးမရှိတော့ မဆိုင်တော့ပါဘူးတဲ့ မေမေ''

''ဒီလိုလည်းမဟုတ်ဘူးလေ၊ ကိုယ်က တိုင်ပင်အသိပေးသင့်တယ်ထင်လို့ပါဆိုတာ ပြောပြလိုက်ပါလား သားရယ်၊ သူတို့ရဲ့မျိုးဆက်က ရှိနေသေးတယ်လေ''

ဦးလွမ်းသာ မှင်တက်သွားသည်ကို တွေ့ရ၏။ ထိုနည်းတူ မိခင်ကြီးမှာလည်း သက်ပြင်းကို လေးလံစွာချနေပြန်လေသည်။

''အင်း...ရွှေပင်နားတော့ ရွှေကျေးလို့ ဆိုကြတယ်ကွယ်၊ အမေ့မြေးမလေးက ဘယ်လိုကျေးမျိုးဖြစ်လာပါလိမ့်မလဲ၊ ရင်လေးမိတယ် သားရယ်''

ဦးလွမ်းသာ၏ယောက္ခမများက မဆိုင်တော့ဘူးဟု ပြောလိုက်ခြင်းမှာ တကယ်ပဲပြောတာလား၊ စိတ်ဆိုး၍ ပြောလာခြင်းပဲလား။ ကျွန်မအတွက် စိတ်ဝင်စားစရာ ဖြစ်ခဲ့ရ၏။

''သားရဲ့ယောက္ခမတွေက မြေးကိုပိုင်ဆိုင်ခွင့်ရတဲ့အခါ ဝမ်းသာသွားပြီး မောင်လွမ်းသာလည်း ငယ်ရွယ်သေးတာပဲ၊ တစ်ပင်လဲ တစ်ပင်ထူပါလို့ ပြောသွားသေးတယ် သမီးရယ်၊ စိတ်ထားပြည့်ဝကြတဲ့သူတွေပါပဲလေ''

ထိုစကားလေးကြောင့် ကျွန်မ၏ အထင်မှားမှုတစ်ခုကို သိမြင်သွားမိပြန်သည်။ ထိုသူများကို ကျွန်မ မမြင်ဖူးပေမယ့် ကျေးဇူးတင်မိရ၏။ မည်သို့ပင်ဖြစ်စေ ဦးလွမ်းသာ၏ သမီးဖြစ်သူကိုတော့ ဖျောင်းဖျပြောဆိုပေးကြပေလိမ့်မည်။ ကျွန်မတို့ကိစ္စ အဆင်ပြေဖို့များနေ၏။ ဤသို့ဆိုလျှင် ဦးလွမ်းသာထံ မည်သို့ အဖြေပြန်ပေးရပါ့မလဲ။ ကြိုတင်စဉ်းစားနေရပါပြီ။

''သမီး....ဘာတွေစဉ်းစားနေလဲဟင်''

www.burmeseclassic.com

www.burmeseclassic.com



"ဩော်.....ဘာမှမစဉ်းစားပါဘူး အမေ၊ ဒါပေမဲ့ ဦးလွှမ်းသာ ယောက္ခမရ ကံကောင်းတယ်လို့တော့ တွေးနေမိတယ်"

ဦးလွှမ်းသာ၏မိခင်ကြီးမှာ သွားလေးများပေါ်အောင် ပြုံးလိုက်ပြီးမှ ကျွန်မထံ ဤသို့ပြောလာလေသည်။

"မောင်လွှမ်းသာကို သမက်ပေမယ့် သားတစ်ယောက်လို သဘောထားရှာတာ၊ သူတို့မှာ သားသမီးသုံးယောက် မွေးခဲ့ပေမယ့် သားလေးက အတော်လေးကြီးမှ ဆုံးသွားတာ၊ ကျန်တာ မိန်းကလေးတွေချည်းပဲလေ၊ သမီးအငယ်က မောင်လွှမ်းသာမိန်းမပေါ့၊ သမီးအကြီးကတော့ ဟိုရောက်မှ အိမ်ထောင်ကျပြီး နိုင်ငံခြားသားနဲ့ အကြောင်းပါရတယ်ပေါ့ကွယ်၊ အခုလောက်ဆို သားသမီးတွေ ရနေရောပေါ့လေ၊ အင်း...အမေစိတ်ပူမိတာက တို့မြေးလေးလည်း တစ်ချိန်မှာ နိုင်ငံခြားသားကို ယူမိရင် အမျိုးဖျက်မတစ်ယောက် ဖြစ်ပြီပေါ့၊ အစဉ်အဆက်က စောင့်ထိန်းလာခဲ့တဲ့ တို့မျိုးရိုးဂုဏ်သိက္ခာတော့ ရေစုန်မျောပြီပေါ့ကွယ်"

တို့မြေးလေးလည်း
တစ်ချိန်မှာ
နိုင်ငံခြားသားကို
ယူမိရင် အမျိုးဖျက်မ
တစ်ယောက် ဖြစ်ပြီပေါ့၊
အစဉ်အဆက်က
စောင့်ထိန်းလာခဲ့တဲ့
တို့မျိုးရိုး
ဂုဏ်သိက္ခာတော့
ရေစုန်မျောပြီ
ပေါ့ကွယ်
...



မိခင်ထံမှ ဝမ်းနည်းစကားလေးကြောင့် ဦးလွှမ်းသာ၏မျက်နှာမှာ ညှိုးငယ်သွားရှာသည်။ သူ့အနေဖြင့် ယောက္ခမများထံ မဖြစ်မနေ ထည့်ပေးလိုက်ရသည့်အတွက် စိတ်မကောင်းဖြစ်ဟန်တူပါ၏။

"မြေးမလေးက သူ့အမေဆုံးတော့ နှစ်နှစ်ကျော်ကျော်ပဲ ရှိသေးတာ၊ သူတို့က ဒုက္ခခံပြီးမွေးထားတော့လည်း ပြန်တောင်းဖို့ ခက်နေတာပေါ့၊ သူတို့ပြောတာလည်းမှန်ပါတယ်၊ မောင်လွှမ်းသာက ဇနီးသေ ဇနီးအစားရပြီး သားသမီးဆိုတာ ရနိုင်ပါသေးတယ်တဲ့၊ သူတို့မှာ သမီးမရှိတော့ မြေးဆိုတာ အစားပြန်မရနိုင်ဘူးတဲ့ကွယ်၊ ပြီးတော့ မြေးဦးဆိုတော့လည်း ကိုယ်ချင်းစာပါတယ် သမီးရယ်"

ဦးလွှမ်းသာမှာ မည်သည့်စကားမျှ မဆိုပေ။ မိခင်စကားကိုသာ ငြိမ်သက်စွာ နားထောင်နေရှာပါသည်။ သို့ပေမယ့် သူ့စိတ်ထဲတွင် သားသမီးနှင့်ပတ်သက်၍ ခံစားချက်တစ်ခုခုတော့ ရှိနေပါလိမ့်မည်။ ဤသည်ကိုတော့ ကျွန်မ သိနေမိ၏။

"ပထမဆုံး မြန်မာပြည်ကိုပြန်လာတဲ့အချိန်ကဆို အမေ့မှာ မြေးလေးကိုကြည့်ပြီး ငိုလိုက်ရတာကွယ်၊ ကလေးက အဖေလည်းမသိ၊ အဘွားလည်းမသိ၊ ၇ နှစ်သာသာပဲရှိသေးတာ၊ နားတော့လည်နေပါပြီ၊ ဒါပေမဲ့ သူ့စိတ်ထဲမှာ ဟိုကအဘိုးအဘွားကိုသာ အဖေအမေ ထင်နေတာကိုး၊ နောင်မှ သူ့အဖေကို ခင်သွားတာ၊ ဒါတောင် အမေ့ကို အဘွားလို့ သတ်မှတ်သေးတာမဟုတ်ဘူးနော်၊ အရွယ်လေးရောက်လာမှ သူ့မှာ အသိတရားရှိသွားတာ၊ သွေးက စကားပြောတယ်ဆိုတာ ဒါမျိုးပေါ့လေ"

"နန်းမြင့်မူက ဘာရောဂါနဲ့ ဆုံးတာလဲဟင်"

www.burmeseclassic.com

ဆရာဝန်တစ်ယောက်ဖြစ်နေ၍ ဦးလွမ်းသာ၏ဇနီး သေဆုံးရခြင်း ရောဂါဇာစ်မြစ်ကို မေးကြည့်မိ၏။ မိခင်ထံမှ စကားသံပေါ်ထွက်မလာခင်တွင် ဦးလွမ်းသာထံမှပြောလာသည့် စကားသံကို ကြားလိုက်ရသည်။

"Heart Attackပါ ဒေါက်တာ"

ထိုရောဂါမျိုးမှာ စိတ်ခံစားမှုကြောင့် ရလာတတ်သည့် ရောဂါဝေဒနာတစ်ရပ်ဖြစ်ကြောင်း ကျွန်မ သိနေမိ၏။

"နိုင်ငံခြားအထိ သွားကုမယ့်ဆဲဆဲမှာ ဆုံးသွားရတာပါ၊ အဓိကကတော့ သားသမီးမယူဖို့ တားဆီးတဲ့ဆရာဝန်ရဲ့စကားကို နားမထောင်ခဲ့မိလို့ပါ၊ နန်းမြင့်မူမှာ နှလုံးရောဂါရှိမှန်း ကျွန်တော် မသိခဲ့ဘူး ဒေါက်တာ၊ သူ့မိဘတွေကတော့ သူ့သမီးမှာ ဒီရောဂါရှိမှန်းသိရင် အိမ်ထောင်ပြုပေးမှာမဟုတ်ပါဘူးတဲ့လေ"

"ဒါလည်း ဘယ်သူ့ဘယ်သူမှ အပြစ်မရှိပါဘူးကွယ်၊ ကံတရားကြောင့်သာ ဖြစ်သွားရတာပါ၊ သေခြင်းတရားကို ဘယ်သူတွေကလွန်ဆန်နိုင်ပါ့မလဲလေ"

ထိုနေ့က နန်းမြင့်မူနှင့်ပတ်သက်ပြီး စိတ်မချမ်းမြေ့စရာ စကားများကိုသာ ကြားခဲ့ရပြီးနောက် ကျွန်မကိုပြန်ပို့သည့် အပြန်လမ်းလေးတွင် ဦးလွမ်းသာထံမှ ဝန်ခံခြင်းတစ်ခုကို ကျွန်မ စတင်ကြားခဲ့ရ၏။

"နန်းမြင့်မူမှာ နှလုံးရောဂါ ခံစားရလောက်အောင် ဖြစ်သွားရခြင်းရဲ့ အဓိကတရားခံက ကျွန်တော်ပါ ဒေါက်တာ၊ ကျွန်တော့်စိတ်ကြောင့်သာ သူ့မှာ ခံစားမှုများလာပြီး ဝေဒနာဖြစ်ခဲ့ရတာပါ၊ ကျွန်တော်ဟာ မိဘစကားကို မပယ်ရှားရက်လို့ လက်ထပ်ခဲ့ရပေမယ့် ကျွန်တော့်နှလုံးသားကို လိမ်ညာလို့မရခဲ့ဘူးလေ၊ ကျွန်တော် နန်းမြင့်မူကိုမချစ်ဘူး ဒေါက်တာ၊ အဲဒါကို ကျွန်တော် ဝန်ခံပါတယ်"

သူ့ထံ အကြည့်စူးစူးဖြင့် တုံ့ပြန်ပြီး ကျွန်မက မျက်နှာကို အရှေ့ဘက် ပြန်လှည့်မိသည်။ သူ့မျက်ဝန်းများနှင့် ရင်မဆိုင်ဝံ့တော့၍ဖြစ်၏။

"နန်းမြင့်မူ ကျွန်တော့်ကိုတစ်ခါတည်းမြင်ရုံနဲ့ မိဘကို ခေါင်းညိတ်ပြပြီး လက်ထပ်ဖို့ အမြန်ဆုံးစီစဉ်ခိုင်းတာ၊ တကယ်ဆို အချိန်ဆွဲထားဖို့သင့်တယ်လေ၊ သူ ဘာ့ကြောင့်မြန်မြန်ဆန်ဆန်ကြီး လက်ထပ်ချင်ရတာလဲ"

"ရှင့်ကိုချစ်လို့နေမှာပေါ့ ဦးလွမ်းသာ၊ မိန်းကလေးတွေဟာ ချစ်မိရင် အမှားအမှန်ကို ဝေဖန်ပိုင်းခြားလိုစိတ် မရှိတတ်ကြတာ သဘာဝပါ၊ ဒါဟာ ရှင့်အတွက် ပိုပြီးဂုဏ်ယူစရာကောင်းပါတယ်ရှင်"

အထေ့အငေါ့မပါဘဲ ပြောမိခြင်းကြောင့် ဦးလွမ်းသာ၏ အပြုံးတစ်ခုကို လှစ်ခနဲ တွေ့မိရပြန်၏။ ကျွန်မ ပြောလိုက်သည့်စကားအား သူ သဘောကျသွားခြင်းမျိုးလား မသိပါ။

"ကိုယ်မသိတဲ့ သူစိမ်းယောကျ်ားတစ်ယောက်ရဲ့အကြောင်းကို စေ့စပ်သေချာစွာ မသိဘဲနဲ့ ချက်ချင်းဆုံးဖြတ်လိုက်တာ ကျွန်တော် မနှစ်သက်ဘူး ဒေါက်တာ၊ ဒီလူဟာ ကိုယ်ကျင့်တရားမကောင်းတဲ့ ယုတ်မာသူမျိုးဖြစ်ရင် ခက်ပြီပေါ့"

"သြော်.....ကျွန်မ ပြောခဲ့ပြီး ပြီပဲ ဦးလွမ်းသာရယ်၊ အချစ်မှာ မျက်စိမရှိဘူးဆိုတဲ့စကားလည်း ရှိ ထားသားပဲ၊ နန်းမြင့်မူက လူကဲခတ် တော်တယ်လို့ ပြောရမှာပါ၊ အထူး သဖြင့် ရှင့်ကိုမြင်တွေ့ပြီး ခေါင်း ညိတ်ခဲ့တာကိုက နန်းမြင့်မူရဲ့အရည် အချင်းကောင်းတစ်ခုပဲပေါ့၊ ရှင့်နေ ရာမှာ ဆိုးသွမ်းရိုင်းစိုင်းပြီး အလုပ် လက်မဲ့တစ်ယောက်ဆိုရင် သူခေါင်း ခါမှာ အမှန်ပါပဲ"

ကျွန်မ၏အပြောကို သဘော ကျသွားသည့်အလား ဦးလွမ်းသာထံ မှ အပြုံးချိုချိုတစ်ခုကို ရလိုက်ပြန် သည်။ ပြီးနောက် ခေါင်းလေးကို တဆတ်ဆတ်ညိတ်ကာ.....

"ဒေါက်တာထင်သလို ဟုတ် မှာပေါ့လေ၊ ဒါပေမဲ့ ဒေါက်တာကော ဘာကြောင့် ကျွန်တော့်ကို ချက် ချင်း ခေါင်းမညိတ်တာလဲဟင်"

မျက်ဝန်းလေးများ မှုန်ရီဝေမှိုင်း သွားရလေပြီ။ ဦးလွမ်းသာ၏ ပြေ ပေါက်မရှိအောင် အချက်ကျကျမေ လိုက်သည့်စကားကြောင့် အဖြေ ခက်နေရ၏။ တကယ်ဆို နန်းမြင့် နှင့် ကျွန်မအနေအထားက ဦးလွမ် သာမေးသလို လွတ်လပ်ခြင်း သည့်အရာမျိုးမှ တူညီခြင်းမရှိတ ပဲလေ။ ဦးလွမ်းသာနှင့် တွေ့စ

www.burmeseclassic.com

www.burmeseclassic.com



သာ လွတ်လပ်သူ မုဆိုးဖိုတစ်ဦးဆို လျှင် ခုချိန်မှာ ကျွန်မ ခေါင်းညိတ် ပြီးဖြစ်နေမှာပါ။ ခုတော့ အရွယ် ရောက်နေသော သမီးတစ်ယောက် ရဲ့ဖခင် ဖြစ်နေတာကိုက ကျွန်မ ဘက်က စဉ်းစားနေရပါတယ် ဦး လွှမ်းသာရယ်။

''ဩော်.....ကျွန်တော်က အောင်စာရင်းကို ကြိုသိနေချင်ပြန် ပါပြီနော်၊ တစ်လဆိုတဲ့ အချိန်လေး ကို ရင်ခုန်စွာနဲ့ စောင့်မျှော်နေရမှာ ပါ''

ဦးလွှမ်းသာ၏ မျိုသိပ်ခြင်း စကားစုလေးသည် ကျွန်မ၏တွေ ဝေခြင်းကို ချေဖျက်သွားခဲ့ပါလား။ ဘာပဲလုပ်လုပ် ကျွန်မဘက်ကို ငဲ့ ကွက်ပြောတတ်သည့် ဦးလွှမ်းသာ ကို သူစိတ်ချမ်းသာစေရန် ကျွန်မ ဆွမ်းဆောင်နိုင်သေးပေ။ သူ့ကို တော့ စိတ်ချမ်းသာစေချင်ပါ၏။

✦ ✦ ✦

သည်လိုနှင့် အဖြေပေးရန် တစ်ပတ်လိုသည့် တစ်နေ့တွင်.....

''ဒေါက်တာရောက်ပြီလား ..ရှင်''

ဆေးခန်းထဲသို့ ဝင်လာသော မိန်းကလေးတစ်ယောက်၏အသံ သံကြောင့် ရောက်ခါစ အမောဖြေ နေသော ကျွန်မ အထဲမှ အတိုင်း သား ကြားနေရသည်။

''ရောက်နေပါပြီရှင်''

ပြန်ဖြေသံနှင့်အတူ ခြေသံပြင်း ပြင်းလျှောက်လာသောအသံနှင့် တားဆီးသံတစ်ခုကြောင့် အခန်းဝ တွင် ရပ်တန့်ဖြေနေသံကိုပါ ကျွန်မ ကြားနေရပြန်သည်။

''ခဏလေးနေပါဦး၊ ဆေးမှတ် တမ်းစာအုပ်မှာရေးဖို့ လူနာရဲ့အမည် ကို ပြောပါရှင်''

''အိုင်က လူနာမဟုတ်ဘူး၊ ဒေါက်တာနဲ့ စကားပြောရအောင် လာတာ၊ အပြင်မှာ လူနာတစ် ယောက်မှ မရောက်သေးတော့ အချိန်တော့ပေးနိုင်မှာပါနော်''

ဖြေသံအဆုံး အခန်းထဲသို့ဝင် ရောက်လာလေပြီ။ မိန်းကလေးကို ကျွန်မ ကြည့်လိုက်ရာ သူနှင့်ကျွန်မ အကြည့်ချင်းဆုံသွားရသည်။ ခေတ် ၏သမီးပျိုလေးတစ်ယောက်ဟု ကျွန်မ တွေးထင်မိ၏။ အမှတ်တမဲ့ ကြည့်လျှင် ဘိုကပြားမလေးတစ် ယောက်အလား ထင်မှတ်ရလောက် အောင် မိန်းကလေးမှာ ခေတ်ရှေ့ ပြေးနေသည့် အပြင်အဆင်မျိုးဖြင့် ရဲတင်းသွက်လက်နေပုံရပါသည်။ ထူးခြားသည်က သူမ၏ စူးရှ တောက်ပသော မျက်ဝန်းများပဲဖြစ် ၏။ ကျွန်မအား နှုတ်ခမ်းလေးစေ့ ကာ ခပ်ထေ့ထေ့အကြည့်မျိုးဖြင့် အပေါ်စီးမှ ကြည့်လာသည်။

''လူနာမဟုတ်ဘူးဆိုတော့ ဒီ ကညီမက.....''

ကျွန်မ၏အမေးကို မဖြေသေး ဘဲ နှုတ်ခမ်းကို ကွေးညွတ်အောင် ပြုံးလိုက်ပြန်၏။ ပြီးနောက် ကျွန်မ ထံ စူးစိုက်စွာကြည့်ပြီး.....

''ဩော်.....ဒက်ဒီနဲ့တွဲနေတဲ့ ဆရာဝန်မဆိုတာ ရှင်ကိုး၊ မဆိုးပါ ဘူး၊ ဒါကြောင့်လည်း ဒက်ဒီခိုက် နေတာနေမှာပေါ့နော်''

သူ့စကားကို နားမလည်သေး ဘဲ ကြောင်ကြည့်နေမိသည်။ မိန်း ကလေးမှာ ရဲဝံ့ပုံရသလို သူ့မျက် ဝန်းများမှာ စူးရှတောက်ပြောင်နေ လေ၏။ ကျွန်မနှင့် မျက်ဝန်းချင်းဆုံ အောင် သေသေချာချာ စိုက်ကြည့် ပြီး သူ့ကိုယ်သူ မိတ်ဆက်လာ၏။

''ကျွန်မ ဦးလွှမ်းသာရဲ့သမီး သော်ဒါလွှမ်းသာပါ ဒေါ်နွေအလွန်''

ရုတ်တရက် ဤသို့တွေ့လိုက် ရမည်ဟု ထင်မထား၍ အံ့သြသွား မိသည်ကတော့ အမှန်ပါ။ သို့ပေ မယ့် ဦးလွှမ်းသာ၏သမီးမှန်း သိမိ ချိန်ကတည်းက တစ်စုံတစ်ရာလက် လွတ်ဆုံးရှုံးခံရလိမ့်မည်ဆိုတာကို သိ ပြီးသားပါလေ။ သူမကို အံ့သြစွာ ကြည့်နေဆဲတွင် သူမထံမှ စကား သံကို ဆက်ကြားရပြန်၏။

''ဒေါက်တာလည်း အချိန်ရမှာ မဟုတ်လို့ ကျွန်မ တိုတိုပဲပြောပါ့ မယ်၊ ကျွန်မတို့ရဲ့ မိသားစုအသိုက် အမြုံလေးကို ဖျက်ဆီးဖို့ မကြိုးစား ပါနဲ့ ဒေါ်နွေအလွန်၊ ဒက်ဒီလက်ခံ ပေမယ့် ကျွန်မ လက်မခံနိုင်ဘူး၊ မာမီ့နေရာမှာ ဘယ်မိန်းမမှ အစား ထိုးလို့ရမှာမဟုတ်ပါဘူး၊ ဒါကိုသိ လျက်နဲ့ ဖွတ်တိုးဝင်လာဖို့ ကြံရင် တော့ ဒေါက်တာ့အမှားနော်''

သူ့မျက်ဝန်းပေါ်မှ စကားများ ၏အဓိပ္ပာယ်ကို ကျွန်မ နားလည်ပါ သည်။ အတ္တဆန်လွန်းသော သမီး တစ်ယောက်ကို ဦးလွှမ်းသာ ပိုင် ဆိုင်ထားသည်ကိုက ကျွန်မတို့ဝေး

www.burmeseclassic.com



ဖို့ ဖြစ်နေပြီလား။

"ဒီသတင်းကို ကြားကြားချင်း New York ကနေ ချက်ချင်းပြန်လာခဲ့တာ၊ ပြီးရင် ဒက်ဒီ့ဘဝထဲ ဘယ်သူမှမဝင်နိုင်အောင် ဒက်ဒီ့ကို ကျွန်မ အစွမ်းကုန် ကာကွယ်မယ်၊ စောင့်ရှောက်မယ်၊ ဟိုကိုအပါပြန်ခေါ်ဖို့ ကြိုးစားမယ်၊ ဒါဟာ သမီးတစ်ယောက်ရဲ့ အဖြစ်စေချင်ဆုံးဆန္ဒပါ ဒေါ်နွေအလွန်၊ ကျွန်မကို နားလည်ပါ"

သူမ ပြောလိုသည့်စကားများကို အားရအောင်ပြောပြီးနောက် ဆေးခန်းထဲမှ ပြန်လည်ထွက်ခွာသွားတော့သည်။ ကျွန်မပင် တားဆီးချိန်မရလိုက်ပါ။ အံ့ဩခြင်းထက်ပိုသည့် ရင်မှာတုန်လှုပ် နှင့်သီးစွာ ခံစားနေရလေပြီ။ နှလုံးသားထဲတွင် လှိုက်ဖိုကျန်ရစ်ခဲ့ရ၏။

"မမ.....လူနာတစ်ယောက်လာနေတယ်၊ လွှတ်လိုက်ရတော့မလားဟင်"

"အင်...ဟင်၊ အေး...အေး လွှတ်လိုက်ညီမ၊ လွှတ်လိုက်"

အယောင်ယောင်အမှားမှားဖြင့် ပြောမိပြန်သည်။ လှုပ်ရှားနေသောစိတ်ကို အသာပြန်ထိန်းပြီး ဝင်လာသော လူနာထံသို့ အကြည့်ကို အာရုံပြောင်းပြီး စိတ်ကို အလုပ်ထဲနှစ်ထားလိုက်မိလေတော့သည်။

သို့သော် သော်ဒါလွမ်းသာ၏ စကားများကို နားထဲတွင် ပြန်လည်ကြားယောင်လာမိချိန်၌.....

"ငါ.....ဝဋ်လည်နေပြီလား"

ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်ကြည့်ရာ လွန်ခဲ့သော ၁၅ နှစ်ခန့်က ဦးဖေသော်အပေါ် ပြုမူမိသော အရိပ်မည်းကြီးတစ်ခုက ကျွန်မအား ပြန်လည်ခြောက်လှန့်နေလေပြီ။ ဒေါ်လေးမေမေနှင့် ဦးဖေသော်တို့၏ ချစ်ခြင်းတစ်ခုကို ဖြိုခွဲမိသည့် အပြစ်ဒဏ်ကို ကျွန်မ တစ်ဖန်ပြန်လည်ခံစားနေရပြီထင်၏။

ကျွန်မ ပြောခဲ့သောစကားများက သော်ဒါလွမ်းသာထက် အဆပေါင်းများစွာ ခံပြင်းစရာကောင်းခဲ့မှာပါပဲ။

"ဦးလေးလက်ထပ်ချင်တဲ့မိန်းကလေးကို တခြားတစ်နေရာမှာသွားရှာပါရှင်၊ ကျွန်မနဲ့ ဒေါ်လေးကိုတော့ သနားပါ၊ မျှော်လင့်ချက်မရှိတဲ့ မိန်းမတစ်ယောက်အပေါ် ဖြစ်လာလိမ့်နိုးနိုးနဲ့ စောင့်စားမနေချင်ပါနဲ့တော့၊ အချိန်တွေ နှမြောစရာကောင်းပါတယ်၊ ဒေါ်လေးအပေါ် မျှော်လင့်နေရင်တော့ ကျွန်မသေမှပဲ ဦးလေးပိုင်ဆိုင်ရမှာပါ"

ထိုစဉ်က ညှိုးငယ်ကျသွားသော ဦးဖေသော်၏မျက်နှာနှင့် ဒေါ်လေး၏ ခံစားမှုများကို ကျွန်မဘက်က ကိုယ်ချင်းစာတတ်ရမှန်း မသိခဲ့ပေ။ ကျွန်မ ပြောဆိုခဲ့သမျှ လွန်ခဲ့မိ၏။ အချိန်နှောင်းမှ ကျွန်မ၏ အမှားများကို သိခဲ့ရပေမယ့် ဒေါ်လေးမေမေကဖြင့် မရှိခဲ့လေပြီ။

"ဒီမှာ ဦးလေး၊ ဖြစ်နိုင်ရင် ကျွန်မတို့ဆီကို မလာပါနဲ့တော့၊ ကျွန်မတို့ရဲ့ သိက္ခာ၊ ကိုယ်ကျင့်တရားကို ငဲ့ကြည့်ပါဦး၊ ဦးလေးကြောင့် လူပြောစရာဖြစ်နေရပြီး သူများတံတွေးခွက်ထဲ မျောနေရပါပြီ၊ မဖြစ်နိုင်တဲ့ ဇာတ်လမ်းတစ်ခုကို ထပ်ပြီးမဆက်ချင်ပါနဲ့တော့၊ တောင်းပန်ပါတယ်ရှင်၊ ဦးလေးပြန်ပါတော့"

သည့်လိုရိုင်းပျစော်ကားစွာ နှင်ထုတ်မိတဲ့ ကျွန်မကို စိတ်နှလုံးသားလှသူ ဦးဖေသော်က ခွင့်လွှတ်ပါတယ်ဟုပြောသော်လည်း ကံကြမ္မာက ခွင့်မလွှတ်ခဲ့။ ယခုတော့ သိပ်ချစ်ကြသည့်ချစ်သူနှစ်ဦးအား ရက်စက်စွာခွဲခဲ့သည့် ကျွန်မ ဝဋ်လည်နေသည်က အမှန်ပင်။

တစ်ချိန်က ကျွန်မနေရာတွင် ရှိနေသည့် သော်ဒါလွမ်းသာနှင့် ဦးဖေသော်နည်းတူ ခံစားနေရသော ကျွန်မ။ ကြမ္မာဝဋ်ကြွေး တစ်ပတ်လည်လေပြီ။ ဦးလွမ်းသာနှင့်ပတ်သက်၍ ဤသို့ဖြစ်လာလိမ့်မည်ဟု လည်း လုံးဝထင်မထားပါ။ ဝဋ်ကြွေးဟူသည် လွန်စွာမှ ကြောက်စရာကောင်းပါလား။ ဘဝကူးသည်အထိ မစောင့်ဘဲ သည်ဘဝမှာပင် တစ်ဖန်ပြန်လည်ခံစားနေရ၏။

ကျွန်မ၏ ပင်ပန်းနွမ်းနယ်နေ သော နှလုံးသားလေးအား ဦးလွမ်း သာ၏ရင်ခွင်တွင် ထာဝရအနားယူ ရန် စိတ်ကူးမိသော်လည်း လက် တွေ့၌ ထင်သလိုဖြစ်မလာခဲ့ရပါ လား။

"ကျွန်မတို့ရဲ့ မိသားစုအသိုက် အမြုံလေးကို ဖျက်ဆီးဖို့ မကြိုးစား ပါနဲ့ ဒေါ်နွေအလွန်"

'မိသားစုအသိုက်အမြုံလေး' ဆိုသည့် သံယောဇဉ်ကြိုးဖြင့် ဖွဲ့စည်း ထားသော ချစ်ခြင်းတစ်ခုကို ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com





မဖျက်ဆီးရက်ပါ။ အထူးသဖြင့် ဖခင်နှင့်သမီးကြားတွင်ရှိသည့် သံယောဇဉ်ကြိုးတစ်ချောင်းအား ဖြတ်တောက်ပစ်ရက်သည့် မိန်းမယုတ်အဖြစ် ကျွန်မကို လူတွေအထင်အမြင်သေးလာမည့်ဒဏ်ကို ကျွန်မမခံစားလိုပါ။ လူတကာ ရိုသေလေးစားသည့် ကျွန်မအား အချစ်ကြောင့်မျက်စိစုံလုံးကန်းလောက်အောင် မိုက်မဲသည့်လုပ်ရပ်မျိုး ကျွန်မ မလုပ်ဝံ့ပေ။

"ဒက်ဒီလက်ခံပေမယ့် ကျွန်မလက်မခံနိုင်ဘူး၊ မာမီ့နေရာမှာ ဘယ်မိန်းမမှ အစားထိုးလို့ရမှာ မဟုတ်ပါဘူး၊ ဒါကိုသိလျက်နဲ့ ဖွတ်တိုးဝင်လာဖို့ ကြံရင်တော့ ဒေါက်တာ့အမှားနော်"

သော်ဒါလွှမ်းသာ၏ ခြိမ်းခြောက်ခြင်းမျိုးမဟုတ်သည့် သတိပေးစကားလေးကြောင့် ရှေ့ဆက်ဖွတ်တိုးရန် မဖြစ်နိုင်ပေ။ ကျွန်မစိတ်ချမ်းသာဖို့ထက် သော်ဒါလွှမ်းသာ စိတ်ဆင်းရဲမည်ဆိုလျှင် ကျွန်မနည်းတူ ဦးလွှမ်းသာလည်း ကြည့်ရက်မည်မဟုတ်ပါ။ ရှေ့ဆက် စိတ်ဆင်းရဲစရာများ မတွေ့ကြစေချင်ပေ။

"ဒက်ဒီ့ဘဝထဲ ဘယ်သူမှ မဝင်နိုင်အောင် ဒက်ဒီ့ကို ကျွန်မအစွမ်းကုန် ကာကွယ်မယ်၊ စောင့်ရှောက်မယ်၊ ဟိုကိုအပါပြန်ခေါ်ဖို့ ကြိုးစားမယ်၊ ဒါဟာ သမီးတစ်ယောက်ရဲ့ အဖြစ်စေချင်ဆုံးဆန္ဒပါ၊ ဒေါ်နွေအလွန် ကျွန်မကို နားလည်ပါ"

လူတိုင်းမှာ ကိုယ်နှင့်သက်ဆိုင်သည့် တွယ်တာမှုမျိုး ရှိတတ်ကြပေမယ့် ထိုတွယ်တာမှုကိုစောင့်ရှောက်ကာကွယ်ရန် ရေရှည်ခိုင်မြဲဖို့တော့လိုအပ်သည်။ သို့သော်လည်း တကယ်တမ်းကျလျှင် လူတစ်ဦး၏ စိတ်ခံစားမှုကို မည်သူမျှ ထိန်းချုပ်ထားနိုင်ကြခြင်း မရှိကြပါ။ ကျွန်မကိုယ်တိုင် ဒေါ်လေးမေမေ၏ ကြိတ်မှိတ်ခံစားမှုတစ်ခုကို မျက်မြင်တွေ့ခဲ့ရပြီးဖြစ်၏။

ရင်ထဲက
ဆန္ဒတစ်ခုကို
ရင်ဖွင့်
ပြောပြချင်ပေမယ့်
ကျွန်မတို့နှစ်ဦးရဲ့
နားလည်မှု
ချစ်ခြင်းတစ်ခုကို
နှလုံးသားထဲမှာပဲ
ထားပါရစေတော့
ဦးလွှမ်းသာရယ်၊
ကျွန်မ ရင်ထဲမှာ
ဦးလွှမ်းသာ
ရှိနေမှာပါ

. . .

www.burmeseclassic.com

www.burmeseclassic.com

အပြန်တွင် လာကြိုနေသည့် ဦးလွမ်းသာအား မုသားပြောခိုင်းမိခြင်းသည် ကျွန်မတို့နှစ်ဦးအတွက် ဝေးကွာခြင်းလမ်းစတစ်ခုပဲမဟုတ်ပါလား။

"မမ ပြန်သွားပါပြီရှင်၊ ကိစ္စရှိလို့ ဆေးခန်းကို ပိတ်သွားပါတယ်"

"ဟင်.....ဟုတ်လား"

ဦးလွမ်းသာ အံ့ဩသွားမည်မှန်းလည်း သိနေ၏။ သူတို့ပြောစကားများကို မမြင်သော်လည်း ကြားနေရသည်။

"ဒါဆို ပြန်တော့မယ်၊ ဒေါက်တာ့ကိုသာ လာကြိုတဲ့အကြောင်းကို ပြောပြပေးပါ"

"ဟုတ်ကဲ့ရှင့်"

ကျွန်မကို ခွင့်လွှတ်ပါတော့ ဦးလွမ်းသာရယ်။ အချစ်အတွက်သတ္တိမရှိဘူးလို့ ပြောလာရင်လည်း ဦးလွမ်းသာ ထင်ချင်သလိုသာ ထင်လိုက်ပါတော့။ ကျွန်မ ဘာတတ်နိုင်မှာလဲ ဦးလွမ်းသာ။ ကျွန်မနှလုံးသားက တစ်စုံတစ်ယောက်ကို ချစ်ဖို့ကြိုးစည်လိုက်တိုင်း အနှောင်အဖွဲ့တွေက အတားအဆီးတစ်ခုပမာ ကာဆီးနေကြပြန်ပြီလေ။

သည်တစ်ကြိမ်မှာလည်း ကံတရားသည် ကျွန်မဘက်၌ မရှိခဲ့တော့။ ကျွန်မကိုယ်တိုင်က ကံ၏ဖန်တီးခြင်းကို မစောင့်နိုင်လောက်အောင် ခြေရာဖျောက်ခဲ့ရလေပြီ။ ကျန်းမာရေးဝန်ထမ်းဘဝကို စွန့်လွှတ်၍ ဦးလွမ်းသာ မတွေ့နိုင်မည့် ရန်ကုန်မြို့၏ တစ်နေရာတွင် အပြီးတိုင် ဖာတ်မြှုပ်နေမိတော့သည်။ ထို့နောက် ဘဏ်၌ထည့်ပေးထားသည့် ငွေဖြင့် ကားတစ်စီးကိုဝယ်ကာ အိမ်ကိုပါ ပြောင်းပစ်လိုက်၏။

နောက်တစ်ကြိမ် ဦးလွမ်းသာ ရောက်လာလျှင် ဆရာဝန်ပြောင်းသွားသော ဆေးခန်းလေးနှင့် ရောင်းဖယ်ထွက်ခွာသွားသော တိုက်ခန်းလေးတွင် တခြားမိသားစုလေးကိုသာ တွေ့ရပါလိမ့်မည်။

ကျွန်မ၏လုပ်ရပ်သည် ရူးသွပ်သူ၊ သတ္တိမရှိသူတစ်ယောက်ဟု ထင်ချင်သလိုသာ ထင်ပါစေတော့။ အဓိပ္ပာယ်မရှိသည့် အလုပ်မျိုးကို လုပ်ခဲ့မိပေမယ့် တစ်နေ့တွင် ကျွန်မ၏စေတနာကို သော်ဒါလွမ်းသာသိသွားလျှင် ကျွန်မ ကျေနပ်ပါပြီ။ သော်ဒါလွမ်းသာအတွက် စေတနာစကားလေးတစ်ခွန်းတော့ မှာချင်ပါ၏။

"တို့ မင်းရဲ့ဒက်ဒီကို ဘယ်တော့မှ မယူပါဘူး သော်ဒါလွမ်းသာရယ်၊ ဒါပေမဲ့ ဦးလွမ်းသာအတွက် ဂရုစိုက်၊ ပြုစုနိုင်မယ့် သမီးကောင်းလေး ဖြစ်လာမယ်ဆိုလို့ ဝမ်းသာမိပါတယ်လေ၊ ဦးလွမ်းသာမှာ အလိုအပ်ဆုံးက အချစ်ဆုံးသူ့သမီးလေးပါပဲကွယ်၊ သမီးတစ်ယောက်လုံး ဂရုတစိုက်ရှိနေမှတော့ သူ့နှလုံးသားကွက်လပ်လေးကို ဘယ်သူ့ကိုမှ ဖြည့်ဆည်းခိုင်းမှာမဟုတ်ပါဘူး၊ နောက်တစ်ခုက သော်ဒါလွမ်းသာလို မြန်မာမလေးဟာ မြန်မာပြည်ကြီးထဲမှာပဲ ရှိနေသင့်ပါတယ်လေ၊ ကိုယ့်ပြည်၊ ကိုယ့်မြေ၊ ကိုယ့်မိဘထက် အေးမြတဲ့အရိပ်အာဝါသ၊ လုံခြုံမှုပေးနိုင်မယ့် အကာအကွယ်မျိုး ရှိနိုင်လိမ့်မယ်မထင်ပါဘူး"

ကျွန်မ၏စကားများကို သော်ဒါလွမ်းသာ မကြားနိုင်ပေမယ့် ကျွန်မ၏လုပ်ရပ်ကို သူသိသွားပါလိမ့်မည်။ ပြီးတော့ နားလည်သွားမည်ပင်။ စိတ်မကောင်းဖြစ်ခဲ့မိသည်က ဦးလွမ်းသာအား ဖြေရှင်းပြခွင့်မရခဲ့ခြင်းကိုပါပဲ။

"ကျွန်မ ဦးလွမ်းသာကို နှုတ်ဆက်ချင်ပါတယ်၊ ရင်ထဲက ဆန္ဒတစ်ခုကို ရင်ဖွင့်ပြောပြချင်ပေမယ့် ကျွန်မတို့နှစ်ဦးရဲ့ နားလည်မှုချစ်ခြင်းတစ်ခုကို နှလုံးသားထဲမှာပဲ ထားပါရစေတော့ ဦးလွမ်းသာရယ်၊ ကျွန်မရင်ထဲမှာ ဦးလွမ်းသာ ရှိနေမှာပါ"

တစ်ချိန်က ဦးလွမ်းသာ ပြောခဲ့ဖူးသော စကားလေးကို ကျွန်မ သတိရမိပါ၏။

"လူတွေဟာ ဘယ်အသက်အရွယ်၊ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ရင်ထဲမှာ အချစ်သစ်တစ်ခုကို တစ်ဖန်မွေးဖွားတတ်ကြတယ်တဲ့ ဒေါက်တာ၊ အဲဒါကို ဒေါက်တာ လက်ခံရဲ့လားဟင်"

"ဦးလွမ်းသာကရော လက်ခံနိုင်လို့လား"

ကျွန်မကိုမေးလာသည့်စကားကို ကျွန်မက မဖြေသေးဘဲ သူ့အားပြန်မေးလိုက်မိသည်။

"လူတွေမှာ ခံစားမှုချင်းတော့ တစ်ယောက်နဲ့တစ်ယောက် ဘယ်တူနိုင်ကြပါ့မလဲဗျာ၊ ဒါပေမဲ့ အချစ်သစ်တစ်ခု မွေးဖွားလာတတ်တာကို

www.burmeseclassic.com

တော့ ကျွန်တော့်ခံစားချက်နဲ့ယှဉ်ပြီး လက်ခံနိုင်ပါတယ်''

ထိုစကားလေးကို မဝံ့မရဲကြည့်ကာ ပြောချလာသည့်အတွက် ကျွန်မက ခေါင်းလေးကို ငုံ့ထားလိုက်မိပါ၏။ ရင်ထဲရှိသည့်အတိုင်း ပြောချတတ်သည့် ဦးလွမ်းသာအား ကျွန်မ မော့မကြည့်ရဲတော့ပေ။ ကျွန်မထံမှ ပြောလာမည့်စကားအား ငံ့လင့်နေသော်လည်း အချိန်ကြာသည်အထိ ကျွန်မဘက်မှ တုံ့ပြန်မှု မရှိခဲ့ပါ။ ကျွန်မနှင့်ဦးလွမ်းသာက ခံစားမှုချင်းမှ မတူညီကြတာပဲလေ။ ဒါကိုလည်း သူနားလည်နေပါလိမ့်မည်။

''အချစ်ဆိုတာ သိမ်မွေ့နက်နဲတဲ့ ခံစားမှုတွေနဲ့ ဖွဲ့စည်းထားတယ် ဒေါက်တာ၊ ကျွန်တော့်အသက်အရွယ်နဲ့ အချစ်အကြောင်းပြောရမှာ ဒေါက်တာ့အတွက် ရယ်စရာကောင်းနေမလားမသိဘူးနော်''

ကျွန်မထံ ရှက်ကိုးရှက်ကန်းဖြင့် မေးလာပြန်၏။ သူ အားရစေနိုင်မည့်စကားမျိုးဖြင့် ကျွန်မက အားပေးမိသေးသည်။

''ဘယ်အသက်အရွယ်မျိုးမှာပဲဖြစ်ဖြစ် လူတွေဟာ အချစ်သစ်တစ်ခုကို မွေးဖွားလာတတ်ကြတယ်လို့ ဦးလွမ်းသာ ပြောခဲ့ဖူးသားပဲ၊ အချစ်ဆိုတာ အသက်အရွယ်ကြီးမှ၊ ငယ်မှ မဟုတ်ပါဘူး၊ ဘယ်အရွယ်ပဲဖြစ်ဖြစ် လူတိုင်းရင်မှာ အချစ်ဆိုတာရှိနေတတ်ကြတာမျိုးပါ၊ ကျွန်မ နားလည်ပါတယ် ဦးလွမ်းသာ၊ ဆက်ပြောပါဦး''

ကျွန်မကို တစ်ချက်ပြုံးပြကာ စကားကို ပြန်ဆက်ပြန်ပါသည်။

''ပြီးတော့ အချစ်ဆိုတာ တားဆီးလို့လည်းမရ၊ ဖျက်ဆီးပစ်လို့လည်း မရဘူးတဲ့၊ ဒါကိုရော ဒေါက်တာ လက်ခံသလားဟင်''

ထိုအကြောင်းအရာလေးမှာတော့ ကျွန်မ၏ခံစားမှုနှင့် တူညီနေ၏။ ကျွန်မ တွေ့ကြုံခဲ့ဖူးသော ယောကျ်ားများသည် အချစ်ကို ကိုးကွယ်ကြသူများ၊ အချစ်ကြောင့် အသက်ပေးသွားကြသူများ ဖြစ်နေကြ၍ ဦးလွမ်းသာအမေးအတွက် ကျွန်မဘက်က အလိုလို ခေါင်းညိတ်မိလျက်သား ဖြစ်နေလေပြီ။

''နောက်ပြီး အချစ်ဟာ လူတစ်ယောက်ရဲ့ဘဝကို ပြောင်းလဲသွားစေနိုင်သေးတယ် ဒေါက်တာ၊ အချစ်ကြောင့် အသက်ပေးသွားကြတဲ့ သာဓကတွေ ရာဇဝင်မှာ ရှိခဲ့ကြဖူးတယ်လေ၊ အချစ်ကြောင့်သေစေနိုင်သလို ရှင်သန်တက်ကြွစေနိုင်သေးတဲ့ အစွမ်းသတ္တိတွေလည်း ရှိထားကြသေးတယ်တဲ့''

ထိုအဆိုပြုချက်ကိုတော့ ကျွန်မ ကန့်ကွက်ခဲ့ပါ၏။ အချစ်ကြောင့် သေစေ၊ ရှင်စေနိုင်လောက်အောင် လူတစ်ယောက်သည် အချစ်မျက်ကန်းတစ်ယောက် ဖြစ်နေပြီဟု မြင်မိသည်။

''အချစ်ကို ကိုးကွယ်လွန်းတာတော့ ကျွန်မ မနှစ်သက်ဘူး ဦးလွမ်းသာ၊ အချစ်ဟာ သိမ်မွေ့နက်နဲတဲ့ ခံစားမှုတွေနဲ့ ဖွဲ့စည်းထားပေမယ့် အသိစိတ်ရှိဖို့တော့ လိုအပ်မယ်လို့ ထင်ပါတယ်''

''ဟုတ်ပါတယ် ဒေါက်တာ၊ ဒီအတွေးမျိုး လူတိုင်းမှာ ရှိထားသင့်ကြတာပဲပေါ့၊ ဒါဟာ လူတိုင်းလက်ခံနိုင်တဲ့ အချက်တစ်ချက်ပါပဲ''

အဲဒီအချိန်က ပြောခဲ့ကြတဲ့ စကားတွေဟာ ကျွန်မနှလုံးသားထဲမှာ အမြစ်တွယ် မှတ်မိနေရပါတယ် ဦးလွမ်းသာ။ ဒီအသိစိတ်ကြောင့်လည်း ဦးလွမ်းသာလို ယောကျ်ားတစ်ယောက်ကို ကျွန်မ လက်မခံရဲတာ ဦးလွမ်းသာမှာ အတ္တကြီးတဲ့ သမီးတစ်ယောက်ကို ပိုင်ဆိုင်ထားလို့ပါပဲလေ။

ဒီအတ္တမျိုး ကျွန်မလည်း တစ်ချိန်က ရှိခဲ့ဖူးသူဖြစ်တဲ့အတွက် ဦးဖေသော်ရဲ့ဝဋ်ကြွေးကို ကျွန်မ တစ်ဖန်ပြန်လည်ခံစားနေရတာ အမှန်ပါပဲ။ ဝဋ်ကြွေးတစ်ခုဟာ သံသရာအထိတောင် မကူးနိုင်ခဲ့ပါလား။

ကြောက်စရာကောင်းလွန်းတဲ့ ဒီဝဋ်ကြွေးမျိုး သော်ဒါလွမ်းသာကို ကျွန်မ ပေးမထားရက်တာတော့ အမှန်ပါပဲ ဦးလွမ်းသာ။

သို့ပေမယ့် မကြာခင်အချိန်အတွင်းမှာတော့ ဦးလွမ်းသာ၏မိခင်ကြီး ကွယ်လွန်သွားတဲ့ သတင်းဆိုးကို သတင်းစာထဲမှာ ကျွန်မ တွေ့မိတော့ စိတ်မကောင်းဖြစ်မိရသည်။ ကျွန်မအပေါ် ခင်တွယ်တတ်သော သံယောဇဉ်ရှိသူတစ်ဦး လောကကြီးထဲတွင် မရှိတော့ပါလားဆိုသည့် အသိဖြင့် ကြေကွဲဝမ်းနည်းမိရ၏။ ကတိတစ်ခုကို ချိုးဖောက်သူတစ်ယောက်အလား ကျွန်မဘက်က

www.burmeseclassic.com

www.burmeseclassic.com



**သွေးကင်ဆာမျိုးက လူ့အသက်ကို တစ်စစီ ဇီဝိန်ချုပ်ငြိမ်းစေတတ်သည့် ရောဂါတစ်မျိုးဖြစ်၏။ လူခန္ဓာကိုယ်ရှိဆဲလ်များမှာ အထိန်းအကွပ်မဲ့ ပွားများလာပြီး အသက်သေဆုံးသည်အထိ အန္တရာယ်ဖြစ်စေတတ်ရာ ခန္ဓာကိုယ်တွင် တားဆီးသော ဗီဇကို အားပေးသောဗီဇမှ အနိုင်ယူသွားသည့်အခါ ကင်ဆာရောဂါ ဖြစ်လာတတ်ကြသည်. . .**

တာဝန်မကျေခဲ့ချေ။ ဤသည်ကိုလည်း ဦးလွမ်းသာ ခွင့်လွှတ်လိမ့်မည်ထင်ပါသည်။ ဦးလွမ်းသာတို့ သားအမိမှာ သော်ဒါလွမ်းသာကြောင့် စိတ်ဆင်းရဲခဲ့ကြမည်မှာ သေချာပါ၏။

✦ ✦ ✦

ပန်းချီပြပွဲတစ်ခုတွင် တွေ့ခဲ့ရသည့် 'နွေအလွန်' ပန်းချီကားလေးသည် နွေ၏သရုပ်ကို ဖော်ဆောင်နေသည့် ခြောက်သွေ့၊ အထီးကျန်သည့်သဘောမျိုး သက်ရောက်နေ၍ ကျွန်မ နှစ်သက်မိသည်။

ကြည့်ပါဦး.....ပန်းချီကားလေးထဲတွင် အထီးကျန် ခြောက်သွေ့နေသော သစ်ပင်ကြီးတစ်ပင်နှင့် မြေပေါ်တွင် ကြွေလွင့်နေသော သစ်ရွက်ခြောက်လေးများ၊ တချို့ကလေနှင့်အတူ မျောလွင့်နေကြရှာ၏။ သစ်ပင်ကြီး၏ ညာဘက်တွင် ရေချမ်းစင်ပျက်လေးတစ်ခုနှင့် ရေအိုးပဲ့လေးတစ်လုံးကို တွေ့ရသည်။ ထိုရေအိုးလေးမှာ အဖုံးမရှိ၊ ခွက်မရှိ၊ တစ်လုံးတည်း ထီးတည်းတည်ရှိနေပြန်သေး၏။ ရေချမ်းစင်လေးတွင်လည်း အမိုးကမရှိရှာပေ။ ပျက်စီးယိုယွင်းနေရှာပြီး ပြုပြင်မည့်အရိပ်အယောင်မျိုး မတွေ့ရသည့်အပြင် ပူလောင်ပြင်းပြသော နေရောင်အောက်တွင် အထီးကျန်နေရှာသည့်သဘော။

ရေချမ်းစင်ပျက်လေး၏အပေါ် တည့်တည့်တွင် အော်မြည်နေသည့် ငှက်ကလေးတစ်ကောင်မှာလည်း ပျော်ဆုံးနေရှာသော အဖော်အား တကြော်ကြော်ခေါ်ရင်း ရှာဖွေနေသည့်အလား အော်ဟစ်မြည်တမ်းနေရှာလေသည်။

ပန်းချီကားလေးအတွင်းရှိသစ်ခြောက်ပင်ကြီးနှင့် ရေချမ်းစင်လေးထဲမှ ရေအိုးပဲ့တစ်လုံး၊ အဖော်ကွဲနေရှာသည့် ငှက်ကလေးတစ်ကောင်၊ သစ်ရွက်ကြွေလေးများနှင့် ပူပြင်းသော နေမင်းကြီး စသည်တို့သည် နွေ၏သရုပ်ကို ပီပြင်စွာ ဖော်ဆောင်နေကြ၏။ သူတို့၏အထီးကျန်ခြောက်သွေ့မှုက ကျွန်မ၏ခံစားမှုနှင့် ထပ်တူပင် ရင်မှာဖြစ်တည်ကိန်းအောင်းနေရလေပြီ။

"ကြည့်စမ်းဟယ်၊ ဒီပန်းချီကားလေးက လွမ်းမောဖွယ်ရာနဲ့ သနားစရာလေးပဲနော်၊ နာမည်လေးက နွေအလွန်တဲ့၊ ပန်းချီဆရာက သူ့စိတ်ကူးပုံနဲ့ ပေးထားတဲ့အမည်လေးက လိုက်ဖက်လိုက်တာဟာ တကယ့်ကို သရုပ်ပါတာပဲနော်"

"ဟုတ်ပါရဲ့၊ နေပူပူအောက်မှာ သစ်ခြောက်ပင်ကြီးရယ်၊ သစ်ရွက်ကြွေလေးတွေရယ်၊ အမယ်... လေထဲမှာလွင့်နေတဲ့ သစ်ရွက်လေးတောင် ပါသေးတယ်၊ ရေအိုးစင်လေးကလည်း ယိုင်နဲ့နေပြီး အမိုးကမရှိ၊ ရေအိုးပဲ့လေးက ရေတစ်စက်မှ ရှိပုံမရဘူးနော်၊ အဖုံးလည်းမရှိ၊ သောက်စရာ ရေခွက်လည်းမရှိနဲ့ ခြောက်သွေ့မှုကို ဖော်ပြနေရှာပါလား၊ ပြီးတော့ အဖော်မဲ့နေတဲ့ ငှက်ကလေးတစ်ကောင်ရဲ့ အထီးကျန်မှု၊ ကြည့်ရတာ သူ့အဖော်ကို ရှာဖွေခေါ်နေပုံမျိုး ပေါ်လွင်နေတယ်ဟာ"

ကျွန်မနှင့် မလှမ်းမကမ်းမှ မိန်းကလေးနှစ်ယောက်၏ မှတ်ချက်ချသံလေးများကို ကြားနေရပြီး သူတို့လည်း ကျွန်မနှင့် အတွေးအမြင်ချင်း တူညီနေကြပါလား။

"တို့က နွေအလွန်ဆိုတာ မို

www.burmeseclassic.com



လို့ ထင်နေမိတာ''

''ဘာထူးသလဲကွာ၊ နွေအလွန် ပြီးရင် မိုးလာမှာပဲပေါ့၊ မိုးကိုမျှော်လင့်ခြင်းလို့ပဲ အဓိပ္ပာယ်ရချင်ရမှာပေါ့၊ ပန်းချီဆရာမှပဲ သူ့အဓိပ္ပာယ်ကို သိမှာပါ''

''အေးလေ၊ တို့ထင်တဲ့ အဓိပ္ပာယ်မျိုးပဲဖြစ်ပါစေ၊ ဒါမှမဟုတ်ရင် အထီးကျန်၊ ခြောက်သွေ့မှုကို စာနာနေမိတယ်၊ နွေရဲ့ပူပြင်းခြောက်သွေ့လွန်းတဲ့ အပူလွန်ကဲမှုမျိုး မခံစားကြစေချင်ပါဘူး''

''ဟိုဘက်ကို သွားကြည့်ရအောင်ကွာ''

တရွေ့ရွေ့ထွက်ခွာသွားကြသော မိန်းကလေးများအား ကျွန်မငေးကြည့်နေမိသည်။ သူတို့၏နှလုံးသားတွင် စွဲကျန်နေရစ်မည့် 'နွေအလွန်'ပန်းချီကားလေးအနီးမှ မခွာချက်နိုင်အောင် ခံစားနေကြရမည်မှန်း ကျွန်မ သိနေမိ၏။ ကျွန်မတစ်ယောက်တည်းသာ ထိုပန်းချီကားလေး၏ရှေ့တွင် အချိန်ကြာကြာရပ်ကြည့်နေဆဲပါ။

ပန်းချီပြပွဲတွင် လာရောက်ကြည့်ရှုသူတချို့မှာ 'နွေအလွန်'ပန်းချီကားလေး၏ရှေ့တွင် သာမန်ကာလျှံကာ ကြည့်ရှုသွားကြသူများရှိသလို တချို့ကျတော့လည်း ခံစားမှုတစ်ခုကို မျိုသိပ်ထားပြီး နှုတ်မှဖွင့်ဟခြင်းမရှိဘဲ ကြည့်ရှုသွားကြသူများကိုလည်း တွေ့နေရ၏။ ကျွန်မမှာသာ ထိုပန်းချီကားလေး၏ရှေ့မှ ခွာနိုင်အောင် ခံစားနေမိတော့သည်။

''ဒီလူဗျာ သနားစရာတော့ အကောင်းသား၊ သူ့ခံစားချက်ကို ပန်းချီကားလေးနဲ့ တင်ပြထားရှာတယ်လေ''

''ဟုတ်လား၊ ခင်ဗျားက သိနေလို့လား''

''သိပ်သိတာပေါ့ဗျာ၊ သူ့မဟေသီက ကင်ဆာနဲ့ဆုံးသွားတာ ဘာကြာသေးလို့လဲ၊ သေသောသူကြာရင်မေ့ဆိုပေမယ့် သူကတော့ မမေ့နိုင်လောက်အောင် ပန်းချီကားလေး



နဲ့ မှတ်တမ်းတင်ထားရှာတာပါ၊ အနုပညာသမားတွေဆိုတာ သာမန်လူတွေထက် ခံစားမှု လေးနက်တတ်ကြတယ်မဟုတ်လား၊ စိတ်ရဲ့ထွက်ပေါက်တစ်ခုလို့လည်း ယူဆနိုင်တယ်လေ၊ ဒါပေမဲ့ သူတို့ကို နားလည်ရခက်တတ်ပါတယ်ဗျာ''

လူနှစ်ယောက်၏စကားကြောင့် ပန်းချီဆရာ၏ အတွေး၊ အမြင်၊ ခံစားချက်တစ်ခုကိုကျွန်မသိသွားရ၏။ စောစောကထက်ပိုသော နားလည်မှုမျိုးကို ရရှိသည့်နောက် ထိုပန်းချီကားလေးကို မဝယ်ရက်တော့ပါ။

''ဒီပန်းချီကားလေးက ရောင်းရန်မဟုတ်လို့ မှာထားတယ်လေ၊ ပြပွဲပြီးရင် သူ့ရဲ့နှလုံးသားပြတိုက်ထဲမှာ အမှတ်တရ သိမ်းထားဖို့တဲ့၊ သေမင်းကလည်းဗျာ ဒီလိုလူစားမျိုးတွေကိုမှ ရက်ရက်စက်စက် အနိုင်ယူသွားရက်တယ်၊ သူတို့က သိပ်ချစ်ကြတဲ့ အိမ်ထောင်ဖက်တွေပါ''

''သားသမီးလေးတွေ မကျန်ခဲ့ဘူးလား''

''မမွေးတာဗျ၊ ယူချင်ပေမယ့် မရရှာတာပါ၊ ဒါကြောင့် သူပိုခံစားနေရတာပေါ့လေ''

''အင်း.....စိတ်မကောင်းစရာပါလား၊ ဒါကြောင့်ထင်တယ်၊ သူ့ပန်းချီကားလေးတွေက အသက်ပါလွန်းတယ်၊ နိုင်ငံတကာ ပန်းချီပြပွဲအဆင့်မီနိုင်တယ်၊ ဝင်မပြိုင်ဘူးလား''

''အားပေးတဲ့ဇနီး မရှိတော့လည်း သူ့အနာဂတ်ဟာ ပျက်စီးကုန်ရတာပေါ့ဗျာ၊ ရည်ရွယ်ချက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် အားအင်ဆုတ်ယုတ်နေမိတာပေါ့၊ ကိုယ်ချင်းတော့စာနာမိပါတယ်''

''ဒါပေမဲ့ ဒီလောက်ထိတော့ ကိုယ့်တက်လမ်းကို မပိတ်သင့်ဘူးဗျာ၊ ခင်ဗျားတို့လည်း မိတ်ဆွေကောင်းပီသစွာနဲ့ လက်တွဲခေါ်ကြပေါ့၊ အရည်အချင်းရှိသူတစ်ယောက်မှာ ရည်ရွယ်ချက် ပျက်သုဉ်းစေတဲ့ အထိ ကိုယ့်ဘဝကို အထိခိုက်မခံသင့်ဘူးလေ၊ အားပေးကြပါ''

''အားပေးပါတယ်ဗျာ၊ အခုပြပွဲကိုလည်း ကျွန်တော်တို့ ဝိုင်းတိုက်တွန်းလို့ သူလုပ်ဖြစ်တာပါ၊ သူ့အတွက် အချိန်က အကောင်းဆုံးသမားတော်ဖြစ်ပါလိမ့်မယ်၊ ဒီလိုပဲ ဆုတောင်းရတော့မှာပေါ့''

လူနှစ်ယောက်၏စကားများက ကျွန်မ၏ စိတ်ကူးတစ်ခုကို ကြေပျက်စေရ၏။ ဝေဒနာအတွက် ကုစရာ ဆေးရှိပါသည်။ သို့သော်လည်း အချစ်ဝေဒနာအတွက် ဆေးမရှိပေ။ စကားတစ်ခုရှိခဲ့ဖူး၏။ စိတ်ကို စိတ်နှင့်သာ ကုသမှ ပျောက်သည်ဟု ဆိုကြသည်။ စွဲလမ်းစိတ်ကို ဖြေဖျောက်စိတ်ဖြင့် အစားထိုးနိုင်လေ၊ ဖျောက်ဖျက်နိုင်လေ ခံစားမှု သက်သာလေပင်။

''ကင်ဆာရောဂါကို ခုဆိုရင် ပျောက်ကင်းအောင် ကုသနိုင်ပါပြီဗျာ''

''သူ့အမျိုးသမီးက ရောဂါ ကျွမ်းနေပြီလေ၊ သွေးကင်ဆာပေါ့''

''ဟုတ်လား''

သွေးကင်ဆာမျိုးက လူ့



အသက်ကို တစ်စစီ ဖိဝိန်ချုပ်ငြိမ်းစေတတ်သည့် ရောဂါတစ်မျိုးဖြစ်၏။ လူ့ခန္ဓာကိုယ်ရှိဆဲလ်များမှာ အထိန်းအကွပ်မဲ့ ပွားများလာပြီး အသက်သေဆုံးသည်အထိ အန္တရာယ်ဖြစ်စေတတ်ရာ ခန္ဓာကိုယ်တွင် တားဆီးသော ဗီဇကို အားပေးသောဗီဇမှ အနိုင်ယူသွားသည့်အခါ ကင်ဆာရောဂါ ဖြစ်လာတတ်ကြသည်။ ဤသို့ ခန္ဓာကိုယ်အတွင်း ဖြစ်ပေါ်ပြောင်းလဲမှုကို စောစီးစွာသိနိုင်လျှင် ကုသရလွယ်ကူပါသည်။ သို့မဟုတ်က သေမင်း၏ခေါ်ဆောင်ရာနောက်သို့ တစ်လှမ်းချင်းလိုက်ပါသွားတတ်၏။ မြဝတီရုပ်မြင်သံကြားတွင် ပြသသွားခဲ့သော 'ဆောင်းဦးရွက်ကြွေချစ်သက်သေ' ကိုရီးယား ဇာတ်လမ်းလေးကို ကျွန်မတို့ မြန်မာပြည်မှ ပရိသတ်များ အကြိုက်တွေ့ခဲ့ကြလေသည်။ အွန်စော၊ ဌျန်စောဆိုလျှင် ကလေးကအစ ကြိုက်နှစ်သက်ခဲ့ပါ၏။

ထိုသွေးကင်ဆာရောဂါသည် ဝေဒနာရှင်မျိုးကို ကျွန်မလည်း ကြုံတွေ့ခဲ့ရဖူးသည်။ သွေးများစွာသွင်းပေးသော်လည်း ငွေသာကုန်၍ အသက်ဆုံးရှုံးသွားတတ်လေသည်။ လုံးဝပျောက်ကင်းသွားသည်ဟူ၍ မတွေ့မိပါ။ အလွန်ပဲကံဆိုးလွန်းသည့် ဝေဒနာရှင်များပဲဖြစ်ကြရာ အားပေး၊ ဖေးမသင့်၏။ ပန်းချီဆရာလေးအား သူ့ဇနီးအတွက် ခံစားနေခြင်းသောကမှ လွတ်မြောက်စေချင်ပါသည်။ အချစ်ကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ဆုံးရှုံးမှုများ

www.burmeseclassic.com

www.burmeseclassic.com


စွာကို မတွေ့ကြုံစေချင်ပါ။

"ငွေအလွန်"ပန်းချီကားလေးအား နောက်ဆုံးအနေဖြင့် ကြည့်မိပြန်သည်။ ထိုပန်းချီကားလေးရှေ့ မမိုတ်မသုန် ရပ်ကြည့်နေသည့်ကျွန်မ ပြခန်းလေးအတွင်းမှမထွက်

**တကယ်တော့ သူတို့အားလုံးသည် ကျွန်မ၏ ချစ်သူများ မဟုတ်ကြသလို ကျွန်မဘဝထဲ အလည်သဘောမျိုး ဝင်ရောက်လာကြသည့် ချစ်သူ ညှော်သည်များပဲ ဖြစ်ကြ၏ ...**

ခွာနိုင်လောက်အောင် ဆွဲဆောင်နေလေပြီ။

ကျွန်မဘဝလည်း ဒီအတိုင်းပါပဲလား။ ကျွန်မ၌ သိပ်ချစ်ရမည့်ချစ်သူ မပေါ်မချင်း အမည်နှင့်လိုက်ဖက်စွာ အထီးကျန်ဘဝကို လျှောက်လှမ်းနေရပေဦးမည်။ ထိုဘဝလမ်းခရီးသည် မည်မျှခြောက်သွေ့လွန်းပါစေ ကျွန်မ မမှုတော့ပါ။ အားမာန်အပြည့်ဖြင့် ဖြတ်ကျော်သွားပေမည်။

လူဟူသည် လာတုန်းကလည်း တစ်ယောက်တည်းဖြစ်သလို အပြန်တွင်လည်း တစ်ယောက်တည်းသာ။ သံယောဇဉ်၊ တွယ်တာမှုမှန်သမျှကိုယ်နှင့်အတူ လိုက်ပါကြလိမ့်မည် မဟုတ်ပေ။ တရားသဘောနှင့်ရှုမြင်သုံးသပ်မိပါ၏။

ထို့ကြောင့်လည်း တပ်မက်ခြင်းဆန္ဒတစ်ခုကို ကျွန်မအတွေးထဲမှ မောင်းထုတ်နိုင်ခဲ့လေပြီ။ ပန်းချီပြခန်းလေးထဲမှ စိတ်လက်ပေါ့ပါးစွာ ပြန်ထွက်လာမိတော့သည်။

+ + +

**နိဂုံး.....**

ကျွန်မ ... တွေ့ကြုံခဲ့ရသော ယောကျ်ားများစွာသည် ရိုးသားကြ၏။ ယောကျ်ားပီသသည့်ရုပ်ရည်နှင့် လေးစားစရာကောင်းသူများဖြစ်ကြသော်လည်း ကျွန်မ၏နှလုံးသားကို ဆွဲကိုင်လှုပ်ရှားယူနိုင်သည့် အစွမ်းသတ္တိများ မရှိခဲ့ကြပါ။ သည်အချက်ကြောင့်ပင် သူတို့ကို အချိန်တိုတိုနှင့် ခွဲခွာနိုင်သလို လွယ်လွယ်နှင့်ပင် မေ့နိုင်ခဲ့ပါ၏။ သို့သော်လည်း သူတို့ကို ကျွန်မ မမုန်းမိပါ။

ဆယ်ကျော်သက်အရွယ်က မခံချင်စိတ်နှင့် ဆုံးဖြတ်မိသည့်အချစ်ကြောင့် အဆုံးတွင် အချစ်စိတ်၏ အနိုင်ယူ၊ လွှမ်းမိုးခြင်းကို ရှုံးသွပ်ခံစား အသက်ပေးသွားရှာသည့် "နောင်ရိုး"။

ရင်းနှီးမှုကြောင့် ဖြစ်တည်လာသည့် အချစ်သည် ခိုင်မြဲခြင်းမရှိကြောင်း သက်သေပြလိုက်ခြင်းနှင့် ငယ်စဉ်ကတည်းက တွယ်တာခိုင်မြဲနေသည့်အချစ်ကို မြင်သာအောင် ဖွင့်ဟခဲ့၍ သိသွားရသူ "အုပ်စိုး"။

ငယ်ရွယ်သူ၏အချစ်မျိုးသည် ဆန္ဒပြင်းပြပုံနှင့် အချစ်ကြောင့် မိုက်မိုက်ကန်းကန်း တစ်ဖွတ်ထိုးလုပ်တတ်၍ ဒုက္ခဖြစ်ကာ မတော်တဆ သေဆုံးခဲ့ရရှာသည့် ကလေးဆိုးကြီး "ခန့်မင်းသာ"။

သံယောဇဉ်နှင့်အချစ်ကို မလဲနိုင်လောက်အောင် ငဲ့ညှာတတ်သူ "ဒေါက်တာဖုန်သုံမှုန်"။

ပြည်ပန်းညှိုချိုပါလျက် ဆားကဖျက်ဆိုသလို အတ္တကြီးသည့် သမီးတစ်ယောက်အား ပိုင်ဆိုင်ထားသည့် "ဦးလွှမ်းသာ"။

ဩော်....သူတို့အားလုံးသည် ကျွန်မအား ဘာကြောင့်ချစ်ခဲ့ကြပါလိမ့်။

တကယ်ဆို သူတို့တွင် ကျွန်မထက်ပိုသော သံယောဇဉ်များရှိထားကြပါလျက်နှင့် ကျွန်မအား မည်သည့်အတွက်ကြောင့် ချစ်ခဲ့ကြရပါသနည်း။ "နောင်ရိုး"အပေါ်တွင်

မျက်ခြည်မပြတ် ဂရုစိုက်တတ်ပြီး ချုပ်ချယ်လွန်းသော နောင်ရိုးမိခင်၏အချစ်.....။

''အုပ်စိုး''အား တိတ်တခိုး မျှော်လင့်နေရှာသည့် အုပ်စိုးအပေါ် နားလည်စိတ်ဖြင့် သံယောဇဉ်ဖြစ်ခဲ့သူ၊ တစ်ဖက်သတ်ချစ်နေရှာသော ငယ်ကျွမ်းဆွေ နုအေးခိုင်၏အချစ်..။

''ခန့်မင်းသာ''အတွက် လိုအပ်သမျှ အရယူပေးနိုင်သော၊ သားဖြစ်သူ စိတ်ချမ်းသာရေးကိုသာ ဦးစားပေးလွန်းသည့် ခန့်၏မိဘနှစ်ပါး အချစ်.....။

''ဒေါက်တာဖုန်းသုံ့မှုန်''အတွက် ထာဝရ နားခိုခွင့်ပေးနိုင်မည့် သံယောဇဉ် ကြီးရှာသည့် မွေးရပ်မြေ ချင်းတောင်တန်းကြီးများ၏အလှ...။

''ဦးလွမ်းသာ''လို ဖခင်တစ်ယောက်အား မေတ္တာဖွဲ့မပေးရက်သူ၊ မည်သူမျှ အဝင်မခံလိုသော အတ္တကြီးလွန်းသည့် သမီးဖြစ်သူ သော်ဒါလွမ်းသာ၏အချစ်.....။

ပြီးတော့ ကျွန်မ၏ အတ္တမာန၊ နားလည်မှု၊ ဥပေက္ခာ၊ ကရုဏာ၊ မုဒိတာ၊ အကြင်နာ၊ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ခံပြင်းခြင်း၊ စာနာခြင်း၊ မြင့်မြတ်ခြင်း၊ ကြည်နူးခြင်းများဖြင့် ကျွန်မဘက်မှ ယောကျ်ားများကို မုန်းတီးခြင်းမဖြစ်ပါဘဲနှင့် အကြောင်းကြောင်းတွေကြောင့် လက်လွှတ်ဆုံးရှုံးခံလိုက်ရသည်ကို ကျွန်မမှလွဲ၍ မည်သူ သိနိုင်ပါမည်နည်း။

တကယ်တော့ သူတို့အားလုံးသည် ကျွန်မ၏ချစ်သူများ မဟုတ်ကြသလို ကျွန်မဘဝထဲ အလည်သဘောမျိုး ဝင်ရောက်လာကြသည့် ချစ်သူ ညီ့သည်များပဲဖြစ်ကြ၏။ သည်အတွက် ကျွန်မ ဝမ်းနည်းခြင်း မဖြစ်ခဲ့ပါ။

အဘယ်ကြောင့်ဆိုသော်.....

သူတို့ကို ကျွန်မ အသည်းနင့်အောင် မချစ်ခဲ့၍ဖြစ်ပါသည်။

**ပြီးပါပြီ။**

**မျှဝေခံစားမှုများစွာဖြင့်**

ထက်ထက်ဦးဝေ

**အလုပ်အကိုင်ကိစ္စ အရေးကြီးရင်လာခဲ့ပါ**

◆ လျှောက်ထားသော အလုပ်အကိုင်သစ်၊ အလုပ်အကိုင်ကောင်းကို အလွယ်တကူ အမြန်ဆုံးရရှိဖို့ ◆ လက်ရှိအလုပ်အကိုင်နေရာဌာနမှ အမြန်ဆုံးပြောင်းရွှေ့ဖို့ ◆ ပြောင်းရွှေ့ရောက်ရှိမယ့်နေရာမှာ အဆင်ပြေဖို့ ◆ လက်ရှိအလုပ်အကိုင်၊ ရာထူး၊ နေရာဌာနမှာ ကြာရှည်ခိုင်မြဲစေဖို့ ◆ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းဖို့၊ လက်ရှိအလုပ်အကိုင်မှာ ရာထူးအမြန်ဆုံးတိုးတက်ဖို့၊ အယှဉ်အပြိုင်များကို အနိုင်ရအောင်မြင်စေဖို့ ◆ လက်ရှိအလုပ်အကိုင်မှာ အတိုက်အခံ၊ အနှောင့်အယှက်၊ အတိုင်အတော၊အစွပ်အစွဲ၊အခက်အခဲ၊ အတားအဆီးတွေကင်းရှင်းစေဖို့ ◆ လုပ်ငန်းခွင်မှာ အထက်လူကြီးများရဲ့ ချစ်ခင်ယုံကြည် အားကိုးခြင်းခံရစေဖို့။


အစွမ်းထက် ဂမ္ဘီရပညာ ယတြာအစီအရင်နဲ့ ပံ့ပိုးကူညီမှုလိုအပ်ရင် ယခုပင်လာခဲ့ပါ

ဆရာဦးပိုင်ဇအောင် (ဝိဇ္ဇာဘွဲ့) (လက္ခဏာဗေဒင်ဟောခန်း)
တိုက်(၄၀)B-1 (မြေညီထပ်)၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
☎-၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၈၉၁၊ ၀၉ ၂၅၀၇၇၃၆၃၆။

www.burmeseclassic.com

www.burmeseclassic.com





# လျှမ်းထက်

## ပြူစောထီးပိုလ်

# ချစ်လှိုင်ကို

## ကြိုးပေးခဲ့စဉ်က

၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့ည။
အပြင်တွင် ပိန်းပိတ်အောင်မှောင်နေသည်။
ကြယ်ရောင်၊ လရောင်မရှိ။
သို့သော် မော်လမြိုင်အကျဉ်းထောင်ကြီး၏ ကြိုးတိုက်တွင်မူ
မှေးမှိန်သော အဝါရောင် လျှပ်စစ်မီး၏အလင်းရောင်ကြောင့်
လင်းလျက်ရှိနေသည်။ ညဦးပိုင်းကပင်
တစိမ့်စိမ့်ရွာနေသောမိုးသည် သန်းခေါင်ချိန်ရောက်လာသော်လည်း
ရပ်စဲမသွားခဲ့။ ခပ်လှမ်းလှမ်းတွင်မူ မိုးခြိမ်းသံများကြားနေရသည်။
အကျဉ်းထောင်ကြီး၏ ကြိုးတိုက်ရှေ့ရှိ ရေသဖန်းပင်ထက်မှ
ပုဇဉ်းကြီးများ၏ အဆက်မပြတ်မြည်သံ၊ မော်လမြိုင်အကျဉ်းထောင်
ယာတောဘက်မှ ဖားများ၏အသံကိုလည်း ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇူလိုင်လ ၂၁ ရက်နေ့ နံနက်စောစောတွင် ကြိုးမိန့်ကျခံရမည့် မြိတ်ခရိုင်၊ ဆီတောင်အိုင်ကျေးရွာ လူသတ်မှုကြီး၏ အဓိကတရားခံဖြစ်သူ ပြူစောထီး ကာကွယ်ရေးတပ်ဖွဲ့ဗိုလ်ချစ်လှိုင်သည် အိပ်စက်၍မရဖြစ်နေသည်။ ဗိုလ်ချစ်လှိုင်သည် သူ့မိခင်ထံ ရေးထားသော အောက်ဖော်ပြပါစာကို အကြိမ်ကြိမ် ပြန်ဖတ်မိပြန်သည်-

**အမေ**

**တစ်နေ့ လူတွေဟာ အားလုံးသေကြရမည့်သူများဖြစ်ပါသည်။ ထို့အတွက် သားအတွက် ဘာမှ ပူပင်သောကဆွေးမြည့်နေခြင်းမဖြစ်စေလိုပါ။ သားကောင်းရာသုဂတိလားရန်သာ အမေဆုတောင်းပါ။**

**သား မောင်ချစ်လှိုင်**

သူသည် မထူးတော့ပြီဖြစ်၍ အိပ်ရာသို့ဝင်ကာ အိပ်ပျော်အောင်အိပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ သို့သော် တကယ်တမ်းကျတော့ သူ့မျက်လုံးနှစ်လုံးကိုသာ မှိတ်ထားရသည်။ အိပ်စက်၍မရနိုင်။ လွန်ခဲ့သော ရက်သတ္တ တစ်ပတ်ခန့်က သူ့ထံသို့ ထောင်မှူးကြီးရောက်လာပြီး ထောင်မှူးကြီးက နိုင်ငံတော်သမ္မတကြီးထံမှ ချစ်လှိုင်နှင့် တွဲဘက်တရားခံ ဗိုလ်ထွန်းဝိုင်းတို့၏ အသနားခံစာကို ပယ်ချလိုက်ကြောင်းဖြင့် သမ္မတကြီး၏အမိန့်အတိုင်း ဖတ်ပြသည်။ ထိုအမိန့်ဖတ်ပြသည်ကို သူ့နားက မယုံ။ သူသည် "ဟာ မဟုတ်သေးပါဘူး"ဟုဆိုကာ အံ့အားသင့်သည့်မျက်နှာဖြင့်ကြည့်ပြီး "ပြစမ်းပါဦးဗျာ ဒီအမိန့်ကို"ဟု ပြောပြောဆိုဆို ထောင်မှူးကြီးလက်တွင်းမှ အမိန့်စာကို ဆွဲယူလိုက်သည်။ ထို့နောက် သူကိုယ်တိုင် ထိုအမိန့်စာကို လုံးစေ့ပတ်စေ့ ဖတ်ကြည့်မိသည်။ ထိုနေ့၊ ထိုအချိန်ကစ၍ ပြူစောထီးဗိုလ် ချစ်လှိုင်မှာ သူ့စိတ်နှင့် သူ့ခန္ဓာမဟုတ်တော့။

အိပ်စက်၍မရတော့။ သူ့ဦးနှောက်သည် အတိတ်ကိုပြန်လိုက်၊ ပစ္စုပ္ပန်တွင် ခိုနားလိုက်၊ အနာဂတ်သို့ပြေးလိုက်ဖြင့် အချိန်ကုန်ခဲ့ရသည်။ ခပ်လှမ်းလှမ်းရှိ ကျိုက်သံလန်စေတီဘက်မှ ဆည်းလည်းသံလေးများကို မိုးသက်လေအနှင့်တွင် မြည်နေသည့်အသံများကို ကြားနေရသည်။

မော်လမြိုင်ထောင်ပိုင်ကြီးနှင့် အကျဉ်းထောင်ဆရာဝန်တို့ကမူ ကြိုးမိန့်ကျ ပြူစောထီးဗိုလ်နှစ်ဦးဖြစ်သော ချစ်လှိုင်နှင့် ထွန်းဝိုင်းတို့အား ကြိုးတိုက်တွင်ထားကာ နေ့စဉ်စောင့်ရှောက် စစ်ဆေးနေကြရသည်။

တရားခံတစ်ဦးအား ကြိုးပေးရာတွင် ၎င်းအတွက် သီးသန့်အလွန်ကောင်းသော မနီလာကြိုးနှစ်ခွေကိုထားရမြဲဖြစ်သည်။ ထိုကြိုးနှစ်ခွေကို ကြိုးမပေးမီ တစ်ရက်နှစ်ရက်ခန့်ကပင် ထောင်ဝင်းအတွင်းရှိ သမံတလင်းပေါ်တွင် ထောင်သားနှစ်ယောက်တို့က ကြိုးခွေကို ဆွဲဆန့်ပေးရ၏။ ကြိုးမိန့်ကျသူ၏ ကိုယ်အလေးချိန်နှင့် ကြိုး၏အရှည်၊ အတိုကိုလည်း ကိုက်၍ထားရ၏။

ဇူလိုင်လ ၂၀ ရက်နေ့ကမူ ကြိုးဒဏ်စီရင်ခံရမည့် ပြူစောထီးဗိုလ်ချစ်လှိုင်နှင့် ဗိုလ်ထွန်းဝိုင်းတို့၏ ကိုယ်အလေးချိန်ကို နောက်ဆုံးအကြိမ်အဖြစ် ချိန်ကြည့်ကြပြီး ကြိုးပေးရန်အတွက် လိုအပ်သော ကိုယ်အတိုင်းအတာကို ထောင်ပိုင်ကြီးနှင့် ထောင်ဆရာဝန်တို့က ယူကြပြန်သည်။

ချစ်လှိုင်၏ကိုယ်အလေးချိန်မှာ ၁၁၁ ပေါင်၊ လည်

---

လူတို့၏ စိတ်၊ စေတသိက်ဖြစ်စဉ်ကား ဆန်းကြယ်လှသည်။

တစ်ချိန်က လူသတ်သမားကြီးဖြစ်ခဲ့သူများသည် စက်တိုင်သို့ တက်ရတော့မည်ဟု သိထားရကား

ကြိုးတိုက်အတွင်းမှ အပြင်အထုတ်မခံဘဲ

အကျော်အကန် ရုန်းကန်နေတတ်သဖြင့် ကြိုးဒဏ်ကျတရားခံများကို

အားကောင်းမောင်းသန် အကျဉ်းသားများက ဇွတ်အခန်းအတွင်း ဝင်ရောက်ဖမ်းဆီးပြီး

လက်ထိတ်ခတ် ပွေ့ယူကြရသည် ...

www.burmeseclassic.com

www.burmeseclassic.com





ကြိုးမိန့်မှလွတ်မည်ဟု
နောက်ဆုံးအချိန်ထိ မျှော်လင့်လျက်ရှိသူ
ဆီတောင်အိုင်ရက်စက်မှုကြီးမှ
တရားခံချစ်လှိုင်

င်းအထုတ် ၁၄ လက်မ၊ အရပ် ၄ ပေ ၁၀ လက်မရှိ ၏။ ၎င်းအတွက် လိုအပ်သော ကြိုးအရှည်မှာ ၁၂ ပေ ဒ လက်မရှိသည်။ ကြိုးအလုံးမှာ ငါးမူးလုံးရှိပြီး ထိုကြိုး ၏ အတိုင်းအတာအတိုင်း အပိုတစ်ချောင်းကိုပါအသင့် ီစဉ်ထားသည်။ ဤကဲ့သို့ ကိုယ်အလေးချိန်၊ အရပ် အမောင်းနှင့် တွက်ချက်၍ ကြိုးရွေးရခြင်းမှာ ကြိုးပေး ံရသူ တရားခံများ မနာမကျင်ဘဲ လျင်မြန်စွာအသက် ထွက်စေရန်ဖြစ်သည်။

လူသတ်သမား ပြူစောထီးပိုလ်ချစ်လှိုင်အဖို့ အခြား သူများကို ရက်ရက်စက်စက် ကြက်ငှက်များအလား သတ်ခဲ့သော်လည်း သူသေဒဏ်ကျခံရတော့မည်ဟု သိ ရှိရသည့်နေ့ကစ၍ စားမဝင်၊ အိပ်မပျော် ဖြစ်ခဲ့ရသည်။ သူ၏နောက်ဆုံးညဟု ဆိုရမည်ဖြစ်သော ဇူလိုင်လ ၂၀ ရက်နေ့ညတွင်မူ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့် အတိုင်း ရင်တထိတ်ထိတ်နှင့် အချိန်ကုန်လွန်ခဲ့ရသည်။ ထောင်ဘူးဝကင်းမှ သံချောင်းခေါက်သံသည် တစ်ချက်၊ နှစ်ချက်၊ နှစ်ချက်မှ သုံးချက်ရောက်လာခဲ့သည်။ သတိ သံဝေဂရလျက်ရှိသော ပြူစောထီးကာကွယ်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချစ်လှိုင်သည် ကြိုးစား၍ ဘုရားအာရုံ ပြုနေရသော်လည်း စိတ်က ချောက်ချားလျက်ရှိနေသည်။ တစ်ခါက သေနတ်မောင်းဖြုတ်ခဲ့သော လက်ချောင်း ကလေးများသည် စိပ်ပုတီးကိုသာ တွင်တွင်ကြိုးစား၍ စိပ်နေရသည်။ သူ့ကြိုးတိုက်ခန်းမှ ပုရစ်တစ်ကောင်၏ ပျင်းရိလေးတွဲ့စွာ မြည်နေသောအသံ၊ ကြိုးတိုက်အနီး ရေသဖန်းပင်ထက်မှ ညဉ့်ငှက်တစ်ကောင်၏ စူးစူးဝါးဝါး အော်သံသည် ဗိုလ်ချစ်လှိုင်၏ ကျောရိုးအား စိမ့်ဝင်သွား သည်ဟု ထင်လိုက်မိသည်။ သူ့အဖို့ ဤလောကီတွင် သက်ရှင်နေထိုင်ရန် နာရီပိုင်းသာ ကျန်တော့သည်ဟု သတိပေးလိုက်သကဲ့သို့ဖြစ်ပေသည်။ ဤသို့ဖြင့် ထောင် ဘူးဝကင်းမှ သံချောင်းခေါက်သံ လေးချက်ကြားရသည် နှင့် ကြက်ဦးတွန်ခဲ့ပြီဖြစ်သည်။

မော်လမြိုင်၊ သစ်ဆိပ်ဘက် တစ်နေရာဆီမှ "အောက်အီးအီးအွတ်"ဟု လွမ်းမောဖွယ် ဆွဲဆွဲငင်ငင် နှင့် တွန်လိုက်သည်။ ထိုအတိုင်းကိုတည်၍ အဖောက် အနေဖြင့် ဟိုမှသည်မှ "အောက်အီးအီးအွတ်"၊ "အောက်အီးအီးအွတ်"ဟု လိုက်ကာတွန်ကြတော့၏။ အချို့က အသံသြသည်၊ အချို့က အသံစာသည်၊ အချို့ က အသံစူးသည်၊ အချို့က အသံဆွဲသည်။ အကျဉ်း ထောင်ကြီးအနီးရှိ အမှုထမ်းရိပ်သာမှ ကြက်ဖကြီးကမူ အသံကပြတ်သည်။ ဤသို့ လွမ်းမောတသဖွယ် အသံ များကို ဗိုလ်ချစ်လှိုင် မခံစားနိုင်။ မကြာမီ ထောင်ပိုင် ကြီးနှင့် တာဝန်ရှိသူများသည် သူ့အား လာရောက်ခေါ် ယူကြပေတော့မည်။

လူတို့၏ စိတ်၊ စေတသိက်ဖြစ်စဉ်ကား ဆန်းကြယ် လှသည်။ တစ်ချိန်က. လူသတ်သမားကြီးဖြစ်ခဲ့သူများ သည် စက်တိုင်သို့ တက်ရတော့မည်ဟု သိထားရကား

www.burmeseclassic.com

www.burmeseclassic.com



ကြိုးတိုက်အတွင်းမှ အပြင်အထုတ်မခံဘဲ အကျောက်အကန် ရုန်းကန်နေတတ်သဖြင့် ကြိုးဒဏ်ကျ တရားခံများကို အားကောင်းမောင်းသန် အကျဉ်းသားများက ဒွတ်အခန်းအတွင်း ဝင်ရောက်ဖမ်းဆီးပြီး လက်ထိတ်ခတ် မွေ့ယူကြရသည်။

ဗိုလ်ချစ်လှိုင်ကမူ သေရတော့မည်ဟု တထစ်ချယုံ ကြည်ထားရာ စိတ်ကိုတုံးတုံးချထားလိုက်သည်။ ကြက် တွန်သံများနှင့်အတူ ရောင်နီသည် ပျပျကလေး ပျို့၍ ပျို့၍ လာခဲ့ပြီဖြစ်သည်။ သို့သော် အမှောင်ရိပ်သည် ဗိုလ်ချစ်လှိုင်၏ ကြိုးတိုက်ခန်းအနီးတွင်မူ ခိုနားဆဲဖြစ်နေသည်။

အကျဉ်းထောင်ကြီးမျက်နှာစာရှိ သစ်ပင်အုပ်များတွင် အနှစ်နှစ်အလလ ကြောင့်ကြမဲ့ကင်းစွာ နေထိုင်ခဲ့ကြသော ကျီးငှက်များသည် တအားအား မြည်လာခဲ့လေပြီ။ ဗိုလ်ချစ်လှိုင်အဖို့ သာယာကြည်နူးဖွယ်ကောင်းသည့် မိုးစဲသွားပြီဖြစ်သော ရှုခင်းကို မခံစားရ။ အချိန်အနည်းငယ်အတွင်း စကားတီးတိုးပြောသံ၊ ချောင်းဟန့်သံများနှင့်အတူ လူတစ်စု သူ့ကြိုးတိုက်ခန်းရှိရာသို့ လျှောက်လာကြ၏။ မေးမှိန်သော ကြိုးတိုက်အတွင်းမှ ဗိုလ်ချစ်လှိုင်သည် ခပ်လှမ်းလှမ်းရှိ ကျိုက်သံလန်စေတီဘက်သို့မှန်း၍ ဘုရားရှိခိုးနေတော့သည်။

ဗိုလ်ချစ်လှိုင်၏ ကြိုးတိုက်ခန်းအဝသို့ ထောင်မှူးကြီး၊ ထောင်ဆရာဝန်နှင့် ထောင်အာဏာပိုင်များသည် ကြိုးတိုက်အတွင်းမှ တရားခံ အေးအေးဆေးဆေးမထွက်ဘဲ ရုန်းကန်နေခဲ့သော် ဆွဲထုတ်ရန် အကျဉ်းသမားကြီးနှစ်ယောက်ကိုလည်း အသင့်ခေါ်ယူလာခဲ့ကြသည်။ ကြိုးတိုက်အတွင်း ခပ်ငူငူထိုင်နေသော ဗိုလ်ချစ်လှိုင်ကား မည်သူတစ်ဦးတစ်ယောက်၏ ဆွဲခေါ်ခြင်းကိုမျှ လက်မခံ။ ဣန္ဒြေရစွာဖြင့် လိုက်ပါလာသည်။

ကြိုးစင် အရပ်အခေါ် စက်တိုင်ရှိသောနေရာမှာ ကြိုးတိုက်နှင့် မနီးမဝေးတွင်ပင် ရှိနေသော်လည်း ထိုလမ်းတစ်လျှောက်၌ အသုဘချသွားသကဲ့သို့ အကျဉ်းသားတစ်ယောက်သည် ဘုရားရုပ်ပွားတော်တစ်ဆူကို လင်ဗန်းတွင်ထည့်ကာ ဦးခေါင်းပေါ်၌ရွက်၍ ရှေ့မှသွားလေရာ အခြားအကျဉ်းသားတစ်ယောက်က နောက်မှ

ထိုရက်စက်မှုသတင်း
အတိအကျကို
ပထမဆုံးမျက်နှာဖုံးသတင်းအဖြစ်
စတင်ရေးသားဖော်ပြခဲ့သော သတင်းစာကြီးမှာ
ထိုစဉ်ကာလက
စောင်ရေအများဆုံးထုတ်ဝေရပြီး
ဩဇာတိက္ကမကြီးမားသော
ကြေးမုံသတင်းစာကြီးဖြစ်သည်။
၁၉၅၇ ခုနှစ်၊ မေလ ၂၇ ရက်နေ့
ထုတ်ဝေသော
ကြေးမုံသတင်းစာကြီး၏ မျက်နှာဖုံးတွင်
ခြောက်လိုင်းစာလုံးမည်းကြီးများဖြင့်
မြန်မာနိုင်ငံသမိုင်းနှင့်
မြန်မာနိုင်ငံ မှုခင်းသမိုင်းတွင်
တစ်ကြိမ်တစ်ခါမှ မကြားခဲ့ရဖူးသော
ရင်သိမ့်တုန်သတင်းကို
ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့၏
. . .

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစည်တစ်လုံးကို ရိုက်၍သွားရ၏။ ထို့နောက်မှ ကြိုးပေးခံရမည့် ဗိုလ်ချစ်လှိုင်အား အခြားအကျဉ်းသားနှစ်ဦးက ညှပ်၍လိုက်လာသည်။

အိပ်တန်းမှ မနီးကြသေးသော ကျေးငှက်များသည် ကြိုးစည်သံကြောင့် လန့်ဖျပ်နိုးလာကြရာ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်အား အလန့်တကြားဖြစ်စေသည်။ ဤမြင်ကွင်းအား ပြင်ပမှ သာမန်လူများ မြင်ကြမည်ဆိုလျှင် နှလုံးတုန်လှုပ်ချောက်ချားဖွယ်ဖြစ်နေလေသည်။ ဗိုလ်ချစ်လှိုင်သည် ပုတီးတစ်ကုံးကို လက်ယာဘက်လက်ဖြင့်လိုက်၍စိပ်ကာ ပါးစပ်မှလည်း ဘုရားဘုရားကို ရေရွတ်လျက်ရှိလေသည်။ အသင့်ပြင်ထားသော ကြိုးစင်အနီးသို့ရောက်သော် ဗိုလ်ချစ်လှိုင်သည် ကြိုးစင်ပေါ်သို့ ခပ်တွေတွေပင် တက်ရောက်သွားသည်။ ကြိုးစင်အလယ်တည့်တည့်တွင် သူ့လက်ကို နောက်ပစ်လျက် ခပ်မတ်မတ်ရပ်နေသည်။ ထိုအချိန်တွင် သူ၏ဘေး၌ ဒေါက်ဖြုတ်မည့်သူနှင့် လည်ပင်းကြိုးတပ်ပေးမည့်သူတို့ အသင့်ရှိနေကြသည်။

ကြိုးစင်အောက်မှ ထောင်မှူးကြီး အချက်ပြသည်နှင့် ကြိုးကွင်းစွပ်မည့်သူက ဗိုလ်ချစ်လှိုင်၏ လက်နှစ်ဖက်နှင့် ခြေထောက်နှစ်ဖက်ကို ကြိုးတုပ်လိုက်သည်။ ဤသို့ကြိုးတုပ်ပြီးသော် ခြုံထည်ကို ဝတ်ပေးလိုက်တော့၏။ ထောင်မှူးကြီးက ဗိုလ်ချစ်လှိုင်အား ဘုရားတရားအာရုံပြုရန် ပြောဆိုနေချိန်မှာပင် အချက်ပေးလိုက်သည်နှင့် ဒေါက်ဖြုတ်သူက ဒေါက်ချလိုက်လေသည်။

''ဂျိမ်း''ခနဲ ဗိုလ်ချစ်လှိုင်အောက်မှတံခါး ပွင့်သွားသည်နှင့်အတူ ဗိုလ်ချစ်လှိုင်၏ခန္ဓာကိုယ်သည် ကြိုးတန်းလန်းနှင့် ကျသွားတော့၏။ အနည်းငယ် ငြိမ်သက်သွားသည်နှင့် အကျဉ်းထောင်ဆရာဝန်က စမ်းသပ်ပြီး ဗိုလ်ချစ်လှိုင် အသက်မရှိတော့ကြောင်း ကြေညာလိုက်တော့၏။

ပြူစောထီးဗိုလ်ချစ်လှိုင် ဦးစီး၍ ကျူးလွန်ခဲ့သော ဆိတောင်အိုင် ဓားပြမှုနှင့် လူသတ်မှုကြီးဟု ဆိုလျှင် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်ခန့်က ကျွန်တော်တို့ မြန်မာနိုင်ငံမှ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာတို့ဖြင့်ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင် ထိုဆိတောင်အိုင်ကျေးရွာ ရက်စက်မှုကြီးအကြောင်း သတင်းများ၊ သတင်းဆောင်းပါးများကို ကျွန်တော်တို့ ဖတ်ရှုခဲ့ကြရ၏။ ထိုရက်စက်မှုသတင်းအတိအကျကို ပထမဆုံး မျက်နှာဖုံးသတင်းအဖြစ် စတင်ရေးသား ဖော်ပြခဲ့သော သတင်းစာကြီးမှာ ထိုစဉ်ကာလက စောင်ရေအများဆုံး ထုတ်ဝေရပြီး ဩဇာတိက္ကမကြီးမားသော ကြေးမုံသတင်းစာကြီးဖြစ်သည်။ ကျွန် တော်မှတ်မိသလောက် ရေးသားဖော်ပြရမည်ဆိုလျှင် ၁၉၅၇ ခုနှစ်၊ မေလ ၂၇ ရက်နေ့ ထုတ်ဝေသော ကြေးမုံသတင်းစာကြီး၏ မျက်နှာဖုံးတွင် ခြောက်လိုင်းစာလုံးမည်းကြီးများဖြင့် မြန်မာနိုင်ငံသမိုင်းနှင့် မြန်မာနိုင်ငံမှုခင်းသမိုင်းတွင် တစ်ကြိမ်တစ်ခါမှ မကြားခဲ့ရဖူးသော ရင်သိမ့်တုန်သတင်းကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့၏။

''ပြူစောထီးတို့၏ လူသတ်ပွဲ''ဟူသော ခေါင်းစည်းမည်းကြီးအောက်တွင် ''စက်လှေအဖုံးကို သံမှိုနှက်ကာ လူတစ်ဆယ့်ခုနစ်ယောက်ကို သေနတ်များဖြင့် ပစ်သတ်ကြခြင်း''ဟူ၍လည်း ထိုသတင်း၏ခေါင်းစဉ်ငယ်အဖြစ် ဖော်ပြထားခဲ့၏။ ထို့ပြင် ထိုရက်စက်သော လူသတ်ပွဲမှ သေဆုံးသူ မြိတ်မြို့မှရော်ဘာခြံပိုင်ရှင် ဦးအဟောက်၊ ၎င်း၏ဇနီး ဒေါ်ကျင်ပွား၊ ထိုလူသတ်ပွဲကြီးမှ လွတ်လာသူ ပဲ့နင်းကြီးဦးဘတူနှင့် စက်လှေသမား မောင်ထွန်းတင်တို့၏ ဓာတ်ပုံများကိုပါ မျက်နှာဖုံးတွင် အရေးပေး၍ ထည့်သွင်းဖော်ပြထားခဲ့သည်။ ထိုသတင်းကို ဖတ်ရှုကြရသော သတင်းစာဖတ်ပရိသတ်အများသည် ရန်ကုန်မြို့ရှိ မြိတ်အသင်းတည်ရှိရာသို့ စုဝေးသွားရောက်သတင်းမေးမြန်းခဲ့ကြသည်။

နောက်တစ်နေ့ထုတ်ဝေသော မြန်မာ့အလင်း၊ ဟံသာဝတီ၊ ရန်ကုန်သတင်းစာနှင့် အခြားသတင်းစာကြီးများကလည်း ထိုသတင်းကိုပင် စာဖတ်သူအများ စိတ်ဝင်စားဖွယ် သတင်းခေါင်းစဉ်ဖြင့် ရေးသားဖော်ပြခဲ့ကြသဖြင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံး တုန်လှုပ်ချောက်ချားခဲ့ရသော သတင်းဖြစ်သည်။ ထိုသတင်းများ၏ အတိုချုပ်မှာ မြိတ်မြို့တွင်နေထိုင်သော ရော်ဘာခြံပိုင်ရှင် ဦးအဟောက်နှင့် ဇနီး ဒေါ်ကျင်ပွားအပါအဝင် စက်လှေသား ၁၀ ဦး လိုက်ပါလာသော အောင်ကြီးသာစက်လှေ

www.burmeseclassic.com

www.burmeseclassic.com

အား ကာကွယ်ရေးပြူစောထီးတပ်သားများက မြိတ်မြို့ ကမ်းလွန်ပင်လယ်ပြင်၊ ဆတ်ကျွန်းမှ ပင်လယ်ဘက်သို့ အခမ့်မောင်းနှင်စေပြီး ပင်လယ်ရေကြောင်း အနီးရောက်သည်နှင့် ပြူစောထီးတပ်သားများ လိုက်ပါလာသည့် သိန်းသန်းစက်လှေမှ ပြူစောထီးတပ်သားများ အောင်ကြီးသာစက်လှေပေါ်သို့ တက်ရောက်ခဲ့ပြီး လူများအား စက်လှေဝမ်းအတွင်း ကန်ချ၍ စက်လှေပေါ်မှ ပစ္စည်းများကို လုယူခဲ့ကြသည်။ ထို့နောက် စက်လှေကို ပုဆိန်များဖြင့်ပေါက်၍ ရေနစ်ခဲ့သည်ဟုဆိုသည်။ စက်လှေအံဖုံးကိုဖွင့်၍ ရေပေါ်ပေါ်လာသူများကို သေနတ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြသည်။ သေကံမရောက်သဖြင့် ထိုလူသတ်ကွင်းမှ လွတ်မြောက်လာသူ ပဲ့နင်းဦးဘတူနှင့် လှေထိုးသား မောင်ထွန်းတင်တို့မှာ ပြူစောထီးတပ်သားများရန်ကို ကြောက်ရွံ့ရသဖြင့် ပုန်းနေကြရသည်ဟုဆိုသည်။ ထိုဖြစ်စဉ်ကို သက်ဆိုင်ရာမှ အရေးယူခြင်းမရှိသေးဟု ရေးသားဖော်ပြခဲ့၏။

ဤတွင် ယနေ့စာဖတ်သူများ ရှင်းရှင်းလင်းလင်း သိရှိထားစေရန် အလျဉ်းသင့်သဖြင့် ''ပြူစောထီး''ကာကွယ်ရေးတပ်ဖွဲ့အကြောင်း အနည်းငယ် ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

ကျွန်တော်တို့မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိပြီး လပိုင်းအတွင်း ကွဲအက်ရေးနှင့် ခွဲထွက်ရေးဝါဒကို လက်ကိုင်စွဲထားသော နိုင်ငံရေးသမားများ၊ တစ်ယူသန်မျိုးချစ်များ၊ လူမျိုးရေးအာဃာတများကြောင့် မီးခိုးနံ့၊ ယမ်းနံ့နှင့် သေနတ်သံ၊ မော်တာသံ ဆူဝေနေခဲ့သည်။ မြို့ရွာအများကို ရောင်စုံသူပုန်များက သိမ်းပိုက်ထားခဲ့သည်။ နိုင်ငံတကာမှ သတင်းမီဒီယာများကပင် ထိုစဉ်က အာဏာရ ဖဆပလ အစိုးရအား ရန်ကုန်အစိုးရဟု သရော်ရေးသားခဲ့ကြသည်။

၁၉၅၀ ပြည့်နှစ်က စတင်၍ ဖဆပလ အစိုးရသည် တပ်မတော်၏အကူအညီနှင့် မြို့ရွာအများကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သော်လည်း ၁၉၅၅ ခုနှစ်ခန့်အထိ အချို့မြို့နယ်အများတွင် ရောင်စုံသူပုန်များက သိမ်းပိုက်ထားဆဲဖြစ်သည်။ သို့ဖြစ်၍ အာဏာရဖဆပလအစိုးရသည် ''ပြူစောထီး''တပ်ဖွဲ့အမည်ဖြင့် ကာကွယ်ရေးအဖွဲ့

**ဤအမှုကြီးကား**
**မြန်မာနိုင်ငံမှုခင်းသမိုင်းတွင်**
**စာတင်လောက်ပေသည်။ ရက်စက်မှုမှာ**
**ဥဒါန်းကျေနိုင်စရာမရှိ။**
**အဘယ်ကြောင့်ဆိုသော် လူသတ်သူများနှင့်**
**အသတ်ခံရသူ ၁၃ ယောက်တို့သည်**
**သိကြမြင်ကြဘူးသူများဖြစ်သည်။**
**ဤလူစုကို သတ်ခဲ့သဖြင့်**
**ရရှိသောပစ္စည်းများမှာလည်း**
**တစ်သက်လုံးစားမကုန်အောင်**
**တန်ဖိုးကြီးမားသော**
**ရွှေ၊ စိန်၊**
**လက်ဝတ်ရတနာများမဟုတ်ပါ . . .**

အစည်းကို တရားဝင်ဖွဲ့စည်း၍ လက်နက်တပ်ဆင်ပေး ခဲ့သည်။ ထိုအဖွဲ့ဝင်များကိုလည်း လက်နက်ကိုင်စွဲတတ် အောင် လေ့ကျင့်ပေးခဲ့သည်။

ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော မြိတ်ခရိုင် သည် ထိုစဉ်က ရောင်စုံသောင်းကျန်းသူများက ကျေး ရွာငယ်များအား သိမ်းပိုက်ထားခဲ့သည်။ ထိုသောင်း ကျန်းသူများကို ရင်ဆိုင်ရန် ပြူစောထီးဖွဲ့ဝင်များအား လက်နက်တပ်ဆင်ပေးခဲ့ရာမှ ယင်းဆီတောင်အိုင်ကျေးရွာ လူသတ်မှုကြီး ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်သည်။ သတင်းမှတ်တမ်းများအရ အထက်ဖော်ပြပါ မှုခင်းကြီးကို ကျူးလွန်ခဲ့ကြသော ပြူစောထီးဗိုလ်ချစ်လှိုင် ခေါင်းဆောင်သောအဖွဲ့မှာ အင်အားကောင်းသဖြင့် အာဏာ ပိုင်များက ရုတ်တရက် အရေးယူနိုင်ခြင်းမရှိခဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဖဆပလအစိုးရအား အတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်းများက ပြူစောထီးတပ်ဖွဲ့များ ဖျက်သိမ်းရေးကို တောင်းဆိုခဲ့ကြသည်။ မြိတ်ခရိုင် ပမညတ အမတ် ဗိုလ်ထွန်းစိန်သည် ထိုစဉ်က ဖဆပလအစိုးရ၏ ပြည်ထဲရေးဝန်ကြီးအား တွေ့ဆုံ၍ ဆီတောင်အိုင် လူသတ်ဓားပြတိုက်မှုကြီးအား အရေးယူဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

ဤသို့အတွင်း ဖဆပလ ပြည်ထဲရေးဝန်ကြီးက ပေးခဲ့သောကတိအတိုင်း ဇွန်လ ၄ ရက်နေ့တွင် အထက်ဖော်ပြပါ အစုလိုက်အပြုံလိုက် လူသတ်မှုကြီးကို စုံစမ်းစစ်ဆေးရန် ကော်မတီတစ်ရပ်ဖွဲ့၍ မြိတ်မြို့သို့စေလွှတ်ခဲ့သည်။ အထက်ဖော်ပြပါ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ မြိတ်မြို့သို့ ရောက်ရှိလာသည့်အချိန်ထိ လူသတ်မှုကြီးကို ကျူးလွန်သူများဟု စွပ်စွဲခံရသော ပြူစောထီး ဗိုလ်ချစ်လှိုင်ခေါင်းဆောင်သော ပြူစောထီးတပ်ဖွဲ့ဝင်များသည် သေနတ်ကြီးများတကားကားနှင့် မြိတ်မြို့ပေါ်တွင် သွားလာလျက်ရှိသည်ဟု ဆိုကြသည်။

ရန်ကုန်မြို့မှထုတ်ဝေသော သတင်းစာကြီးများကမူ မြိတ်ခရိုင်၊ ဆီတောင်အိုင်ဓားပြမှုကြီးအကြောင်းကို ပင် နေ့စဉ်ရက်ဆက် ဖော်ပြခဲ့ရာ ပြည်သူလူထုက လက်ရှိအာဏာရ ဖဆပလအစိုးရသည် လူသတ်သမားဟု စွပ် စွဲခံရသူများအား အရေးယူမှု နှောင့်နှေးလေးကန်သည်ဟုထင်ကြသည်။ သတင်းစာကြီးများကလည်း အဘယ်ကြောင့် ဤလူသတ်မှုကြီးကို စစ်ဆေးစုံစမ်းရာတွင် ကြန့်ကြာနေသနည်းဟု အစိုးရအား အပြစ်ဖို့၍ ရေးသားခဲ့ကြသည်။

ရက်သတ္တ တစ်ပတ်ခန့်အကြာတွင်မူ ဤလူသတ်မှုကြီးကို ကျူးလွန်သူများဟု စွပ်စွဲခံရသူ ပြူစောထီး ဗိုလ်ချစ်လှိုင်ခေါင်းဆောင်သော ပြူစောထီးများထံမှ လက်နက်များကို သိမ်းယူခဲ့၍ ကာကွယ်ရေးပုဒ်မ ၅ ဖြင့် ဖမ်းဆီးထားခဲ့သည်။ ထိုဖမ်းဆီးထားသော ပြူစောထီးတပ်ဖွဲ့ဝင်များကို လူစုခွဲ၍ တစ်ဦးချင်းစစ်ဆေးခဲ့ရာ ဇွန်လ ၉ ရက်နေ့တွင် ပြူစောထီးတပ်သား ငွေစိန်က ဤရက်စက်သော လူသတ်မှုကြီးတွင် ဗိုလ်ချစ်လှိုင်ခေါင်းဆောင်သော သူတို့တပ်ဖွဲ့ဝင်များ ဓားပြမှုကိုကျူးလွန်၍ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သော လူသတ်မှုကြီး စတင်ဖြစ်ပွားခဲ့ရာမှ လူများကို မည်ကဲ့သို့ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြပုံများကို ဖြောင့်ချက်ပေးခဲ့သည်။

ဤမှုကြီးကျယ်၍ ရက်စက်သော အမှုကြီးကို မြိတ်ခရိုင်ရဲအဖွဲ့ဝင်တို့ စစ်ဆေးမည်ဆိုပါက ဥပဒေသဘောတရားအရ မှန်မှန်ကန်ကန် ဆောင်ရွက်သည်ဆိုစေကာမူ မြို့ရွာလူထုနှင့် လက်ပွန်းတတီး နေသူများဖြစ်၍ လူထုအထင်အမြင် လွဲမှားနိုင်သဖြင့် သက်ဆိုင်ရာမှ စစ်ဆေးရေးကို နိုင်ငံတော်စုံထောက်အဖွဲ့သို့ တာဝန်ပေးခဲ့၏။

ဤအမှုကြီးကား မြန်မာနိုင်ငံမှုခင်းသမိုင်းတွင် စာတင်လောက်ပေသည်။ ရက်စက်မှုမှာ ဥဒါန်းကျေနိုင်စရာမရှိ။ အဘယ်ကြောင့်ဆိုသော် လူသတ်သူများနှင့် အသတ်ခံရသူ ၁၃ ယောက် (သတင်းစာအချို့တွင် အသတ်ခံရသူဦးရေ စာရင်းကွဲလွဲခဲ့၏)တို့သည် သိကြမြင်ကြဘူးသူများဖြစ်သည်။ ဤလူစုကို သတ်ခဲ့သဖြင့် ရရှိသော ပစ္စည်းများမှာလည်း တစ်သက်လုံးစားမကုန်အောင် တန်ဖိုးကြီးမားသော ရွှေ စိန်၊ လက်ဝတ်ရတနာများမဟုတ်ပါ။ ရော်ဘာပြားများသာဖြစ်ပြီး တန်ဖိုးငွေကျပ်ခြောက်သောင်းခန့်သာတန်သည်ဟုဆိုသည်။

နိုင်ငံတော်စုံထောက်အဖွဲ့ကလည်း ထိုအမှုကြီးကို စနစ်တကျ စုံစမ်းစစ်ဆေး၍ နှစ်လခန့်အကြာတွင် သက်ဆိုင်ရာသို့ အမှုကို ခိုင်မာစွာတည်ဆောက်၍ တင်ပြနိုင်ခဲ့၏။ နိုင်ငံတော်အစိုးရကလည်း ဤအမှုကြီးသည် တိုင်းပြည်တစ်ပြည်လုံး ထူးထူးခြားခြား အာရုံစိုက်သောအမှုဖြစ်ရကား အမြန်ဆုံးနှင့် အမှန်ကန်ဆုံးဖြစ်နိုင်ရန် အထူးခုံရုံးဖွဲ့စည်း၍ စစ်ဆေးခဲ့ရာ အမှုကို ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် စီရင်ချက် ချမှတ်နိုင်ခဲ့၏။ ထိုစီရင်ချက်တွင် ပြူစောထီးခေါင်းဆောင် ဗိုလ်ချစ်လှိုင်နှင့် ဗိုလ်ထွန်းဝိုင်းတို့အား သေဒဏ်ချမှတ်၍ ကျန်ပြူစောထီးတပ်သား အယောက် ၂၀ တို့ကိုမူ ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတိုင်း ပြစ်ဒဏ်ချမှတ်ခဲ့သည်ဟု ဆိုကြပါကြောင်း။ ။

လှမ်းသက်

ကျမ်းကိုး– သတင်းစာမှတ်တမ်းများ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



**မြဒင်သည်**
**အိမ်မှာသာ**
**ရေမြွေ၊**
**ရပ်ကွက်ထဲမှာတော့**
**မြွေပွေးဖြစ်သည်။**
**မထိနဲ့၊**
**ထိတာနဲ့**
**ပေါက်လိုက်ရမှ**
**ကျေနပ်သည့်**
**လူစားဖြစ်သည်**
**...**

အချိန်က စစ်ကြိုခေတ်ကာလ။

စက်ဆန်းရပ်ကွက်လေး၏ နံနက်ခင်းသည် လူသံ၊ ခွေးသံ၊ ငှက်သံများဖြင့် နိုးထလာသည်။

''အောက်...အီးအီး..အွတ်''

''အောက်...အီးအီး..အွတ်''

''ကိုမြဒင်.....ထ.....ထ ရှင်သည်း အလုပ်သွားရဦးမယ်မဟုတ်သား၊ ရောင်နီလာနေပြီ၊ ထတော့ ကိုမြဒင်''

နံဘေးမှ ဇနီးသည်၏ တွန်းဘွန်းတိုက်တိုက် အိပ်ရာမှနှိုးလိုက်သံကြောင့် အိပ်မှုံစုံမွှားဖြင့် ထထိုင်လိုက်သည်။

''ဟာကွာ မင်းကလည်း မိုးတောင်သိပ်မလင်းသေးဘူး၊ ဘာကတည်းမှုပဲ''

ဇနီးသည်ကို မကျေမနပ်နှင့် ပြောဆိုကာ ပြန်အိပ်ရန်ပြင်လိုက်သည်။

''ပြန်မအိပ်နဲ့တော့ ကိုမြဒင်၊ ရှင့်သမီး ဘကြီးအိမ်ဆွမ်းကျွေးမှာ ဝိုင်းကူလုပ်ပေးဖို့ ရှင်လိုက်ပို့ပေးရဦးမယ်လေ၊ ထ.....ထ မအိပ်နဲ့တော့''

''အေးပါကွာ၊ မအိပ်တော့ပါဘူး၊ ငါလည်း မနေ့ညက အိပ်ရာဝင်နောက်ကျသွားတော့ အိပ်ရေးမဝသလို ဖြစ်နေလို့ကွ''

''ရှင် ဘယ်အိပ်ရေးဝမလဲ၊ ညက ဟိုဘက်လမ်းက မြင့်စိန်တို့အုပ်စုနဲ့ အရက်ဝိုင်းထောင်တာ မသိတာမှတ်လို့၊ ဟွန်း.....''

ဇနီးသည်၏ မျက်စောင်းတစ်ချက် ဝေ့ခနဲထိုးလိုက်သည်ကို မြင်လိုက်ရသည့်ခဏ မြဒင် ပြန်မအိပ်ရဲတော့ဘဲ အိပ်ရာမှ ကမန်းကတန်းထ၍ ရေကပြင်သို့ လျှောက်သွားလေသည်။

တကယ်တော့ မြဒင်သည်

www.burmeseclassic.com

www.burmeseclassic.com

အိမ်မှာသာ ရေမွှေး၊ ရပ်ကွက်ထဲမှာတော့ မွှေပွေးဖြစ်သည်။ မထိနဲ့၊ ထိတာနဲ့ ပေါက်လိုက်ရမှ ကျေနပ်သည့် လူစားဖြစ်သည်။

ဒါကြောင့် စက်ဆန်းရပ်ကွက် တစ်ရပ်ကွက်လုံးက သူ့ကို မွှေပွေး မြဒင်ဟု ကွယ်ရာတွင် အမည်ပေး ကင်ပွန်းတပ်ထားကြသည်။

ဒါက ရပ်ကွက်ကသိထားသော သူ၏အရည်အချင်း တစ်ခုပဲ ရှိသေးသည်။

ရပ်ကွက်က မသိသေးသော သူ၏အရည်အချင်းနောက်တစ်ခုကတော့ မျက်ကွယ်အစွမ်းရှိမှန်း မသိကြခြင်းပင်ဖြစ်သည်။

ဒါကလည်း မွေးရာပါမဟုတ်။

သူ ငယ်ငယ် ကလေးဘဝက ဖြစ်သည်။ ကလေးသဘာဝ ဆော့ကစားရင်း အလည်လွန်ကာ ရွာစွန် တောစပ် ရောက်သွားသည်။

တောစပ်တွင် လူကြီးတစ်ဦးနှင့် ဆုံခဲ့ရာက မျက်ကွယ်ဇာတ်လမ်း စခဲ့သည်။

ပုဂ္ဂိုလ်ကြီးက မြဒင်အားခေါ်ပြီး သူ့ထံမှ ဆေးလုံးလေးတိုက်ကာ ဂါထာတစ်ပုဒ်အား အရသင်ပေးရင်း လိုချင်သောပစ္စည်းယူခါနီးရင် ထိုဂါထာအားရွတ်၍ယူရန် မှာကြားခဲ့သည်။

ထိုစဉ်က မြဒင် အသက် ၁၂ နှစ်၊ ၁၃ နှစ်ဝန်းကျင် စူးစမ်းစိတ်ဖြင့် ပြုလုပ်ခဲ့ခြင်းသာဖြစ်သည်။

ရပ်ကွက်ထဲပြန်ရောက်တော့ ထိုကိစ္စကို သတိမရ။ ဆော့မြဲ၊ ကစားမြဲပင်။

"ဟဲ့...မြဒင်၊ လမ်းထိပ်က အကြော်ဆိုင်မှာ အကြော်သွားဝယ်ပေးစမ်း။ ပိုက်ဆံ နောက်ရက်မှပေးမယ်ပြော၊ အမေကလို့လည်း ပြောဦးနော်၊ မြန်မြန်သွား မြန်မြန်ပြန်လာဦး ကြားလား"

အမေခိုင်း၍ လမ်းထိပ်အကြော်ဆိုင်ထွက်ခဲ့သည်။ အကြော်ဆိုင်ရှေ့ရောက်သောအခါ မနက်က တောစပ်မှ ပုဂ္ဂိုလ်ကြီးသင်ပေးလိုက်သော ဂါထာလေးကို သတိရသွားသည်။

"လိုချင်တဲ့ပစ္စည်း ရတယ်ဆိုတဲ့ဟာ တကယ်ဟုတ်၊ မဟုတ်စမ်းကြည့်မှပဲ"

ဆိုင်ထဲတွင် ဆိုင်ရှင်မိန်းမကြီးနှင့် အကြော်စားသူတစ်ယောက်သာ ရှိသည်။

မြဒင် ဂါထာကို တိုးတိုးလေး ရွတ်လိုက်ပြီး ဆိုင်ရှင်အဒေါ်ကြီးရှေ့ ဗန်းထဲမှ အကြော်များ လေးငါးခု ကောက်ယူလိုက်သည်။

ထို့နောက် ဘာမှမပြောဘဲ လှည့်ထွက်လာသည်။

ထူးဆန်းသည်မှာ သူ ထိုသို့ အကြော်များနှိုက်ယူနေသည်ကို ထိုမိန်းမကြီး ဘာမှမပြောဘဲ ကြောင်ကြည့်နေခြင်းပင်။ မြဒင် ပြန်ထွက်သွားသည်အထိ တစ်ခွန်းမျှမပြောခဲ့ပေ။

ထိုအချိန်မှစ၍ မြဒင် လက်ရဲကာ ဟိုပစ္စည်းနည်းနည်း၊ ဒီပစ္စည်းနည်းနည်းယူရင်း လက်ယဉ်လာသည်။

✦ ✦ ✦



အသက် ၂၀ ဝန်းကျင် လူပျိုပေါက် မြဒင်ဖြစ်လာခဲ့ပေပြီ။

"ဟဲ့..မြဒင် နင့်ကို ငါမေးစရာရှိလို့ ခဏလာဦး"

သူ့ငယ်သူငယ်ချင်း မြရင်ဆိုသော ကောင်မလေးဖြစ်သည်။ မြရင်၏ခေါ်သံကြောင့် မြဒင် ပြန်မေးလိုက်သည်။

"ဘာလဲဟ မြရင်ရ"

"ငါအကောင်းမေးမလို့၊ နင် မှန်မှန်ဖြေနော်၊ နင်ဈေးထဲသွားတိုင်း ပိုက်ဆံမပါဘဲ ပြန်လာရင် စားစရာတွေ ပါပါလာတာ ဘယ်လိုရလာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မြရင်၏အမေးကို မြဒင် ခဏစဥ်းစားရင်း.....

''ငါ့မှာ တန်ခိုးရှိလို့ပေါ့ဟ''

''နင် မနောက်နဲ့၊ ငါအတည်ပြောနေတာ၊ မှန်မှန်ပြော''

အတင်းမေးမှ မြဒင်က ခပ်တိုးတိုး ပြန်ပြောလိုက်သည်။

''နင်မယုံရင် လက်တွေ့ပြမယ်၊ ငါနဲ့ဈေးထဲလိုက်ခဲ့''

''ဈေးသွားတာ ဟုတ်ပါပြီ၊ နင့်မှာ ပိုက်ဆံမပါဘဲနဲ့ ဘယ်လိုလုပ်မှာလဲ''

''အေး.....ငါအစွမ်းပြမယ်ဆိုတာလည်း အဲဒါပဲ၊ ငါ ပိုက်ဆံမပါဘဲနဲ့ အဲဒီဈေးထဲက ငါးတွေယူပြမယ်၊ ကြည့်''

စကားတပြောပြောနှင့် ဈေးဝရောက်လေပြီ။

''ဟဲ့.....ငါကြောက်တယ်ဟ၊ နင့်ဥစ္စာ ဟုတ်မှဟုတ်ရဲ့လား၊ တော်ကြာ ငါတို့နှစ်ယောက်စလုံး ဝိုင်းရိုက်ခံနေရဦးမယ်''

မြရင် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ရှေ့ဆက်မလိုက်ရဲဖြစ်နေသည်။

''နင်ကလည်း လာစမ်းပါ၊ လိုက်မှာသာ လိုက်စမ်းပါ၊ ကျန်တာငါ့တာဝန်ထား၊ နင်ဘာမှမဖြစ်စေရဘူး၊ စိတ်ချ၊ ငါတို့ကို ဘယ်သူမှ မရိုက်စေရဘူး၊ ငါတာဝန်ယူတယ်၊ လာ.....''

ဈေးတန်းထဲ နှစ်ယောက်သား ဟိုဟိုဒီဒီလျှောက်ကြည့်ရင်း သားငါးတန်းဘက် ရောက်လာကြသည်။

''ကဲ.....မြရင် နင့်အမေ ငါးသလောက်ပေါင်းကြိုက်တယ်ဒို့၊ ဟိုမှာ ငါးဆိုင်တွေ့လား၊ အဲဒီက ငါးသလောက်တွေ ငါယူပေးမယ်၊ နင်ဒီမှာနေခဲ့''

ပြောပြောဆိုဆို မြဒင် ငါးဆိုင်ရှေ့ရောက်သွားသည်။ ဆိုင်ရှေ့တွင် ဝယ်သူတစ်ယောက်သာရှိသည်။ ငါးသည်ကြီးက ငါးများရေဆေးနေသည်။

မြဒင်၏လှုပ်ရှားမှုကို စောင့်ကြည့်နေသော မြရင်တစ်ယောက် ရင်ထဲတွင် ရထားကြီးတစ်စင်းခုတ်နေသလို တဒုံးဒုံးဖြင့် ရင်ခုန်နေသည်။

မြဒင် ငါးဆိုင်ရှေ့ရပ်ရင်း အိမ်မှပါလာသော လွယ်အိတ်အဟောင်းလေးအား ခါးကြားမှထုတ်လိုက်သည်။ ငါးသည်မိန်းမကြီးရှေ့တွင်ပင် ဆိုင်ပေါ်မှ ငါးသလောက်များကို တစ်ကောင်ပြီးတစ်ကောင် လွယ်အိတ်ထဲ ကောက်ထည့်လိုက်သည်။ မိန်းမကြီးပုံစံက မြဒင်ကို မမြင်သလိုတွေ့နေရသည်။

ငါး လေးငါးကောင်လောက်ယူပြီး မြဒင်ပြန်လှည့်ထွက်ခဲ့သည်။ မြရင်အနားရောက်သည်နှင့် လွယ်အိတ်ကို မြရင်အား လှမ်းပေးလိုက်သည်။

''ရော့.....မြရင်၊ နင့်အမေအတွက် ငါးသလောက်တွေရပြီ၊ နင်ချက်ဖို့သာပြင်ပေတော့၊ ချက်ပြီးရင်တော့ ငါ့ကို ဟင်းတစ်ခွက်ပေးဖို့ မမေ့နဲ့နော်''

ရယ်ရယ်မောမောနှင့် မြဒင်အား လှမ်းပြောရင်း နှစ်ယောက်သား ဈေးထဲမှ ပြန်ထွက်လာကြ

မြဒင်
ငါးဆိုင်ရှေ့ရပ်ရင်း
အိမ်မှပါလာသော
လွယ်အိတ်
အဟောင်းလေးအား
ခါးကြားမှထုတ်လိုက်သည်။
ငါးသည်မိန်းမကြီး
ရှေ့တွင်ပင် ဆိုင်ပေါ်မှ
ငါးသလောက်များကို
တစ်ကောင်ပြီးတစ်ကောင်
လွယ်အိတ်ထဲ
ကောက်ထည့်လိုက်သည်။
မိန်းမကြီးပုံစံက
မြဒင်ကို မမြင်သလို
တွေ့နေရသည်
...

www.burmeseclassic.com

www.burmeseclassic.com

သည်။ မြရင် တစ်လမ်းလုံး စကား မပြောဘဲ မြဒင်ကိုသာ ငေးကြည့် ရင်း လျှောက်နေမိသည်။

"နင် တော်တော်ထူးဆန်းတာ ပဲ မြဒင်"

မြရင်မှာ ထိုစကားတစ်ခွန်းသာ ပြောနိုင်တော့သည်။

မြဒင်ကတော့ပြုံးစိစိဖြင့် မြရင် အား ငေးကြည့်ရင်း သူ့အမေချက် ထားမည့် ငါးသလောက်ပေါင်းကို သာ မြင်နေမိတော့သည်။

+ + +

မြဒင် အချိန်တန် အရွယ် ရောက်ပြီး သီးချိန်တန်သီး၊ ပွင့်ချိန် တန်ပွင့်မို့လားမသိ။ မြရင်ဆိုသော ငယ်သူငယ်ချင်းနှင့် ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် ရောက်ရှိ ခဲ့လေသည်။

မြဒင်ကတော့ သူ့မူလအလုပ် ဖြစ်သည့် လက်သမားအလုပ်ဆက် လုပ်ပြီး ဇနီးသည်ကတော့ အိမ် ထောင်တာဝန်များဖြစ်သည့် အိမ်၏ ဝေယျာဝစ္စများလုပ်ကိုင်ရင်းဖြင့် သမီးတစ်ယောက်၊ သားတစ် ယောက် သူတို့ဘဝထဲသို့ ရောက်ရှိ ခဲ့သည်မှာ ၁၃ နှစ်ခန့်ရှိခဲ့လေပြီ။

"ကိုမြဒင်"

"ဘာလဲ မြရင်"

"ကျုပ်တို့အိမ်ထောင်သက် က ဘာလိုလိုနဲ့ သမီးလေးတောင် အရွယ်ရောက်လာပြီနော်၊ ရှင်လည်း ပိုက်ဆံပိုရမယ့် အလုပ်ကလေးတစ် ခုလောက် ထပ်ရှာရင်ကောင်းမယ်၊



ရှင့်ဒီလက်သမားအလုပ်က ပိုက်ဆံ ရတစ်ချက်၊ မရတစ်ချက်နဲ့ ထမင်း နပ်မမှန်ပါဘူး၊ ဒီ့ထက်ကောင်းတဲ့ အလုပ်တွေ့ရင်လည်း ဝင်သာလုပ် လိုက် ကိုမြဒင်"

ဇနီးသည်၏ ခပ်ညည်းညည်း လေး ပြောလိုက်သောစကားသံ ကြောင့် မြဒင် စိတ်ညစ်သွားသည်။

"ငါလည်း ဒီလက်သမား အလုပ်ကို ကြိုးစားပြီးလုပ်တာပဲ ကွာ၊ အခုတလော တို့မြို့ဘက်က လည်း စစ်ရိပ်စစ်ငွေ့တွေက သန်း လာတော့ လုပ်ရကိုင်ရတာ အရင် လို အလုပ်သိပ်မဖြစ်ဘူးကွ၊ မင်း ပြောသလို ငွေရမယ့်အလုပ်တစ်ခု တော့ အမြန်ဆုံးရှာမှဖြစ်မယ်၊ ကလေးတွေရဲ့ရှေ့ရေးလည်း ရှိသေး တယ်ကွ"

မြဒင် ပြောရင်း ခေါင်းယမ်း လိုက်သည်။

"ကဲ...မြရင် ငါ လမ်းထိပ်က လက်ဖက်ရည်ဆိုင် သွားလိုက်ဦး မယ်ကွာ"

ပြောပြောဆိုဆို ထ၍ လမ်း ထိပ်သို့ ထွက်လာခဲ့သည်။

လမ်းထိပ်လက်ဖက်ရည်ဆိုင် ထဲတွင် လူစည်နေသည်။

"လက်ဖက်ရည်တစ်ခွက်ဟေ့ ချိုဆိမ့်လေးလုပ်ကွာ"

ထိုင်ခုံအလွတ်တစ်ခုတွင် ဝင် ထိုင်လိုက်ပြီး လက်ဖက်ရည်မှာ လိုက်သည်။ ဆိုင်ထဲမှာတော့ လူ အပြည့်ရှိနေသည်။

လာချပေးသော လက်ဖက် ရည်ကို တစ်ငုံသောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



**ငါ့ကို ရိုက်လွှတ်လိုက်တဲ့ ကောင်တွေကိုပေါ့၊**
**သုံးယောက်တစ်ယောက်မို့လို့ ခံလိုက်ရတာ၊**
**တစ်ယောက်ချင်းသာဆို**
**အမှုန့်ကြိတ်ပစ်မယ် ...**

ရေနွေးကြမ်းတစ်ခွက်ငှဲ့ကာ ချထားလိုက်သည်။

ဆိုင်ထဲသို့ မြဒင် တစ်ချက်ဝေ့ကြည့်လိုက်သည်။ မြဒင်အကြည့်က တစ်ဝိုင်းကျော်မှ လူသုံးယောက်ဆီသို့ ရောက်သွားသည်။

"ဟာ.....ကျောက်ဒိုးတို့အုပ်ပါလား၊ အတော်ပဲ၊ ဟိုတလောက ငါ့ကို အိမ်ပြင်ခိုင်းတာ ပိုက်ဆံမရသေးဘူး၊ ငါလည်း ပိုက်ဆံပြတ်နေတော့ ကြုံတုန်းသွားတောင်းမှ"

ကျောက်ဒိုးတို့ဝိုင်းသို့ လျှောက်သွားလိုက်သည်။

"ဟေ့...ကျောက်ဒိုး အတော်ပဲ မင်းကိုတွေ့တုန်းပြောစရာရှိလို့"

မြဒင် ဝင်ထိုင်လိုက်သည်ကို ကျောက်ဒိုးက နှစ်သက်ပုံမရပေ။

"ဘာလဲ မြဒင်၊ မင်းဘာပြောလို့လဲ၊ ငါတို့အချိန်မရဘူး၊ ပြော"

မြဒင်ကလည်း ခပ်ပြတ်ပြတ်ပြောချလိုက်သည်။

"အေး.....ငါကလည်း ပြောပါ၊ မင်းတို့ ဟိုတလောက ငါ့ကို အိမ်တစ်အိမ်ပြင်ဖို့အပ်တာ ငါပြင်ပေးလိုက်လို့၊ ပြီးတော့ အိမ်ရှင်ကို ပိုက်ဆံတောင်းတာ ဟိုက မင်းကိုပေးသွားတယ်ပြောလို့၊ အဲဒါ ငါလာတောင်းတာ၊ ငါလည်း အခု ငွေလိုနေလို့ လာတောင်းတာပဲ"

ကျောက်ဒိုး မျက်နှာတစ်ချက်တည်သွားပြီး.....

"ဘာတွေလာပြောနေတာလဲ၊ ဒီမှာ ငါတို့ အလုပ်ကိစ္စ စကားပြောနေကြတာကွ၊ မင်းကိစ္စက ပြီးပြီးသားကို ပြဿနာလာရှာမနေနဲ့"

ကျောက်ဒိုးပြန်ပြောလိုက်သော စကားကြောင့် မြဒင် အံ့သြသွားသည်။

"မင်းမှငါ့ကိုမပေးရသေးတာ"

"မပေးနိုင်ဘူးကွာ၊ ငါတို့ အလုပ်ရှုပ်နေတယ်၊ သွားကွာ"

ကျောက်ဒိုးက မြဒင်ကိုမောင်းထုတ်လိုက်သည်။

"ဟေ့ကောင်ကျောက်ဒိုး မင်းက ဒီလိုလား"

ပြောရင်း မြဒင်လက်ထဲ ရေနွေးကရားအသင့်ဖြစ်နေပြီး ကျောက်ဒိုးခေါင်းကို ရိုက်ချလိုက်သည်။ တစ်ခဏအတွင်း ဆိုင်ထဲတွင် ရုတ်ရုတ်သဲသဲဖြစ်သွားသည်။

"ဟာ.....ဟေ့ ချကွာ...ချ"

"ဖုန်း.....ခွပ်"

"ဂလွမ်း.....ဒုန်း.....ဂွမ်း"

ဆိုင်ထဲတွင် ခုံတွေ၊ ပန်းကန်တွေ ပလုံပုံ့ရင်း ရှုပ်ယှက်ခတ်ကုန်သည်။

မြွေပွေးမြဒင် မြင်မြင်ရာဖြင့် ပေါက်နေလေသည်။

ရှေ့ကိုမဲရိုက်နေသော မြဒင်အား နောက်မှ ကျောက်ဒိုးတပည့်နှစ်ဦး၏ ခွေးခြေခုံကျိုးနှင့် အပိုင်ရိုက်ချက်က ချက်ကောင်းထိသွားသည်။

မြွေပွေးကို မြွေပါကိုက်လေပြီ။

"ကဲကွာ.....သေပေတော့"

"ဖြောင်း....."

"ခွပ်....."

"အား....."

အော်သံနှင့်အတူ မြွေပွေးမြဒင် မျက်စိထဲ မှောင်အတိကျသွားသည်။

+ + +

"ကိုမြဒင်ရှင်သက်သာရဲ့လား၊ မထနဲ့ဦး၊ ခဏလှဲနေလေ"

ဖနီးသည်၏ စိုးရိမ်စိတ်နှင့်ပြောဆိုသံကြောင့် မျက်လုံးကို အသာဖွင့်ကြည့်ရင်း.....

"ငါ ဘယ်ရောက်နေတာလဲ"

"ဘယ်ရောက်ရမှာလဲ၊ အိမ်ရောက်နေတာပေါ့၊ မနေ့ညနေက ရှင် အိမ်ကထွက်သွားပြီး လက်ဖက်ရည်ဆိုင်မှာ ကိုကျောက်ဒိုးတို့အုပ်စုနဲ့ ရန်ဖြစ်ရာက ဟိုကဝိုင်းရိုက်လိုက်လို့ ရှင် ခေါင်းထိပြီး သတိမေ့နေတာ၊ တော်သေးတာပေါ့၊ လမ်းထဲက ကောင်လေးတွေက အတင်းပြန်ခေါ်လာပြီး ဆေးတွေဘာတွေထည့်ပြီး အိမ်ပြန်ပို့ပေးလို့ပေါ့"

မြရင်၏စကားသံအဆုံး မြဒင်

www.burmeseclassic.com

www.burmeseclassic.com


တဖြည်းဖြည်း ပြန်စဉ်းစားမိသည်မှာ မနေ့က လက်ဖက်ရည်ဆိုင်ထိုင်ရာက ကျောက်ဒိုးတို့အုပ်စုနှင့် လက်သမားခ အကြွေးတောင်းရင်း ရန်ဖြစ်ခဲ့သည်ကို သတိရသည်။ ထို့အပြင် သူ၏ခေါင်းကို နောက်မှ တစ်စုံတစ်ခုနှင့် အရိုက်ခံရ၍ သတိမေ့သွားခဲ့သည်ကိုလည်း ပြန်သတိရသည်။

"တောက်"

မြဒင် တောက်တစ်ချက်ကို ပြင်းပြင်းထန်ထန် ခေါက်လိုက်မိသည်။

"ကိုမြဒင် ရှင်ဘာကို မကျေမနပ်ဖြစ်နေတာလဲ"

"ဘာဖြစ်ရမှာလဲဟ၊ ငါ့ကို ရိုက်လွှတ်လိုက်တဲ့ ကောင်တွေကိုပေါ့၊ သုံးယောက်တစ်ယောက်မို့လို့ ခံလိုက်ရတာ၊ တစ်ယောက်ချင်းသာဆို အမှုန့်ကြိတ်ပစ်မယ်"

"တော်ပါတော့ ကိုမြဒင်ရယ်၊ ရန်ကိုရန်ချင်း မတုံ့နှင်းပါနဲ့၊ သူတို့ကိုလည်း လူကြီးတွေခေါ်ပြီးဆုံးမပြီးပါပြီ"

မြရင်စကားကို ပြန်မတုံ့ပြန်တော့ဘဲ မြဒင် တုံဏှိဘာဝေလုပ်နေမိသည်။ ရင်ထဲမှာတော့ ဒေါသတို့ဖြင့် ဗလောင်ဆူနေသည်။

"မွေ့ပွေးကို ဒီလိုလုပ်လို့ဘယ်ရမလဲ၊ တစ်ကွေ့တော့ တွေ့ကြဦးမှာပေါ့ကွာ"

ရင်ထဲက ကြိမ်းမောင်းရင်း တနွံ့နွံ့ဖြစ်နေမိသည်။

+ + +

စက်ဆန်းဈေး၏နံနက်ခင်းသည် စည်ကားလျက်ရှိသည်။

"ဟောဒီမှာ ဟင်းရွက်စုံတွေရမယ်နော်၊ လတ်လတ်ဆတ်ဆတ်လေးနော်"

"ငါးတွေရမယ်၊ ငါးတွေနော်၊ ရေချိုပုစွန်တွေလည်းရမယ်"

စက်ဆန်းဈေးထဲ၌ ရောင်းသူ၊ ဝယ်သူများဖြင့် ပျားပန်းခပ်မျှ စည်ကားလျက်ရှိသည်။ အကြံသမား မြဒင် ဈေးတန်းထဲလျှောက်လာရင်း တစ်စုံတစ်ခုကို ရှာနေသည်။

"ဟော.....တွေ့ပြီ၊ တွေ့ကြသေးတာပေါ့"

ကျောက်ဒိုးမိန်းမ ငါးဆိုင်ကို လှမ်းတွေ့လိုက်သည်။ မြဒင် ခပ်သွက်သွက်လေး လျှောက်လိုက်သည်။

ငါးဆိုင်ရှေ့တွင်ရပ်ပြီး မျက်ကွယ်ဂါထာကို ခပ်တိုးတိုးရွတ်လိုက်သည်။

ပြီးနောက် ပါလာသောလွယ်အိတ်ထဲ ငါးတွေကြုံးထည့်တော့သည်။ ထိုအချိန်ထိ ကျောက်ဒိုးမိန်းမ ပုံစံမပျက်။ ငါးများကိုင်တွယ်နေသည်ကို တွေ့ရသည်။ သူ့ကိုရှိ သည်ဟုပင်မထင်။

ငါးများယူပြီး ပြန်ထွက်မည်အလုပ် မြဒင် အတွေးတစ်ခုဝင်လာသည်။

"ငါ ဒီအတိုင်းပြန်သွားမယ့်အတူတူ ငါ့လက်သမားခအကြွေးတွေ မပေးချင်တဲ့ ကျောက်ဒိုး၊ သူ့မိန်းမဆီက ပြန်ယူလိုက်ဦးမယ်"

တွေးမိရင်း ပြန်လှည့်ပြီး ကျောက်ဒိုးမိန်းမ ငါးရောင်းသောပိုက်ဆံများထည့်ထားသည့်ခွက်ထဲ လက်နှိုက်ယူလိုက်သည်။

ပိုက်ဆံများ လက်ထဲဆုပ်ပြီး လက်ပြန်အရုပ်မှာ ခွက်ကိုလက်နှင့် တိုက်မိပြီး ခွက်လွင့်စဉ်ကာ အသံမြည်သွားလေသည်။

"ဂလွမ်.....ဂလွမ်"

ကျောက်ဒိုးမိန်းမ ဖျတ်ခနဲ သတိပြန်ဝင်လာပြီး သူ့ပိုက်ဆံများထည့်ထားသောခွက်ကို လှည့်ကြည့်လိုက်ချိန်တွင် မြဒင်တစ်ယောက် ဈေးထဲမှ ပြေးထွက်သွားလေပြီ။

"ဟာ...ငါ့ပိုက်ဆံတွေ ဘယ်ရောက်ကုန်လဲ၊ လာကြပါဦး၊ ဟောဒီမှာ ပိုက်ဆံတွေဘယ်သူနှိုက်သွားမှန်းမသိဘူး၊ လုပ်ကြပါဦး"

ဈေးထဲတွင် ရုတ်ရုတ်သဲသဲဖြစ်ကုန်သည်။ မိန်းမအော်သံကြောင့် တစ်ဆိုင်ကျော်တွင် စကားပြောနေသော ကျောက်ဒိုး အမြန်ပြေးလာခဲ့သည်။

"ဘာ.....ဘာဖြစ်တာလဲ မိန်းမ"

"ဘာဖြစ်ရမလဲတော်၊ ဈေးရောင်းလို့ရတဲ့ပိုက်ဆံတွေ ခွက်ထဲက ဘယ်သူနှိုက်သွားမှန်းမသိဘူး ဟီး.....ဟီး"

ပြောလည်းပြော၊ ငိုလည်းငိုနှင့် ပြောနေမိသည်။

ကျောက်ဒိုး ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေသည်။

တစ်ဈေးလုံးလည်း တစ်ယောက်တစ်ပေါက်နှင့် ပြောဆိုနေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သလည်းထွက်နေသည်။

"ဈေးဝမှာ မြွေပွေးမြဒင်ကို တွေ့လိုက်တယ်၊ သူ့လက်ထဲမှာလည်း ဘာတွေဆုပ်ထားလဲမသိဘူး၊ သူ့လွယ်အိတ်ထဲမှာလည်း ဘာတွေထည့်ထားမှန်းမသိဘူး၊ ဖောင်းကားနေတာပဲ၊ ပြီးတော့ ကမန်းကတန်း ထွက်ပြေးသွားတာ ကျွန်တော်တွေ့လိုက်တယ်"

တပည့်ကျော်စကားကြောင့် ကျောက်ဒိုးမျက်နှာပေါ်မှ ဒေါသရိပ်သည် တိုက်ခတ်တော့မည့် မုန်တိုင်းအသွင်ပြောင်းသွားသည်။

"ဟော.....ဟုတ်လား၊ ဒါဆိုအဲဒီကောင်ပဲဖြစ်မယ်၊ ကဲ.....ဟေ့ကောင်ထွန်းခင် တို့လူတွေခေါ်ခဲ့၊ အဲဒီကောင်အိမ်သွားမယ်၊ မိလို့ကတော့ အသေပဲ"

ကျောက်ဒိုး ဒေါသတွေအလိပ်လိုက်ထွက်နေချိန်တွင် မြဒင်တစ်ယောက် စက်ဆန်း ၄ လမ်းထိပ်အရက်ဆိုင်၏ ချောင်လေးထဲတွင် အရက်တစ်ပိုင်းနှင့်ငြိမ့်နေလေသည်။

ငါ့သားကိုလည်း
ကိုယ်ထိ
လက်ရောက်
လုပ်သွားတယ်၊
ငါ့မိသားစုကိုလည်း
ကြိမ်းမောင်း
သွားတဲ့ကောင်၊
လူ့ပြည်မှာမထားဘူး၊
အပြတ်ရှင်းမှဖြစ်မယ်
...



✦ ✦ ✦

"ဟေ့.....မြဒင် ထွက်ခဲ့စမ်း၊ ငါ့မိန်းမဆီကယူသွားတဲ့ပိုက်ဆံတွေ ပြန်ပေး၊ မပေးလို့ကတော့ မင်းမလွယ်ဘူး၊ ဟေ့ကောင်မြဒင်၊ ထွက်ခဲ့လေကွာ"

မြဒင်အိမ်ရှေ့တွင် ကျောက်ဒိုး ပွဲကြမ်းနေသည်။

အိမ်ထဲမှ မြဒင်မိန်းမနှင့်သား ပြေးထွက်လာသည်။

[illegible]သည်။

ထိုစဉ် ကျောက်ဒိုးတပည့် [illegible]ယောက်ရောက်လာပြီး.....

"ကိုကျောက်ဒိုး ဘာဖြစ်တာ [illegible]"

"ဘာဖြစ်ရမလဲကွ၊ ငါ့မိန်းမ [illegible]ရောင်းရတဲ့ပိုက်ဆံတွေ လူနိုက် [illegible]းလို့ကွ"

ကျောက်ဒိုး ပြောလည်းပြော၊

www.burmeseclassic.com

“ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်ကြတာလဲ”

“ဘာဖြစ်ရမှာလဲဟ ..၊ နင့်ယောက်ျား မြဒင် ငါ့မိန်းမဆိုင်က ပိုက်ဆံတွေနှိုက်သွားလို့၊ အဲဒါ မြဒင် ဘယ်မှာလဲ ပြော”

ကျောက်ဒိုးတစ်ယောက် ထိန်းမနိုင်သိမ်းမရ ဖြစ်နေသည်။

တပည့်ကျော်တွေကလည်း မြဒင်ထွက်လာလျှင် ဝိုင်းရိုက်ရန် တုတ်များအသင့်ပြင်၍ထားကြသည်။

“ကိုမြဒင် အိမ်မှာမရှိပါဘူးရှင်၊ မနက်ကတည်းကထွက်သွားတာ ခုထိ အိမ်ပြန်မရောက်သေးပါဘူးရှင်”

မြရင်က တုန်တုန်လှုပ်လှုပ်ဖြင့် ရှင်းပြနေသည်။ သားနှင့်သမီးက မိခင်ဘေးတွင်ရပ်ရင်း ကျောက်ဒိုးတို့လူစုကို ကြောင်ကြည့်နေကြ၏။

“အဖေ့ကိုတွေ့ချင်ရင် အဖေရှိတဲ့နေရာ သွားရှာပေါ့ဗျ၊ အိမ်မှာမှ မရှိတာ”

မြဒင်သားက ဘုတောပြီး ပြန်ပြောလိုက်သည်။

“အောင်မာ.....မင်းက လူကလက်တောက်လောက်ရှိသေးတယ်၊ ပုံစံက ဖအေအတိုင်းပဲ”

ပြောပြောဆိုဆိုဖြင့် ကျောက်ဒိုးလက်တစ်ဖက် မြောက်တက်ပြီး မြဒင်သား၏ ပါးပေါ်သို့ ဖြတ်ဝင်သွားသည်။

“ဖြန်း.....”

“အမယ်လေး.....သေပါပြီ”

ချာတိတ်ကလေး ပုံလဲကျသွားသည်။

“နင့်ယောကျ်ားကိုပြောလိုက်၊ ငါတို့ ညပြန်လာမယ်လို့၊ တွေ့လို့ကတော့ အသေပဲ”

“ကဲ....ဟေ့ကောင်တွေ သွားကြမယ်”

ကျောက်ဒိုးတို့အုပ်စု ထွက်သွားချိန်တွင် မြရင်တို့သားအမိတစ်တွေ အိမ်ရှေ့တွင် ကမ္ဘာပျက်ကျန်ခဲ့လေသည်။

+ + +

နေဝင်ချိန်လောက်တွင် မြဒင် အရက်ရှိန်ကလေးဖြင့် ယိုင်ထိုးကာ အိမ်ပြန်လာခဲ့သည်။ အိမ်ရှေ့သို့ အရောက် လှမ်းမြင်လိုက်သော မြင်ကွင်းကြောင့် သောက်ထားသော အရက်ရှိန် ပြေသလိုဖြစ်သွားသည်။ မိန်းမနှင့်သမီးကငိုပြီး သားအငယ်ကောင်ကို ဖက်ထားသည်။ အငယ်ကောင်က သတိမေ့နေသည်။

“ဒါ....ဒါ ဘယ်လိုဖြစ်ကြတာလဲ၊ ပြောကြစမ်းပါဦး”

လဲနေသော သားငယ်ကိုပွေ့ထူရင်း တုန်ယင်စွာမေးလိုက်သည်။

မြဒင် ရင်တွေပူနေသည်။

“ဟို.....ဟို ကိုကျောက်ဒိုးတို့အုပ်စု ရှင့်ကိုလာရှာတာမတွေ့လို့ ကြိမ်းသွားတယ်၊ ရှင်က သူ့မိန်းမဈေးခွက်ထဲက ပိုက်ဆံတွေနှိုက်ပြေးလို့ထင်တယ်တဲ့၊ ရှင်နဲ့ မျက်နှာချင်းဆိုင်တွေ့မယ်တဲ့၊ ရှင့်သားကိုလည်း သူ့ကိုပြန်ပြောလို့ဆိုပြီး ပါးရိုက်သွားတယ်၊ ညကျရင်လည်း ပြန်လာမယ်ပြောတယ်၊ ဟီး.....ဟီး”

“ဘာ.....”

မြဒင်၏ ဘာဆိုသောအသံနက်ကြီးက ဟိန်းထွက်သွားသည်။

ဇနီးသည်က လန့်ပြီးနောက်ဆုတ်လိုက်သည်။

မြဒင် အိမ်ထဲပြေးဝင်သွားသည်။

အိမ်ရှေ့ခန်းတွင် ချိတ်ဆွဲထားသော ငှက်ကြီးတောင်ဓားနှင့် လုံရှည်ကို ပြေးယူပြီး အိမ်ပြင်သို့ ခုန်ချပြေးထွက်သွားသည်။

“ကိုမြဒင်.....ကိုမြဒင်၊ ဘယ်သွားမလို့လဲ၊ မသွားနဲ့လေ”

နောက်မှ ဇနီးသည်၏အော်ခေါ်သံ မကြားတော့။

“ငါ့သားကိုလည်း ကိုယ်တိုင်လက်ရောက်လုပ်သွားတယ်၊ ငါ့မိသားစုကိုလည်း ကြိမ်းမောင်းသွားတဲ့ကောင်၊ လူ့ပြည်မှာမထားဘူး၊ အပြတ်ရှင်းမှဖြစ်မယ်”

အမှောင်ထုကြီးစိုးစပြုလာပြီ။

မြဒင် လမ်းထိပ်ဆီသို့ရောက်လာသည်။

စက်ဆန်းရပ်ကွက်လေး၏ညသည် အိမ်များဆီမှ ဆီမီးခွက်လေးများ၏ မှိန်ပျပျအလင်းရောင်လေးတွေကြောင့် လူသွားလမ်းတံတားတစ်ဝိုက် ခပ်မှိန်မှိန် မြင်နေရသည်။

ထိုစဉ်က စက်ဆန်းရပ်ကွက်သည် မြို့စွန်ရပ်ကွက်လေး ဖြစ်ရုံမက ရပ်ကွက်ကလည်း အနိမ့်ပိုင်းဖြစ်၍ မိုးတွင်းဆို ရေက ရင်စို့လောက်ရှိတတ်သည်။ ထို့နောက် ရပ်ကွက်ရှိ အိမ်များသည် ခြေတံရှည်အိမ်များဖြစ်သလို မြောင်းသွယ်များ၏ လမ်းများတွင်လည်း လူတစ်

www.burmeseclassic.com



**ကိစ္စပြီးသည်နှင့် တံတားအောက်မှ မြဒင် အမှောင်ကို အကာအကွယ်ပြုရင်း အဝေးဆီသို့ တစ်ဟုန်ထိုး ပြေးသွားခဲ့လေသည်။ စက်ဆန်းရုပ်ကွက် ကမ္ဘာပျက် ကျန်ခဲ့လေပြီ ...**

ကျော် သစ်သားတံတားလေးများ ား၍ထားကြသည်။

ထို့ကြောင့် တံတားအောက် က်တွင် လူတစ်ယောက် ကောင်း ာင်းရပ်လို့ရသည်။

နေဝင်သွားချေပြီ။

ညအမှောင်သည် ကမ္ဘာမြေ သို့ ပြေးလွှားရောက်ရှိလာသည်။ ဒင်သည်လည်း အမှောင်ထုနှင့် ပြိုင် အမိုက်မှောင်ဖုံးနေလေပြီ။ ဝေးဆီမှ ည ၇ နာရီသံချောင်း က်သံ ကြားရသည်။ လမ်းထိပ် ခွေးများအူသံကြားလိုက်သည်။

မြဒင် တံတားအောက်သို့ ဒွေ့ ခနဲခုန်ဆင်းလိုက်ပြီး တံတားတိုင် တစ်တိုင်ဘေးတွင် ကပ်ရပ်လိုက် သည်။

လက်ထဲမှလုံးသွားကို ကျစ် ကျစ်ပါအောင်ဆုပ်ကိုင်ရင်း ကျော ဘက် ခါးအိမ်ဆီမှ ငှက်ကြီးတောင် ဓားကို အသာဆွဲထုတ်လိုက်သည်။

လရောင်က လပြည့်ညမို့ ပိုပြီး အလင်းတောက်လျက်ရှိသည်။ လေ ပြည်တစ်ချက် ဝေ့ခနဲတိုက်လိုက်၍ မြဒင် ကျောတစ်ချက်စိမ့်သွားသည်။ ဩော်....မုန်တိုင်းမကျခင် ရှေ့ပြေး တိုက်ခတ်သည့် လေပြည်တွေများ လားမသိပေ။

လူသံများ တပြည်းပြည်းကြား လာသည်။

တီးတိုးတီးတိုးအသံများက မြ ဒင်ပုန်းနေသော တံတားနားရောက် လာသည်။

''ဒီကောင် ဒီအချိန်ဆို ပြန် ရောက်လောက်ပြီကွ''

ကျောက်ဒိုးအသံ ကြားလိုက်ရ သည်။

တံတားသစ်သားပြားများကြား မှ အသာချောင်းကြည့်လိုက်သည်။

လမင်းကြီးသည်လည်း ဒီနေ့မှ ထိန်လင်းစွာ သာနေသည်။

လရောင်၏ပီပြင်မှုကြောင့် ကျောက်ဒိုးပုံရိပ်သည် မြဒင်မျက်ဝန်း ထဲ ထင်းထင်းကြီးဖြစ်နေသည်။

လုံနှင့်ဓားကို အသင့်အနေ အထားသို့ ပြောင်းလိုက်သည်။

သားကောင်သည် မုဆိုးနေ့သို့ ရောက်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com


''ကဲ.....သေပေတော့''

မြဒင်ပုန်းနေရာ အပေါ်တည့်တည့်ရောက်လာသည့် ကျောက်ဒိုးဗိုက်အောက်သို့ လက်ထဲမှလှံရှည်ဖြင့် တအားဆောင့်ထိုးလိုက်သည်။

''အား.....''

ညည်းသံပေးရင်း တံတားအောက်သို့ ကျောက်ဒိုးပြုတ်ကျလာသည်။

''သေစမ်းကွာ.....သေစမ်း''

ပြုတ်အကျမှာ အောက်မှင့်ကြီးတောင်ဓားဖြင့် လည်ပင်းနားဆီမှန်း၍ ပိုင်းချလိုက်သည်။

''အင်း.....အား ခွီး.....ခွီး''

ပြတ်လုလုလည်ပင်းမှ သွေးများပန်းထွက်ရင်း လေမှုတ်ထုတ်သံလို အသံပြုရင်း ကျောက်ဒိုး အရုပ်ကြိုးပြတ်ဖြစ်သွားသည်။

ကိစ္စပြီးသည်နှင့် တံတားအောက်မှ မြဒင် အမှောင်ကိုအကာအကွယ်ပြုရင်း အဝေးဆီသို့ တစ်ဟုန်ထိုး ပြေးသွားခဲ့လေသည်။

စက်ဆန်းရုပ်ကွက် ကမ္ဘာပျက်ကျန်ခဲ့လေပြီ။

\+ + +

''ဒေါင်.....ဒေါင်.....ဒေါင်''

ရန်ကုန်မြို့၊ ပုဇွန်တောင်ရဲစခန်းဆီမှ ကင်းသံချောင်းခေါက်သံသည် နံနက် ဝေလီဝေလင်းအချိန် (၃)နာရီရှိပြီဖြစ်ကြောင်းဖော်ပြလိုက်သည်။

''ဟေ့.....ရပ်၊ ဘယ်သူလဲ''

ကင်းစောင့်ရဲဘော်၏အသံသည် ပြတ်သားစွာ ထွက်ပေါ်လာသည်။ ရှေ့တူရူရှိ မှောင်ရိပ်ကျကျနေရာတွင် လူတစ်ယောက် ရပ်လျက်ရှိသည်ကို အလင်းရောင်ဝိုးတဝါးဖြင့် တွေ့လိုက်ရသည်။

ကင်းရဲဘော်အသံကြောင့် စခန်းထဲမှ ရဲတပ်ဖွဲ့ဝင်နှစ်ယောက်ထွက်လာသည်။ အမှောင်ထဲမှလူသည် ရပ်နေရာမှ ရဲစခန်းရှိရာသို့ ဖြည်းညင်းစွာ လျှောက်လာသည်။

''ကျုပ် ဒီစခန်းက အချုပ်ခန်းထဲမှာ အိပ်ပါရစေဗျာ၊ အိပ်ပါရစေ''

တစ်ကိုယ်လုံး အဝတ်အစားများက စုတ်ပြတ်နေပြီး ညစ်ပတ်ပေရေနေသည်။

မျက်နှာလေးထောင့်စပ်စပ်နှင့် ဆံပင်များ ဖွာလန်ကြဲနေသည်။

မျက်တွင်းကဟောက်ပက်၊ မျက်လုံးတွေက ဂနာမငြိမ်။

\+ + +

တာဝန်မှူးက စားပွဲရှေ့တွင် ထိုင်နေသောသူအား စူးစိုက်ကြည့်လိုက်သည်။

''ခင်ဗျား ဘယ်သူလဲ''

''ဘာဖြစ်လို့ အချုပ်ခန်းထဲမှာ အိပ်ချင်ရတာလဲ''

''ဘာဖြစ်လာတာလဲ''

''ဘယ်ကလဲ''

မေးခွန်းများ ဆက်တိုက်မေးရင်း ထိုသူကို အကဲခတ်နေမိသည်။

တာဝန်မှူးအမေးများကြောင့် ရှေ့မှပုဂ္ဂိုလ်သည် ငုံ့ထားသောမျက်နှာကို တဖြည်းဖြည်းချင်းမော့ရာက



www.burmeseclassic.com

www.burmeseclassic.com



> ညဘက်တွေ အိပ်တော့မယ်ဆိုတိုင်း ကျွန်တော့်နံဘေးကို ကျွန်တော် သတ်ခဲ့တဲ့သူက ရောက်လာပြီး အတင်းနိုးတော့တာပဲ၊ ပြီးတော့ ကျွန်တော့်ကို အချုပ်ခန်းထဲမှာ သွားပြီးအိပ်ခိုင်းတယ် . . .

တစ်လုံးချင်းပြန်ဖြေသည်။

''ကျွန်တော့်နာမည် မြဒင်ပါ၊ စက်ဆန်းရပ်ကွက်မှာ နေပါတယ်၊ လွန်ခဲ့တဲ့တစ်လက အဲဒီစက်ဆန်းရပ်ကွက်မှာ လူသတ်ခဲ့ပါတယ်''

သူ့စကားကြောင့် ရဲစခန်းရှိသူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ တာဝန်မှူးမျက်လုံးများက နယ်ထိန်းများဆီသို့ ဝေ့ကြည့်လိုက်သည်။ ချက်ဆို နားခွက်ကမီး တောက်သော နယ်ထိန်းနှစ်ယောက်က ထိုသူ့နောက်ကျောဘက်တွင် အသင့်ရပ်နေလိုက်သည်။

''ခင်ဗျားက လူသတ်ပြီးထွက်ပြေးတဲ့သူဆိုရင် ဘာလို့ ရဲစခန်းကို လာရတာလဲ၊ လွတ်အောင်ကော မပြေးဘူးလား''

တာဝန်မှူး၏အမေးအဆုံးတွင် သူက လေးတွဲ့စွာဖြင့် တုံ့ပြန်ပြောလိုက်သည်။

''ဟုတ်ပါတယ် ဆရာ၊ လူသတ်ပြီးတော့ ကျွန်တော် လွတ်အောင်ပြေးခဲ့ပါတယ်၊ ပြေးတာမှ တော်တော်ဝေးဝေးကို ပြေးခဲ့တာ၊ ဒါပေမဲ့ မလွတ်ပါဘူးဗျာ''

''ဘာမလွတ်တာလဲဗျ''

တာဝန်မှူးက နားမရှင်းစွာဖြင့် မေးလိုက်သည်။

''ဒီလိုပါ ဆရာ၊ ကျွန်တော် လူသတ်မှုဖြစ်ပြီး ထွက်ပြေးလိုက်တာ ပျဉ်းမနားနယ်ဘက်တွေအထိရောက်ခဲ့ပါတယ်၊ မြို့စုံ၊ နယ်စုံလည်း လျှောက်ပြေးပုန်းခဲ့ပါတယ်''

''----''

''ဒါပေမဲ့ ဆရာရယ် အဲဒီလို ပြေးရင်းလွှားရင်းနဲ့ ညဘက်တွေ အိပ်တော့မယ်ဆိုတိုင်း ကျွန်တော့်နံဘေးကို ကျွန်တော်သတ်ခဲ့တဲ့သူက ရောက်လာပြီး အတင်းနိုးတော့တာပဲ၊ ပြီးတော့ ကျွန်တော့်ကို အချုပ်ခန်းထဲမှာ သွားပြီးအိပ်ခိုင်းတယ်''

''----''

''အဲဒါ တစ်ညတည်းမဟုတ်ဘူး၊ ညတိုင်းလိုလိုပါပဲ ဆရာရယ်၊ ကြာတော့ ကျွန်တော် အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်းမစားရနဲ့ အအိပ်ပျက်၊ အစားပျက်ပြီး လူလည်း ဆရာတို့မြင်တဲ့အတိုင်း ဖြစ်နေတော့တာပါပဲ ဆရာရယ်''

''----''

''အခု ကျွန်တော် အရမ်းအိပ်ချင်လို့ပါ ဆရာတို့ရယ်၊ အချုပ်ခန်းတံခါးလေးသာ မြန်မြန်ဖွင့်ပေးကြပါဗျာ''

တာဝန်မှူးမှာ ယုံရအခက်၊ မယုံရအခက် ဖြစ်နေသည်။

''ကဲ...ရဲဘော် သူ့ကို အချုပ်ထဲ လောလောဆယ် ထည့်ထားလိုက်ကွာ၊ မနက်မှသေချာစစ်မယ်''

နယ်ထိန်းနှစ်ဦး တစ်ဖက်တစ်ချက်စီမှ လက်မောင်းကိုကိုင်၍ မြဒင်အား အချုပ်ခန်းဆီသို့ တွဲခေါ်သွားသည်။

အချုပ်ခန်းထဲသို့ မြဒင် ငုံ့ဝင်ပြီးနောက်သို့ပြန်လှည့်ကြည့်မိလိုက်ရာ မျက်နှာတစ်ခုလုံးသွေးဆုတ်ဖြူရော်သွားခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ရဲစခန်းထဲမှ လူတွေနောက်တွင် ကျောက်ဒိုးတစ်ယောက် သူ့ကို ပြုံး

www.burmeseclassic.com

www.burmeseclassic.com



ပြုံးကြီး ရပ်ကြည့်နေသည်ကို အထိတ်တလန့် တွေ့လိုက်ရသော ကြောင့်ပင်ဖြစ်လေသည်။

\+ + +

ရန်ကုန်အကျဉ်းထောင်ကြီး၏ တစ်ခုသော ကြိုးဒဏ်ကျအကျဉ်းသားထားရာ အကျဉ်းခန်းလေးထဲတွင် လူတစ်ယောက် အသင့်အနေအထားဖြင့် ထိုင်လျက်ရှိသည်။ ထိုသူကား မြွေပွေးမြဒင် ခေါ် မျက်ကွယ်မြဒင်ဖြစ်လေသည်။ သူ၏ နောက်ဆုံးအချိန်များသည် နာရီပိုင်းမျှသာလိုတော့ကြောင်း သိနေသည်။

"လူလေး မင်းကို အဘပေးတဲ့ ဂါထာနဲ့ ဆေးသောက်ပြီးရင်တော့ ရှောင်ရမယ့်အရာတစ်ခုပဲရှိတယ်၊ အဲဒါ မင်း ဘာပစ္စည်းပဲယူယူ၊ ဘာပဲလုပ်လုပ် လူတော့မသတ်ရဘူး၊ လူသတ်မိတာနဲ့ အဘရဲ့မျက်ကွယ်ဆေးစွမ်း ပြယ်ပြီသာမှတ်လိုက်"

သူငယ်စဉ်က တွေ့ဆုံခဲ့သော ဆရာကြီး၏မှာကြားချက်များကို အချိန်နှောင်းစွာမှ မြဒင် သတိရမိခဲ့လေပြီ။

သို့သော် များစွာနောက်ကျသွားခဲ့လေပြီ။

တကယ်တော့ မြဒင်သည် လူသတ်မှုဖြင့် အဖမ်းခံခဲ့ရာမှ သေဒဏ်ချမှတ်ခံရပြီး အောက်ရုံး၊ အထက်ရုံး အဆင့်ဆင့်၏ အယူခံပယ်ချခံရခြင်းနှင့်အတူ နောက်ဆုံးအဆင့် နိုင်ငံတော်သမ္မတထံ အသနားခံစာ တင်ထားရာမှ ပယ်ချခံခဲ့ရသောသူဖြစ်ပေသည်။

ထောင်ဘူးဝပေါ်မှ နံနက် ၅ နာရီ သံချောင်းခေါက်သံနှင့်အတူ ကြိုးတိုက်ဆီသို့ ထောင်ပိုင်ကြီး၊ ထောင်မှူးကြီး၊ ထောင်ဆရာဝန်နှင့်အတူ တာဝန်ကျရဲမှူးများ ခပ်မှန်မှန် လျှောက်လာနေကြသည်။

တစ်ခုသော ကြိုးမိန့်ကျ အကျဉ်းခန်းရှေ့ဝယ် ရပ်လိုက်ကြသည်။

"ဂလောက်.....ဂလောက်"

အခန်းတံခါးဖွင့်သံကြောင့် အထဲမှ မြဒင် တုန်လှုပ်စွာကြည့်နေ



မိသည်။

"အချိန်ကျပြီ မောင်မြဒင် သွားကြမယ်"

ထောင်ဝန်ထမ်းနှစ်ယောက်က ဘေးတစ်ဖက်တစ်ချက်မှ တွဲကိုင်လိုက်သည်။ ကြိုးတိုက်ထဲမှ မြဒင် တစ်လှမ်းချင်းထွက်လာခဲ့သည်။ ထို့နောက် ကြိုးစင်ဆီသို့ တရွေ့ရွေ့ လျှောက်လှမ်းသွားလေသည်။

ကြိုးစင်နားရောက်၍ မြဒင်စင်ပေါ်မတက်ခင် ထောင်မှူးကြီးက...

"မောင်မြဒင် ဘာမှာချင်သေးလဲ၊ ဘာပြောချင်သေးလဲ"

ဟု ပြောလိုက်သည်။

"ကျွန်တော်နောက်ဆုံးပြောချင်တာကတော့ ဥပဒေရဲ့မျက်ကွယ်ဆိုတာ ဘယ်နေရာမှမရှိဘူးလို့ပဲ ပြောပါရစေတော့"

ကြိုးစင်ပေါ်သို့ တစ်လှမ်းချင်း တက်သွားသော မြွေပွေးမြဒင်၏ ကျောပြင်အားကြည့်ရင်း ထောင်မှူးကြီးမှာ သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။

"ဂျိမ်း....."

ကြိုးစင်အောက်ဘက်မှ တံခါးနှစ်ချပ်ပွင့်သွားသံနှင့်အတူ မြွေပွေးမြဒင်တစ်ယောက် မိုက်ဇာတ်သိမ်းခဲ့လေပြီ။

စမ်းချောင်းစန်းအို

**မှတ်ချက်။ ။ စစ်ကြိုခေတ်ကာလ တကယ်ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ဖြစ်ပါသည်။ လူနာမည်များ လွှဲပြောင်းထားပါသည်။**

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

**ကစ်မက်ကွိုင်းသည် ကမ္ဘာ့ဝဲလ်တာ ဝိတ်တန်း ချန်ပီယံဘွဲ့ကို မဆွတ်ခူးမီ ၁၈၉၅ ခုနှစ်ခန့်က အစပြုလျက် ကောက်(၆)စကရူး ခေါ် ဝိုက်လှည့်လက်သီး ထိုးချက်ကို အကြိမ်ကြိမ် ကြိုးပမ်းကြံဆနေခဲ့သည်။ ယင်း(ဝိုက်လှည့်) လက်သီးထိုးချက်ကို တီထွင်ကြံဆမှု၏ အစမှာ...**

သူသည် လက်ဝှေ့အထိုး အသတ်ကောင်းလှသူဖြစ်၏။ သူသည် လှည့်ဝိုက်လက်သီးထိုးနည်း ပညာကို တီထွင်ခဲ့သူဖြစ်၏။

သူသည် သူ့ထက် ကိုယ်အလေးချိန်ကြီးလေးသည့် ကမ္ဘာ့လက်ဝှေ့ချန်ပီယံများအား စိန်ခေါ်ဝံ့သူဖြစ်၏။

သူသည် ရုပ်ရည်ချောမောလှပပြေပြစ်သူဖြစ်သည်။ သူသည် အမျိုးသမီးပျိုများကျလောက်အောင် စကားပြောကောင်းလှသူဖြစ်၏။

သူသည် မိန်းမ (၈)ယောက်ယူခဲ့သူဖြစ်၏။

သူသည် လက်ဝှေ့ထိုးသတ်ယှဉ်ပြိုင်ရာဝယ် လွန်စွာညစ်ပတ်ကောက်ကျစ်စဉ်းလဲစွာ ပရိယာယ်ဆင်၍ မတရားအနိုင်ယူတတ်သူဖြစ်၏။

သူသည် လူသတ်မှုကြီးကိုကျူးလွန်ခဲ့သူဖြစ်၍ ထောင် (၂၄)နှစ် အပြစ်ပေးခံရသူဖြစ်သည်။

ကစ်မက်ကွိုင်း(Kid Mc Coy) အမည်ခံသော ကမ္ဘာ့ဝဲလ်တာဝိတ်တန်း (၁၄၇ ပေါင်) ချန်ပီယံဘွဲ့သရဖူကို ၁၈၉၈ ခုနှစ်က ရယူပိုင်ဆိုင်ခဲ့သည့် လက်ဝှေ့သူရဲကောင်းတစ်ဦးဖြစ်ခဲ့သည်။ လက်ဝှေ့ထိုးသတ်ရာ၌ လှပသေသပ်စွာ တိမ်းရှောင်၍ ကျင်လည်စွာ ထိုးသတ်တတ်သော်ငြားလည်း ပြိုင်ဘက်အပေါ် မတရားညစ်ပတ် ကောက်ကျစ်စဉ်းလဲစွာ နည်းပရိယာယ်ဆင်ပြီး အနိုင်ယူတတ်လေ့ရှိသဖြင့် ကမ္ဘာကျော် လက်ဝှေ့သူရဲကောင်းများ၏ သမိုင်းကြောင်းဝယ် အများနှင့်မတူ တစ်မူထူးခြားနေသူတစ်ဦးဖြစ်သူမှာ လူညာလူညစ် "ကစ်မက်ကွိုင်း"ပင်

www.burmeseclassic.com

www.burmeseclassic.com




အယ်(လ်)မက်ကွိုင်း(သို့မဟုတ်)
ကစ်မက်ကွိုင်း
လက်ဝှေ့သတ်ပွဲတွင် ဆယ်ကျော်သက်
အပျိုချောလေးများ အရမ်းအားပေးလေ့ရှိ၏။
မြာအလွန်ပွေသည့် လက်ဝှေ့ကျော်
ကိုလူညာပါတည်း။

ဖြစ်တော့သည်။ သူ၏စိတ်ဓာတ်ရေးရာနှင့် အကျင့်စာရိတ္တ ညံ့ဖျင်းနေမှုကြောင့် ကမ္ဘာကျော်သူ ဖြစ်ပါလျက်နှင့် သူ၏သမိုင်းကြောင်းသည် အမည်းစက်ပေါင်းများစွာ စွန်းထင်းပေရေနေချေသည်။ ဖြူစင်သော သမိုင်းကြောင်းမဟုတ်ပါချေ။

"လက်ဝှေ့ထိုးသတ်ရာမှာ နာမည်ကြီးပေမယ့် ပြိုင်ဘက်အပေါ်မှာ မတရားသဖြင့် ပြုကျင့်ပြီး အနိုင်ယူမှုတွေကြောင့် အဲဒီမတရားပြုကျင့်တတ်တဲ့၊ အကျင့်စာရိတ္တ မကောင်းလှတဲ့ လက်ဝှေ့ကျော်မျိုးဟာ လက်ဝှေ့လောကမှာ 'လုပထည်ဝါ'စွာ မရပ်တည်နိုင်ဘူး၊ သမိုင်းကြောင်း မကောင်းလို့ နိဂုံးချုပ်ရာမှာလည်း ကောင်းလှမယ်မထင်ဘူး"

ဟု လက်ဝှေ့ပါရဂူဖြစ်သော ဆရာကျား(ဦး)ဘညိမ်းက စာရေးသူတို့ ၁၉၆၆ ခုနှစ်က ရန်ကုန်၊ အောင်ဆန်းကွင်းတွင် ဖွင့်လှစ်သင်ကြားပြသပေးခဲ့သည့် အပတ်စဉ်(၁) ခရိုင်လက်ဝှေ့နည်းပြဆရာအဖြစ် သင်တန်းတက်ခဲ့စဉ်က ပြောပြခဲ့ဖူးပေသည်။

မှန်ပါသည်။ ကစ်မက်ကွိုင်းသည် လက်ဝှေ့ထိုးသတ်ရာတွင် တော်ခဲ့သော်လည်း လက်ဝှေ့ကြိုးဝိုင်းအတွင်းမှာ မတရားညစ်ပတ်စွာ ပြုကျင့်တတ်မှုနှင့် အကျင့်စာရိတ္တ မကောင်းလှမှုကြောင့် သူ့ကို လူလိမ်၊ လူညာ၊ သစ္စာမဲ့သူ၊ ကတိမတည်သူ၊ စိတ်မချရသူဟုသမုတ်ကြကာ ဝိုင်းပယ်ထားလေ့ရှိခဲ့သည်။

လူလူချင်း မယုံကြည်မှုသည် လူ့လောကတွင် တစ်ဆင့်နိမ့်ရခြင်းပင်ဖြစ်သည်။

+ + +

**လူဆိုးကြီး ချာလီမက်ကွိုင်းကို အလိုရှိသည်။**

လူများစွာကိုသတ်ပြီး ထွက်ပြေးနေသော လူဆိုးကြီး ချာလီမက်ကွိုင်းကိုတွေ့ပါက အသေဖြစ်စေ၊ အရှင်ဖြစ်စေ ဖမ်းဆီးပေးနိုင်သူအား ဆုတော်ငွေ ၅၀၀၀၀ ချီးမြှင့်မည်။

**ပုံ**
**(ပုလိပ်မင်းကြီးသောမတ်)**
**ချီကာဂိုမြို့၊ ၁၈၉၄ ခုနှစ်။**
**တက်(စ်)ပြည်နယ်။**
**အမေရိကန်ပြည်ထောင်စု။**

လူသတ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသော လူဆိုးကြီး ချာလီမက်ကွိုင်း (Charlie Mc Coy) ကိုယ်တစ်ပိုင်းရုပ်ပုံကြီးနှင့် (Wanted) ကြော်ငြာစာရွက်ကြီးတစ်ရွက်ကို ဘူတာရုံကြီး၏ အလယ်ဝင်ပေါက်အဝ ထိပ်ဦး၌ သီးခြားကပ်ထားသည်ကို အင်ဒီယားနားနယ်မှ နော်မန်ဆဲလ်ဘီက အမှတ်မထင်တွေ့မြင်လိုက်သည်။

ထိုသည်၏နောက်ပိုင်း၌ သူ၏အမည်ကို ကစ်မက်ကွိုင်းဟု ပြောင်းလဲခေါ်တွင်စေတော့သည်။ ကစ်မက်ကွိုင်းအမည်သည် သူ၏ဘဝကို ပြောင်းလဲထွန်းပြောင်စေခဲ့သလို အတိဒုက္ခမျိုးပေါင်းစုံဖြင့်လည်း ရင်ဆိုင်စေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အယ်(လ်)မက်ကွိုင်းသည် သူ့ထက် ဝိတ်တန်း(၃)တန်းကြီးလေးသည့် ကမ္ဘာ့ဝိတ်တန်းချန်ပီယံ တော်မီရိုင်းအား အနိုင်ယူခဲ့သည်။ တော်မီရိုင်းမှာ သူ့ဆရာပင်ဖြစ်သည်။


+ + +

**ကောက်(ခ်)စကရူးလက်သီးထိုးချက်ကို တီထွင်သူ**

ကောက်(ခ်)စကရူး လက်သီးထိုးချက် (Cork Screw)ဆိုသည်မှာ ဝိုက်လက်သီးထိုးချက်ကို ရိုးရိုးမထိုးဘဲ လက်ကောက်ဝတ်ကိုလှည့်၍ ထိုးလွှတ်ခြင်းကိုဆိုလိုသည်။

ကစ်မက်ကွိုင်းသည် ကမ္ဘာ့ဝေါ်လ်တာဝိတ်တန်း ချန်ပီယံဘွဲ့ကို မဆွတ်ခူးမီ ၁၈၉၅ ခုနှစ်ခန့်က အစပြုလျက် ကောက်(ခ်)စကရူးခေါ် ဝိုက်လှည့်လက်သီးထိုးချက်ကို အကြိမ်ကြိမ် ကြိုးပမ်းကြံဆနေခဲ့သည်။ ယင်း(ဝိုက်လှည့်)လက်သီးထိုးချက်ကို တီထွင်ကြံဆမှု၏အစမှာ တစ်နေ့သောနံနက်ခင်းဝယ် ကစ်မက်ကွိုင်းသည် သေနတ်ပြောင်းကို စနစ်တကျ တိုက်ချွတ်နေစဉ် ကျည်သွားလမ်းကြောင်းတစ်လျှောက် (သေနတ်ပြောင်းအတွင်း)ကို ဝက်အူရစ်ကြောင်းများ ထားရှိသည်ကို ဆန်းစစ်မိရာမှအစ လှည့်ရစ်ခြင်းသည် ကျည်အားကောင်းသည်ထက်ကောင်းစေရန် ပြုထားခြင်းကို သဘောပေါက်သဖြင့် လက်ဝှေ့ထိုးရာဝယ် ဘယ်ဝိုက်လက်သီးထိုးချက် (Left Hook)ကို ရိုးရိုးမထိုးဘဲ လက်ကောက်ဝတ်ကိုလှည့်၍ထိုးမှုကို ကြိုးစား၍ တီထွင်လေတော့၏။ ယင်းသို့ ဝိုက်လှည့် လက်သီးထိုးချက် (Cork Screw Hook) ထိုးချက်၏ စွမ်းအားတိကျမှန်ကန်နိုင်ရေးအတွက် ကစ်သည် (၆)လနီးနီး လေ့ကျင့်ခဲ့ရသည်။ သူ၏လေ့ကျင့်ထိုးဘက် (Sparring Partner) များကို လေ့ကျင့်ရာမှာ သူတီထွင်သည့် လက်သီးထိုးချက်ကို ထပ်ဖန်တလဲလဲ အထိုးလေ့ကျင့်လေတော့သည်။

၁၉၀၅ ခုနှစ်အတွင်းက ကစ်မက်ကွိုင်းသည် အမေရိကန်နိုင်ငံ ကြေးစားလက်ဝှေ့လောကတွင် နာမည်ကြီးနေသော ဩစတြေးလျ လက်ဝှေ့ကျော် မေဘား(Maber) ဆိုသူနှင့် ချိန်းပွဲအဖြစ် ထိုးသတ်ကြစဉ်က သူတီထွင်ထားသော (လှည့်ဝိုက်)လက်သီးထိုးချက်ကို အသုံးချကြည့်သေး၏။ အလွန်မာကျောခိုင်ခံ့ အားကောင်းလှသူဖြစ်၍သာ 'ဖုန်း'ခနဲ လဲပြိုကျသွားခြင်း မရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



လင့်ကစား (လှည့်ဝိုက်)လက်သီးချက် ထိလိုက်သည်နှင့် ယိုင်ယိမ်းလှုပ်ခါသွားပေသည်။ ကစ်သည် မေဘာကို ချောင်ပိတ်၍မိအောင်ထိုးရန်လည်း ခက်ခဲနေသဖြင့် ပွဲကမလွယ်မကူ။ ပွဲကျပ်ဖြစ်လာသည်နှင့် တစ်ပြိုင်နက် ထုံးစံအတိုင်း ဉာဏ်ကူ၍ညစ်ပတ်လေတော့သည်။

မေဘာနှင့် ပူးကပ်ထိုးနေစဉ်အတွင်း "ရပ်နားချိန်ကျရောက်နေပြီဗျ"ဟု ကစ်က တိုးတိုးပြောလိုက်သည်၌ မေဘာက အဟုတ်တကယ်ထင်မှတ်ကာ ကစ်ကိုကျောပေး၍သူ့ထောင့်သူ လှည့်အပြန်မှာ ကစ်က ဘယ်လှည့်ဝိုက်လက်သီးချက်ကိုအားကုန်ပစ်ထိုးချလိုက်သည်ဝယ်မေဘာ အထိနာသွားရသည်။ ကစ်ကို ပွဲအပြီးတွင် အမှတ်ဖြင့် ရှုံးနိမ့်ရတော့သည်။

"ကစ်.....ခင်ဗျား လူညစ်ပဲ၊ ကျွန်တော့်ကို နားချိန်ရောက်နေပြီလို့ ခင်ဗျားပြောတာ ကျွန်တော်ယုံပြီး ဆက်မထိုးတာ၊ ခင်ဗျားကတော့ကျွန်တော့်ကို မတရားထိုးပစ်တယ်"

"ဟုတ်တယ်၊ အဲဒါ ခင်ဗျားဘဝတစ်လျှောက်အတွက် သင်ခန်းစာပဲမှတ်"

ဟု လူညစ်ကျယ် ကစ်မက်ကွိုင်းက ခပ်တင်းတင်းပြောလိုက်သည်။

"အေးပေါ့ဗျာ၊ ကစ်မက်ကွိုင်းဆိုသူဟာ လက်ဝှေ့သမားကောင်းတစ်ယောက်မဟုတ်ဘူးဆိုတာ တစ်နေ့တော့ ကမ္ဘာကသိစေရမပေါ့"

ဟု မေဘာက နာကြည်းစွာ ကြိမ်းဝါးသွားခဲ့လေသည်။

တစ်ချိန်ကလည်း ပြင်သစ်ပြည်၊ ပါရီမြို့တော်တွင် ကစ်မက်ကွိုင်းနှင့် ဂျင်းချာလီမောင့် (Jean Charle Mont)ဆိုသူနှင့် ထိုးသတ်ယှဉ်ပြိုင်သည့်ပွဲဝယ် ကစ်မက်ကွိုင်းသည် လွယ်လွယ်နှင့် အနိုင်ရရန်အတွက် ဉာဏ်နီဉာဏ်နက်ဆင်လေတော့သည်။ ကစ်သည် ထိုးဘက်၏မျက်နှာကိုမကြည့်ဘဲ လက်ဝှေ့ကြည့်ပရိသတ်များဘက်ကိုသာမကြာခဏ လှည့်လှည့်ကြည့်နေ၏။ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမက၊ သုံးလေးငါးခါ ကြည့်ဖန်များလေသည်တွင် ဂျင်းချာလီမောင့်သည် သည်းမခံနိုင်တော့ဘဲ.....

"ဟေ့လူ.....ဘာလှည့်လှည့်ကြည့်နေတာလဲ"

ဟု ငေါက်ငမ်း၍ မေးလိုက်သည်၌.....

"အပျိုလေးတစ်ယောက်ကခဏခဏ လက်ပြနေတယ်၊ ငါနဲ့လည်းမသိဘူး၊ မင်းရဲ့အပျိုများလေလား"

ကစ်၏စကားကို ယုံစားပြီးဂျင်းက ပွဲကြည့်ပရိသတ်ဆီသို့လှမ်းအကြည့်လိုက်တွင် ကစ်မက်ကွိုင်းက ပင့်လက်သီးတစ်လုံးကို အားကုန်ပစ်ကျုံးလိုက်ရာ ဂျင်းချာလီမောင့် ကျွမ်းပြန်လဲကျကာ နောက်ကောက် (Knockout) ဖြင့် ပွဲသိမ်းလိုက်ရချေသည်။

"မင်းငါ့ကို အလဲထိုးပြီးအနိုင်ယူတာဟာ မတရားကောက်ကျစ်လို့ပဲ၊ သူ့ရဲ့ဘောကြောင်တဲ့ လက်ဝှေ့သမားတွေဟာ ကြိုးဝိုင်းအတွင်းမှာညစ်ပတ်လေ့ရှိတယ်၊ မင်းလည်း အဲဒီသူ့ရဲ့ဘောကြောင်တဲ့ လက်ဝှေ့သမားပဲကွ၊ မင်းလို လူညစ်လူကောက်မျိုးနဲ့ ဘယ်တော့မှ ပွဲမထိုးဘူးဟေ့"

ဟု နာကြည်းစွာ ပြောဆိုသွားခဲ့သည်။

✦ ✦ ✦

၁၉၀၅ ခုနှစ်အတွင်းကဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၊ ဖီလာဒဲလ်ဖီးယားမြို့၌ ကစ်မက်ကွိုင်းနှင့် လူကြမ်းလူရမ်းကြီး ဟော်လန်လက်သီးကျော် ပလက်ကဲ (Plaacke)ဆိုသူနှင့် (၃)မိနစ်/(၁၅)ချီပွဲဝယ်ဒုတိယအချီအရောက်မှာ ကစ်မက်ကွိုင်းက ဉာဏ်ကူပြန်၏။

"ဟေ့လူ...ဘောင်းဘီလျှောကျနေပြီကွ"

ဟု ပြောလိုက်သည်တွင်ပလက်ကဲက ယုံကြည်ပြီး ဘောင်းဘီကို လက်နှစ်ဖက်နှင့် မ,ဆွဲတင်အလိုက် ပလက်ကဲ၏မေးဖျား (Jaw)သို့ အလွန်အားပါလှသော ညာလက်သီးတစ်လုံး ထိမိလိုက်သည်၏နောက် ဟော်လန်ချန်ပီယံတစ်ယောက် ဟော်လန်နိုင်ငံသို့ အရှုံးကိုရင်ဝယ်ပိုက်၍ ပြန်သွားရရှာ၏။ တစ်ခုတော့ပြောသွားခဲ့၏။

"ခင်ဗျားတို့ အမေရိကန်လူမျိုးတွေဟာ ညစ်ပတ်တတ်တယ်ဆိုတာကို လက်ဝှေ့ကျော်ကြီး ကစ်မက်ကွိုင်းတစ်ယောက်က ပြနေသကပဲ

www.burmeseclassic.com

www.burmeseclassic.com



ကစ်မက်ကွိုင်းနှင့်
ထိုးသတ်ဘက်
နယ်တာလီတန်၏ ထိုးဟန်သွင်
(၁၈၉၆ - ၁၉၄၈)

---

သက်သေပြသွားလေရဲ့”

ဟု ပလက်ဂ်က စကားဖြင့် နိုင်ငံကိုပါ စော်ကားခဲ့သည်။

“ကစ်မက်ကွိုင်းလို လူညစ် ကျယ်တစ်ယောက်အတွက်နဲ့ တို့ နိုင်ငံသားတွေအားလုံး အစော်ကား ခံရပြီဟေ့”


ဟု လက်ဝှေ့ပွဲသွင်းသူ (Wood Ward) က ပြောလိုက်သည်။

၁၉၀၅ ခုနှစ်အတွင်းက ကမ္ဘာ့ မစ်ဒယ်လ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ (၁၆၀ ပေါင်တန်း)ဖြစ်သူ တော်မီ ရိုင်းယန်း (Tommy Ryan) သည် လက်ဝှေ့ပညာ ပြည့်ဝလေသူဖြစ် သဖြင့် ကစ်က လွယ်လွယ်နှင့် အနိုင်မရမှန်းသိ၍ တော်မီရိုင်းယန်း၏လက်အောက်သို့ တပည့်ခံရင်း လေ့ကျင့်ဖက် (Sparring Partner)

---

ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းသရဖူပိုင်ရှင်
တော်မီဂိုင်း၏ လက်ဝှေ့ထိုးဟန်ပန်
(၁၉၀၅ - ၁၉၀၆)
တော်မီဂိုင်း၏ သရဖူကို
သစ္စာမဲ့တပည့်ဖြစ်သူ
(အယ်(လ်)မက်ကွိုင်း(သို့)
ကစ်မက်ကွိုင်းက ဖြုတ်ချခဲ့သည်)





www.burmeseclassic.com

www.burmeseclassic.com



လုပ်ရင်း တော်မီ၏အားသာချက်၊ ပျော့ညံ့ချက်များကို မှတ်သားထားတာ ၁၉၀၆ ခုနှစ်အရောက်ဝယ် သူ့ဆရာကို သူကပဲ စတင်စိန်ခေါ်လေတော့၏။

မက်စဘက်လောင်းအိုင်လင်တွင် ဆရာတပည့်နှစ်ယောက် ထိုးသတ်ကြသည့်ပွဲ၌ ကစ်မက်ကွိုင်းက (၁၅)ချီအပြီးတွင် အမှတ်ဖြင့်အနိုင်ရသွားချေသည်။

''မင်းသာ တပည့်ကောင်းပီသခဲ့မယ်ဆိုရင် ဆရာဖြစ်တဲ့ ကျေးဇူးရှင် တော်မီရိုင်းယန်းကို ယှဉ်သတ်မှာမဟုတ်ဘူး၊ တကယ်တော့ မင်းဟာ ကျေးဇူးတရားမဲ့တဲ့ သတ္တဝါတစ်ကောင်ပဲ''

ဟု တော်မီရိုင်းယန်း၏ နည်းပြမှူးက ပြင်းပြင်းထန်ထန် စွပ်စွဲလိုက်သည်။

ကစ်သည် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ တွမ်ရှာကီ (Tom Sharkey) နှင့်သတ်ခဲ့စဉ်ကလည်း တွမ်ရှာကီ၏ ဘက်သီးချက် မေးရိုးကိုထိသည်ကို ထိမ်ညာ၍ ခါးအောက်ပိုင်းကို ထိသယောင်ဟန်ပြု၍ လဲဟန်ဆောင်ခဲ့၏။ ကြိုးဝိုင်းဒိုင်က မယုံကြည်ဘဲ အမြန်ထခိုင်းပြီး ပွဲဆက်ထိုးစေသည်။ ထိုပွဲမှာ တွမ်ရှာကီအား ကစ်မက်ကွိုင်းက လိမ်ညာလှည့်ဖြား၍ ရှုံးပေ။ ထို့ကြောင့်လည်း အပြတ်ရှုံးသည်။

ကစ်သည် မိန်းမပွေသူလည်း ဖြစ်သည်။ မိန်းမတစ်ယောက်ပြီးတစ်ယောက် ယူလိုက်၊ ကွာပစ်လိုက်နှင့် လုပ်ခဲ့သည်မှာရှစ်ယောက်ပင်တည်း။

လက်ဝှေ့ကျော်
စာရေးဆရာ ရွှေဘိုဘာမထိခင်အောင်



ရန်ကုန် သန့်လျက်စွန်း
ဗဟိုရေတပ်မတော်တွင် လက်ဝှေ့နည်းပြဆရာ
သင်တန်းတက်ခဲ့စဉ်က သဲအိတ်(၅)အိတ်ကို
ထိုးခွဲခဲ့သလို ••ကြိုးဝိုင်းအတွင်းမှာလည်း
ပြိုင်ဖက်လက်ဝှေ့ကျော်များကို ကြမ်းပေါ်တွင်
လှဲသိပ်အနိုင်ယူခဲ့သည့် လက်ဝှေ့ကျော်
ဘာမထိခင်အောင်
သူကား လက်သီးပြင်းသလောက်
ကလောင်ထက်လှသူပါတည်း။

''ရှင်က ကျွန်မကို တကယ်ချစ်တာမဟုတ်ဘူးဆိုတာ ကျွန်မ သိရပြီ၊ ကျွန်မ ပိုင်ဆိုင်ထားတဲ့ ရွှေငွေ၊ ကျောက်သံပတ္တမြားနဲ့ မြေကြီးကို ရှင် အရယူလိုတာပဲမဟုတ်လား၊ မရဘူးမှတ်ထားပါ၊ ရှင့်ကို ကျွန်မ ဒီနေ့ကစပြီး လက်မခံတော့ဘူး''

''မင်းက ငါ့အပေါ်ရက်စက်တော့ ငါကလည်း ရက်စက်ရမပေါ့''

ကစ်လက်ထဲရှိ သေနတ်မှ ကျည်တစ်တောင့် ထွက်သွားခဲ့သည်။

သီရေဇာဝင်စတိန်းမိုး (Theresa Weinstein Mors) အား ပစ်သတ်မှုဖြင့် ထောင်(၂၄)နှစ် ကျသွားခဲ့ရသည်။ (၉)နှစ်ကျော်ကျော်သာ ထောင်ကျခံရပြီးနောက် ပြင်ပသို့ ထွက်ခဲ့ရသည်။ ပြင်ပတွင်နေစဉ်အတွင်း ၁၉၃၂ ခုနှစ်တွင် မိမိကိုယ်မိမိ သေနတ်ဖြင့်ပစ်သတ်ကာ အဆုံးစီရင်သွားခဲ့လေတော့သည်။

မိမိကိုယ်မိမိ ပစ်မသတ်မီ ကစ်မက်ကွိုင်း ရေးသွားခဲ့သော လူသားတွေအတွက် စာကလေးတစ်ပိုဒ်ကတော့.....

**လူလူချင်း ကိုယ်ချင်းစာနာထောက်ထားမှုမရှိဘဲ ငွေရေးကြေးရေးတစ်ခုတည်းအပေါ်သာ မူတည်ရေးရှု၍ သစ္စာတရား၊ မေတ္တာတရား ကင်းမဲ့စွာ ဘဝတစ်လျှောက်လုံး ပြုကျင့်ခဲ့လာမှုတွေကြောင့် ကျွန်ုပ်၏စိတ်သည် မရွှင်ဘဝင်ခိုက်နေရပါသည်။ မရွှင်ဘဝင်ခိုက်နေမှု၊ နာကြည်းမှု၊ ဝမ်းနည်းမှုတွေနှင့် ဆက်လက်ရင်မဆိုင်ဝံ့တော့ပါ၍ ဘဝကို မပြုံးဘဲ အရှုံးပေးလိုက်ပါသည်။**

ရွှေဘိုဘာမထိခင်အောင်

Ref: Ring Magazine (၁၉၅၄–Oct)တွင် Harry Bllie ရေး Wanted Charlie Mc Coy ဝတ္ထုတိုကို ဘာသာပြန်ပါသည်။

www.burmeseclassic.com

## ဦးသန်းထွန်း (ဥပဒေ)

# ဒါဖတ်ပြီးမှ ကာကွယ်ကြ




လောကကြီးမှာ လူရယ်လို့ဖြစ်လာကြပြီဆိုရင် လူမှုပတ်ဝန်းကျင်အတွင်း လူနဲ့လူချင်းဆက်ဆံပေါင်းသင်းနေထိုင်ကြရမှာဖြစ်ပါတယ်။ လူနဲ့ လူ့ပတ်ဝန်းကျင်ဟာ အမြဲတမ်း အညမညအနေနဲ့ ဆက်သွယ်နေတာမို့ ဒီလို ဆက်ဆံပေါင်းသင်းကြရာမှာ ကောင်းတဲ့ပတ်ဝန်းကျင်ရှိသလို မကောင်းတဲ့ပတ်ဝန်းကျင်ဆိုတာလည်း ရှိစမြဲပေါ့။ ကောင်းတဲ့ပတ်ဝန်းကျင်မှာ နေထိုင်ရတာ အဆင်ပြေချောမွေ့သလို မကောင်းတဲ့ပတ်ဝန်းကျင်မျိုးနဲ့ ကြုံလာ ရင်တော့ စိတ်ဒုက္ခရောက်ကြရမှာမလွဲပါ။

ဒီလိုအခြေအနေမျိုးနဲ့ကြုံလာရင် ထိုအခိုက်အတန့်သော ကာလလေးကို ခန္တီနဲ့မေတ္တာကို အခြေခံတဲ့စိတ်ထားနဲ့ ကျော်လွှားနိုင်ကြရင်တော့ ကောင်းပါရဲ့။ ဒီလိုမှမဟုတ်ဘဲ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကြမ်းတမ်းတဲ့စိတ်ထားများနဲ့ ဆက်ဆံကြ၊ ဖြေရှင်းကြရင် မလိုလားအပ်တဲ့ ပြဿနာများ၊ အမျိုးမျိုးသော ပြစ်မှုများ ပေါ်ပေါက်လာနိုင်ပါတယ်။

ထိုသို့သော ပြစ်မှုများ မလွှဲသာမရှောင်သာ ကြ တွေ့လာခဲ့ရင် မိမိအနေနဲ့ ယခုဖော်ပြမည့် "**ကာကွယ် ခုခံပိုင်ခွင့်**"ကို ဥပဒေနဲ့အညီ အသုံးချတတ်ဖို့ လို တယ်။

လူတိုင်းလူတိုင်းအတွက် ကာကွယ်ခုခံပိုင်ခွင့် ဥပဒေက တရားဝင် ပေးထားပါတယ်။ လူတိုင်းတွ ကာကွယ်ခုခံပိုင်ခွင့်ရှိ၏။ မိမိနှင့် မိမိပစ္စည်းကိုလည်း ကာ ကွယ်ခုခံနိုင်၏၊ သူတစ်ပါးနှင့် သူတစ်ပါးပစ္စည်းကိုလည် ကာကွယ်ခုခံနိုင်၏။ လူတို့သည် မွေးဖွားလာကတည်း ပင် ကာကွယ်ခုခံတတ်သည့်ဉာဉ် ပါလာကြပေသည် ယင်းဉာဉ်သည် အခြားသော သတ္တဝါများနည်းတူ နှင့်အတူ ပေါက်ဖွားလာခြင်းဖြစ်ပေ၏။ အနိုင်အ ခြင်း၊ မတရားပြုလုပ်ခြင်း ခံရသူအနေဖြင့် တစ်နည် နည်းဖြင့် တုံ့ပြန်ခုခံခြင်းပြုမည်မှာ သဘာဝပင်ဖြစ်

သို့သော် ကာကွယ်ခုခံပိုင်ခွင့်ကို တလွဲအသုံးပြု၍ မတရားစော်ကားခြင်း၊ အနိုင်အထက်ပြုခြင်းများ မဖြစ်ပေါ်စေရန် အရေးကြီး၏။ ထို့ကြောင့် ကာကွယ်ခုခံပိုင်ခွင့်ရှိသည့် အကြောင်းခြင်းရာများ၊ ကာကွယ်ခုခံပိုင်ခွင့်မရှိသည့် အကြောင်းခြင်းရာများ၊ မည်သည့်အတိုင်းအတာအထိ ကာကွယ်ခုခံနိုင်သည့် အခြေအနေများစသည်ဖြင့် ပြစ်မှုဆိုင်ရာဥပဒေ အခန်း(၄)၊ ပုဒ်မ (၉၆) မှ ပုဒ်မ (၁၀၆)အထိ ပြဋ္ဌာန်းထား၏။ **ပုဒ်မ (၉၆)တွင် ကာကွယ်ခုခံပိုင်ခွင့်အရ ပြုသောပြုလုပ်မှုသည် ပြစ်မှု မမြောက်**ဟု ပြဋ္ဌာန်းထား၏။

**"ကာကွယ်ခုခံပိုင်ခွင့်"(၂)မျိုး**ရှိပါသည်။ ၎င်းတို့မှာ (၁) လူကိုကာကွယ်ခုခံပိုင်ခွင့်၊ (၂) ပစ္စည်းကို ကာကွယ်ခုခံပိုင်ခွင့်ဟူ၍ဖြစ်ပါသည်။ ၎င်းတို့ကို အကျယ်တင်ပြရလျှင်–

(၁) လူကိုကာကွယ်ခုခံပိုင်ခွင့်

ပုဒ်မ ၉၉ ပါ ကန့်သတ်ချက်များကို မဆန့်ကျင်ဘဲ မည်သူမဆို လူ့ကိုယ်ကို ထိခိုက်ကျူးလွန်သည့် ပြစ်မှု ကို တားဆီးရန် မိမိကိုယ်နှင့် အခြားသူ၏ကိုယ်ကို ကာ ကွယ်ခုခံပိုင်ခွင့်ရှိသည်ဟု ပုဒ်မ ၉၇ ပထမပိုဒ်တွင် ပြဋ္ဌာန်း ထားပေသည်။

ကာကွယ်ခုခံပိုင်ခွင့်သည် မိမိကိုယ်ကိုသာမက မိမိ၏ ဆွေမျိုး၊ အသိမိတ်ဆွေများအပြင် သူစိမ်းတစ်ရံဆံလူ၏ကိုယ်ကိုလည်း ကာကွယ်နိုင်သည်။ ကြီးနိုင်ငယ်ညှဉ်းသဘောမျိုး ပြုလုပ်သည့်ကိစ္စများတွင် အားနွဲ့သူကိုကူညီရန်၊ ကယ်ဆယ်ရန် လူမှုရေးအရ တာဝန်ရှိသဖြင့် ဆွေမျိုးတော်စပ်ခြင်းမရှိသည့် သူစိမ်းတစ်ရံဆံပင်ဖြစ်ပါစေ ထိုသူ၏ကိုယ်အတွက် ကာကွယ်ခုခံပိုင်ခွင့် ရရှိခြင်းဖြစ်သည်။ **[မောင်မှတ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၂၈]**

ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးပြုရာ၌ အသုံးပြုသူအနေဖြင့် မည်သည့်အဆင့်တွင် မည်သို့ကာကွယ်ရမည်ကိုလည်းကောင်း၊ ထွက်ပြေးရန်သော်လည်းကောင်း တာဝန်မရှိပေ။ ဘေးအန္တရာယ်မှ ကင်းရှင်းသည်အထိ ပြုပိုင်ခွင့်ရှိပေသည်။

"လက်ရောက်မှုကျူးလွန်သဖြင့် ကျရောက်လာသည့် အန္တရာယ်သည် အလွန်ကြီးမားသည့်အခါ ကာကွယ်ခုခံသူတစ်ဦးအနေနှင့် မိမိအသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ရန် ပြုလုပ်ရခြင်းကို သက်ညှာစွာစဉ်းစားရသည်။ ဘေးမှရပ်ကြည့်နေသူတစ်ဦးအနေနှင့် မစဉ်းစားသင့်၊ အဓိက စဉ်းစားရန်အချက်မှာ အသက်အန္တရာယ်ကို စိုးရိမ်ဖွယ်ရာ အခြေအနေ ရှိ/မရှိပင်ဖြစ်၏"ဟု [အစိုးရနှင့် မောင်လှမောင်၊ ၁၉၄၆ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ–၅၀] စီရင်ထုံး၌ ဆုံးဖြတ်ထားပါသည်။

ကာကွယ်ခုခံပိုင်ခွင့်ကို အခြားသူတစ်ဦး ရန်မူလာခြင်းနှင့်ပတ်သက်၍သာ အသုံးပြုနိုင်သည်။ လက်စားချေလိုသည့်သဘောဖြင့် အသုံးပြုနိုင်ခွင့်မရှိပေ။ **(အစိုးရနှင့် မောင်စစ်သိန်း၊ ၁၉၄၆ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ–၆၄)**


လူတစ်ဦးတစ်ယောက်က အခြားလူတစ်ဦးအပေါ် ကြီးနိုင်ငယ်ညှဉ်း သဘောသက်ရောက်သည့် အန္တရာယ်ပြုလာသည်ကိုတွေ့လျှင် လူတိုင်းလူတိုင်းတွင် အားနွဲ့သူကို အကာအကွယ်ပေးရန် တာဝန်ရှိသည့်အလျောက် ထိုတာဝန်အတိုင်း အကာအကွယ်ပေးခဲ့လျှင် ထိုသူ၏ အပြုအမူမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၉၇ အရ ကာကွယ်ခုခံပိုင်ခွင့်အတွင်း ကျရောက်သည်ဟု ဥပဒေကအသိအမှတ်ပြုထားကြောင်း **[စန်းစန်းမြင့် (ခ) မတင်မြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၁၁၇၃]** စီရင်ထုံး၌ အဆုံးအဖြတ်ပြုထားပေသည်။

ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးချရာ၌ လိုသည်ထက်ပို၍ အန္တရာယ်မပြုနိုင်ပေ။ လူတစ်ဦးတစ်ယောက်သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၉၇ ၏ ပထမအပိုဒ်အရ လူကိုယ်ကို ထိခိုက်ကျူးလွန်သည့် ပြစ်မှုကို တားဆီးရန် မိမိကိုယ်နှင့် အခြားသူ၏ကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။[၆]

လူတစ်ဦးတစ်ယောက်က မိမိအား ရန်မူလာလျှင် ရန်မူခြင်းခံရသူသည် ထွက်ပြေးရန်မလို၊ ရန်မူလာသူ

www.burmeseclassic.com

www.burmeseclassic.com




အား ရပ်တန့်၍ ခုခံနိုင်၏။ မိမိအား ရန်မူသူသည် ထပ်မံ၍ ရန်မမူနိုင်သည့်တိုင်အောင် ခုခံနိုင်သည်။[၇]

နှစ်ဦးနှစ်ဖက် ခိုက်ရန်ဖြစ်ပွားနေသောအချိန်တွင် ထိုသို့ခိုက်ရန်ဖြစ်ပွားကြသူများသည် ကာကွယ်ခုခံပိုင်ခွင့်ကို မည်သို့မျှ အကာအကွယ်မယူနိုင်ပေ။[၈]

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၉၆ တွင် ကာကွယ်ခုခံပိုင်ခွင့်အရ ပြုလုပ်ခြင်းဖြစ်လျှင် ပြစ်မှုမမြောက်ဟု ပြဋ္ဌာန်းထားသည်။ သို့သော် ယင်းပြဋ္ဌာန်းချက်ပါ အခွင့်အရေးသည် စကားများကြပြီး လက်နက်စွဲကိုင် ခိုက်ရန်ဖြစ်ပွားကြသည့် ကိစ္စမျိုးအတွက် ပေးထားခြင်းမဟုတ်ပေ။ စကားများကြပြီး လက်နက်စွဲကိုင် ခိုက်ရန်ဖြစ်ပွားခြင်းမရှိဘဲ တစ်ဦးတစ်ယောက်က မိမိအား လာရောက်အန္တရာယ်ပြုသည့်အခါတွင် အန္တရာယ်မပြုနိုင်ရန် ကာကွယ်ခုခံခြင်းမျိုးဖြစ်မှသာ ကာကွယ်ခုခံပိုင်ခွင့်၏ အကျိုးကျေးဇူးများကို ခံစားနိုင်ပေသည်။[၉]

သေသူအား တရားခံက ဓားနှင့်မထိုးမီ မိနစ်ပိုင်းအလိုက ၎င်းတို့နှစ်ဦး ခိုက်ရန်ဖြစ်ပွားခဲ့ကြသည်။ ထိုသို့ခိုက်ရန်ဖြစ်ပွားပြီးနောက် ငါးမိနစ်ခန့်အကြာတွင် နောက်ထပ်တစ်ဖန် အချင်းဖြစ်ပွားခြင်းဖြစ်ရာ နောက်တစ်ကြိမ်ခိုက်ရန်ဖြစ်ပွားခြင်းမှာ မူလခိုက်ရန်ဖြစ်ပွားခြင်းနှင့် ဆက်စပ်နေကြောင်း ပေါ်လွင်သည်။ သို့ဖြစ်လေရာ နှစ်ဦးနှစ်ဖက် ခိုက်ရန်ဖြစ်ပွားနေစဉ်တွင် ထိုသို့ခိုက်ရန်ဖြစ်ပွားကြသူများသည် ကာကွယ်ခုခံပိုင်ခွင့်ကို အကာအကွယ်မယူနိုင်ပေ။[၁၀]

ပထမအကြိမ် ခိုက်ရန်ဖြစ်ပွားခြင်းနှင့် ဒုတိယအကြိမ် ခိုက်ရန်ဖြစ်ပွားခြင်းမှာ နာရီဝက်ခန့်သာ ကွာခြားသည်။ ခိုက်ရန်ဖြစ်ပွားခြင်းနှစ်ခုမှာ ဆက်စပ်၍နေသည်။ နှစ်ဦးနှစ်ဖက် ခိုက်ရန်ဖြစ်ပွားနေစဉ်တွင် ထိုသို့ခိုက်ရန်ဖြစ်ပွားနေကြသူများသည် ကာကွယ်ခုခံပိုင်ခွင့်ကို အကာအကွယ် မယူနိုင်ပေ။[၁၁]

လူတစ်ယောက်နှင့် လူအများတို့ ခိုက်ရန်ဖြစ်ပွားကြရာတွင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်စွဲဆိုမှုတို့၌ လူအများစုဖြစ်သည့် လူ(၇)ယောက်အားလည်းကောင်း၊ လူတစ်ယောက်အားလည်းကောင်း၊ နှစ်ဖက်စလုံးအား ပြစ်ဒဏ်စီရင်ခြင်းမှာ တရားမျှတမှုမရှိပေ။ လူအများစု (၇)ယောက်ထဲမှ (၃)ယောက်သည် သာမန်ဒဏ်ရာရသည်။ လူတစ်ယောက်ဖက်တွင် ပြင်းထန်ဒဏ်ရာရသည်။ ဆေးရုံတွင် ရက်(၃၀)တက်ရသည်။ တစ်ယောက်တည်းဖက်မှ ကာကွယ်ခုခံပိုင်ခွင့် အခွင့်အရေးရထိုက်၏။ အပြန်အလှန်ရန်ဖြစ်ခြင်းဖြစ်၍ ကာကွယ်ခုခံပိုင်ခွင့်မရနိုင်ဟု ဆိုနိုင်မည်မဟုတ်ပေ။[၁၂]

သေသူမှ တရားခံထံ ဈေးဖိုးသွားတောင်းရာ သေသူနှင့် တရားခံတို့ ရန်ဖြစ်ဆဲဆိုကြသည်။ သေသူ၏ခင်ပွန်းနှင့်ပါ ဆက်လက်ရန်ဖြစ်ကြသည်။ သေသူ၏ခင်ပွန်း

www.burmeseclassic.com

www.burmeseclassic.com



က ဓားလုံ့နှင့်ထိုး၍ တရားခံက ခုခံသည့်အနေဖြင့် ဓားနှင့်ထိုးရာ သေသူ၏ပေါင်ကို ထိုးမိသွားပြီး သွေးလွန်၍ သေဆုံးသွားသည်။ တရားခံ၏အပြုအမူမှာ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ခိုက်ရန်ဖြစ်ပွားစဉ် ပြုလုပ်ခဲ့သော အပြုအမူဖြစ်သည်မှာ ထင်ရှားသည်။ ထိုသို့ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ခိုက်ရန်ဖြစ်ပွားရာ၌ ကာကွယ်ခုခံပိုင်ခွင့်မရှိ။[၁၃]

မိမိကိုယ်ကို ကာကွယ်ခုခံသည်ဟူ၍သော်လည်းကောင်း၊ ဒေါသထွက်အောင် ရန်ရှာခံရသည်ဟူ၍သော်လည်းကောင်း ထင်ရှားအောင် ပြသရန်တာဝန်မှာ အမှုအသီးသီး၌ တရားခံအပေါ်တွင် ကျရောက်၏။[၁၄]

"လူကိုကာကွယ်ခုခံရာတွင် သေစေသည်အထိ ကာကွယ်ခုခံနိုင်သည့် ပြစ်မှုများမှာ"–[၁၅]

(၁) သေဘေးကျရောက်စေနိုင်မည့် လက်ရောက်မှု

(၂) အပြင်းအထန် နာကျင်စေနိုင်မည့် လက်ရောက်မှု

(၃) မုဒိမ်းကျင့်ရန်ကြံစည်သည့် လက်ရောက်မှု

(၄) ကာမရာဂစိတ်ကို ဓမ္မတာနှင့်ဆန့်ကျင်၍ ရောင့်ရဲအောင် ပြုရန်ကြံစည်သည့် လက်ရောက်မှု

(၅) လူကိုခိုးယူရန် (သို့) သွေးဆောင်ခေါ်ငင်ရန် အကြံနှင့် ပြုလုပ်သည့် လက်ရောက်မှုနှင့်

(၆) သက်ဆိုင်ရာအာဏာပိုင်များထံ အချိန်မီတိုင်တန်းရန် မဖြစ်နိုင်ဟု စိုးရိမ်ရသည့် မတရားချုပ်နှောင်ရန်အကြံနှင့် လက်ရောက်မှုများကို သေစေသည်အထိ ကာကွယ်ခုခံနိုင်ပေသည်။

အထက်ဖော်ပြပါ ပုဒ်မ ၁၀၀ တွင် ပြဋ္ဌာန်းထားသော ပြစ်မှုများမှတစ်ပါး အခြားကျူးလွန်မှုများကို **သေစေသည်မှတစ်ပါး** အခြားဘေးအန္တရာယ်ဖြစ်စေသည်အထိ ကာကွယ်ခုခံနိုင်သည်။ ပုဒ်မ ၉၉ ပါ ပြဋ္ဌာန်းချက်များကို သတိချပ်ရမည်။[၁၆]

သတိပြုရမည်မှာ ဥပဒေအရပေးထားသည့် ကာကွယ်ခုခံပိုင်ခွင့်ကို ဥပဒေအရ သတ်မှတ်ချက်များနှင့် အညီသာလျှင် ကာကွယ်ခွင့်၊ ခုခံခွင့်ရှိသည်။ လိုသည်ထက်ပို၍ ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးမပြုရပေ။

တရားခံကို သေသူက ရန်စပြီး ဆဲရေးခြင်းအပေါ်

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၉၆၊ ၉၇ နှင့် ၁၀၀ တို့တွင် ကာကွယ်ခုခံပိုင်ခွင့်များ ပေးထားလေသည်။ ပုဒ်မ ၁၀၀ တွင် မိမိအား အန္တရာယ်ပြုသူကို မကာကွယ်၊ မခုခံလျှင် သေဘေးရောက်စေရန် စိုးရိမ်ဖွယ်အကြောင်းရှိပါက ထိုသူကိုသေသည်အထိ ကာကွယ်ခုခံနိုင်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားပေသည်**

• • •

www.burmeseclassic.com



တရားခံက ဒေါသထွက်ပြီး တုတ်ဖြင့်ရိုက်၍ သေဆုံးသွားရာတွင် တရားခံသည် ကာကွယ်ခုခံပိုင်ခွင့်အရ ပြုလုပ်ခြင်းဖြစ်သည်ဟု အကာအကွယ်ယူ၍မရ။[၂၂]

ဆိုလိုသည်မှာ ရန်စရုံ၊ ဆဲရေးရုံ ပြုလုပ်သူအား သေစေသည်အထိ ရိုက်သတ်သည်ကိုတော့ ဥပဒေက ခွင့်မပြုပေ။

ကာကွယ်ခုခံပိုင်ခွင့်အတွင်း သေစေခြင်းဖြစ်ကြောင်း ထင်ရှားပါက တရားခံအား အပြီးအပြတ်လွှတ်ရမည်။ လူသေမှုဖြင့် လျှော့ပေါ့ပြီး အပြစ်ပေးခြင်းမပြုရပေ။

ဤတွင် **ကာကွယ်ခုခံပိုင်ခွင့်အတွင်း ကျရောက်ရန် လိုအပ်သော အင်္ဂါရပ် (၄)ရပ်ရှိ**ကြောင်း သိထားရန် လိုအပ်ပေသည်။

**"လူကို သေစေသည်အထိ ကာကွယ်ခုခံနိုင်သည့် အင်္ဂါ (၄)ရပ်"**

(၁) အခင်းဖြစ်ပွားခြင်းနှင့် စပ်လျဉ်း၍ တရားခံသည် အပြစ်ကင်းရမည်။

(၂) သေဘေး(သို့)အကြီးအကျယ် နာကျင်မှု ဆိုက်ရောက်မည်ဟု စိုးရိမ်ဖွယ်အခြေအနေရှိရမည်။

(၃) ကာကွယ်ခုခံခြင်းမပြုက မဖြစ်သည့်အခြေ ဆိုက်နေရမည်။

(၄) သေစေသည်အထိပြုရန် အမှန်တကယ် လိုအပ်နေရမည်။

အထက်ပါ အချက်(၄)ချက်နှင့် ပြည့်စုံမှုရှိပါက လူကို သေစေသည်အထိ ကာကွယ်ခုခံနိုင်ကြောင်း ဥပဒေတွင် ပြဋ္ဌာန်းထားပေသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၉၆၊ ၉၇ နှင့် ၁၀၀ တို့တွင် ကာကွယ်ခုခံပိုင်ခွင့်များ ပေးထားလေသည်။ ပုဒ်မ ၁၀၀ တွင် မိမိအား အန္တရာယ်ပြုသူကို မကာကွယ်၊ မခုခံလျှင် သေဘေးရောက်စေရန် စိုးရိမ်ဖွယ်အကြောင်းရှိပါက ထိုသူကိုသေသည်အထိ ကာကွယ်ခုခံနိုင်ကြောင်း အတိအလင်းပြဋ္ဌာန်းထားပေသည်။

တရားခံ၏အမေအား အသတ်ခံရသူက မုဒိမ်းပြု ကျင့်ရန် ကြိုးစားနေစဉ် (သို့)မုဒိမ်းပြုကျင့်နေစဉ် တွေ့ ပါက သေသည်အထိ ကာကွယ်ခုခံနိုင်ပေသည်။ ထိုသို့ မဟုတ်ဘဲ မုဒိမ်းပြုကျင့်ပြီးနောက်မှ ဓားဖြင့်လိုက်၍ ခုတ် သတ်ခဲ့ပါက ကာကွယ်ခုခံပိုင်ခွင့်အတွင်း မကျရောက် ပေ။[၂၃]

သေသူ၏လက်ဝယ်မှ ရဲတင်းကို လုယူလိုက်ပြီး နောက် တရားခံသည် သေသူ၏လက်တွင် သေစေ လောက်သည့်လက်နက် လုံးဝမရှိတော့သည့်နောက် သေ သူအား ရဲတင်းဖြင့် ဒဏ်ရာ(၈)ချက် ရသည်အထိ ပြု လုပ်မှုသည် လိုသည်ထက်ပို၍ ပြုလုပ်မှုဖြစ်၍ ကာကွယ် ခုခံပိုင်ခွင့် မမြောက်ပေ။[၂၄]

သို့ဖြစ်၍ ဥပဒေက ကာကွယ်ခုခံပိုင်ခွင့်ပေးထား သော်လည်း အထက်ဖော်ပြပါ အင်္ဂါရပ်(၄)ရပ်နှင့် ညီညွတ် ရန်လိုအပ်ပြီး လိုသည်ထက်ပို၍ ကာကွယ်ခုခံပိုင်ခွင့်မ ကြောင်း သတိပြုရပေမည်။

**(၂) ပစ္စည်းကို ကာကွယ်ခုခံပိုင်ခွင့်**

ခိုးမှု၊ အကျိုးဖျက်ဆီးမှု၊ ကျော်နင်းမှုတစ်မျိုးမျိုးကို ကျူးလွန်ရန်အားထုတ်ခြင်းကို တားမြစ်ရန် မိမိပိုင်ဖြစ် စေ၊ သူတစ်ပါးပိုင်ဖြစ်စေ ရွှေ့ပြောင်းနိုင်သောပစ္စည်း မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ကာကွယ် ခုခံခွင့် ရှိသည်။ [ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၉၇ (၃)ပိုဒ်]



www.burmeseclassic.com



ပစ္စည်းကာကွယ်ခုခံပိုင်ခွင့်သည် မိမိပစ္စည်းသာမက သူတစ်ပါး၏ပစ္စည်းကို ကျူးကျော်လာလျှင်လည်း ကျူးကျော်သူအား ကာကွယ်ခုခံပိုင်ခွင့်ရှိ၏။ ဤပုဒ်မတွင်ဖော် ပြချက်များအရ ခိုးမှု၊ လုယက်မှု၊ အကျိုးဖျက်ဆီးမှု၊ ကျော်နင်းမှု စသည်များကို ကျူးလွန်မှသာ ကာကွယ်ခုခံနိုင်၏။ ထို့ပြင် ခိုးမှုတွင် အိမ်ဖောက်ထွင်းပြီးခိုးသည့်ခိုးမှု၊ လုယက်မှုတွင် ဓားပြမှုလည်း အကျုံးဝင်နိုင်ပေသည်။

ပြစ်မှုဆိုင်ရာဥပဒေ၏ အဓိကဦးတည်ချက်မှာ ငြိမ်ဝပ်ပိပြားရေးကို ဆောင်ရွက်ရန်ဖြစ်၍ တရားသဖြင့် လက်ရှိဖြစ်သူကိုသာ အကာအကွယ်ပေးရန်ဖြစ်ပေသည်။ သို့ဖြစ်၍ ပစ္စည်းလက်ရှိမဟုတ်လျှင် ထိုပစ္စည်းနှင့်စပ်လျဉ်း၍ ကာကွယ်ခုခံပိုင်ခွင့်မရှိပေ။

"ပစ္စည်းကာကွယ်ခုခံပိုင်ခွင့်"သည် အောက်ဖော်ပြပါ ပြစ်မှုများအနက် တစ်ခုခုကိုကျူးလွန်လျှင် **"သေသည့်အထိ"**ပြုလုပ်နိုင်၏။

(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၃)

(၁) လုယက်မှု
(၂) ညဉ့်အခါ အိမ်ဖောက်ထွင်းမှု
(၃) လူနေသော (သို့) ပစ္စည်းသိုလှောင်ထားသော တိုက်တာ၊ အိမ်ခြေ အဆောက်အအုံတစ်ခုခုကို မီးရှို့အကျိုးဖျက်ဆီးမှု
(၄) သေဘေး(သို့)အပြင်းအထန်နာကျင်စေသည့်ဘေး ကျရောက်သော ခိုးမှု၊ အကျိုးဖျက်ဆီးမှု၊ အိမ်ကျော်နင်းမှုများ ကျူးလွန်ခြင်း စသည့် ပြစ်မှုများအနက် (တစ်ခုခု)ကျူးလွန်ပါက သေသည့်အထိ ကာကွယ်ခုခံနိုင်ကြောင်း ပြဋ္ဌာန်းထားပေသည်။

ယခု စာရေးသူ တင်ပြခဲ့သည့် ဥပဒေရေးရာ အချက်အလက်များသည် လူတိုင်းလူတိုင်း မသိမဖြစ်သိထားသင့်သည့် ဥပဒေပြဋ္ဌာန်းချက်များဖြစ်သည့်အပြင် လက်တွေ့နယ်ပယ်မှာ အမှန်တကယ်ဖြစ်ပွားခဲ့ပြီး၊ ဖြစ်ပွားနေဆဲ စီရင်ဆုံးဖြတ်ပြီး တကယ့်ဖြစ်ရပ်မှုခင်းများပင် ဖြစ်ပေသည်။ သို့ဖြစ်ရာ "**Ignorance of Law is no excuse**" "**ဥပဒေကို မသိနားမလည်လို့ပါဆိုခြင်းသည် ခွင့်လွှတ်ရန်မဟုတ်**"ဟူသောအဆိုအတိုင်း လူမှု အဖွဲ့အစည်းတိုင်းသည် မည်သူမဆို သိရှိ နားလည်၊ လက်ခံကျင့်သုံးသင့်ပေသော ဥပဒေက တရားဝင်ပေးထားသည့် "**ကာကွယ်ခုခံပိုင်ခွင့်များ**"သည် လူတိုင်းအတွက် **လူ့အခွင့်အရေး**တစ်ရပ်ပင်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

ဦးသန်းထွန်း (ဥပဒေ)


ရည်ညွှန်းချက်များ

၆။ မောင်စံထွန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး။ စာ-၄၄၁။

၇။ မောင်ကတုံးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး။ စာ-၆၆၁။

၈။ ဦးဘိုက်ကြီး(ခ)သန်းစိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး။ စာ-၁၃။

၉။ ဦးအေးမောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး။ စာ-၁၃၀။

၁၀။ နီတွတ်ကယ်(ခ)သာထွန်းအောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး။ စာ-၃၅၂။

၁၁။ လန်တစွတောင်နှင့် ပြည်ထောင်စု၊ ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး။ စာ-၁၀၉။

၁၂။ ဦးမောင်မောင်နှင့်၁။ ပြည်ထောင်စု၊ ၂။ ဦးသာလှိုင်ပါ(၇)၊ ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ်-၆ နှင့် ၇။

၁၃။ သိန်းတန်နှင့် ပြည်ထောင်စု၊ ၁၉၉၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး။ စာ-၁၃၄။

၁၄။ ဘိုးနှင့် အစိုးရ၊ ၁၉၂၄ ခုနှစ်၊ ရန်ကုန်မြို့ထုတ် အိန္ဒိယစီရင်ထုံး။ စာ-၁၉။

၁၇။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၁၀၀။

၁၈။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၁၀၁။

၂၂။ ဝေဇောအောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး။ စာ-၁၇၆။

၂၈။ မောင်ကြည်ရွှန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး။ စာ-၅၅။

၂၉။ ပြည်ထောင်စုနှင့် မောင်တင်ရွှေ၊ ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး။ စာ-၈၄။


www.burmeseclassic.com

www.burmeseclassic.com



ဒုတိယရဲမှူးကြီး ဝင်းဦး

# ဆားပုလင်းခေါ် စုံထောက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တပ်ကြပ်ချစ်တီးက
စားပွဲတိုက်တတ်တဲ့သူ
ရှိတယ်ဆိုတော့
စိတ်ထဲ
နည်းနည်းဖြုန်သွားသည်။
ညောင်လေးပင်ရဲစခန်း
နေစဉ်က
ကြားဘူးထားသော
စခန်းမှူးအသစ်
ရောက်လာလျှင်
နယ်မြေခံလူဆိုးကြီးများက
စခန်းမှူးအရည်အချင်းကို
စမ်းသပ်တတ်သည်
ဆိုသော အသိက
ခေါင်းထဲ
သတိရမိသွားပါသည်
...

"ဆားပုလင်း"ဟူသော ဝေါဟာရကို ကျွန်တော် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ စတင်ဝင်ရောက်သည့် ၁၉၇၈ ခုနှစ်မှစတင်၍ အကျွမ်းတဝင် ရှိလာခြင်းဖြစ်ပါသည်။ သင်တန်းကျောင်းတွင် သင်ကြားစဉ်က နယ်ထိန်းဘာသာရပ်များကို သင်ကြားသည့်အခါ၌ စတင်သိရှိလာခြင်းလည်းဖြစ်ပါသည်။ ဆားပုလင်းဟု မြန်မာဝေါဟာရဖြင့် ခေါ်နေသော စကားစုမှာ Surveillance ဟူသော အင်္ဂလိပ်စကားလုံးအား မြန်မာဘာသာဖြင့် မွေးစားခေါ်ဆိုထိုက်ခြင်းပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် လူဆိုးစုံထောက်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ကျွန်တော် အထက်တန်းကျောင်းသားဘဝက စာရေးဆရာကြီး မင်းသိခ်၏ဝတ္ထုများတွင် ဆားပုလင်းနှင်းမောင်ဟုခေါ်သော လူဆိုးစုံထောက်အကြောင်းကို ဖတ်ခဲ့ဖူးသဖြင့် "ဆားပုလင်း"ဟူသည် တင်စားသော အမည်တစ်ခုခုဟုသာ ယူဆခဲ့ပါသည်။ သို့သော် ကျွန်တော်ကိုယ်တိုင် ရဲတပ်ဖွဲ့သို့ တာဝန်ထမ်းဆောင်ရန် ရောက်ရှိသည့်အခါမှ "ဆားပုလင်း"ဟူသော ဝေါဟာရနှင့်ပတ်သက်သူသည် ရဲစခန်း (Police Station)တစ်ခု၏ နား၊ မျက်စိ၊ ခြေလက်များသဖွယ် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်နေကြောင်းကို သိရှိလာရပါသည်။

လူဆိုးစုံထောက်ဟူသော ဆားပုလင်းဆိုသူသည် ပဲခူးဆားကဲ့သို့ နေရာတကာတွင် သူမပါလျှင် ပွဲမစည်ဟု ဆိုရမည်အထိ ဖြစ်လာသည်ကို သဘောပေါက်လာပါသည်။ ကျွန်တော်ကိုယ်တိုင် ရဲစခန်းဆိုင်ရာ မှတ်ပုံတင်များကို လေ့လာစိစစ်ရာတွင် လူဆိုးစုံထောက်များနှင့်ပတ်သက်သော မှတ်ပုံတင်စာအုပ်များအား သီးသန့်ထားရှိကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲလက်စွဲ(ဒု)တွဲအား ဖတ်ရှုသည့်အခါတွင်လည်း လူဆိုးစုံထောက်များ၏ လုပ်ငန်းတာဝန် ဝတ္တရား

www.burmeseclassic.com

www.burmeseclassic.com

များသည် အတိုင်းအဆမရှိ တာဝန်ကြီးမားသူများဖြစ်ကြောင်း ကောင်းစွာသိရှိလာရပါသည်။ တစ်နည်းဆိုပါလျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်ရေးတွင် တပ်ဖွဲ့ဝင်များ စွမ်းရည်ရှိရန်နှင့် အထူးသဖြင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ စွမ်းရည်ထက်မြက်ရန် လိုအပ်မည်ဖြစ်ပါသည်။

ကျွန်တော် ညောင်လေးပင်ရဲစခန်းတွင် အလုပ်သင်တာဝန်ထမ်းဆောင်စဉ်ကာလက ရဲစခန်းရှိ လူဆိုးစုံထောက်(ခ)ဆားပုလင်း(ခ)နယ်ထိန်းတပ်ဖွဲ့ဝင်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲစခန်းမှူးများကိုယ်တိုင် အလေးထားပြောဆိုဆက်ဆံမှုများကို တွေ့ရှိခဲ့ရသောကြောင့် ပိုမို၍ အထင်ကြီးလေးစားမိခဲ့ပါသည်။ ရဲစခန်းမှူး (Police Station Officer)၊ အမှုစစ် (Investigation Officer)များ အမှုစစ်ဆေးရန် ထွက်ခွာသည့်အခါတိုင်း၊ အခင်းဖြစ်အရပ် (Scence Of Crime) ကို ကြည့်ရှုစစ်ဆေးသည့်အခါတိုင်း ဆားပုလင်း(ခ)နယ်ထိန်းခေါင်းဆောင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များကို ခေါ်သွားလေ့ရှိသည်ကိုလည်း သတိပြုမိခဲ့ပါသည်။

ယခု ကျွန်တော့်အနေဖြင့် ရဲစခန်းမှူးတာဝန်ထမ်းဆောင်ခဲ့စဉ်က အတူလက်တွဲလုပ်ကိုင်ခဲ့သော ဆားပုလင်းချစ်တီး၏ လှုပ်ရှားဆောင်ရွက်ခဲ့သည့် အစိတ်အပိုင်းတစ်ခုအားတင်ပြလိုသဖြင့် ခံစားရေးဖွဲ့ရခြင်းဖြစ်ပါသည်။ ပုဂ္ဂလိကဆန်ဆန် တင်ပြခြင်းမဟုတ်ပါ။ နယ်ထိန်းတပ်ဖွဲ့ဝင်တစ်ဦးအဖြစ်သာ ရှုမြင်ပြီး စွမ်းဆောင်ချက်များကို သိရှိနိုင်ရန် မျှဝေခံစားစေလိုခြင်းဖြစ်ပါသည်။



တကယ်တော့ ဆားပုလင်းချစ်တီးဆိုသူမှာ ညောင်လေးပင်ရဲစခန်းမှမဟုတ်ပါ။ ပြွန်တန်ဆာရဲစခန်းမှဖြစ်ပါသည်။ အရာရှိအဆင့်မဟုတ်ဘဲ ရဲတပ်ကြပ်အဆင့်သာဖြစ်ပါသည်။ ယနေ့တိုင် ပြွန်တန်ဆာမြို့တွင် သက်ရှိထင်ရှားရှိပြီး အငြိမ်းစားဘဝဖြင့် ရိုးသားစွာလုပ်ကိုင်စားသောက်နေသူဖြစ်ပါသည်။ အသက် ၈၆ နှစ်သို့ ရောက်ရှိခဲ့သော်လည်း မျက်စိအနည်းငယ်မှုန်သည်မှလွဲ၍ ကျန်းမာဖျတ်လတ်နေဆဲဖြစ်ပါသည်။

ကျွန်တော် ညောင်လေးပင်ရဲစခန်းတွင် တာဝန်ထမ်းဆောင်စဉ်ကာလကတည်းက ပြွန်တန်ဆာရဲစခန်းမှ နယ်ထိန်းတပ်ကြပ်ချစ်တီးနှင့်ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးတို့၏ ပြောကြားသော စကားများတွင် ခဏခဏ အမည်ပါနေသဖြင့် နားရည်ဝမှုရှိခဲ့သည်။ ထိုအချိန်က ကျွန်တော်နှင့် ရင်းနှီးမှုမရှိခဲ့ပါ။ မြင်ဘူး၊ တွေ့ဘူးခဲ့အဆင့်သာရှိခဲ့ပါသည်။

ထိုသို့ကြားနေရသော သတင်းစကားများအနက် ပြွန်တန်ဆာရဲစခန်းအပိုင်တွင်ဖြစ်ပွားသောမှုခင်းများနှင့် ပတ်သက်၍ နယ်ထိန်းတပ်ကြပ် ချစ်တီးနှင့်အဖွဲ့က မည်ကဲ့သို့ဖော်ထုတ်လိုက်ကြောင်း၊ တရားခံကို ဘယ်လိုဖမ်းဆီးခဲ့ကြောင်း၊ ဓားပြအဖွဲ့များကို ဘယ်လိုစောင့်ဆိုင်းပြီး ပစ်ခတ်ခဲ့ကြောင်း စသည့်သတင်းများကိုသာ အဆက်မပြတ်ကြားသိခဲ့ရပါသည်။ တစ်ချိန်ချိန်တွင် ကျွန်တော်နှင့် နယ်ထိန်းတပ်ကြပ် ချစ်တီးတို့သည် အတူတကွလက်တွဲလုပ်ကိုင်ရလိမ့်မည်ဟု မထင်မှတ်၊ မမျှော်မှန်းခဲ့ပါ။ ထိုအချိန်က ကျွန်တော်သည် အလုပ်သင်ပြီးခါစ၊ ဒုရဲအုပ်အဆင့်သာရှိသေးပြီး ဝါရင့်ရဲစခန်းမှူးကြီးများ လုပ်သက်ရင့် အမှုစစ်အရာရှိများထံမှ ရဲတပ်ဖွဲ့ဆိုင်ရာ ပညာရပ်များကို

လေ့လာနေဆဲအချိန်ဖြစ်ပါသည်။ လူဆိုးစုံထောက်အဖြစ် ကိုယ့်ကိုလည်း မည်သူကမျှ တာဝန်ပေးအပ်ခြင်းမရှိသဖြင့် လက်ရှိခန့်အပ်ထားသော ဆားပုလင်းနယ်ထိန်းများကိုသာ စိတ်ထဲက အားကျနေပြီး ဖြေသိမ့်နေရခြင်းဖြစ်ပါသည်။

ထိုသို့တာဝန်ထမ်းဆောင်နေစဉ်ပင် ကျွန်တော်၏ဘဝကံကြမ္မာ တစ်ဆစ်ချိုး ပြောင်းလဲခဲ့ရပါသည်။ ၁၉၈၂ ခုနှစ်တွင် ကျွန်တော့်အား ဒုရဲအုပ်အဆင့်မှ ဒုရဲအုပ် (စခန်းမှူး) အဆင့်သို့ ရာထူးတိုးမြှင့်ခံခဲ့ရပါသည်။ ထိုအချိန်မှစ၍ ကျွန်တော့် ဘဝတွင် အစိုးရိမ်လွန်ကဲမှု ဗျာပါရ တစ်ခုက စွဲကပ်လာပါသည်။

အဘယ့်ကြောင့်ဆိုသော် မိမိကိုယ်တိုင် ရဲလုပ်ငန်းဆိုင်ရာ ပညာရပ်များ မပြည့်ဝသေးသောကြောင့် ရဲစခန်းမှူးတာဝန်ထမ်းဆောင်ရပါလျှင် ဒုစရိုက်သမားများက ပညာစမ်းတတ်သည်ဟု ပြောဆိုခြင်းကြောင့်ပင်ဖြစ်ပါသည်။ ထိုပြောဆိုမှုက ကျွန်တော့်အား အရိပ်တစ္ဆေလို ခြောက်လှန့်ခဲ့ပါသည်။

ကျွန်တော့်အား ဒုရဲအုပ်အဆင့်မှ ဒုရဲအုပ် (စခန်းမှူး)အဆင့်သို့ ရာထူးတိုးမြှင့်ပြီးနောက် လုပ်ငန်းလိုအပ်ချက်အရ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာရဲစခန်းမှူးအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။ ပြွန်တန်ဆာရဲစခန်းရောက်ရှိသည်နှင့် ကျွန်တော် အလုပ်သင်ဘဝကတည်းက အမည်ရင်းနှီးလာသော နယ်ထိန်းဆားပုလင်းခေါင်းဆောင် တပ်ကြပ် ချစ်တီးနှင့် တွေ့ဆုံရပါတော့သည်။ ကျွန်တော် ရောက်ရှိသည်နှင့် ကျွန်တော့်ထံလာရောက်ပြီး တပ်ကြပ် ချစ်တီးက သတင်းပို့ပါသည်။

တပ်ကြပ် ချစ်တီးမှာ အရပ်ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးကိုယ်ထည် ကျစ်လျစ်မှုရှိပြီး သွက်လက် ဖျတ်လတ်မည့်ပုံပေါက်ပါသည်။ အသက် ၅၉ နှစ်ကျော်ခန့်ရှိပြီဖြစ်သော်လည်း ကျန်းမာရေးကောင်းပြီး လှုပ်ရှားဆောင်ရွက်နိုင်သေးသူဖြစ်ကြောင်း သတိပြုမိပါသည်။ ကျွန်တော့်ကို အလေးပြုပြီးနောက်.....

"ကျွန်တော်က ဒီရဲစခန်းက နယ်ထိန်းတပ်ကြပ် ချစ်တီးပါ၊ ဆရာ ဘာများလိုအပ်ပါသလဲ"

"အခုလောလောဆယ် ဘာမှ မလိုအပ်သေးပါဘူး၊ နယ်မြေအခြေအနေ၊ မှုခင်းဖြစ်ပွားမှုအခြေအနေလေး သိချင်တာပါ"

"ဟုတ်ကဲ့၊ နယ်မြေအခြေအနေကတော့ သောင်းကျန်းသူလှုပ်ရှားမှုတော့ မရှိပါဘူး၊ ဒါပေမဲ့ ဓားပြတိုက်တတ်တဲ့ လူဆိုးလက်ကျန်လောက်တော့ ရှိမယ်ထင်ပါတယ်၊ ဒါကလည်း ပူစရာမလိုပါဘူး ဆရာ၊ ဒီကောင်တွေရဲ့အထာကို ကျွန်တော်သိပြီးသားပါ"

တပ်ကြပ် ချစ်တီးက ဓားပြတိုက်တတ်တဲ့သူရှိတယ်ဆိုတော့ စိတ်ထဲ နည်းနည်းဖြုန်သွားသည်။ ညောင်လေးပင်ရဲစခန်းနေစဉ်က ကြားဘူးထားသော စခန်းမှူးအသစ်ရောက်လာလျှင် နယ်မြေခံလူဆိုးကြီးများက စခန်းမှူးအရည်အချင်းကို စမ်းသပ်တတ်သည်ဆိုသော အသိက ခေါင်းထဲသတိရမိသွားပါသည်။ နယ်ထိန်းတပ်ကြပ် ချစ်တီးက ဆက်လက်ပြောပြခဲ့ရာ.....

"ပွင့်လင်းရာသီရောက်ရင်တော့ ကျွန်တော်တို့ နည်းနည်းသတိထားရပါတယ်၊ အဲဒီအချိန်က ကိုင်းသမားတွေ ငွေရွှင်တယ်လေ၊ ဒါကို သိတဲ့ကောင်တွေက အလစ်ဝင်ပြီး ဓားပြတိုက်တာပါ၊ နောက်ပြီး ကျွန်တော်တို့မြို့က ရန်ကုန်–မန္တလေး ကားလမ်းရော၊ ရထားလမ်းရောဆုံတဲ့မြို့ဆိုတော့ စည်ကားတဲ့မြို့လို့ ပြောရမှာပဲ၊ မီးရထားဘူတာရုံဘက်မှာဆိုရင်လည်း ဆိုမောင်ခိုလုပ်သူ

"နယ်မြေအခြေအနေကတော့
သောင်းကျန်းသူလှုပ်ရှားမှုတော့ မရှိပါဘူး၊
ဒါပေမဲ့ ဓားပြတိုက်တတ်တဲ့ လူဆိုးလက်ကျန်လောက်တော့
ရှိမယ်ထင်ပါတယ်၊ ဒါကလည်း ပူစရာမလိုပါဘူး ဆရာ၊
ဒီကောင်တွေရဲ့အထာကို ကျွန်တော်သိပြီးသားပါ"

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ခါးပိုက်နှိုက် (ငတို)တွေက လည်း ပြွန်တန်ဆာကို အခြေပြုပြီး လှုပ်ရှားတတ်ကြတယ်၊ မြို့ခံခါး ပိုက်နှိုက်တွေကတော့ ကျွန်တော့် အကြောင်းသိပြီးသားမို့ ကျွန်တော် တို့ရဲ့စခန်းအပိုင်မှာတော့ မကျူးလွန် ဘူး၊ အခြားရဲ့စခန်းအပိုင်မှာ ကျူး လွန်ကြတယ်၊ ကျွန်တော်တို့နယ်မြေ မှာ လာဖမ်းလို့ရှိရင် အခြားရဲ့စခန်း အမှုတွေနဲ့ပဲ အဖမ်းခံကြရတယ်''

''ဟုတ်ကဲ့၊ ကျွန်တော်က လည်း အခုမှရောက်လာတဲ့ စခန်း မှူးအသစ်ဆိုတော့ ဒုစရိုက်သမား တွေက ကျွန်တော့်ကို ပညာစမ်းမှာ လည်း စိုးရိမ်လို့ပါ''

''ဒီအတွက်မပူပါနဲ့၊ ကျွန်တော် တို့ရဲ့စခန်းအပိုင်မှာ ဖြစ်ပွားတဲ့ အမှု ကြီးတွေဟာ မပေါ်တာမရှိပါဘူး၊ အနေအမြန်ဆိုသလို ပေါ်ပါတယ်''

နယ်ထိန်းတပ်ကြပ် ချစ်တီး၏ အားပေးပြောစကားကြောင့် ကျွန် တော်လည်း စိတ်သက်သာရာရပြီး အားတက်မိပါသည်။ အပြောနှင့် အလုပ် ညီအောင်လုပ်တတ်သူလို့ပဲ ယူဆခဲ့ပါသည်။

''နောက်ပြီး ကျွန်တော့်လက် အောက်မှာ ဒုတပ်ကြပ် ခင်လှိုင် (တပ်ကြပ်ကြီး၊ ငြိမ်း)၊ ဒုတပ်ကြပ် တင်ငွေ (ကွယ်လွန်)၊ တပ်သား မြင့် သိန်း (ကွယ်လွန်)၊ တပ်သား စော ဝင်း (ငြိမ်း)တို့လည်း ရှိပါတယ်၊ သူ တို့နဲ့ပတ်သက်ပြီး ပြောစရာရှိရင် လည်း ကျွန်တော့်ကိုပြောပါ၊ နိုင်း လို့ကောင်းတဲ့တပည့်တွေဖြစ်ပါ တယ်''

''အေးပါဗျာ၊ အခုလို ပွင့်ပွင့် လင်းလင်း သိထားရတော့ ကောင်း တာပေါ့၊ ကျွန်တော်လည်း မြို့ထဲ သွားပြီး ရပ်ကွက်ဥက္ကဋ္ဌ(အုပ်ချုပ်ရေး မှူး)တွေနဲ့ တွေ့ပါဦးမယ်၊ သူတို့ ရပ်ကွက်အခြေအနေလေးတွေလည်း သိရတာပေါ့''

''ကောင်းပါတယ်၊ မြို့ပေါ်ရပ် ကွက်ဥက္ကဋ္ဌ(အုပ်ချုပ်ရေးမှူး)တွေဆီ ကို ကျွန်တော် လိုက်ပို့ပေးပါ့မယ်၊ နောက်တော့လည်း တောရွာတွေ ဘက် တစ်ခါလှည့်ကြတာပေါ့''

ဤသို့နှင့် နယ်ထိန်းတပ်ကြပ် ချစ်တီးနှင့်ကျွန်တော် စတင်ဆုံတွေ့ ခဲ့ရခြင်းဖြစ်ပါသည်။ ကျွန်တော် ကိုယ်တိုင်လည်း မြို့ထဲလက်ဖက် ရည်ဆိုင်မှာထိုင်ပြီး နီးစပ်ရာလူများ ထံမှ သတင်းစကားများ စုဆောင်း ခဲ့ပါသည်။ ထိုအချိန်က ပြွန်တန် ဆာမြို့၊ မင်းလမ်းမတွင် ဦးချစ် (ကွယ်လွန်)ထမင်းဆိုင်၊ ဒေါ်မြင့် ထမင်းဆိုင်တို့ ရှိကြပါသည်။ ထို ဆိုင်များမှာ ညလုံးပေါက်ဖွင့်သော ထမင်းဆိုင်များဖြစ်သဖြင့် အဝေး ပြေးကုန်ကားများ ညအခါ ရပ်နား လေ့ရှိကြပါသည်။ ထိုဆိုင်များသို့ ရောက်ရှိပြီး နယ်ထိန်းတပ်ကြပ် ချစ် တီးအကြောင်းနှင့်ပတ်သက်၍ သတင်းမေးစုံစမ်းသည့်အခါ ထမင်း ဆိုင်ပိုင်ရှင် ဦးချစ်က ကျွန်တော့်ကို ပြောပြခဲ့ဘူးပါသည်။

''ဆရာ ဒီရဲ့စခန်းရောက်တာ အများကြီးကံကောင်းပါတယ်၊ နောက်ပြီး ဒီနယ်မြေမှာကျွမ်းကျင် တဲ့ နယ်ထိန်း ဆရာချစ်တီးတို့နဲ့ဆုံ ရတာကိုက ပိုပြီးကံကောင်းပါတယ် ကျွန်တော်တို့လည်း ဆရာချစ်တီး ကို လေးစားပါတယ်၊ သူဟာ လူ မှန်ဖြစ်လို့ပဲ၊ မြို့ထဲမှာ ပြစ်မှုကျူး လွန်နိုင်လောက်တဲ့ကောင်ဆိုရင် ဦး ချစ်တီးက နှစ်ကြိမ်လောက် သတိ ပေးတယ်၊ အဲ.....သုံးကြိမ်မြောက် ဆိုရင်တော့ သူခွင့်မလွှတ်တော့ဘူး တစ်ခါတည်း ဥပဒေတစ်ခုခုနဲ့ အရေးယူတော့တာပဲ၊ ဒါကြောင့် ဒီ မြို့က တော်ရုံတန်ရုံ ဆိုးသွမ်းလိုတဲ့ လူငယ်လေးတွေဆိုရင် 'ချစ်တီး' ဟော့လို့ဆိုလိုက်ရင် ကြောက်ကြ တယ်''

နယ်ထိန်းတပ်ကြပ် ချစ်တီးနှင့် ပတ်သက်ပြီး စုံစမ်းမေးမြန်းသည့် အခါတိုင်း ကောင်းသတင်းများကို သာ ကြားသိခဲ့ရပါသည်။ တစ်ခု သတိပြုမိသည်လည်း ရှိပါသေး သည်။ နံနက် ၇ နာရီ တန်းစီပြီး သည်နှင့် အရပ်ရပ်နေ့စဉ်မှတ်တမ်း တွင် သူ့အဖွဲ့များနှင့် လှည့်ကင်း ထွက်သည်ကို သူကိုယ်တိုင်ရေးပြီး မှန်မှန်ဖော်ပြလေ့ရှိပါသည်။ အပြ တမ်းလည်း သူ့မှတ်စုစာအုပ်ထုတ် ပြီး မှတ်လေ့ရှိပါသည်။ ထို့ပြင် ည နေပိုင်းရောက်သည့်အခါမှာလည်း သူ့အဖွဲ့တွေနှင့်အတူ ပြန်ရောက် လေ့ရှိကြောင်း အရပ်ရပ်နေ့စဉ်မှတ် တမ်းတွင် သူကိုယ်တိုင်ပဲ ပုံမှန်ရေး သားဖော်ပြလေ့ရှိပါသည်။ ညပိုင်း ရောက်သည့်အခါ၌လည်း ... သို့ပင် ဝတ္တရားမပျက် ဖော်ပြလေ့ရှိ ပါသည်။

ကျွန်တော်ကိုယ်တိုင် မြို့နယ်

www.burmeseclassic.com

www.burmeseclassic.com



တပ်ဖွဲ့မှူး ခရိုင်ရဲတပ်ဖွဲ့မှူးအဆင့် ရောက်ရှိခဲ့သဖြင့် ရဲစခန်းများ စစ်ဆေးသည့်အခါများတွင် နယ်ထိန်းအဖွဲ့များ၏ ဝင်ချိန်/ထွက်ချိန်များအား စနစ်တကျ ဖော်ပြခြင်းမတွေ့ရှိခဲ့ရပါ။ ကြုံသလိုသာ ရေးသားနေကြသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် နယ်ထိန်းအဖွဲ့များ၏ မပျက်မကွက် ရေးသားရသော ၇ ရက်တစ်ပတ် အစီရင်ခံစာဆိုလျှင် အရပ်ရပ်နေ့စဉ်မှတ်တမ်းနှင့် တိုက်ဆိုင်စစ်ဆေးပါက ကိုက်ညီမှုမရှိသည်ကိုသာ တွေ့ရှိခဲ့ရပါသည်။ ယခု ကျွန်တော်ကိုယ်တိုင်တွေ့ခဲ့ရသည့် နယ်ထိန်းတပ်ကြပ် ချစ်တီးကတော့ သူ၏ ၇ ရက်တစ်ပတ် အစီရင်ခံစာကိုလည်း စနစ်တကျ ရေးသားသူဖြစ်ပါသည်။ အရပ်ရပ်နေ့စဉ်မှတ်တမ်းနှင့် တိုက်ဆိုင်စစ်ဆေးပါကလည်း ကိုက်ညီနေသည်ကို တွေ့ရသည်။

ကျွန်တော် တင်ပြခဲ့သကဲ့သို့ နယ်ထိန်းတပ်ကြပ် ချစ်တီးနှင့် မမျှော်လင့်ဘဲ လုပ်ငန်းတွင် ဆုံတွေ့လာရပြီးနောက် သူ၏အရည်အချင်းအစွမ်းအစအား သိရှိလာရပါသည်။ ကြုံတွေ့လာရသော မှုခင်းများစွာအနက်မှ အမှတ်တရ မှုခင်းတစ်ခုနှင့်ပတ်သက်၍ ဖော်ပြလိုပါသည်။

စခန်းမှူးအသစ်အား စမ်းသပ်လိုသည့် မှုခင်းတစ်ခုက ကျွန်တော့်တွင် ကြုံတွေ့လာရပါသည်။

ကျွန်တော် ပွင့်တန်ဆာရဲစခန်းသို့ ရောက်ရှိပြီး သုံးရက်အကြာတွင် ပွင့်တန်ဆာမီးရထားဘူတာရုံ၌ ဓားထိုးမှုတစ်ခုဖြစ်ပါသည်။ ဓားထိုးခံရသူမှာ လက်မှတ်စစ်တစ်ဦးဖြစ်ပြီး ပွင့်တန်ဆာမြို့တွင် တာဝန်ထမ်းဆောင်သော လက်မှတ်စစ်မဟုတ်ဘဲ ရောဝတီတိုင်းဒေသကြီးဘက်မှ ရောက်ရှိလာသော အထူးလက်မှတ်စစ်အဖွဲ့မှဟု သိရှိရပါသည်။

ထိုအချိန်က ဓာတ်မြေသြဇာ မှောင်ခိုရောင်းဝယ်တင်ပို့ခြင်းလုပ်ငန်း ကြီးထွားနေချိန်ဖြစ်ပါသည်။ ပွင့်တန်ဆာဘူတာရုံမှတစ်ဆင့် လျှို့ဝှက်စုဆောင်းဝယ်ယူထားသော မြေသြဇာအိတ်များအား မန္တလေး၊ မော်လမြိုင်စသည့်မြို့ကြီးများသို့ ရထားဖြင့် လျှို့ဝှက်သယ်ယူပို့ဆောင်ရောင်းဝယ်ကြခြင်းဖြစ်ပါသည်။ ယခင်က မိမိမြို့မှ လက်မှတ်စစ်အဖွဲ့များဖြစ်သဖြင့် မြေသြဇာမှောင်ခိုရောင်းဝယ်သူများနှင့် ညှိနှိုင်းပြီး သွားလာလှုပ်ရှားနေကြသဖြင့် ပြဿနာ ကြီးကြီးကျယ်ကျယ်ဖြစ်ပွားခဲ့ခြင်းမရှိပါ။ သူ့နည်းသူ့ဟန်ဖြင့် အဆင်ပြေလျက်ရှိကြပါသည်။ မြေသြဇာ မှောင်ခိုတင်ပို့ရောင်းဝယ်ခြင်းအား ထိရောက်စွာ အရေးယူနိုင်ရန်အတွက် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လက်မှတ်စစ်အထူးအဖွဲ့များခေါ်ယူပြီး ပွင့်တန်ဆာမြို့တွင် အခြေပြု၍ ဖမ်းဆီးခိုင်းကြခြင်းဖြစ်ပါသည်။ ထိုအခါမှစ၍ မြေသြဇာမှောင်ခိုရောင်းဝယ်သူနှင့် အထူးလက်မှတ်စစ်အဖွဲ့များ အဆင်မပြေဖြစ်လာပြီး ပြဿနာများ ဖြစ်ပွားလာရသည်ဟု သိရှိရပါသည်။

ထိုနေ့ညနေဘက်၌ မီးရထားဘူတာရုံတွင် အထူးလက်မှတ်စစ်တစ်ဦး ဓားထိုးခံရကြောင်း ဘူတာရုံပိုင်မှ အကြောင်းကြားသဖြင့် ကျွန်တော်လည်း ချက်ချင်းသွားရောက်ခဲ့ပါသည်။ ကျွန်တော်ရောက်သည့်အခါ ဓားထိုးခံရသည့် လက်မှတ်စစ်အား တိုက်နယ်ဆရာဝန်အိမ်သို့ ခေါ်သွားကြောင်း သိရသဖြင့် ဆက်လိုက်သွားရာ ဓားထိုးခံရသည့်လက်မှတ်စစ်ကို ဆရာဝန်ကြီးအိမ်၌တွေ့ပါသည်။ ဒဏ်ရာမှာ ဝမ်းဗိုက်ရှိ ချက်အနီးတွင် တစ်လက်မခန့်အကျယ် ထိုးသွင်းဒဏ်ရာတစ်ခုသာ



**နယ်မြေကျွမ်းကျင်၍ လိမ္မာပါးနပ်မှုနှင့် ရဲစွမ်းသတ္တိရှိသော ဆားပုလင်းလူဆိုးစုံထောက်များ ရဲစခန်းအသီးသီးတွင် ရှိနေကြမည်ဆိုပါလျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူတို့ အမှန်တကယ်အားကိုးထိုက်သည့် တပ်ဖွဲ့ဖြစ်လာမည်ဟု ...**

တွေ့ပါသည်။ ထိုလက်မှတ်စစ်မှာ စကားကောင်းစွာပြောဆိုနိုင်သဖြင့် ၎င်းအား ဓားနှင့်ထိုးသူကို မေးမြန်းရာ မသိရှိကြောင်းနှင့် ၎င်းတို့အချင်းချင်း ပြောသံများအရ "စုတ်ဖွား"ဟုသာ သိရှိရကြောင်း သိရပါသည်။

ဆရာဝန်ကြီးက ဒဏ်ရာအား စစ်ဆေးပြီးနောက် ပြွန်တန်ဆာ ဆေးရုံတွင် ကုသ၍မရကြောင်း၊ ညောင်လေးပင်ဆေးရုံသို့ပို့ရန်ပြောသဖြင့် ထိုလက်မှတ်စစ်အား ညောင်လေးပင်ဆေးရုံသို့ အမြန်ပို့ရန် စီစဉ်ရပါသည်။ ဒဏ်ရာအခြေအနေနှင့် ပတ်သက်၍ ဆရာဝန်ကြီးအားမေးမြန်းရာ ဒဏ်ရာမှာ စိုးရိမ်ဖွယ်ရာရှိကြောင်း၊ အစာအိမ်ပေါက်သွားသည်ဟုထင်ကြောင်း သိရှိရပါသည်။ ထိုသို့သိရသည့်အတွက် ဓားထိုးခံရသူ သေဆုံးခဲ့ပါက အမှုကြီးလူသတ်မှု ဖြစ်သဖြင့် တရားခံအား အမြန်ဖမ်းဆီးရေးအတွက် စီစဉ်ရမည်ဖြစ်ပါသည်။ သို့သော် မည်သူ့ကို စတင်ဖမ်းဆီးရမည်ကိုလည်း မသိရှိသည့်အပြင် မြို့ခံလူထုအနေဖြင့် အသစ်ရောက်ရှိလာသော စခန်းမှူးက တရားခံကို မည်သို့ဖမ်းမည်ကို စောင့်ကြည့်အကဲခတ်နေကြမည် ထင်ပါသည်။

ထိုအချိန် နယ်ထိန်းတပ်ကြပ် ချစ်တီးနှင့်အဖွဲ့ ရောက်ရှိလာပြီး ကျွန်တော်က ဖြစ်စဉ်အခြေအနေ ရှင်းပြလိုက်ပါသည်။ ဓားထိုးခံရသူ၏ ပြောပြချက်အရ ကျူးလွန်သူမှာ စုတ်ဖွားဟုသာ သိရှိရကြောင်း၊ စိုးရိမ်ဖွယ်ရာ အခြေအနေရှိသဖြင့် တရားခံကိုသာ အမြန်စုံစမ်းဖမ်းဆီးရန် လိုအပ်ကြောင်း ပြောပြလိုက်ပါသည်။ နယ်ထိန်းတပ်ကြပ် ချစ်တီးက.....

"ဒီအတွက် မပူပါနဲ့ ဆရာ၊ တရားခံကို ဒီနေ့ညမိရင်မိ၊ ဒီနေ့မမိရင် မနက်ဖြန် ကျိန်းသေမိစေရပါမယ်"

အာမခံချက်ရဲရဲဖြင့် ကျွန်တော့်ကို ပြောလိုက်ပါသည်။ ကျွန်တော်ကတော့ ရဲစခန်းရောက်တာမကြာသေးသည့်အပြင် "စုတ်ဖွား"ဆိုသူသည် မည်သူမှန်းမသိသဖြင့် ဘဲဥအစရှာမရသကဲ့သို့ ဖြစ်နေပါသည်။ နယ်ထိန်းတပ်ကြပ် ချစ်တီးက ထိုစုတ်ဖွားဆိုသူ တရားခံအား မိစေရမည်ဖြစ်ကြောင်း အာမခံချက်ပေးသည့်အခါမှ ကျွန်တော်လည်း စိတ်သက်သာရာရပါသည်။

နယ်ထိန်းတပ်ကြပ် ချစ်တီးက ၎င်း၏နယ်ထိန်းအဖွဲ့ဝင်များပါခေါ်ပြီး ဘူတာရုံဘက်သို့ ထွက်သွားပါသည်။ ညနေ ၆ နာရီခန့်မှစ၍ ၎င်းအဖွဲ့နှင့်အတူ ဘူတာရုံအနီးတစ်ဝိုက်ရှိ မသင်္ကာသူ ၁၀ ယောက်ခန့်အား တစ်ယောက်ပြီးတစ်ယောက် ရှာဖွေ၍ ရဲစခန်းအချုပ်တွင် ချုပ်ထားပါသည်။ ကျွန်တော်ကလည်း ရဲစခန်းရောက်တာ သုံးရက်သာရှိသေး၍ လူတွေအများကြီး၊ ဘာလုပ်မလို့ပါလိမ့်ဟုတွေးပြီး နယ်ထိန်းတပ်ကြပ် ချစ်တီး၏ လုပ်ဆောင်ချက်အား တစေ့တစောင်း ကြည့်နေရပါတော့သည်။ ထိုနေ့ည ၉ နာရီခန့်မှစ၍ ၎င်း၏တပည့် နယ်ထိန်းအဖွဲ့ဝင်များနှင့်အတူ ရဲစခန်းရုံးခန်း၌ မသင်္ကာ ခေါ်ထားသူများအား တစ်ယောက်ပြီးတစ်ယောက် စစ်ကြောရေးပြုလုပ်ပါတော့သည်။ တစ်ခါတစ်ရံတွင်လည်း စစ်ဆေးခံရသူများပြောပြချက်အရ ပေါ်ပေါက်လာသော မသင်္ကာသူများကိုလည်း သူ၏တပည့်များကိုစေလွှတ်၍ ထပ်မံဖမ်းဆီး ခေါ်ဆောင်လာပြီး စစ်ဆေးပါသည်။ ကျွန်တော်လည်း ပထမ တွင် စစ်ဆေးမှုများကို နားထောင်လျက်ရှိရာ ဓားနှင့်ထိုးသူ စုတ်ဖွားဆိုသူကို မသိရှိကြောင်းသာ တွင်တွင်ငြင်းကွယ်လျက်ဆိုနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com





ထိုနေ့ည ၁၂ နာရီထိ စစ်ဆေးသော်လည်း ထူးခြားမှုမရှိသဖြင့် ကျွန်တော်လည်း ပြန်အိပ်ရန်ပြင်ဆင်နေစဉ် တပ်ကြပ်ချစ်တီးက...

"စခန်းမှူး အိပ်ချင်ရင် ပြန်အိပ်ပါ၊ မပေါ်မချင်း တစ်ညလုံးစစ်ပါ့မယ်၊ စိတ်မပူပါနဲ့၊ မနက်ဖြန် တရားခံ မိစေရပါမယ်၊ မိုးလင်းတာနဲ့ စခန်းမှူး တရားခံဘယ်သူဆိုတာ သိစေရပါမယ်"

ထပ်မံ၍ နယ်ထိန်းတပ်ကြပ် ချစ်တီးက အာမခံရဲရဲဖြင့် ကတိပေးနေပြန်သဖြင့်.....

"အေးဗျာ၊ ကျွန်တော်ပြန်အိပ်တော့မယ်၊ ပြဿနာဖြစ်အောင်တော့ မစစ်နဲ့ပေါ့ဗျာ"

"စိတ်ချပါ၊ ကျွန်တော် ကြိုးစားပြီး ဆက်စစ်ပါ့မယ်"

ကျွန်တော်လည်း အိမ်ပြန်ပြီး အိပ်ရာဝင်ခဲ့ပါသည်။ တပ်ကြပ်ချစ်တီးအဖွဲ့ကတော့ ဘယ်အချိန်အိပ်ကြသည်တော့ ကျွန်တော်လည်း မသိတော့ပါ။ နောက်နေ့နံနက် အိပ်ရာမှနိုးသည်နှင့် ကျွန်တော်အိပ်ရာမှနိုးအလာကို စောင့်နေသည့် တပ်ကြပ်ချစ်တီးက အိမ်ကိုရောက်လာပါသည်။

"စခန်းမှူး ဓားနဲ့ထိုးတဲ့တရားခံအမည်ကို သိပါပြီ၊ ဓားနဲ့ထိုးတဲ့ကောင်က စုတ်ဖွား(ခ)မြင့်သိန်းဖြစ်ပါတယ်၊ စံဒွန်းကုန်းရပ်မှာနေပါတယ်၊ သူနေတဲ့အိမ်ကိုလည်း စုံစမ်းပြီးပါပြီ၊ ဒီကောင် ဒီအချိန်ဆို အိမ်မှာပဲရှိနိုင်မှာမို့လို့ ကျွန်တော်အဖွဲ့နဲ့ အခုချက်ချင်းပဲ သွားဖမ်းလိုက်ပါ့မယ်"

"ကဲ.....ဟုတ်ပါပြီဗျာ၊ ဒီနေ့လည်း မြို့နယ်မှူးလာမယ်လို့ သိရတယ်၊ တစ်ညလုံးစစ်ဆေးထားတော့ ပင်ပန်းနေမှာပေါ့"

"ရပါတယ် စခန်းမှူး၊ တရားခံမိပြီးမှပဲ နားပါတော့မယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

နယ်ထိန်းတပ်ကြပ် ချစ်တီးလည်း ကျွန်တော့်ကိုအလေးပြုပြီး ထွက်သွားပါသည်။ ကျွန်တော့်စိတ်ထဲတွင် နယ်ထိန်းတပ်ကြပ်ချစ်တီး အာမခံထားသည့်အတိုင်း တရားခံအမည်မှန်နှင့် နေရပ်လိပ်စာပါ ချက်ချင်းသိရသဖြင့် စိတ်ထဲတွင် ချီးကျူးနေမိပါသည်။ ထိုနေ့ ၁၁ နာရီခန့်တွင် နယ်ထိန်းတပ်ကြပ် ချစ်တီးနှင့်အတူ လက်ထိတ်ခတ်လျက် လူငယ်တစ်ဦး ပါလာပါသည်။ မေးမြန်းရာ လက်မှတ်စစ်အား ဓားနှင့်ထိုးသူ 'စုတ်ဖွား(ခ) မြင့်သိန်းဆိုသူဖြစ်ကြောင်း သိရှိရပါသည်။ အမည်နှင့်လိုက်အောင် ဆံပင်အရှည်က နဖူးပေါ်ကျနေပြီး ကျလာသောဆံပင်အား မကြာခဏ ခေါင်းကိုဆတ်ဆတ်ပြီး အပေါ်သို့တင်နေပါသည်။ တပ်ကြပ်ချစ်တီးက ကျွန်တော့်ထံရောက်လာပြီး.....

"တရားခံ စုတ်ဖွား(ခ)မြင့်သိန်းကို မနက်ပိုင်းက သူ့အိမ်မှာပဲ မိပါတယ်၊ ကျွန်တော့်ကိုတွေ့တွေ့ချင်းပဲ ဝန်ခံပါတယ်၊ ဖြောင့်ချက်လည်း ပေးပါမယ်လို့ပြောပါတယ်၊ သူကိုင်တဲ့ဓားကိုတော့ ရဲနွယ်ချောင်းထဲ လွှင့်ပစ်တယ်ဆိုလို့ ကျွမ်းကျင်တဲ့ ရေငုပ်သမားတွေနဲ့ ရှာဖွေခဲ့ပါသေးတယ်၊ ချောင်းရေစီးသန်နေတော့ ဓားကိုတော့ မရရှိခဲ့ပါဘူး၊ အဲဒါကြောင့် နည်းနည်းကြာနေတာပါ"

နယ်ထိန်းတပ်ကြပ် ချစ်တီးက အမှုစစ်တစ်ဦး လုပ်ဆောင်ရမည့် ရဲလုပ်ငန်းများကိုပါ တစ်ဆက်တည်း အချိန်မဆိုင်းဘဲ မြန်မြန်ဆန်ဆန် လုပ်ခဲ့သည်ကို တွေ့ရှိရပါသည်။

"အေးပေါ့ဗျာ၊ သက်သေခံပစ္စည်းမရတော့လည်း သူ့ဖြောင့်ချက်နဲ့အတူ ကျန်တဲ့ဆက်စပ်သက်သေတွေ ရှာဖွေစစ်ရမှာပေါ့၊ ဓားထိုးခံရတဲ့လက်မှတ်စစ်ကတော့ ညောင်လေးပင်ဆေးရုံကနေ ပဲခူးဆေးရုံ ဆက်ပို့တယ်လို့ သိရတယ်၊ ဆရာချစ်တီး မရောက်ခင်ပဲ ဒီနေ့ ၈ နာရီလောက်မှာ သေပြီလို့သိရတယ်၊ အမှုကြီးတစ်မှုတော့ ဖြတ်သွားပြီပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

"လက်မှတ်စစ်သေသွားတာတော့ စိတ်မကောင်းပါဘူး၊ တရားခံလည်း ချက်ချင်းမိနေပြီဆိုတော့ ဒီနေ့ပဲ တရားရုံးမှာ အမြန်ဖြောင့်ချက်ယူလိုက်ရင်တော့ ကောင်းမယ် စခန်းမှူး"

"ဟုတ်ပါတယ်၊ ဆရာချစ်တီးပြောမှပဲ ကျွန်တော်လည်း သတိရတော့တယ်၊ မြို့နယ်မှူးလည်း ဒီကိုလာမယ်ဆိုတော့ အမှုအကြောင်းပြောလို့ကောင်းတာပေါ့ဗျာ၊ ကျွန်တော် စစချင်းတွေ့တဲ့ အမှုကြီးကတော့ ဆရာချစ်တီးတို့အဖွဲ့ကြောင့် အောင်မြင်သွားပြီပေါ့ဗျာ၊ ကျေးဇူးတင်ပါတယ်၊ ဒုစရိုက်သမားတွေက ကျွန်တော့်ကိုစမ်းသပ်မှာမကြောက်တော့ဘူးဗျို့၊ အဲဒါ ဆရာချစ်တီးတို့အဖွဲ့ကို ယုံလို့ပဲဗျို့"

ဤကား နယ်ထိန်းတပ်ကြပ်ချစ်တီးနှင့်ဆုံတွေ့ရစဉ် သုံးရက်အတွင်း ဖြစ်ပွားခဲ့သော လူသတ်မှုတစ်ခုအား အမြန်ပေါ်ပေါက်အောင် စုံစမ်းဆောင်ရွက်ချက်ပင်ဖြစ်ပါသည်။ အတွေ့အကြုံ မရင့်ကျက်သေးသော ကျွန်တော့်အတွက် သွက်လက် ဖျတ်လတ်ပြီး နယ်မြေကျွမ်းကျင်မှုရှိသော ဆားပုလင်း(သို့)နယ်ထိန်း(သို့)လူဆိုးစုံထောက်ဟူသော တပ်ကြပ်ချစ်တီး ရှိခဲ့ခြင်းကြောင့် ကျွန်တော်စိုးရိမ်နေသော အရိပ်တချွေလည်း ပျောက်ကွယ်ခဲ့ရပါသည်။ ဤသို့ နယ်မြေကျွမ်းကျင်၍ လိမ္မာပါးနပ်မှုနှင့် ရဲစွမ်းသတ္တိရှိသော ဆားပုလင်းလူဆိုးစုံထောက်များ ရဲစခန်းအသီးသီးတွင် ရှိနေကြမည်ဆိုပါလျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူတို့ အမှန်တကယ် အားကိုးထိုက်သည့် တပ်ဖွဲ့ဖြစ်လာမည်ဟု ယုံကြည်မိပါတော့သည်။

နဲရုံမှူးကြီးဝင်းဦး(ငြိမ်း)
(ပြွန်တန်ဆာရဲစခန်းတွင်
လက်တွဲလုပ်ကိုင်ခဲ့ပါသော
နယ်ထိန်းတပ်ကြပ်
ချစ်တီး(ငြိမ်း) အား
အမှတ်ရလျက်)

**ထောင်ကျခံနေရသောသား အမြန်ဆုံးပြန်လွတ်လာခဲ့ပြီ**

★ (၁၁-၈-၂၀၁၄)ရက်နေ့မှာ ဆရာကြီးနဲ့တွေ့ဆုံပြီး မြစ်ကြီးနားထောင်မှာ ကျခံနေရတဲ့ ကျွန်မရဲ့သားကို အမြန်ဆုံး လွတ်မြောက်လာဖို့ အထူးယတြာအစီအရင်တောင်းခံဆောင်ရွက်ခဲ့ပါတယ်။ (၇-၁၀-၂၀၁၄)ရက်နေ့မှာ သမ္မတကြီးဦးသိန်းစိန်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်နဲ့ ကျွန်မသား ထောင်ကပြန်လွတ်လာခဲ့ပါပြီ။ (ဒေါ်ဆွေ...ထောင်ဥက္ကလာပမြို့နယ်)။ ကျွန်မဆရာကြီးက..................

**ဆရာကြီးဦးအောင်မြင့်** (ဥပဒေသဂွဲ)၊ [လက္ခဏာဗေဒင်ပညာသုတေသီ]၊ အမှတ် (၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ၀၉၃၁၀၇၈၀၈၇၉၊ ၀၉၇၃၁၀၀၈၉၂၄၊ ၀၉၅၀၁၂၈၄၃၊ ၀၉၅၀၇၈၂၂၊ ၀၁-၅၈၆၇၀၄၊

✻ ယုံကြည်အားကိုးမှုသာလာခဲ့ပါ ✻

www.burmeseclassic.com

www.burmeseclassic.com


အတားအဆီးအပိတ်အဆို့များကို
ဖယ်ရှားပြီး လွယ်ကူညင်သာ
ချောမွေ့သော ခံစားမှုအတွက်

# ဝဝအေးအောင်


TMR. 011758(1215)

## ဝမ်းမှန်အကြောပြေဆေး

အမှတ် ၁၂၀၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၆၆၇၀၉၃


www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com





# ဦးဝင်းမြိုင် (သရုပ်ဆောင်)

# ကလေးအတွေး



လောကကြီးမှာ ကိစ္စရပ်တိုင်း ရိုးရှင်းမှု ရှိမနေဘူး။ အနည်းနဲ့အများတော့ ပညာသားပါတဲ့ အလှည့်အပြောင်းလေးတွေ ရှိနေကြတယ်။ ဆိုပါစို့ "အချစ်" ဆိုတဲ့စကားလုံးလေး။ နာမည်လေးကတော့ ရိုးစင်းပါတယ်။ 'အချစ်' တဲ့။ တကယ်တမ်းမှာ မရိုးစင်းဘူးဆိုတာ အချစ်နဲ့ဆုံစည်းဘူးသူတိုင်း သိကြမှာပါ။ အချစ်ဆိုတာ မရိုးစင်းဘူးလို့ ပြောလိုက်တော့ ပြောစရာဖြစ်လာနိုင်တယ်။ ဒီနေရာမှာ ရိုးစင်းခြင်းနဲ့ ရိုးသားခြင်းကို မကွဲပြားရင်တော့ အချစ်ကို မရိုးစင်းဘူးလို့ပြောတာကို မရိုးသားဘူးလို့ ဆိုလိုတယ်ဆိုပြီး ထင်မှတ်မှားသွားနိုင်တယ်။ သာမန်အားဖြင့် ဖိုနဲ့မ ချစ်ကြတယ်။ သာမန်အားဖြင့် ရိုးစင်းတယ်လို့ ထင်ရမယ်။ ချစ်နေရုံနဲ့ ပြီးရင်တော့ ချစ်တယ်ဆိုတာ ရိုးစင်းစွာနဲ့ အဓိပ္ပာယ်ဖွင့်ဆိုလို့ရတာပေါ့။ ခက်တာက ချစ်မိပြီဆိုတာနဲ့ တစ်ဦးနဲ့တစ်ဦး နားလည်မှု၊ အပေးအယူ၊ ခွင့်လွှတ်မှု၊ လိုက်လျောမှု၊ သိတတ်မှု စတဲ့ခေါင်းစဉ်တွေအပေါ်မှာ အလျှော့အတင်းတွေ ရှိလာကြပြီပေါ့။ ဒါတွေဟာ ပညာသားပါတဲ့ အလှည့်အပြောင်းတွေပေါ့။ မရိုးစင်းဘူးဆိုတာက ဆန်းကြယ်မှုတွေ ရှိနေတယ်လို့

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူဘဝကနေ အချစ်ကို ယုံကြည်ကိုးစားစွာနဲ့ အိမ်ထောင်သည်ဘဝကို ရောက်ကြပြီဆိုပါတော့။ တစ်ယောက်နဲ့တစ်ယောက် တစိမ့်စိမ့်ကြည့်ပြီး ချစ်နေရုံနဲ့ မပြီးတော့ဘူး။ စား၊ ဝတ်၊ နေရေး ခေါင်းစဉ်အောက်မှာ အချိန်တွေ အများကြီး ဖဲ့ပေးရတော့မယ်။ သူ့ဘက်၊ ကိုယ့်ဘက် ဆွေမျိုးအရေးကိစ္စတွေ၊ ပတ်ဝန်းကျင်အရေးကိစ္စတွေ မပတ်သက်ချင်လို့မရအောင် ပတ်သက်လာကြတော့မှာ။ မျိုးဆက်သစ် သားတွေ၊ သမီးတွေ ရလာရင်တော့ အချစ်ဆိုတာ ပိုလို့တောင် ရိုးစင်းမှုမရှိတော့ပါဘူး။



အချစ် စတည်တဲ့အချိန်မှာ ပေါ်လာတဲ့စိတ်ကူးက ကိုယ့်ချစ်သူရဲ့ အချိန်တွေကို ကိုယ်ပိုင်ဆိုင်ပြီပေါ့။ ကိုယ့်ကို အချိန်တွေပေးရမယ်ပေါ့။ အချိန်တိုင်း၊ အချိန်တိုင်းမှာ အချစ်တွေနဲ့ပဲ ဝေစီနေရမယ်ပေါ့။ ဒါက ဆယ်ကျော်သက်တွေရဲ့ အချစ်ကို အဓိပ္ပာယ်ဖော်ဆိုမှုပေါ့။ တစ်နည်းအားဖြင့် ''ကလေးအတွေး''ပေါ့။ ဒီလိုနဲ့ ကိုယ့်ချစ်သူကို ပိုင်ဆိုင်ခွင့်ရပြီဆိုတာနဲ့ စိတ်ကူးထားတာတွေ တခြားစီ ဖြစ်လာကြတော့တာပဲ။ ကိုယ့်အတွက် အချိန်ပြည့် ဂရုစိုက်မှု မပေးနိုင်ကြတော့ဘူး။ လောကဓံရဲ့ ခေါင်းစဉ်တွေအောက်မှာ အမျိုးမျိုး အချိန်တွေ ခွဲဝေပေးရရော။ ဆယ်ကျော်သက်ရဲ့လက်နက်က ဘာလဲ သိလား။ စိတ်ကောက်တာပဲပေါ့။ ကိုယ့်ချစ်သူအပေါ်မှာ အမျိုးမျိုးသော စိတ်ကောက်မှုတွေနဲ့ အမျိုးမျိုး တိုက်ပွဲဝင်ကြတော့တာပေါ့။ အေးအေးဆေးဆေးနဲ့ ပြေလည်သွားတဲ့ စိတ်ကောက်မှုတွေရှိသလို ရေရှည်တိုက်ပွဲဝင်တဲ့ စိတ်ကောက်မှုမျိုးတွေနဲ့လည်း ရင်ဆိုင်ကြရပြန်တာပါပဲ။

ဒီလ မိတ်ဆက်ပေးမယ့် ဇာတ်လမ်းလေးကတော့ ''ကလေးအတွေး''တဲ့။ အချစ်ကို ကလေးအတွေးနဲ့ ပုံဖော်ထားတဲ့ မိန်းကလေးတစ်ယောက်အကြောင်းပေါ့။ မိသားစုတစ်စုမှာ ပါပါးရယ်၊ မာမားရယ်၊ ငုရယ်၊ စုရယ် မိသားစု လေးယောက်ရှိတယ်။ စုက မိသားစုထဲမှာ အငယ်ဆုံးဆိုတော့ အချစ်ခံရဆုံးဆိုပေမယ့် လူရာသွင်းတော့မခံရဘူး။ အပျိုဖော်ဝင်ပြီဆိုပေမယ့် ရာထူးကတော့ ကလေးကနေ မတက်သေးဘူး။ ငုကတော့ အိမ်ထောင်ချပေးဖို့ စဉ်းစားခံရတဲ့ ရာထူးကို ရသွားပြီ။ ငုအတွက် ရည်ရွယ်တာက ခန့်ထည်တဲ့။ ခန့်ထည်ရဲ့ စီးပွားရေးရှယ်ယာရှင်က ပါပါးလေ။ ခန့်ထည်ရဲ့အရည်အချင်းကြောင့် ပါပါးက သမက်တော်ချင်တယ်။ ခန့်ထည်ကလည်း ငုကိုသဘောကျတယ်။ ဒီလောက်အထိတော့ ရိုးစင်းတယ်လို့ ပြောရမှာပေါ့။ ပါပါးနဲ့ မာမားအဖြစ် ဦးဝင်းမြိုင်နဲ့ ဒေါ်လှလှမိုး၊ ငုအဖြစ် ရွှေပိုးအိမ်၊ စုအဖြစ် ဝတ်မှုံရွှေရည်နဲ့ ခန့်ထည်အဖြစ် လူမင်းတို့က သရုပ်ဆောင်ထားကြပါတယ်။

ရိုးစင်းတဲ့ အခြေအနေကို ချေဖျက်မယ့်သူက 'စု'။ ပြဿနာက ဘယ်လိုစလဲဆိုတော့ ငုအတွက် ရည်ရွယ်

www.burmeseclassic.com

www.burmeseclassic.com





ညစာစား ပွဲမှာ ခန့်ထည်ရဲ့အပေါ်ကို ဗိုင်ခွက်ဖိတ်ကျအောင် တမင်လုပ်ပြီး သူ့ကို ဂရုစိုက်လာအောင် လုပ်တယ်။ ခန့်ထည်အလုပ်ကို သွားလည်တယ်။ ရင်းနှီးမှုရအောင် ဖန်တီးတယ်။ တဖြည်းဖြည်းနဲ့ ခန့်ထည်က စုကို ဂရုစိုက်မိလာတယ်။ စိတ်ဝင်စားလာတယ်။ ချစ်လာတယ်။ ဒီလိုနဲ့ ချစ်သူတွေဖြစ်သွားကြတယ်။




တဲ့ ခန့်ထည်ကို စုက သဘောကျတာက စတော့တာပေါ့။ စုက ခန့်ထည်ကို သဘောကျနေရုံနဲ့ မပြီးဘူး။ သူ့ကို ဂရုစိုက်လာအောင် ဖန်တီးတော့တာပဲ။ တစ်နေ့မှာ ခန့်ထည်က ပါ။ မာမားတို့ကို ညစာ ဖိတ်ကျွေး တယ်။ စုက မရရအောင် လိုက်လာတယ်။



ရည်းစားဖြစ်တာမှ မကြာသေးဘူး။ ခန့်ထည်က လက်ထပ်ချင်တယ်တဲ့။ ချစ်သူတွေဖြစ်ရင် ပျော်စရာကောင်းမယ် ထင်ထားတာ။ ထင်သလောက်လည်း မပျော်ရပါဘူး။ ခန့်ထည်က အလုပ်များတော့ သူ့ကို အချိန် မပေးနိုင်ဘူး။ အခု လက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်ဆိုတော့ လက်ထပ်လိုက်ရင်တော့ ခန့်ထည်ရဲ့အချိန်တွေကို သူပိုင်ပြီဆိုပြီး လက်ထပ်ဖို့ သဘောတူလိုက်တယ်။

မိဘတွေရဲ့ သဘောတူညီမှုနဲ့ ခန့်ထည်နဲ့စုတို့ လက်ထပ်လိုက်ကြတယ်။ ပြဿနာက အဲဒီမှာစတာ။ စုရဲ့အချစ်က ကလေးဆန်တယ်၊ ဖြူစင်တယ်၊ ရိုးစင်းတယ်။ လက်ထပ်ပြီး ဟိုကိစ္စ၊ ဒီကိစ္စတွေ၊ တဏှာရာဂတွေကို ကြုံလာရတယ်။ ခန့်ထည်က စုကိုလက်ထပ်မယ်၊ မျိုးဆက်သစ်ဖန်တီးမယ်။ မင်္ဂလာဦးညမှာတင် နှစ်ဦးသားရဲ့ရည်ရွယ်ချက်က စလွဲတော့တာ။ မလွှဲမရှောင်သာ မင်္ဂလာဦးညကို ကျော်ဖြတ်လိုက်ရပေမယ့် နောက်ရက်တွေမှာ ခန့်ထည်နဲ့ အတူမအိပ်တော့ဘူး။ အိပ်ရာခွဲအိပ်တယ်။ အနားကပ်မခံဘူး။ ဒါပေမဲ့ စုက ခန့်ထည်ကိုချစ်တာတော့ တော်တော်

www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်။ ခန့်ထည်များ နေထိုင်မကောင်းရင် ပျာယာကိုခတ်လို့၊ ခြေမကိုင်မိ၊ လက်မကိုင်မိနဲ့။ စုက ကလေး အတွေးနဲ့ အချစ်ကို ရိုးစင်းစွာပဲ တွေးထားတာလေ။ သူတွေးထားသလိုမဟုတ်တော့ အချစ်ကို စိတ်ညစ်နေတယ်။

ခန့်ထည်အနေနဲ့ စုကို လုံးဝနားမလည်နိုင်တော့ဘူး။ ဒါပေမဲ့ စုကိုချစ်တော့ နားလည်ခွင့်လွှတ်ပေးပါတယ်။ အနားကပ်မခံလည်း အချစ်မပြယ်ပါဘူး။ စိတ်တော့မကောင်းဘူးပေါ့။ တဖြည်းဖြည်းနဲ့ အိမ်ထောင်ရေးရော၊ အချစ်ရော အေးစက်လာတယ်။ ခန့်ထည်က အလုပ်ထဲကို စိတ်နှစ်လိုက်တယ်။ စုက အိမ်တွင်းအောင်းတယ်၊ အခြေအနေက အေးစက်ရာကနေ တင်းမာလာ ကြတော့တယ်။

ဒီ့ထက် မရိုးစင်းတဲ့ အခြေအနေတစ်ခုက ထပ်တိုးလာတယ်။ တခြားမဟုတ်ဘူး။ စုမှာ ကိုယ်ဝန်ရှိလာတယ်။ စု အရမ်းထိတ်လန့်သွားတယ်။ စု အိမ်ထောင်ပြုတယ်ဆိုတာက ချစ်သူနားမှာ အမြဲနေပြီး ကြင်နာယုယစွာနေမယ်၊ တီတီတာတာနဲ့ ချစ်တဲ့အကြောင်းတွေပြောမယ်၊ ဒါလောက်ပဲ။ ခင်ပွန်းနဲ့အတူ ညအိပ်ဖို့၊ ကလေးမွေးဖို့ မပါဘူး။ ဒီတော့ ဒီကလေးကို မမွေးဘူး၊ ဖျက်ချမယ်ပေါ့။ စုရဲ့အတိုင်ပင်ခံအဒေါ်ကြီး ဒေါ်အေးနဲ့ တိုင်ပင်တယ်။ ဒေါ်အေးက ခါးခါးသီးသီးတားမြစ်တယ်။ အိမ်ထောင်ရေးက အေးစက်တင်းမာနေတဲ့အချိန်မှာ ကလေးကိစ္စက စုရဲ့ပျော်ရွှင်မှုတွေကို ဖျက်ဆီးပစ်တယ်။ ဒီလိုနဲ့ စုက မကြံကောင်းမစည်ကောင်း ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ဆုံးဖြတ်လိုက်တယ်။ ဒေါ်အေးအဖြစ် ဂွမ်းပုံကြီးက သရုပ်ဆောင်ထားပါတယ်။

ဒီလိုနဲ့ တိုက်ပေါ်က ခုန်ချမယ်ပေါ့။ ဝရန်တာကနေ ခြေတစ်လှမ်းတောင် လှမ်းပြီးပါပြီ။ ဒါပေမဲ့ အဲဒီအချိန်မှာ ကလေးအတွေးထက် ရင့်ကျက်တဲ့ အတွေးလေးဝင်လာခဲ့တယ်။ အပြစ်မဲ့တဲ့ ကလေးလေးပါလားဆိုပြီး စု မသေဖြစ်တော့ဘဲ ကလေးကိုမွေးဖို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီမှာ မရိုးစင်းမှုတစ်ခုက ပေါ်လာပြန်တယ်။ စုဟာ သူနဲ့အတူ မနေဖြစ်ဘဲ ကိုယ်ဝန်ရှိတယ်ဆိုတာ ဘယ်လိုလဲ၊ ခန့်ထည် သံသယဝင်လာတယ်ပေါ့။ ဒီသံသယက စုအတွက် အရမ်းကို ခါးသီးလွန်းတာပေါ့။ စုအနေနဲ့ ကိုယ်ဝန်ရလာဖို့ ခန့်ထည်တစ်ယောက်တည်းနဲ့သာ ပတ်သက်ဘူးတာ။ စုက ဒေါသပေါက်ကွဲပါလေရော။ အဲဒီတော့မှ ခန့်ထည်က အလျှော့ပေးပြီး စုစိတ်တိုင်းကျထားဖို့ ဆုံးဖြတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

စု ကိုယ်ဝန်ရှိတယ်ကြားလို့ ပါပါး၊ မာမားနဲ့ ငုတို့ လာကြည့်ကြတယ်။ အားပေးစကားတွေပြောပြီး ပါပါးနဲ့မာမားတို့ပြန်သွားတော့ ငုကနေခဲ့တယ်။ စုတို့အိမ်ထောင်ရေး အဆင်မပြေဘူးဆိုတာကို ငုက ရိပ်မိတယ်။ ဘာဖြစ်တာလဲလို့မေးတော့ စုက သူလိုချင်တာ ဖြူစင်တဲ့ဆက်ဆံမှုမျိုး၊ ခန့်ထည်နဲ့အတူမအိပ်နိုင်ဘူးတဲ့။ အဲဒီတော့ ငုကပြောတယ်။ စုလိုချင်တဲ့အချစ်မျိုး လောကမှာ ဘယ်ယောကျ်ားမှ ပေးနိုင်မှာမဟုတ်ဘူး။ စိတ်ကူးယဉ်ဆန်တဲ့ အတွေးတွေကိုဖျောက်ပြီး စုရဲ့လုပ်ရပ်တွေကို ရပ်တန်းကရပ်ဖို့ ငုကဆုံးမတယ်။



ခက်တာက သည်ကိုယ်ဝန်ကို ခန့်ထည်သံသယဖြစ်တဲ့အချိန်မှာ စုက ဒေါသနဲ့ကျိန်ဆိုမှုတစ်ခုကို ကျိန်ဆိုခဲ့တယ်။ ဘယ်လိုကျိန်ဆိုခဲ့လဲဆိုရင် ''သည်ကိုယ်ဝန် ဟာ ခန့်ထည်ရဲ့ကိုယ်ဝန်ဆိုရင် ခန့်ထည်နဲ့ ချွတ်စွပ်တူတဲ့ကလေးကိုမွေးရပါလို၏၊ ခန့်ထည်ရဲ့ ကိုယ်ဝန်မဟုတ်ခဲ့ရင် မီးတွင်းထဲမှာပဲ စုရောကလေးပါ သေရပါလို၏''တဲ့။

အဲဒီလို ကျိန်ဆိုမှုကြောင့် ခန့်ထည် အရမ်းစိတ်မကောင်းဖြစ်သွားတယ်။ စုရဲ့ဆန္ဒကို လိုက်လျောတာလား၊ အပြိုင်စိတ်ကောက်တာလား ဝေခွဲမရအောင် စုနဲ့ခပ်ကင်းကင်းနေခဲ့မိတာတွေကို နောင်တရမိတယ်။ အဲဒီတော့ ခုချိန်ကစပြီး စုကိုဂရုစိုက်တော့မယ်လို့ ဆုံးဖြတ်တယ်။ စုအတွက် မနက်စာ ကော်ဖီဖျော်ပေးတယ်၊ အစားအသောက်တွေ စီစဉ်ပေးတယ်။ ညနေ အလုပ်က စောစောပြန်လာတယ်၊ စုနဲ့အတူ လမ်းလျှောက်ကျင့်ပေးတယ်။ ဗိုက်ဖုံးအင်္ကျီလေးတွေ၊ ကလေးအသုံးအဆောင်လေးတွေ ဝယ်လာတယ်။ ကြင်နာယုယဖေးမတယ်။ ခန့်ထည်ရဲ့ ကြင်နာမှု၊ ဂရုစိုက်မှုတွေကို စုကြည်နူး နှစ်ခြိုက်မိတယ်။

ကြည်နူးလို့မှ မဆုံးသေးဘူး။ ခန့်ထည်က သူ့အတွင်းရေးမှူး အေမီနဲ့တွဲနေတယ်ဆိုတဲ့သတင်းကြောင့် စကားများကြတယ်။ စုရဲ့စကားတွေက ရင့်သီးလွန်းတာနဲ့ ခန့်ထည်က စုကိုတွန်းလိုက်မိတယ်။ စု ဗိုက်တအားအောင့်သွားတယ်။ ခန့်ထည် ပျာပျာသလဲဖြစ်သွားတယ်။ ဆရာဝန်သွားပြတော့ ကလေးကို မထိဘူးဆိုလို့ စိတ်တော့ အေးသွားရပေမယ့် စုရဲ့ အပြစ်ပေးမှုက ကြီးမားတယ်။ ခန့်ထည်ရဲ့တောင်းပန်မှုကို လက်မခံဘူး။ မနက်ဖြန် ပါပါးတို့အိမ်ကို လိုက်ပို့တော့တဲ့။

ပါပါးတို့အိမ်ရောက်တော့ ပါပါးတို့၊ မာမားတို့ကတော့ ပြဿနာကို မသိဘူး။ မိဘတွေသတိရလို့ လာလည်တယ်လို့ပဲ ထင်ထားတာ။ ခန့်ထည်က ဘယ်အချိန် လာခေါ်ရမလဲမေးတော့ စုက မဖြေချင်ဖြေချင်နဲ့ သူဖုန်းဆက်မှ လာခေါ်တဲ့။ ခန့်ထည် ဘာမှမပြောသာဘဲ ပြန်သွားရတယ်။

စု သူနေခဲ့တဲ့ အခန်းလေးထဲရောက်တော့ အခန်းလေးကိုကြည့်ပြီး စိတ်ထဲမှာ တစ်မျိုးခံစားရတယ်။ အဲဒီအချိန်မှာ အခန်းထဲကို ဒေါ်အေးရောက်လာတယ်။ အခုလို ကိုယ်ဝန်ကို ဆက်လွယ်ထားခွင့်ရတဲ့အတွက် ဒေါ်ကြီးကို ကျေးဇူးတင်တဲ့အကြောင်း၊ ဒါပေမဲ့ ခန့်ထည်က မကျေနပ်တဲ့အတွက် ကိုယ်ဝန်နဲ့ပတ်သက်ပြီး သူကျိန်ဆိုထားတာရှိတဲ့အကြောင်း၊ ဘယ်လိုကျိန်ဆိုထားတာလဲဆိုတာ ဒေါ်ကြီးကိုပြောပြတော့ ဒေါ်ကြီးလန့်သွားတယ်။ ကိုယ်ဝန်ကြီးနဲ့ ဒီလိုမကျိန်သင့်တဲ့အကြောင်းပြောတော့

www.burmeseclassic.com

www.burmeseclassic.com





စု ကလေးအတွက် တော်တော်စိုးရိမ်သွားတယ်။ အဲဒီတော့ ဘုရားမှာပဲ ဆုတောင်းရတော့တာပေါ့။ ကောင်းမွန်စွာ၊ ကျန်းမာစွာ မွေးဖွားနိုင်ရပါလို၏လို့ အကြိမ်ကြိမ် ဆုတောင်းနေရတာ။

အဲဒီအချိန်မှာ ခန့်ထည်ရဲ့ အတွင်းရေးမှူး အေမီရောက်လာပြီး သူနဲ့ခန့်ထည် ဘာမှမပတ်သက်တဲ့ အကြောင်း၊ သူ့ချစ်သူနဲ့ လက်ထပ်တော့မှာဖြစ်တဲ့အကြောင်း ဖိတ်စာလာပေးတော့ ခန့်ထည်အပေါ်မှာ သံသယတွေ ရှင်းသွားရတယ်။ ဒီလိုနဲ့ မီးဖွားတဲ့အချိန်ကို ရောက်လာတယ်။ သားဖွားခန်းရှေ့မှာ ခန့်ထည်၊ ပါပါး၊ မာမားတို့ စိတ်ပူနေကြတယ်။

ဘာဖြစ်လာမလဲ။

လွန်းထားထားရဲ့ဝတ္ထုပါ။ အင်ကြင်းဟန်က ဇာတ်ညွှန်းရေးတယ်။ ဒါရိုက်တာဝင်းထွန်းထွန်းရဲ့ အနုပညာပြချက်ကို အောင်သီရိဗီဒီယိုက ထုတ်လုပ်ဖြန့်ချိမှာ ဖြစ်ပါတယ်။

ဦးဝင်းမြင့်
(သရုပ်ဆောင်)

www.burmeseclassic.com

www.burmeseclassic.com





# လှမိုး (ပညာရေး)

# အက်(ဖ်)ဘီအိုင်နှင့် စိတ်စွမ်းအင် စစ်ဆင်ရေး

ကျွန်တော်သည် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလထုတ် ``တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်း``တွင် ``အက်(ဖ်)ဘီအိုင်နှင့် ပုလဲဆိပ်ကမ်းတိုက်ပွဲ``အမည်ဖြင့် ဆောင်းပါးတစ်စောင် ရေးသားဖော်ပြခဲ့ပါသည်။ အမှန်စင်စစ် ပုလဲဆိပ်ကမ်းတိုက်ပွဲဖြစ်ရပ်မှာ အချိန်ကာလအားဖြင့် နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီဖြစ်ပါသည်။ လွန်ခဲ့သော ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ကပင် အမေရိကန်ပြည်ထောင်စု၊ ပုလဲဆိပ်ကမ်းမြို့တွင် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့က ကြိုတင်စစ်ကြေညာခြင်းမရှိဘဲ အလစ်ဝင်ရောက် ဗုံးကြဲတိုက်ခိုက်သဖြင့် အမေရိကန်ပြည်ထောင်စု၊ ပစိဖိတ်ရေတပ်မတော်ကြီး ပျက်စီးဆုံးရှုံးခဲ့ရသည့် အနှစ် ၇၀ ပြည့်အခမ်းအနား ပြုလုပ်သည့်အကြောင်းနှင့် ထိုသို့ ဂျပန်ဘုရင့်ရေတပ်မတော်မှ အလစ်ဝင်ရောက်တိုက်ခိုက်မည့်သတင်းကို အက်(ဖ်)ဘီအိုင် ခေါ် အမေရိကန်ပြည်ထောင်စု စုံစမ်းထောက်လှမ်းရေးဗျူရိုနှင့် ထိုအဖွဲ့၏ဖခင်ကြီးဟု သတင်းမီဒီယာများက ကင်ပွန်းတပ်ခဲ့သော အက်(ဖ်)ဘီအိုင်ညွှန်ကြားရေးမှူးကြီး အက်ဂါဟူးဗားတို့က ယင်းတိုက်ပွဲကြီး စတင်ခြင်းမပြုမီလေးလခန့် ကြိုတင်သတင်းရရှိခဲ့သော်လည်း အဘယ်ကြောင့် သမ္မတကြီး ရုစဗဲ့ကို သတင်းပေးပို့ခြင်းမရှိခဲ့သနည်း စသော ထိပ်တန်းလျှို့ဝှက်သတင်းတစ်ပုဒ်ကို ရေးသားဖော်ပြခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤဆောင်းပါးကို ဖတ်ရှုခဲ့သော ကျွန်တော့်ကျောင်းသား ဟောင်း သင်္ဘောအရာရှိ ကိုနိုင်ဝင်းသည် အမေရိကန် ပြည်ထောင်စု၊ စုံထောက်အဖွဲ့ကြီးတစ်ခုဖြစ်သော အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့၏ အတွင်းရေးများ အကြောင်း ရေးသားထားသည့် စာအုပ်အချို့ ဝယ်ယူ လာခဲ့ပြီး လက်ဆောင်အဖြစ် ပေးခဲ့ပါသည်။ ယခုရေး သားဖော်ပြမည့် ဆောင်းပါးသည် ထိုစာအုပ်များမှ ထုတ် နုတ်ဘာသာပြန်ဆိုထားသော ဆောင်းပါးတစ်စောင်ဖြစ် ပြီး ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလထုတ် ဤမဂ္ဂဇင်းတွင် ပါဝင်ခဲ့သော "အက်(ဖ်)ဘီအိုင်နှင့် ပုလဲဆိပ်ကမ်းတိုက်ပွဲ" ဆောင်းပါး၏ နောက်ဆက်တွဲဆောင်းပါးတစ်ပုဒ်ဟု ယူဆနိုင်ပါသည်။

အမှန်အားဖြင့် ကျွန်တော်တို့စာဖတ်ပရိသတ်ကြီး သည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ စုံထောက်များ၏ ဘိုးအေ ကြီးဟု လူအများက ကင်ပွန်းတပ်ခဲ့ရသော အင်္ဂလန် နိုင်ငံမှ စကော့တလန်ယာဒ့်စုံထောက်အဖွဲ့၊ ပြင်သစ်နိုင်ငံ မှ လျှမ်းလျှမ်းတောက်၊ ဟိုးဟိုးကျော်ခဲ့သော ဆူရီတေး စုံထောက်အဖွဲ့၊ ယခင်ဆိုဗီယက်ပြည်ထောင်စုသမ္မတ နိုင်ငံ (ယခု ရုရှား)မှ ကေဂျီဘီစုံထောက်အဖွဲ့နှင့် အမေ ရိကန်ပြည်ထောင်စု၊ အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့ကြီး များ၏သမိုင်းနှင့် ထိုအဖွဲ့ကြီးများတွင် တာဝန်ယူဆောင် ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအကြောင်းကို ဖန်တစ်ရာတေ အောင် ဖတ်ရှုခဲ့ကြပြီးဖြစ်သည်ဟု ယူဆမိပါသည်။

ကျွန်တော်တို့ လေးစားကြရသော စာရေးဆရာ ကြီးအများကလည်း ယင်းစုံထောက်အဖွဲ့များအကြောင်း ကို နိုက်နိုက်ချွတ်ချွတ် ရေးသားခဲ့ကြပြီး စာအုပ်များ အဖြစ် ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ထိုစုံထောက်အဖွဲ့ကြီး များအကြောင်း ရိုက်ကူးပြသသော ရုပ်ရှင်ကားများ၊ ဗီဒီ ယိုအခွေများကိုလည်း ကျွန်တော်တို့ရုပ်ရှင်ကြည့်ပရိသတ် များက ကြည့်ရှုပြီးဖြစ်ကြမည်ဟုလည်း ယူဆမိပါသည်။

အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့၏ အခြားသော စုံ ထောက်အဖွဲ့များနှင့် ခြားနားချက်များကို စကားပလ္လင် ခံရန် လိုအပ်လာသဖြင့် အနည်းငယ် ရေးသားဖော်ပြ ရမည်ဖြစ်ပါသည်။

အက်(ဖ်)ဘီအိုင်သည် အမေရိကန်ပြည်ထောင်စု၊ စုံစမ်းထောက်လှမ်းရေးအဖွဲ့ဟူသောအမည်ကို ခံယူထား သော်လည်း အမေရိကန်ပြည်ထောင်စုတစ်ခုလုံးတွင် ဖြစ် ပွားခဲ့သော ရာဇဝတ်မှုအားလုံးကို စုံစမ်းထောက်လှမ်း ရခြင်း၊ ဖမ်းဆီးအရေးယူရခြင်း၊ အမှုတည်ဆောက်၍ သက်ဆိုင်ရာတရားရုံးများသို့ တရားစွဲဆိုရခြင်း စသည့် တာဝန်များအားလုံးကို တာဝန်ယူထားခြင်းမရှိပါ။ အမေ ရိကန်ပြည်ထောင်စုကြီးတွင် ပြည်နယ်ပေါင်း ငါးဆယ် ပါဝင်သည်။ သို့ဖြစ်၍ ထိုပြည်နယ်အသီးသီး၌ ဖြစ်ပွား ခဲ့သော ရာဇဝတ်မှုများကို သက်ဆိုင်ရာ ပြည်နယ်ရဲ အဖွဲ့နှင့် စုံထောက်များက စုံစမ်းထောက်လှမ်းခြင်း၊ ဖမ်း ဆီးအရေးယူခြင်းများကို လိုအပ်သလို ဆောင်ရွက်ကြ ရပါသည်။

သို့သော် ပြည်နယ်တစ်ခုအတွင်း ဖြစ်ပွားခဲ့သော ရာဇဝတ်မှုတစ်မှုသည် ဖြစ်ပွားရာ ပြည်နယ်တွင်သာမက အခြားပြည်နယ်တစ်ခု၊ သို့မဟုတ် အခြားပြည်နယ် အများနှင့် ဆက်စပ်လျက်ရှိသည့် ရာဇဝတ်မှုများကိုမူ အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့က တာဝန်ယူကြရသည်။

သာဓကအားဖြင့် မက်ဆူရီပြည်နယ်တွင် ဖြစ်ပွားခဲ့ သော လူသတ်မှုတစ်မှုမှ တရားခံသည် အခြားပြည်နယ် များသို့ ခြေရာဖျောက်၍ ထွက်ပြေးခဲ့လျှင် အထက်တွင် ဖော်ပြသည့်အတိုင်း အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့များ က ဖမ်းဆီးအရေးယူခြင်းများ ပြုလုပ်ကြရသည်။ သို့ ဖြစ်၍ အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့ကြီးသည် အမေ ရိကန်ပြည်ထောင်စု တစ်နံတစ်လျားရှိ ပြည်နယ်အသီး သီးမှ ရဲအဖွဲ့ဝင်များ၏ အားထားရာဖြစ်ပါသည်။

သမိုင်းမှတ်တမ်းများအရ အက်(ဖ်)ဘီအိုင် ခေါ် ပြည် ထောင်စု စုံစမ်းထောက်လှမ်းရေးအဖွဲ့ဟူသော အမည် ကို ၁၉၃၅ ခုနှစ်မှ စတင်ခေါ်ဝေါ်ခဲ့ကြပါသည်။ တာဝန် ရှိသူများကလည်း အက်(ဖ်)ဘီအိုင်အကယ်ဒမီ ခေါ် စုံ စမ်းထောက်လှမ်းသည့် စုံထောက်ပညာအတတ်သင်သိပ္ပံ ကိုဖွင့်၍ အက်(ဖ်)ဘီအိုင်အဖွဲ့ဝင်များအား သင်ကြားပေး ခဲ့သည်။

အက်(ဖ်)ဘီအိုင်စုံထောက်များအဖို့ သူတို့နှင့် ရင် ဆိုင်ရသည့် လက်ရဲဇက်ရဲရှိသော ဒုစရိုက်သမား၊ အကြမ်းဖက်သမားများထက်သာအောင် လက်နက်မျိုး

www.burmeseclassic.com

www.burmeseclassic.com

စုံ ကိုင်တွယ်ပစ်ခတ်နည်း၊ ကရာတေးစသော ကိုယ်ခံပညာများကို သင်ကြားကြရသည်သာမက တရားခံ၏ စိတ်ပိုင်းဆိုင်ရာ တစေ့တစောင်း နားလည်စေရန် စိတ်ပညာနှင့် ပရစိတ်ပညာများကိုပါ သိပ္ပံနည်းကျ စနစ်တကျ သင်ကြားပေးခဲ့ကြ၏။ အက်(ဖ်)ဘီအိုင်သည် အကြမ်းဖက်မှုများ၊ ရာဇဝတ်မှုများကိုသာ ကိုင်တွယ်ဖြေရှင်းကြရသည်မဟုတ်။ ပြည်ထောင်စုတစ်ခုလုံး အရေးပါ အရာရောက်သည့် ကြုံတွေ့နေရသည့် အဖြစ်ဆန်းများကိုပါ စုံစမ်းထောက်လှမ်းခြင်း ပြုကြရ၏။ သာဓကအားဖြင့် လွန်ခဲ့သော နှစ်ပေါင်း (၅၀)ခန့်က အမေရိကန်ပြည်ထောင်စု၊ နယူးမက္ကဆီကိုပြည်နယ်၊ ရို့(စ်)ဝဲ(လ်)မြို့တွင် အမျိုးအမည် မသိရသော ယူအက်(ဖ်)အိုခေါ် အာကာသယာဉ်တစ်စီး ပျက်ကျသည်ဟူသောသတင်းများ ထွက်ပေါ်လာခဲ့ပါသည်။

ထိုအာကာသယာဉ်ကြီးနှင့်အတူ လိုက်ပါလာသော ဂြိုဟ်သားလေးဦး၏ အလောင်းများကို အမေရိကန်ပြည်ထောင်စု လေတပ်မတော်မှ ထိန်းသိမ်းသယ်ဆောင်သွားသည်ဟူသော သတင်းများလည်း ပေါ်ထွက်လာခဲ့သည်။ သတင်းမီဒီယာများကလည်း ထိုပျက်ကျခဲ့သည့် အမျိုးအမည်မသိရသော ယာဉ်ကြီး၏ ဓာတ်ပုံသာဓကအထောက်အထားများ ကျယ်ကျယ်ပြန့်ပြန့်နှင့် ရေးသားဖော်ပြခဲ့ကြသည်။ သို့သော် ထိုထူးခြားဖြစ်စဉ်မှာ ကော

**ဤထူးခြားသော အစွမ်းသတ္တိထူးရှိသူများ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပေါ်ထွန်းလာခဲ့ပါသည်။ ထိုကဲ့သို့ အများနှင့်မတူ ထူးခြားအာရုံရသူများကို အမေရိကန်ပြည်ထောင်စု၊ ဂျာမနီနိုင်ငံနှင့် အခြားနိုင်ငံများရှိ သိပ္ပံပညာရှင်အများနှင့် စိတ္တပေဒပညာရှင် အကျော်အမော်များက စနစ်တကျ၊ သိပ္ပံနည်းကျ စူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ကြ၏ . . .**



လာဟာလ ယုံတမ်းဂေဇက်များသာဖြစ်သည်ဟု တာဝန် ရှိသူများက ကြေညာချက်ထုတ်ခဲ့၏။

ဤတွင် အက်(ဖ်)ဘီအိုင် စုံစမ်းထောက်လှမ်းရေး အဖွဲ့မှ တာဝန်ရှိသူများသည် ထိုအာကာသယာဉ်ကြီး များနှင့် ပတ်သက်သော သတင်းများကို လက်တစ်ဆုံ နှိုက် စုံစမ်းထောက်လှမ်းမှုပြု၍ စနစ်တကျ မှတ်တမ်းတင်ထားခဲ့ရာ ထိုမှတ်တမ်းများကို အမှတ် ၁၂ ကော်ရာဇ် မှတ်တမ်းများ (Majestic 12 Project)ဟု ကင်ပွန်းတပ်ခဲ့ သည်။

မျက်မှောက်ခေတ် သိပ္ပံပညာဆိုင်ရာ တီထွင်မှုများသည် အံ့ဖွယ်သရဲ တစ်ရှိန်ထိုး တိုးတက်လာသည်ဟု ဆိုရမည်ဖြစ်ပါသည်။ အာကာသခေတ်ဟု ဆိုရတော့မည်ဖြစ် သည်။ အာကာသအတွင်း တည်ဆောက် ထားသော အာကာသစခန်းများသို့ အာကာသသူရဲကောင်းများသည် လွန်းပျံ အာကာသယာဉ်များဖြင့် လူးလာခေါက်တုံ့ သွားလာခဲ့ကြပြီး လာမည့်နှစ်များတွင် သာ

www.burmeseclassic.com





မ်နအရပ်သားခရီးသည်များကို အာကာသစခန်းသို့ ပို့ဆောင်နိုင်ရန် ကြံစည်နေကြပြီဖြစ်၏။ ကျွန်တော်တို့လူသားများ၏အလုပ်ကို အစားထိုးလုပ်ကိုင်မည့် စက်ရုပ်များကိုလည်း တီထွင်နေပြီဖြစ်၏။ ဆေးသိပ္ပံဆိုင်ရာ တိုးတက်တီထွင်မှုများမှာလည်း အံ့မခန်းဖြစ်တော့၏။ ဤသို့ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုများရှိခဲ့သော်လည်း စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုမှာမူ ဖွံ့ဖြိုးတိုးတက်လာမှု အားနည်းသည်ဟု ဆိုရမည်ဖြစ်၏။ ထင်သလောက် တိုးတက်လာမှု မရှိခဲ့ပေ။

အမှန်အားဖြင့် လူတို့၏ စိတ်ဖြစ်တည်မှုနှင့် စိတ်စွမ်းအင် (သို့မဟုတ်) အထူးသိမြင်နိုင်သော စိတ်စွမ်းအင်မှာ အံ့မခန်း ဆန်းကြယ်လှသည်ဟု ဆိုရမည်ဖြစ်ပါသည်။ အထူးသဖြင့် "Psychometry"ခေါ် လူတို့၏ ဓာတ်ပုံ၊ နာရီ၊ ခဲတံ၊ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများကို ထိတွေ့ကိုင်တွယ်ရုံမျှနှင့် ယင်းပစ္စည်းများပိုင်ဆိုင်သူ၏ အတိတ်၊ အနာဂတ်နှင့် ပစ္စုပ္ပန်အကြောင်းအရာများကို နိုက်နိုက်ချွတ်ချွတ် သိမြင်မှုဖြစ်ပါသည်။

ဤထူးခြားသော အစွမ်းသတ္တိထူးရှိသူများ ကမ္ဘာနိုင်ငံအသီးသီးတွင် ပေါ်ထွန်းလာခဲ့ပါသည်။ ထိုကဲ့သို့အများနှင့်မတူ ထူးခြားအာရုံရသူများကို အမေရိကန်ပြည်ထောင်စု၊ ဂျာမနီနိုင်ငံနှင့် အခြားနိုင်ငံများရှိ သိပ္ပံပညာရှင်အများနှင့် စိတ္တဗေဒပညာရှင် အကျော်အမော်များက စနစ်တကျ၊ သိပ္ပံနည်းကျ စူးစမ်းလေ့လာမှုများပြုလုပ်ခဲ့ကြ၏။ အထူးသဖြင့် ထိုစူးစမ်းလေ့လာမှုများကိုဟော်လန်နိုင်ငံ၊ ယူထရက်တက္ကသိုလ် စိတ္တဗေဒဌာနနှင့်အမေရိကန်ပြည်ထောင်စု၊ ဂျူ့တက္ကသိုလ် ပရစိတ္တဗေဒဌာနတို့မှ ပြုလုပ်နိုင်ခဲ့ကြပါသည်။ ရုရှားနိုင်ငံ (ယခင်ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ)၊ မော်စကိုတက္ကသိုလ်၊ စိတ္တဗေဒဌာနတို့ကလည်း အထက်ဖော်ပြပါ မနောစွမ်းအင်ထူးရှိသူများကို စူးစမ်းလေ့လာမှုများပြုလုပ်ခဲ့ကြပါသည်။

အမေရိကန်ပြည်ထောင်စု၊ အက်(ဖ်)ဘီအိုင် စုံစမ်းထောက်လှမ်းရေးအဖွဲ့ကြီးသည် ဤထူးခြားစွမ်းရည်ရှိသူများအကြောင်းကို စိတ်ဝင်စားခဲ့သည်သာမက ထိုထူးခြားစွမ်းအင် ရရှိထားသူများကို ရာဇဝတ်မှု ကြိုတင်ကာကွယ်ရေးနှင့် ဖော်ထုတ်နိုင်ရေးတွင် စနစ်တကျ အသုံးပြုရန် စီစဉ်ခဲ့၏။ အမေရိကန်ပြည်ထောင်စု၊ ဗာဂျီးနီးယားပြည်နယ်၊ ကွင်တီကိုမြို့တွင် လျှို့ဝှက်စွာ ဖွင့်လှစ်ထားသော အက်(ဖ်)ဘီအိုင် အထူးစုံစမ်းထောက်လှမ်းရေးသင်တန်းကျောင်းတွင် ပရစိတ်ပညာနှင့် ပတ်သက်သော စူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့သည်ဟု သိရ၏။ ရာဇဝတ်မှုကျူးလွန်သူများ၏ စိတ်ပိုင်းဆိုင်ရာ လေ့လာမှုများနှင့် အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော Psychometry နည်းဖြင့် ရာဇဝတ်မှု ကျူးလွန်သူများ၏ အသုံးအဆောင်၊ သဲလွန်စများကို စနစ်တကျလေ့လာခြင်းဖြင့် ရာဇဝတ်မှုကျူးလွန်သူများကို ဖော်ထုတ်နိုင်ရေးအတွက် သုတေသနပြုလုပ်ခဲ့ကြသည်ဟု မှတ်တမ်းများက ဖော်ပြခဲ့ကြ၏။

ထိုလေ့လာစမ်းသပ်မှုများကို ပြုလုပ်နိုင်ရန် ဟော်လန်နိုင်ငံသား ခရာဇက်ပီတာဟားကို့(စ်)နှင့် နော်ရင်ရိမ်နီယာ၊ အင်္ဂလန်နိုင်ငံမှ နယ်လာဂျုံး(စ်)စသော ထူးခြားသော စိတ်စွမ်းအင်ရှိသူများအား ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင် တွေ့ဆုံ၍လည်းကောင်း သာမန်ထိပ်တန်းစုံထောက်ကျော်များ ထုတ်ဖော်၍ မရရှိသောရာဇဝတ်မှုခင်းများကို စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ခဲ့ရာ မျှော်လင့်ထားသည်ထက် အောင်မြင်သည်ဟုဆို

www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုထူးခြားသော မနောစွမ်းအင်ရှိသူများကို မှုခင်းဒသသနပညာရှင် ဗြိတိသျှအမျိုးသား ကိုလင်းဝယ်(လ်)ဆင်ကမှု "Psychic Detective" စိတ်စွမ်းအင်စုံထောက်များဟု ကင်ပွန်းတပ်ခဲ့သည်။

အက်(ဖ်)ဘီအိုင် အထူးစုံစမ်းခဲ့သော အထက်ဖော်ပြပါ မှုခင်းများကို (X File) အိတ်(စ်)ဖိုင်တွဲများဟု သတ်မှတ်ထားသည်ဟု သိရ၏။ ဤကဲ့သို့ မနောစွမ်းအင်ထူးရရှိသော စိတ်စွမ်းအင်စုံထောက်များ၏ အကူအညီကို ရယူရန် အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့၏ ဖခင်ကြီးဟု သတင်းမီဒီယာများက တင်စားခေါ်ဝေါ်သော အက်(ဖ်)ဘီအိုင် စုံစမ်းထောက်လှမ်းရေးအဖွဲ့ ညွှန်ကြားရေးမှူး အက်ဂါဟူးဗားက ခွင့်ပြုခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ အထက်ဖော်ပြပါ အမှုတွဲများကို အစိုးရအဆက်ဆက် ထိပ်တန်းလျှို့ဝှက်အဖြစ် သတ်မှတ်ထားခဲ့သော်လည်း ယခုအခါ ကာလစည်းကမ်းသတ်မှတ်ချက် ကုန်ဆုံးခဲ့ပြီဖြစ်၍ အများပြည်သူတို့သိခွင့်ရခဲ့သည်ဟု သိရ၏။ ထိုအမှုတွဲများအနက် မှုခင်းသုတေသီများက အထူးစိတ်ဝင်စားဖွယ်မှုခင်းကြီးဟု သတ်မှတ်ထားသောမှုခင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်−

၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်နေ့ ထုတ်ဝေသော နယူးယောက်တိုင်း(မ်)သတင်းစာ၊ နယူးယောက်ဆန်း(သူရိယ)သတင်းစာနှင့် ဘိုစတွန်ကမ္ဘာလုံး (Globe)သတင်းစာကြီးများနှင့် အခြားသတင်းစာများ တွင် အသက်လေးနှစ်အရွယ် အီဒစ်အမည်ရှိ မိန်းကလေးငယ်တစ်ဦး ရုတ်တရက် ပျောက်ဆုံးသွားမှုသတင်းကို ဓာတ်ပုံအထောက်အထား ဝေဝေဆာဆာနှင့် မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြထားသဖြင့် အမေရိကန်ပြည်ထောင်စုတစ်ခုလုံးမှာ လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ရ၏။

ဖြစ်စဉ်မှာ နယူးယောက်မြို့တော်အပိုင်၊ ဘရွတ်ကလင်မြို့နယ်၊ အရှေ့ပိုင်း (၁၃)လမ်း၊ အိမ်အမှတ် (၈၁၀) တွင် ခေတ္တလာရောက်လည်ပတ်နေသော အသက်လေးနှစ်အရွယ် အီဒစ်မှာ ဖေဖော်ဝါရီလ ၂၂ ရက်နေ့၊ ညနေ ၄ နာရီအချိန် အိမ်ရှေ့ရှိ ရပ်ကွက်တွင်းမှ အခြားကလေးငယ်များနှင့် ပျော်ရွှင်စွာကစားနေစဉ် ရုတ်တရက်ပျောက်ဆုံးသွားခဲ့သည်။

အထက်ဖော်ပြပါနေအိမ်တွင် နေထိုင်သော အီဒစ်၏ဦးလေးဖြစ်သူ မစ္စတာ ဂျူကလက်သည် ရပ်ကွက်တွင်းမှ သူ့မိတ်ဆွေများနှင့်အတူ ခြေရာချင်းထပ်မျှ ရှာဖွေသော်လည်း အီဒစ်၏ အရိပ်အယောင်မျှ မတွေ့ရသဖြင့် ဘရွတ်ကလင်မြို့နယ်ရဲအဖွဲ့အား လူပျောက်မှုဖြင့် တိုင်ကြားခဲ့၏။ ဘရွတ်ကလင်မြို့နယ်ရဲအဖွဲ့သည် အခြားမြို့နယ်မှ ရဲအဖွဲ့များအကူအညီနှင့် ပိုက်စိပ်တိုက်ရှာဖွေခဲ့သည်။ တိုက်ခန်းများ၊ လမ်းကြိုလမ်းကြားများ၊ ပန်းခြံများ၊ ရေဆိုးမြောင်းများ၊ စွန့်ပစ်အမှိုက်ပုံများကို ရဲအဖွဲ့ဝင်အင်အား ၃၅၀ ဖြင့် နှံ့နှံ့စပ်စပ်၊ သေသေချာချာ၊ စနစ်တကျ ရှာဖွေခဲ့ကြသည်။ ထို့ပြင် မီးသတ်တပ်ဖွဲ့ဝင်များအကူအညီနှင့် ဘရွတ်ကလင်မြို့နယ်အနီး ဟတ်ဆန်မြစ်ကမ်းခြေတစ်နံတစ်လျား ပိုက်ကွန်များ၊ သံချိတ်များဖြင့် ဆွဲ၍ရှာဖွေခဲ့သော်လည်း တစ်စုံတစ်ရာ တွေ့ရှိခြင်းမရှိ။ အီဒစ်မှာ ဤကမ္ဘာမြေပြင်မှ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားခဲ့၏။

နေ့စဉ်ထုတ်သတင်းစာကြီးများ၏ ဖော်ပြချက်အရ နယူးယောက်မြို့တော် မှုခင်းသမိုင်းတွင် ဤမျှလောက် လူအင်အားသုံး၍ ရှာဖွေထောက်လှမ်းခဲ့သော လူပျောက်

**နယူးယောက်မြို့တော် မှုခင်းသမိုင်းတွင်**
**ဤမျှလောက် လူအင်အားသုံး၍ ရှာဖွေထောက်လှမ်းခဲ့သော လူပျောက်ဆုံးမှုမရှိဟု**
**ရေးသားဖော်ပြခဲ့ကြသည်။ အီဒစ်ပျောက်ဆုံးမှုနှင့်ပတ်သက်၍ ကောလာဟလ ယုံတမ်းစကား**
**ဂဇက်သတင်းများလည်း လှိုင်လာသည်။ . .**

www.burmeseclassic.com


www.burmeseclassic.com



ဆုံးမှုမရှိဟု ရေးသားဖော်ပြခဲ့ကြသည်။ အီဒစ်ပျောက်ဆုံးမှုနှင့်ပတ်သက်၍ ကောလာဟလ ယုံတမ်းပါးစပ်ဇာဂျက်သတင်းများလည်း လှိုင်လာသည်။ ဤသို့ရှိနေစဉ် ချီကာဂိုမြို့မှ စောင်ရေအများဆုံး ထုတ်ဝေရသောချီကာဂိုထရီဗြွန်းသတင်းစာကြီးတွင် အီဒစ်ဟုယူဆရသောကလေးငယ်တစ်ဦးအား အမျိုးသမီးကြီးတစ်ယောက်နှင့်အတူ ချီကာဂိုလေဆိပ်တွင် တွေ့ရသည်ဟု ရေးသားဖော်ပြခဲ့သဖြင့် ဘရွတ်ကလင်ရဲအဖွဲ့သည် အက်(ဖ်)ဘီအိုင်အဖွဲ့အား အကူအညီတောင်းခံခဲ့ရတော့၏။

သတင်းမီဒီယာများကလည်း အီဒစ်ပျောက်ဆုံးမှုကို တစ်နေ့တခြား ချဲ့ထွင်ရေးသားခဲ့ကြသဖြင့် အမေရိကန်ပြည်ထောင်စု လူမှုအဖွဲ့အစည်းများကလည်း ဝိုင်းဝန်းကူညီ ရှာဖွေခဲ့ကြ၏။ ဤသို့အတွင်း အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့တော်ရှိ ဟော်လန်နိုင်ငံပိုင် K.L.M လေကြောင်းကုမ္ပဏီမှ ဌာနေကိုယ်စားလှယ်ဖြစ်သူက ဟော်လန်နိုင်ငံတွင် ဤကဲ့သို့ လူပျောက်မှုများ၌ စိတ်စွမ်းအင်စုံထောက်ကြီးဟု နာမည်ပေးထားသော ခရာဇက်ဆိုသူအကြောင်းကို အက်(ဖ်)ဘီအိုင်မှ တာဝန်ရှိသူများအား သတင်းပေးခဲ့၏။

ဤတွင် အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့မှ တာဝန်ရှိသူများသည် အထက်ဖော်ပြပါ ဒတ်(ချ်)အမျိုးသားပိုင်လေကြောင်းကုမ္ပဏီအကူအညီနှင့် ပျောက်ဆုံးနေသူ အီဒစ်၏ဓာတ်ပုံ၊ သူ၏ ကလေးအသုံးအဆောင်ပစ္စည်းများကို အထက်ဖော်ပြပါ စိတ်စွမ်းအင်စုံထောက်ကြီး ခရာဇက်ထံသို့ ပို့ပေးခဲ့သည်။ အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့မှ တာဝန်ရှိသူများကလည်း ဟော်လန်နိုင်ငံရဲအဖွဲ့၏ အကူအညီနှင့် ခရာဇက်အား သွားရောက်တွေ့ဆုံခဲ့ကြ၏။




သတင်းမီဒီယာများက စိတ်စွမ်းအင်စုံထောက်ဟု ကင်ပွန်းတပ်ခံရသော ခရာဇက်ကမူ အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့ဝင်များအား ပျောက်ဆုံးနေသော ကလေးငယ်အား တိတ်တဆိတ် ခေါ်ယူသွားသူ၏ အသက်အရွယ်၊ ကိုယ်လုံးကိုယ်ပေါက်၊ အသားအရောင်၊ ထိုသူ၏ ကိုယ်ခန္ဓာပေါ်ရှိ ထူးခြားသော အမှတ်အသား၊ ထိုသူဝတ်လေ့ရှိသည့် ဝတ်စုံ၏အရောင်တို့ကိုပါ တိတိကျကျ ပြောပြခဲ့သည်။


ပျောက်ဆုံးနေသော အီဒစ်၏ အလောင်းရှိသည့်နေရာကိုပါ ညွှန်ပြခဲ့သည်။ သို့ဖြစ်၍ အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့ဝင်များသည် ဒေသခံရဲအဖွဲ့နှင့် လူမှုရေးအသင်းများ၏ အကူအညီနှင့် အီဒစ်၏အလောင်းအားတွေ့ရှိခဲ့ပြီး အီဒစ်အား ရည်ရွယ်ချက်မရှိ အကြောင်းမဲ့သတ်ဖြတ်ခဲ့သူ လူသတ်သမား သွန်မဆင်ကို ဖမ်းဆီးရမိခဲ့၏။ သွန်မဆင်၏ပုံသဏ္ဍာန်မှာ စိတ်စွမ်းအင်စုံထောက်ကြီး ခရာဇက်ပြောပြသည့် ပုံသဏ္ဍာန်နှင့် တူညီသည်ဟုဆိုသည်။ လူသတ်သမားမှာ အရက်စွဲနေသူဖြစ်ပြီး အရက်မူးသည်နှင့် ထင်ရာမြင်ရာ ကျူးလွန်တတ်သူဖြစ်သည်ဟု ဆိုကြပါကြောင်း။ ။

လှမိုး(ပညာရေး)

ကျမ်းကိုး-

Psychic Wars parapsychology in Espionage and beyond

By- Elmar R.Gruber


၁၁၂
www.burmeseclassic.com
နွေအလွန်
ယုံကြည်မိသည့်နောက်ကွယ်
www.burmeseclassic.com

www.burmeseclassic.com



"ဗျို့.....ကိုရွှေအသဲ ဘယ်လဲဗျ"

"လက်ဖက်ရည်ဆိုင်ကိုဗျို့၊ ညွှန့်သည်နဲ့ချိန်းထားလို့"

ကိုသဲကြည်က လက်မှနာရီ တကြည့်ကြည့်ဖြင့် ချိန်းထားချိန် နောက်ကျနေမည်ကို စိုးရိမ်နေ၏။ သည်ကြားထဲ ကိုချမ်းမြက အလိုက်မသိ အိမ်ထဲမှ အော်ဟစ်နှုတ်ဆက်နေသေးသည်။

"ဟုတ်လား..သွား...သွား၊ ကိုယ်တော့ ညမှပဲထိုင်တော့မယ်"

"ကောင်းပါပြီဗျာ"

ကိုသဲကြည်အမည်ပျောက်၍ ကိုရွှေအသဲဖြစ်လာရခြင်းမှာ ညီမဖြစ်သူ ဝင့်ဝါကြည်ကြောင့်ဖြစ်သည်။ သူတို့မောင်နှမက အပျိုကြီး၊ လူပျိုကြီးများဖြစ်၏။ မိဘနှစ်ပါး သုံးပါးသွားသည့်နောက် ကိုသဲကြည်က နှမလေးအား ကျွေးမွေးစောင့်ရှောက်ထားကာ အိမ်ထောင်မပြုတော့ချေ။ လောကကြီးတွင် မောင်နှမနှစ်ယောက်က ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဖြစ်ခဲ့ရ၏။ ဝင့်ဝါကြည်က သူ့ထက် ၁၀ နှစ်ခန့်ငယ်သူဖြစ်ရာ စိတ်ချရသောသူတွေ့လျှင် ပေးစားချင်ပေမယ့် နှမလေးကို စိတ်မချနိုင်သေးပေ။ ဝင့်ဝါကြည်မှာလည်း အစ်ကိုဖြစ်သူအား တစ်ယောက်တည်း မထားရစ်ခဲ့နိုင်ပါ။ ထိုမျှ သံယောဇဉ်ကြီးကြသူများဖြစ်ကြ၏။

"လာဗျာ ကိုသဲကြည်၊ မျှော်နေတာကြာပြီ"

ကိုသဲကြည်က ခုံဆွဲ၍ ဝင်ထိုင်လိုက်သည်။ ညွှန့်သည် ကိုကောင်းမြတ်က ကြိုတင်ရောက်နှင့်နေ၏။ သူ့ထံ မျှော်လင့်ချက်မျက်ဝန်းများဖြင့်ကြည့်ရင်း စားပွဲထိုးလေးအား လက်ဖက်ရည်မှာလိုက်သည်။

"ဆိုဗျာ၊ အရေးကြီးတဲ့ကိစ္စဆိုတာ ဘာလဲ"

"ဒီလိုဗျ၊ ကျွန်တော့်မှာ အမွေဆိုင် ခြံတစ်ခြံရှိတယ်၊ အဲဒါကို မောင်နှမတွေက ရောင်းဖို့သဘောတူလိုက်ပြီ"

"ဟ...ဒါဆို ခင်ဗျားထောပြီပေါ့ဗျ"

"ဟုတ်တယ်ဗျာ၊ ခြံက သိန်းသုံးထောင်နီးပါးရမှာထုတ်မယ်ဗျာ"

"အဲဒါဆိုလည်း မြန်မြန်ထုတ်တော့လေ"

ကိုကောင်းမြတ်က စိတ်ညစ်ဟန်ဖြင့် တီးတိုးပြောပြ၏။

"ခက်တာက အဲဒီခြံမှာ အစောင့်သဘောမျိုးထားတဲ့ မိသားစုက ဖယ်မပေးဘူးဖြစ်နေတယ်ဗျာ၊ သူတို့က နေလာတာ ၁၀ နှစ်နီးပါးရှိနေပြီလေ"

"ဒါဆိုလည်း သူတို့ကို ငွေနည်းနည်းပါးပါး ပေးလိုက်ပေါ့ဗျာ၊ ငွေရရင်တော့ သွားကြမှာပဲပေါ့"

"ဟုတ်တယ်ဗျ၊ သူတို့က သိန်း ၅၀ တောင်းတယ်"

"ဘယ်လို.....သိန်း ၅၀ ဟုတ်လား"

"ဟုတ်တယ် ကိုသဲကြည်၊ သိန်း ၅၀ ရမှ ခြံကဖယ်ပေးမယ်တဲ့"

"လူတွေဗျာ ကိုယ့်ပစ္စည်းမဟုတ်ဘဲနဲ့ လောဘတက်လှချည်လား"

www.burmeseclassic.com

ကိုသဲကြည်က ကိုကောင်းမြတ် အခက်အခဲကို သိသွားတော့သည်။ ကိုကောင်းမြတ်တို့မိသားစုတွင် ထို မျှငွေ မရှိနိုင်ပေ။ ကိုကောင်းမြတ် က ကိုသဲကြည်နှင့် တစ်ရုံးတည်း ဖြစ်၏။ ကိုကောင်းမြတ်ဇနီးက အိမ် တွင်စက်ချုပ်သည်။ အိမ်နီးချင်းများ လာအပ်သောအထည်များအပြင် ကိုကောင်းမြတ်၏ရုံးမှ ခင်မင်သော မိန်းကလေးများ လာအပ်သော အထည်များကိုချုပ်၏။

"ကျွန်တော်တို့မောင်နှမတွေ ကလည်း ခင်ဗျားသိတဲ့အတိုင်း ရရ စားစားတွေပါဗျာ၊ အဲ....ကျွန်တော့် နှမ အငယ်တစ်ယောက်ပဲ သူ့ ယောက်ျားက သင်္ဘောသားဆိုတော့ ငွေထုတ်နိုင်တယ်၊ ဒါပေမဲ့ အခု အချိန်မှာ ကျွန်တော့်ယောက်ဖက ငွေမပို့သေးတော့ ခက်နေတယ်ဗျာ"

ကိုကောင်းမြတ်က ညည်းညူ လိုက်ရင်းစကားကို ဆက်ပြော၏။

"ညီမက သူ့မှာရှိတဲ့ငွေကိုပေး ရှာပါတယ်၊ လိုတာက သိန်း ၃၀ ဗျာ၊ အဲဒါ ကိုသဲကြည်ဆီက ခဏ လောက်လှည့်ပါလားဗျာ၊ ကျွန်တော့် ယောက်ဖ ငွေပို့ရင် ပြန်ရမှာပါ"

ကိုသဲကြည်က စဉ်းစားကြည့် လိုက်၏။ ကိုကောင်းမြတ်၏အခက် အခဲကိုလည်း ကူညီချင်သည်။ ကူ ညီပြီး ငွေကြန့်ကြာမည်ကိုလည်း စိုးရိမ်၏။ ဤသည်ကို ကိုကောင်း မြတ်က ရိပ်မိပုံရ၍.....

"ယောက်ဖငွေ မစောင့်နိုင်ရင် လည်း မပူနဲ့ဗျာ၊ ငွေပေးဖယ်နိုင်းပြီး တာနဲ့ ပြန်ရောင်းထုတ်မှာပါ၊ အဲဒီ အချိန်ကျရင် အတိုးရောအရင်းပါ ပြန်ဆပ်မှာနော်"

"ဒါဆိုလည်း ငွေထုတ်ရှီးမှာ ဆိုတော့ မနက်ဖြန့်နေ့လယ်ပိုင်း လာယူဗျာ"

"ဟုတ်ကဲ့ပါ ကိုသဲကြည်ရာ၊ ကျေးဇူးအများကြီးတင်ပါတယ်"

ကိုကောင်းမြတ်၏သောက,က ကိုသဲကြည့်ခေါင်းပေါ် ပြောင်းရောက် သွား၏။ ကိုသဲကြည်က အတိုး ကို မျှော်လင့်သူမဟုတ်ပါ။ လူတစ် ယောက်၏အခက်အခဲကို ကူညီချင် သည့် စေတနာသက်သက်သာဖြစ် သည်။ သူ့ဘဝတွင်လည်း ထိုမျှ လောက်ငွေမျိုးကို မချေးငှားဖူးပါ။ စေတနာရှိလျှင် ငွေအနည်းအပါးမျိုး ပေးကမ်းလိုက်၏။

"ဩော်.....ငါ့စုဆောင်းငွေ လေးတွေ ထုတ်ပေးရမှာတော့ နှမြောသား၊ တတ်နိုင်ဘူးလေ သူ များအခက်အခဲကို ကူညီတာ ကိုယ့် ရဲ့အခက်အခဲလည်း ရှင်းသွားတာ ပေါ့၊ မနက်ဖြန် ရုံးမသွားခင် သွား ထုတ်ရမယ်"

မောင်နှမနှစ်ယောက်က သူတို့ ၏ အိုစာမင်းစာအတွက် မျှော်ကိုး ပြီး ငွေကြေးစုဆောင်းခဲ့ကြ၏။ အိမ် အတွက်ဖယ်ပြီးသည်နှင့် ဘဏ်တွင် တစ်လတစ်ကြိမ် ငွေစုနေကြသည်။

"ဟိုတလောက ဘဏ်သွား တော့ ကိုကောင်းမြတ်လိုက်လာတာ က ငါ့အခြေအနေကို လိုက်ကြည့် တာပါလား၊ အဲဒီနေ့က ဘဏ်စာ အုပ်ကို သူက အမှတ်တမဲ့ယူကြည့် ပြီး ငွေ Amount ကို သိသွားတယ်၊ အင်း ... လျှို့ဝှက်မထားမိတာ ငါ့ အမှားပဲ၊ ဒီလူ့မှာ တကယ်ပဲအခက် အခဲဖြစ်သလား၊ ဒါမှမဟုတ် အမွေ ဆိုင်ခြံမရှိဘဲ လိမ်ညာပြောတာများ လား"

ကိုသဲကြည်က တစ်ညလုံး စဉ်းစားခန်းဝင်နေ၏။ ထိုကိစ္စကို ဝင့်ဝါကြည်ကို ပြောပြလိုက်လျှင် ကောင်းမလား၊ မပြောဘဲနေရ ကောင်းမလားနှင့် အိပ်မပျော်တော့ ပေ။

"အင်း.....ကိုကောင်းမြတ်က တော့ ဒီအချိန်မှာ သူ့အခက်အခဲ ပြေလည်သွားလို့ ကောင်းကောင်း အိပ်ပျော်နေမှာပဲ၊ ဘဏ်စာအုပ် တွေ့သွားလို့သာပေါ့၊ နို့မဟုတ်ရင် ငါငြင်းလိုက်နိုင်မှာပဲ"

ကိုယ့်ငွေနှင့်ကိုယ် သောက ရောက်နေတော့၏။ နောက်ဆုံး တော့ ငွေဟူသည် မရှိမကောင်း ရှိမကောင်းဟု မှတ်ယူလိုက်ပြီး နာရီ ကိုကြည့်လိုက်၏။

"ဗုဒ္ဓေါ.....၂ နာရီတောင်ထိုး တော့မှာပါလား၊ ဒီအတိုင်းဆို မနက် ဖြန် မျက်တွင်းချောင်ချောင်နဲ့ အိပ် ငိုက်နေတော့မှာပဲ"

ကိုသဲကြည်လည်း ခေါင်းချ၍ အိပ်ပစ်လိုက်တော့သည်။

✦ ✦ ✦

"ကိုရွှေအသဲ.....ကိုရွှေအသဲ ထတော့လေ။ ၈ နာရီထိုးတော့မယ်"

တံခါးဝမှ တဒုံးဒုံးတံခါးထုသံ ကို ကြားရသည့်အဆုံး ကိုသဲကြည်

www.burmeseclassic.com

www.burmeseclassic.com





အထိတ်တလန့်ဖြစ်သွားမိ၏။ ပြီးမှ ဝင့်ဝါကြည်၏နှိုးသံဖြစ်၍ အနီးရှိ မျက်မှန်ကို ကောက်တပ်လိုက်၏။

''ဟိုက် ၈ နာရီတောင်ထိုးနေပြီ၊ ဖယ်ရီမမီရင် ဒုက္ခပဲ''

''နှိုးနေတာကြာပြီ၊ ကိုရွှေအသဲတို့များ ဘယ်လောက်တောင် အိပ်ကျနေသလဲမသိဘူး၊ အိပ်မက်က ကောင်းလို့လား၊ ဟုတ်လား''

''ပေါက်ပေါက်ရှာရှာကွယ်၊ ညက စာဖတ်ကောင်းလို့ အိပ်ရာဝင်နောက်ကျသွားတာပါ ညီမလေးရာ''

''ကဲ.....ထတော့၊ ရေမြန်မြန်ချိုးပြီး စားပွဲပေါ်မှာ စားသောက်ဖို့ အဆင်သင့်ရှိတယ်၊ သွားစား၊ အိပ်ရာသိမ်းလိုက်ပါ့မယ်''

''ကျေးဇူး ဝင့်ဝါ၊ အောင်မာ.. ညည်းက ရုံးသွားဖို့ အဆင်သင့်ဖြစ်နေပြီပေါ့လေ''

ဝင့်ဝါကြည်က ပြင်ဆင်ဖြီးလိမ်းပြီး ယူနီဖောင်းနှင့် ဖြစ်နေချေပြီ။ သူ့မှာသာ အိမ်သာလည်းမတက်ရသေး၊ ရေလည်းမချိုးရသေးနှင့်။ ဆယ့်ငါးမိနစ်အတွင်း အမြန်ပြီးဖို့က မလွယ်ချေ။

''ရုံးရောက်မှ ရေအိမ်တက်တော့မယ်ကွာ''

ဖယ်ရီကားက ၈ နာရီခွဲဆို မစောင့်တော့ဘဲထွက်၏။ မောင်နှမနှစ်ယောက်က တစ်ရုံးတည်းတွင် အလုပ်လုပ်၍သာ တော်သေးသည်။ သို့သော် ဌာနချင်းတော့မတူပေ။ ရေချိုးစဉ်တွင် အတွေးတစ်ခုရသွား၏။ သည်တော့ ရေချိုးပြီးထွက်လာချိန်ကျမှ ဝင့်ဝါကြည်ကို လှမ်းပြောလိုက်သည်။

''ဝင့်ဝါရေ အစ်ကို နောက်မှ လိုင်းကားစီးပြီးလိုက်လာတော့မယ်၊ ဒီမှာ ဗိုက်က နာလာပြန်ပြီ၊ ညည်းအရင်သွားတော့ကွာ''

''ကိုရွှေအသဲ အီအီးပါတာကြာလှ ဆယ်မိနစ်ပေါ့၊ မြန်မြန်ရေအိမ်ထဲဝင်ပါတော့၊ ဖယ်ရီကိုစောင့်ဖို့ ဝင့်ဝါ အရင်သွားပြောထားမယ်''

''ဟင်း.....ဘယ်လိုမှ မရပါလားနော်၊ ဘဏ်မှာငွေကသွားထုတ်ရဦးမယ်၊ ဒီကောင်မလေးသိလို့ မဖြစ်သေးဘူး''

နောက်ဆုံးတော့ သက်ပြင်းကို အခါခါချကာ ဝင့်ဝါကြည် အကြံပေးသည့်အတိုင်း လုပ်ဆောင်လိုက်ရတော့သည်။ ဖယ်ရီအထွက်တွင် ကိုသဲကြည်က အမီရောက်လာ၍ မစောင့်ရတော့ချေ။

ရုံးရောက်သည်နှင့် လက်မှတ်ထိုးကာ လက်ဖက်ရည်ဆိုင်ဟု အကြောင်းပြပြီး ဘဏ်သို့သွားရတော့၏။ ကိုကောင်းမြတ်က သူနှင့်အတူလိုက်လာပြီး သိန်း ၃၀ ကို ယူဆောင်သွားသည်။ သူ့ကိစ္စအတွက် ရုံးမှခွင့်ယူခဲ့သည်ဟုဆို၏။ ကိစ္စဝိစ္စပြီးသည်နှင့် ကိုသဲကြည်မှာ ရုံးသို့ပြန်လာခဲ့ရတော့၏။

---

ဝင့်ဝါကြည်

နှံ့ဆိုးဆိုးပုံနှင့်

ဆိုလျှင်

ယောက်မနှင့်

တစ်သက်လုံး

အဆင်ပြေနိုင်မည်

မဟုတ်။

နောက်ဆုံးတော့

ချစ်လျက်နှင့်

စွန့်ခွာခဲ့ရသည့်

ကိုသဲကြည်အဖြစ်ကို

ဝင့်ဝါကြည်က

သိနေ၏

...

www.burmeseclassic.com

"ရှင့်ညည်းသည်ရောက်လာတယ် ကိုသဲရေ၊ မစောင့်နိုင်လို့ပြန်သွားတယ်"

"ဟုတ်လား၊ ဘယ်သူနဲ့မှ ချိန်းမထားပါဘူး၊ ဘယ်သူပါလိမ့်"

"အမျိုးသားတစ်ယောက်ပဲ၊ အလုပ်ကိစ္စတော့ မဟုတ်ဘူးတဲ့၊ မေးစရာလေးတွေရှိလို့လို့ ပြောတာပဲရှင်"

ကိုသဲကြည် တစ်ယောက် ထိတ်လန့်သွားရ၏။ တစ်စုံတစ်ယောက်က အမှုအခင်းပြုလို့များလား၊ ဒါမှမဟုတ် ပြစ်မှုတစ်ခုခု ကျူးလွန်မိလို့လားဟု တွေးမိ၏။ စဉ်းစားစရာ တပုံတပင်နှင့် ကိုသဲကြည် ကြောက်နေပြန်သည်။ နေ့လယ်ထမင်းစားချိန်တွင်လည်း ရောက်မလာ၊ ရုံးဆင်းချိန် မှော်နေသော်လည်း ရောက်မလာပေ။

"အင်း.....ဒီပုံဆိုရင်တော့ အမှုအခင်းမဖြစ်နိုင်ဘူး၊ အရေးမကြီးလို့ပဲ ဖြစ်မှာပါလေ"

ကိုသဲကြည်လည်း ညစာစားပြီးသည်နှင့် ဝင်အိပ်လေတော့၏။ ဝင့်ဝါကြည်က သူမအစ်ကိုအဖြစ်ကို သိထား၍ အပြစ်မဆိုတော့ပေ။ ဘုရားရှိခိုး၊ တရားထိုင်ပြီးသည်နှင့် နိုင်ငံတကာရုပ်သံတစ်ခုကိုဖွင့်ကြည့်နေလိုက်သည်။ အရင်ကဆိုလျှင် မောင်နှမနှစ်ယောက်က သတင်းနားထောင်ပြီး အပြန်အလှန်ပြောကြ၊ ဆိုကြ၊ သုံးသပ်ကြနှင့် ဆွေးနွေးတတ်ကြသည်။

"အစ်ကို နားမထောင်မှဘဲ သတင်းတွေက ကောင်းလိုက်တာနော်၊ ငါ့အစ်ကိုလည်း အခုတလော ကြည့်ရတာ တစ်ခုခုပဲ"

ဝင့်ဝါကြည်က ကိုသဲကြည် အိတ်ထဲမှ ဖုန်းကိုယူ၍ ဖုန်းCall များကို ယူစစ်ကြည့်လိုက်၏။ မိန်းကလေးနာမည်များမတွေ့ပေ။ ကိုကောင်းမြတ်ဖုန်းနံပါတ်များသာ လေးငါးခါခေါ်ထားသည်ကိုတွေ့ရ၏။

"ကိုကောင်းမြတ်က ငါ့အစ်ကိုကို ဘာကိစ္စနဲ့ ဖုန်းတွေခေါ်နေရတာလဲ၊ ရုံးမှာတွေ့နေကြတဲ့ဟာကို၊ ဘာကိစ္စများ ရှိနေလို့လဲ"

ဝင့်ဝါကြည် တွေးမိ၏။ ကိုကောင်းမြတ်သတင်းကို နေ့လယ်ကမှ ကြားခဲ့ရသည်။ ထိုအကြောင်းကို ဒီညမှ ကိုသဲကြည်အား ပြောပြရမည်ဆိုသည်ကို သတိရသွား၏။

"အိပ်ပါစေလေ၊ ငါ့အစ်ကို သနားပါတယ်၊ ညက သူစာဖတ်တာ ဈာန်ဝင်သွားတော့ အိပ်ရေးပျက်မှာပဲ၊ ဪ..အစ်ကို..အစ်ကို ဒီအသက်အရွယ်ထိ နှမကို စောင့်ရှောက်ပြီး သူ့ရဲ့ခံစားချက်နဲ့ နှလုံးသားအရေးကို မျိုသိပ်နိုင်ခဲ့ရှာတယ်၊ သနားပါတယ်လေ၊ အစ်ကိုက သေသေချာချာပေါင်းကြည့်ရင် သဘောကောင်းတယ်၊ နုံအတယ်၊ ရိုးသားတယ်၊ ကောက်ကျစ်စိတ်မရှိရှာဘူး၊ လူတစ်ဖက်သားကို စာနာတယ်၊ ကူညီတတ်တယ်၊ သူတော်ကောင်းကြီး တစ်ယောက်ပါပဲ"

ဝင့်ဝါကြည် ဆယ်ကျော်သက်အရွယ်က အဖြစ်လေးကို သတိရမိ၏။ ထိုစဉ်က သူတို့တွင် ဖခင်ကွယ်လွန်ပြီး မိခင်ကြီး၏ အုပ်ထိန်းမှုအောက်တွင် ရှိခဲ့ကြသည်။ အစ်ကိုဖြစ်သူက အသက်အစိတ်တွင် မိန်းမယူရန် တိုက်တွန်းနေသော မိခင်ကြီးကြောင့် မိန်းကလေးတစ်ယောက်အား စိတ်ဝင်စားခဲ့၏။ ထိုမိန်းကလေးမှာလည်း ကိုသဲကြည်ကို သဘောကျ၏။ မျိုးရိုးကောင်းထဲက ဖြစ်သည့်အပြင် အနေအထိုင် ရိုးသားသော ကိုသဲကြည်အား လက်မလွှတ်ချင်ပေ။ သည်တော့ ကိုသဲကြည်က ချစ်စကားမပြောခင်တွင် မိခင်ကြီးရှိရာသို့ ခေါ်လာပြီး သဘောတူညီချက်ကို တောင်းခံ၏။

"အမေ သူက တော်ဝင်ပန်းလေးပေါ့ အမေရယ်"

"ဟုတ်လား၊ နာမည်လေးက ဆန်းလိုက်တာကွယ်"

"ကိုသဲနော် အန့်တို့ကို ဘာတွေပြောနေတာလဲ၊ ဒီလိုပါ အန့်တို့ ကိုသဲက သမီးနာမည် သဇင်နိုင်မို့ တော်ဝင်ပန်းဆိုပြီး တင်စားခေါ်တာပါရှင်"

"ဟုတ်လားသား၊ အမေ့သားက ရွေးတတ်သားပဲ၊ သမီးလေးက နှုတ်သွက်လျှာသွက်အပြင် နာမည်လေးကလည်းလှ၊ လူလေးကလည်း ချော"

မိခင်ကြီးနှင့် သဇင်နိုင်တို့ကို ကြည့်ရင်း ဝင့်ဝါကြည်က ဝမ်းနည်းသွား၏။ ဘာပဲပြောပြော သူတို့မိသားစုထဲသို့ ဝင်လာမည့်မိန်းကလေးအား သမီးရင်းထက် ခင်မင်နေခြင်းကို ဝင့်ဝါကြည်က ကလေးပီပီ နားမလည်ခဲ့ပေ။ အစ်ကိုဖြစ်သူကို

www.burmeseclassic.com

ကြည့်ပြန်တော့ သဇင်နိုင့်မျက်နှာလေးကို စူးစိုက်ကြည့်ပြီး ကျေနပ်နေ၏။

"ငါ့များတော့ ရှိတယ်လို့ထောင် မထင်ကြပါလား၊ အစ်ကိုက ညီမကို မေ့နေသလို အမေကလည်း သမီးရင်းကို မေ့နေပါလား၊ ဒါထောင် သဇင်နိုင်က အခုမှတွေ့တဲ့သူပါနော်"

လိုက်ကာအကွယ်မှနေ၍ ဝင့်ဝါကြည်က ဝမ်းနည်းသွား၏။ မျက်ရည်လေးများက သူမ၏ ဝမ်းနည်းမှုကို ပြနေသည်။ ပါးပေါ်မှ မျက်ရည်စီးကြောင်းလေးများက သက်သေပါ။ ဧည့်ခန်းထဲမှ ရယ်မောသံများ၊ စကားပြောဆို သဘောကျနေသံများက ဝင့်ဝါကြည်၏ နှလုံးသားထဲသို့ ဓားထက်ထက်နှင့် ထိုးနှက်လိုက်သည့်နှယ် ခံစားနေရသည်။

"ဟဲ့.....သမီးလေးရော၊ သားမင်းနှမလေးနဲ့လည်း မိတ်ဆက်ပေးဦးလေ၊ တစ်ချိန်မှာ သမီးက ကိုယ့်ညီမလေးဖြစ်မှာပဲကွယ်"

"ဟာ.....ဟုတ်သားပဲ၊ မိဝင့်ဝါတစ်ယောက် ဘယ်ရောက်နေပါလိမ့်"

ဝင့်ဝါကြည်က အလျင်အမြန်ပင် မတွေ့ချင်သဖြင့် ခုတင်အောက်ထဲသို့ ပြေးဝင်ပုန်းနေမိ၏။ ကိုသဲကြည်၏ ရှာဖွေခေါ်နေသံများအား ကြားနေရသော်လည်း ထွက်မတွေ့ခဲ့ပေ။

"မတွေ့ဘူး အမေ၊ ဒီကောင်မလေး အပြင်ကိုသွားတယ်နဲ့တူတယ်"

"အိမ်ကို ကိုယ့်ယောက်မလောင်း လိုက်လာမှာ သိလျက်နဲ့ကွယ်၊ သမီးတော့ ခက်တာပဲ"

"ရပါတယ် အန်တီ၊ သဇင်နဲ့နောက်တော့တွေ့ကြမှာပေါ့နော်၊ သဇင့်ကို ပြန်ခွင့်ပြုပါဦးရှင်"

"ကောင်းပါပြီ သမီးရယ်၊ အိမ်ကို သားမရှိလည်း လာနော်၊ အမေမျှော်နေမယ်၊ ဟဲ့....သား၊ သမီးကို အိမ်အထိလိုက်ပို့လိုက်ပါဦး"

ကိုသဲကြည်က နှမပျောက်သဖြင့် ငေးငိုင်နေရာ မိခင်ကြီးသတိပေးမှပင် သဇင်နိုင်ကို ပြန်လိုက်ပို့လိုက်သည်။ ထိုအကြောင်းကို မိသားစုစုံသည့် ညချမ်းရောက်မှ မိခင်ကြီးက ပြောတော့၏။

"နေ့လယ်က ငါ့သမီးလုပ်ရပ်က သိပ်ကိုမှားတယ်ကွယ်၊ သဇင်လေးက ဘယ်လိုတွေးမလဲ၊ သူလာတာ သိလျက်နဲ့ အိမ်မှာမရှိတာ တစ်မျိုးမြင်သွားမှာပေါ့ သမီးရယ်"

"အမေ သမီးကို အမေတို့ရှာဖွေနေတာ ကြားရပါတယ်၊ မတွေ့ချင်တာထက် သမီးရင်းရှိလျက်နဲ့ တခြားမိန်းကလေးကို အရေးပေးနေတာ မမြင်ချင်လို့ မခံစားနိုင်လို့ပါ"

ဝင့်ဝါကြည်က ပြောရင်းဖြင့် မျက်ရည်များကျကာ စိတ်ထိခိုက်သွားပြန်သည်။

"ကွယ်.....အဲဒါ ကိုယ့်ဆွေမျိုးဖြစ်လာမယ့် မိန်းကလေးလေ၊ ငါ့သမီးက နားလည်ရမှာပေါ့"

"ဟင့်အင်း နားမလည်ချင်ပါဘူး၊ သမီးက အမေ့ရော အစ်ကို့ပါ စိတ်ဆိုးတယ်၊ ကြက်တူရွေးကတော် မယ်ဘော်တွေက ကဲနေကြလို့"

မိခင်ကြီးလည်း ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားရ၏။ ကိုသဲကြည်က ထိုနေ့မှ ဝင့်ဝါကြည်စိတ်ဆိုးသည့်အကြောင်းရင်းကို သိသွားပြီး သက်ပြင်းမောကိုချလိုက်၏။

"အမေ.....ညီမလေး မကျေနပ်ရင် သား သဇင်နိုင်ကို မယူပါရစေနဲ့"

မိခင်ကြီးမှာ ထပ်မံမျက်လုံးပြူးသွားပြန်၏။ ပြီးနောက် ပင့်သက်မောကိုချကာ.....

"အေးလေ၊ အိမ်ထောင်တစ်ခုမှာ ခုကတည်းက အဆင်မပြေရင် နောင်လည်း အဆင်ပြေမှာမဟုတ်ဘူးပေါ့၊ မင်းနဲ့ပေါင်းရမှာဆိုတော့ မင်းစဉ်းစားပေါ့ကွယ်၊ မင်းအိမ်ထောင်ပြုရင်တော့ သဇင်နိုင်က ဒီအိမ်ပေါ် တက်လာမှာနော်၊ အဲဒီအချိန်မှာ မင်းနှမနဲ့ မတည့်ကြရင် ငါ့သားပဲ စိတ်ညစ်ရမှာပဲ၊ မင်းရဲ့အိမ်ထောင်ရေးကို မင်းကိုယ်တိုင်ဆုံးဖြတ်ပေါ့ကွယ်၊ အမေကတော့ ကိုယ့်သားသမီးကို စိတ်ဆင်းရဲမှာ မမြင်ချင်ဘူး"

လူကြီးသူမများက သိကြ၏။ ဝင့်ဝါကြည် နှင့်ဆိုးဆိုးပုံနှင့်ဆိုလျှင် ယောက်မနှင့် တစ်သက်လုံး အဆင်ပြေနိုင်မည်မဟုတ်။ နောက်ဆုံးတော့ ချစ်လျက်နှင့် စွန့်ခွာခဲ့ရသည့် ကိုသဲကြည်အဖြစ်ကို ဝင့်ဝါကြည်က သိနေ၏။ သဇင်နိုင်အပေါ် စွဲစွဲလမ်းလမ်းဖြစ်နေကြောင်း ဝင့်ဝါကြည်က

www.burmeseclassic.com

အကဲခတ်မိသည်။

"ဪ...အစ်ကိုဟာ သနားစရာကောင်းပါလား၊ ငါ့ကြောင့် သူသိပ်ချစ်တဲ့သူတောင် စွန့်လွှတ်ရဲတယ်၊ မသဇင်ခိုင်လည်း အခုဆိုရင် ကလေးနှစ်ယောက်တောင် ရနေပြီပဲ၊ သူ့အမျိုးသားက အကောက်ခွန်အရာရှိတဲ့၊ ကလေးလေးတွေက ချစ်စရာလေးတွေ၊ အစ်ကိုနဲ့ညားရင် ဒီလိုပုံမျိုး ထွက်မှာမဟုတ်ဘူး၊ အခုဆို မသဇင်ခိုင်က တိုက်နဲ့ကားနဲ့၊ ဝတ်ထားတာလည်း ညွတ်နေတာ၊ ငါ့တောင် ကျေးဇူးတင်ရဦးမှာပါ"

လွန်ခဲ့သည့်တစ်လက Ocean တွင် ဈေးဝယ်ရင်း ဝင့်ဝါကြည်က သဇင်ခိုင်နှင့် ဆုံကြ၏။ သူမအား အနိုင်ယူနိုင်သည့်ပုံဖြင့် သဇင်ခိုင်က ပြောသွားခဲ့သည်။ ထိုအကြောင်းကိုဖြင့် ကိုသဲကြည်သိရန် မပြောပြချင်တော့ပါ။ အစ်ကိုဖြစ်သူက မျက်ရည်လွယ်၏။ အသဲပိုတတ်သည့်အတွက် ဝင့်ဝါကြည်က ကိုရွှေအသဲဟု နာမည်ပေးထားခြင်းဖြစ်သည်။ လက်တွင် ဓားရှသည်ကအစ မျက်ရည်ကျတတ်သည်။

"မွေးဖွားခါနီး မိန်းမကို ထားခဲ့ပြီး သူက မော်ဒယ်လ်မလေးကို ခိုးပြေးသွားတယ်တဲ့၊ ရက်စက်လိုက်တဲ့ ယောကျ်ား၊ တော်တော် လူမဆန်တာပဲနော်"



"အစ်ကိုက ကြောက်တတ်တယ်၊ အသည်းနုတယ်ဆိုရမလား အသက်အရွယ်လေးရလာတော့လည်း နှလုံးရောဂါဖြစ်ချင်ပုံရတယ်၊ စိတ်ခံစားချက်ကြောင့် ဖြစ်လာတဲ့ရောဂါပဲ"

ဝင့်ဝါကြည်လည်း ည ၉ နာရီထိုးသည်နှင့် အိပ်ရေးဝဝ အိပ်ပစ်လိုက်တော့သည်။

+ + +

"ဟော..အစ်ကို ဒီမနက်စောစောနိုးလာပါလား၊ မျက်နှာသစ်၊ ပြီးရင် ဒီမှာကော်ဖီသောက်၊ ပဲထမင်းကြော်ထားတယ်"

"အေးကွာ၊ ဗိုက်ဆာနေတာနဲ့ အတော်ပဲ၊ မျက်နှာသွားသစ်လိုက်ဦးမယ်"

ကိုသဲကြည်က မျက်နှာသစ်ရန် ထွက်သွား၏။ ခဏအကြာတွင် ပြန်ရောက်လာသည်။

"ထိုင်.....အစ်ကို့ကို ပြောစရာရှိတယ်၊ မနေ့က ကိုကောင်းမြတ် သတင်း ကြားပြီးပြီလား"

ကိုသဲကြည်ရင်မှာ ထိတ်ခနဲ

www.burmeseclassic.com

ဖြစ်သွားတော့သည်။ ငွေချေးသည့် ကိစ္စအား ဝင့်ဝါကြည် သိသွားသလားဟု တွေးနေစဉ်.....

"သူက အစ်ကိုနဲ့တွဲနေပြီးများ သူ့အကြောင်းကို မသိဘူးလား ကိုရွှေအသဲ၊ ညံ့ပ့ါ"

"ဘာအကြောင်းလဲ ညီမလေး"

"မနေ့က ရုံးကို လူတစ်ယောက် လိုက်လာတယ်လေ၊ ကိုကောင်းမြတ်က သူ့နှမကို ခိုးသွားတယ်ဆိုပြီး ရုံးကိုလိုက်လာတယ်၊ ကောင်မလေးက မော်ဒယ်လ်သင်တန်းသူတဲ့"

"ဘုရားရေ.....တစ်ခါက သူနဲ့ကားအတူစီးသွားတဲ့ ကောင်မလေးလားမသိဘူး"

"ဟုတ်မှာပေါ့၊ သူ့မိန်းမက မပေါ့မပါးကြီးနဲ့၊ မွေးခါနီးပြီလေ"

ကိုသဲကြည်က ထိုမျှလောက် အထိ မသိခဲ့ပေ။ မစပ်စုခဲ့သည့်အတွက် အလိမ်ခံရခြင်းဖြစ်သည်။ သည်လိုဆိုလျှင် ကိုကောင်းမြတ် ပြောသောစကားမှာ မှန်ပါ့မလားဟု သံသယဖြစ်မိ၏။ ဝင့်ဝါကြည်က စပ်စပ်စုစုနိုင်တော့ ကိုကောင်းမြတ် အကြောင်းကို မေးလိုက်သည်။

"ကိုကောင်းမြတ်ရဲ့ မောင်နှမတွေက အထက်အညာမှာနေကြတာ အစ်ကိုရဲ့၊ သူက ဒီမှာကျောင်းသာတက်ပြီး မိန်းမယူလိုက်တာတဲ့၊ သူ့မိန်းမနဲ့ ညီမလေးတို့ဌာနက မော်လေးနဲ့က သူငယ်ချင်းတွေ၊ ဒီအကြောင်းတောင် မော်လေးပြောပြလို့ သိရတာပါ"

သွားပြီ။ ကိုသဲကြည် စိတ်ညစ်သွား၏။ ဒီလူ ဘာတွေများလုပ်နေပါလိမ့်ဟု စဉ်းစားလိုက်သည်။ ဝင့်ဝါကြည် ပြောပြသလောက်ဆိုလျှင် ကိုကောင်းမြတ်က သူ့ငွေအားလိမ်ညာယူသွားသည်မှာ သေချာနေ၏။ သူ့တွင် စာချုပ်စာတမ်းလည်းမရှိ၊ အသိသက်သေလည်းမရှိ၊ အခက်တွေ့နေရလေပြီ။

ရုံးရောက်ပြန်တော့ ကိုကောင်းမြတ်အကြောင်းကို ကြားရတော့၏။ ကိုကောင်းမြတ်၏ဇနီးက ဗိုက်ကြီးတကားကားနှင့် ရုံးသို့ရောက်လာသည်။ အရာရှိအခန်းထဲဝင်ကာ တိုင်သည်ဟုဆို၏။

"မွေးဖွားခါနီးမိန်းမကို ထားခဲ့ပြီး သူက မော်ဒယ်လ်မလေးကို ခိုးပြေးသွားတယ်တဲ့၊ ရက်စက်လိုက်တဲ့ယောက်ျား၊ တော်တော်လူမဆန်တာပဲနော်"

"ဒါမျိုးက တိုင်သင့်တယ်၊ ကိုကောင်းမြတ်က တော်တော်ဆိုးတဲ့ သူပဲဗျာ"

ကိုသဲကြည်အတွေးထဲတွင် ခုချိန်ဆိုလျှင် ကိုကောင်းမြတ်က မော်ဒယ်လ်မလေးနှင့် အပန်းဖြေရာနေရာသို့ သူ့ငွေသိန်း ၃၀ ကို သုံးဖြုန်းနေမည်ပင်။ အလုပ်လည်း ပြန်ဝင်လာရဲမည်မဟုတ်တော့ပါ။ ခြေရာဖျောက်၍ တခြားအလုပ်သို့ဝင်လုပ်နေမည်မှာ သေချာ၏။ တစ်ခါက ကိုကောင်းမြတ် ပြောခဲ့ဖူး၏။ သူ့သူငယ်ချင်း၏ကုမ္ပဏီတွင် အလုပ်ဝင်လုပ်ရန် စီစဉ်ထားသည်တဲ့။

ခုချိန်ထိ ဘဏ်မှထုတ်ထားသည့်ငွေမှာ မျက်လုံးထဲမှပင်မထွက်သေးပေ။ သူ အနှစ်နှစ်အလလက စုဆောင်းထားခဲ့သမျှ သူများသုံးဖို့ ဖြစ်သွား၏။ ကံတရားသည် မကောင်းခဲ့ပေ။ သို့ပေမယ့် ခုချိန်တွင် ကိုယ့်ဘက်က လက်လွှန်သွားမှ ချော့ချော့မော့မော့ ပြန်တောင်းရုံသာရှိတော့သည်။ ကိုကောင်းမြတ်၏ဖုန်းရှိနေသဖြင့် သူနှင့်အဆက်အသွယ် ရနိုင်သေး၏။ သည်တော့ ထမင်းစားချိန်တွင် ကိုကောင်းမြတ်ထံသို့ ဖုန်းခေါ်ကြည့်လိုက်သည်။

"တောက်..လူကြီးမင်းတွေချည်း အော်နေတာပဲ၊ ဖုန်းမကိုင်ဘူး"

ထပ်ခေါ်ကြည့်လည်း ထိုနည်းနှင်နှင်။ သည့်နောက်တွင် လက်လျှော့လိုက်တော့၏။

"ခုချိန်မှာ ဖုန်းကိုင်ချိန်တောင် ရမှာမဟုတ်ဘူးပေါ့၊ တောက်..လုပ်ရက်လိုက်တဲ့လူကွာ"

ကိုကောင်းမြတ်မိန်းမကို သနားသွားပြန်သည်။ ရုံးမှလူများ ပြောစကားအရ ကိုကောင်းမြတ်၏ ဇနီးက သူ့အိမ်တွင် သူ့အမေနှင့် ညီမကို ခေါ်ထားသည်ဆို၍ သက်ပြင်းချလိုက်မိ၏။ တချို့ကတော့ ကိုကောင်းမြတ်အား ဤသို့မှတ်ချက်ချကြသည်။

"မိန်းမက ဗိုက်နဲ့ဖြစ်နေတော့ စိတ်အစာကို ရှာမှာပေါ့ဗျာ၊ အဲဒါပဲဗျ။ တချို့ယောက်ျားတွေရဲ့ စိတ်ဓာတ်က အိုင်တွေ့တိုင်း ခြေဆေးချင်ကြတာ၊ အိုင်တွေကလည်း ပေါ်မှပေါဗျာ၊ ကြည်မလားလို့ ခြေဆေးကြည့်တာ နောက်မှ ရေနောက်၊ ရေ

www.burmeseclassic.com

ဆိုးရေညစ်တွေ ဖြစ်ကြတာ၊ ရေသန့်က ဘယ်ရှိပါ့မလဲဗျာ၊ စဉ်းစားကြည့်ပေါ့၊ ရေတိမ်နစ်တယ်ဆိုတာ ဒါမျိုးပေါ့"

ကိုကောင်းမြတ်ကိုစွကြောင့် ကိုသဲကြည်လည်း စိတ်ကုန်သွားရသည်။ အိမ်ထောင်သည်ဘဝအား အိပ်မက်ပင် မမက်ချင်တော့ပါ။

✦ ✦ ✦

"ကိုရွှေအသဲရေ.....ရုံးပိတ်ရက် ဘယ်မှမသွားဘူးမဟုတ်လား"

"ညည်းက ဘယ်လိမ့်ဦးမလို့လဲ"

"အလှူသွားမလို့လေ၊ ပြီးရင် တော်ဝင်စင်တာသွားကြဦးမယ်၊ ကိုရွှေအသဲဘာသာ ကြိုက်ရာချက်စားတော့နော်"

"သွား...သွား၊ ကြွ....ကြွ၊ ညည်းက ဝတ်စားထားတာ အပျံစားပဲနော်၊ ရည်းစားရှိရင် အစ်ကို့ကို ပြောဦး"

"လုံးဝစိတ်မကူ[illegible] အစ်ကို တောင် မယူတဲ့ ညီမလေးကို စောင့်ရှောက်နေတာလေ၊ အစ်ကို့လမ်းစဉ်အတိုင်းပဲပေါ့"

ဝင့်ဝါကြည်က အလှူသွားမည့်ဝတ်စုံနှင့် နှုတ်ဆက်ထွက်သွားမှ ကိုသဲကြည်လည်း ကိုကောင်းမြတ်ထံ ဖုန်းခေါ်ကြည့်လိုက်ပြန်၏။

"ဟယ်လို.....ကိုကောင်းမြတ်လား"

တစ်ဖက်မှ မိန်းကလေးအသံကို ကြားရပြီးနောက် ကိုကောင်းမြတ်က ဖုန်းလာကိုင်သည်။

"ခင်ဗျားဗျာ အလုပ်မဆင်းသေးဘူးလား"

"ကျွန်တော် အလုပ်ထွက်လိုက်ပြီ ကိုသဲကြည်"

"ဗျာ.....ဒါဆို ကျွန်တော့်အကြွေးတွေ ဘယ်လိုဆပ်မှာလဲ"

"နောင်ဘဝပေါ့ဗျာ၊ ဟား....ဟား"

"ဟင်.....ခင်ဗျား.....ခင်ဗျား ကျုပ်ငွေကို ပြန်မပေးဘူးပေါ့"

"ဩော်.....တော်တော်ဝေးပါလား၊ ဒီမှာ ဒီတစ်သက် မမျှော်လင့်နဲ့တော့၊ လှူလိုက်ပြီလို့ သဘောထားလိုက်"

ဖုန်းချသွား၏။ အဆက်မပြတ် ဖုန်းပြန်ခေါ်သော်လည်း မကိုင်တော့ပေ။ ငွေနှင့် ကိုယ့်ဂုဏ်သိက္ခာအား တန်ဖိုးဖြတ်သွားသူအတွက် ကိုသဲကြည်က နာကြည်းသွားမိသည်။

"အေး.....သံသရာမှာ ပြန်အကြွေးမဆပ်ပါရစေနဲ့ ကိုကောင်းမြတ်ရေ့၊ ခင်ဗျားရဲ့လုပ်ရပ်နဲ့ အကျင့်စရိုက်က ဘုရားရိုက်ပါလိမ့်မယ်ဗျာ"

ထိုနေ့ကစပြီး ကိုသဲကြည်မှာ ကိုကောင်းမြတ်နှင့် အဆက်အသွယ် မလုပ်တော့ပေ။ မကောင်းသူအား ကံတရားက ကြည့်မနေချေ။ တစ်နေ့နေ့ ဝဋ်လည်မည်ကို သိနေ၏။ ထိုနေ့က စားသောက်ချင်စိတ်လည်း မရှိတော့ပါ။ အိပ်ရာထက်တွင် ဒေါသကို ငြိမ်းသတ်၍ စာအုပ်ဖတ်နေလိုက်သည်။ နေ့လယ်ရောက်မှ ကော်ဖီတစ်ခွက်ဖျော်ကာ မုန့်ကြွပ်နှင့် တွဲစားလိုက်၏။ ထမင်းမဆာတော့ပေ။

"လူတွေဟာ ကျေးဇူးတရားကို မသိပါလားနော်၊ ကိုယ်အဆင်ပြေဖို့အတွက် သူတစ်ပါးကို လိမ်ညာကောက်ကျစ် လှည့်ဖြားတတ်ကြတယ်၊ အေးလေ၊ ငါ့ညံ့လို့ပဲပေါ့"

နောက်ဆုံးတော့ ကိုယ့်ကိုယ်ကိုယ် သံဝေဂရပြီး အမှားတစ်ခုတ[illegible] မြင်ပြီးနောက် သိန်း ၃၀ အတွက် ဥပေက္ခာပြုလိုက်တော့၏။

"ငွေအတွက် သံယောဇ[illegible] တွယ်နေရင် သေတော့ မကျွ[illegible] မလွတ်တဲ့ဘဝမျိုးရောက်မှာပဲ၊ [illegible] စားထိုက်လို့စားတာ စားပါစေတော့ အတိတ်က သူ့အကြွေးရှိလို့သာ ဖြစ်ပါလိမ့်မယ်"

တရားအသိဖြင့် ခွင့်လွှတ်စိ[illegible] မွေးလိုက်မှ ရင်ထဲကခံစားချက်များ ပျောက်ကွယ်သွားရတော့သည်။

"အရေးကြီးတာက ပျော်ပျော်နဲ့ စိတ်ချမ်းချမ်းသာသာနေတတ်[illegible] ပဲ၊ ဒါမှ လောကကြီးမှာ လူဖြစ်[illegible] တာ တန်တယ်၊ သူတစ်ပါးအပေ[illegible] အမုန်းပွား၊ ရန်လို၊ လောဘဇေ[illegible] တက်၊ အတ္တများနေရင် လူ့လော[illegible] ကြီးဟာ မကောင်းမှုတွေနဲ့ စိ[illegible] မချမ်းမြေ့မှုတွေ ဖြစ်နေရမှာပဲပေါ့"

ညနေစာ ချက်ပြုတ်ပြီးချိ[illegible] တွင် ကိုသဲကြည်က တရားထိုင်[illegible] လိုက်၏။ လူဟူသည် ဒုက္ခ[illegible] အန္တရာယ်ကို ကြုံတွေ့ချိန်မှ [illegible] စင်ရှေ့ရောက်သည်မှာ [illegible] သို့ပေမယ့် ကိုသဲကြည်က န[illegible] သားထဲတွင် ဘုရားရှိနေသူပါ။

www.burmeseclassic.com

www.burmeseclassic.com



''ကိုရွှေအသဲရေ.....ကိုရွှေအသဲ၊ ဟင်...ဩော်.....ငါ့အစ်ကိုတောင် ဘုရားဖက်ပါလားနော်''

ဝင့်ဝါကြည်က အပြင်မှပြန်ရောက်သည်နှင့် အိမ်တံခါးဝမှအော်ခေါ်လိုက်၏။ အိမ်ထဲကြည့်လိုက်တော့မှ တရားထိုင်နေသည့် ကိုသဲကြည်ကိုတွေ့ရ၍ အံ့ဩသွားတော့သည်။ သည်တော့ တံခါးသော့ကို အသာအယာဖွင့်ကာ အထုပ်အပိုးများဖြင့် အိမ်ထဲရောက်လာ၏။ ရောက်ရောက်ချင်းပင် ဝင့်ဝါကြည်က မီးဖိုထဲ ဝင်သွားလိုက်သည်။

''အမယ်.....ငါးဖယ်ရည်ကျို ချက်ထားပါလား၊ ဘယ်ဆိုးလို့လဲ''

ထမင်းနှင့်ဟင်းက အဆင်သင့်ဖြစ်နေသည်။ မောင်နှမသံယောဇဉ်အတိုင်း အစ်ကိုဖြစ်သူအတွက် ပူပန်စိတ်များ ပျောက်သွားတော့၏။ သူမ အဝတ်အစားလဲပြီးချိန်တွင် ကိုသဲကြည်က တရားထိုင်ခြင်းအလုပ်ပြီးဆုံးသွားသည်။

''ညည်း တော်တော်ပျော်ခဲ့လား ဝင့်ဝါ''

''တစ်ခါတလေ သွားတာပါ အစ်ကိုရာ၊ တော်ဝင်မှာ ဈေးဝယ်ပေမယ့် ဝင့်ဝါက သူတို့ဝယ်တာကို လိုက်ကြည့်တယ်၊ ပြီးမှ ကိုယ့်အကြိုက်တွေ့ရင် ဝယ်လိုက်တယ်၊ အိတ်တစ်လုံး ဖိနပ်တစ်ရန်နဲ့ အင်္ကျီတစ်ထည် ဝယ်ခဲ့တယ် အစ်ကို''

''ငါ့ဖို့ရော''

ဝင့်ဝါကြည်က အားနာသွား၏။ ဟုတ်ပ့ါ အစ်ကိုဖြစ်သူအတွက် မဝယ်ခဲ့ပေ။

''ဟိုလေ...အစ်ကိုက ချေးသိပ်များတာမဟုတ်လား၊ မဝတ်ရင် အလဟဿဖြစ်မှာစိုးလို့ပါ၊ အစ်ကို့စိတ်ကြိုက် ဒီမှာဝယ်ပါလား''

''ဩော်..ငါ့နှမ ဘယ်လောက်သိတတ်လဲလို့ သိချင်လို့ပါ၊ စားဖို့လေးများ ဘာမှမပါဘူးလား''

''ဟ.....ပါတာပေ့ါ အစ်ကိုရာ၊ အစ်ကို ဗိုက်ဆာနေမှာစိုးလို့ ထမင်းနဲ့စားရအောင် အစိမ်းကြော်နဲ့ ကုန်းဘောင်ကြီးကြော် ဝယ်လာပါတယ်ရှင်''

''တော်သေးတာပေ့ါ''

ကိုသဲကြည်က အဝတ်အစားမလိုချင်ပါ။ အင်္ကျီနှစ်ထည်နှင့် လုံချည်နှစ်ထည်ရှိလျှင် သူ့ဘဝက ပြီးပြည့်စုံနေ၏။ နှမလေးက သူ့အပေါ် ခင်တွယ်စိတ်ရှိသည်ကို ကျေနပ်သွားတော့သည်။

✦ ✦ ✦

''ဦးသဲ.....ဦးသဲရှိလားဟင်''

အိမ်ရှေ့မှခေါ်သံကြောင့် ဝင့်ဝါကြည်က ထွက်ကြည့်လိုက်သည်။ လမ်းထိပ်သစ်သီးဆိုင်က လင်မယားဖြစ်နေ၏။

''ဟင်.....အစ်မလေး၊ ဦးသဲရှိလား''

''ရှိပါတယ်၊ ဘာကိစ္စလဲ''

''ကျွန်မတို့ ဦးသဲကို ကန်တော့မလို့ပါ''

လင်မယားနှစ်ယောက်က အချိုရည်နှင့် မုန့်ထုပ်တစ်ထုပ်ကို ကိုင်ကာ အိမ်ထဲသို့ဝင်လာ၏။ ဘုရားစင်ရှေ့တွင် ဖျာခင်းပေးလိုက်ရာ လင်မယားနှစ်ယောက်က ဝင်ထိုင်လိုက်ကြသည်။ ကိုသဲကြည်က အိမ်ရှေ့သို့ထွက်လာရာ.....

''ဟင်...သစ်သီးဆိုင်က လင်မယားပါလား၊ နင်တို့ဘာလာလုပ်တာလဲ''

''ဦးသဲကို လာကန်တော့တာပါ''

''ဟာ...ရပါတယ်၊ နင်တို့ကန်တော့မှ ငါအသက်ကြီးမှန်း သိကုန်ကြပြီ''

''ယောက်ျားရေ.....ကန်တော့ကြစို့နော်''

ကန်တော့စဉ် ကိုသဲကြည်က ဆုပေးလိုက်၏။ ပြီးနောက် ဝင့်ဝါကြည်ဘက်သို့ လှည့်ကြည့်လိုက်ရာ နှမဖြစ်သူက ခေါင်းခါပြလိုက်သည်။ လာကန်တော့သူနှစ်ဦးလည်း ဟိုကြည့် သည်ကြည့်ဖြင့် မုန့်ဖိုးမရသည့်နောက် ပြန်သွားတော့၏။

''အားနာစရာ ညီမလေးရာ၊ မုန့်ဖိုးလေး တစ်ယောက်သုံးထောင်လောက်တော့ ပေးလိုက်ရောပေ့ါ''

''အစ်ကိုက ဘာသိလို့လဲ၊ ဒါတွေက လမ်းဘေးဈေးသည်တွေလေ၊ ကိုယ့်ဆီက တစ်ခုခုလိုချင်လို့ အရင်းစိုက်ပြီး လာကန်တော့နေတာ၊ စောင့်ကြည့်ပေ့ါ''

''အဲဒီလို မပြောပါနဲ့ ညီမလေးရာ၊ လမ်းဘေးဈေးသည်တွေလည်း လူတွေပါပဲကွာ''

''အစ်ကိုက လူတိုင်းကို ကိုယ့်လိုစိတ်မျိုးရှိနေတယ်ပဲ ထင်နေနော်၊ ဒီမှာ အစ်ကို စေတနာ လူတိုင်း

www.burmeseclassic.com

နဲ့မတန်ဘူး၊ အားလုံးကို မေတ္တာထား သိလား၊ ကိုယ့်ကိုဒုက္ခပေးတဲ့သူကို ထားမိမှ နောင်တရလိမ့်မယ်"

ဝင့်ဝါကြည်က ပြောပြီးသည်နှင့် သူ့အခန်းထဲ ဝင်သွား၏။ အစ်ကိုဖြစ်သူက သဘောကောင်းလွန်းသည်။ လူတိုင်းက သူ့အား ခင်မင်စိတ်နှင့် နှုတ်ဆက်ခြင်းထက် နှံတိုတို၊ ရှီးအသောယောကျ်ားဟု အထင်သေးချင်ကြသည်။ ပေါင်းသင်းဆက်ဆံရေးလွယ်ကူသလို ချည်းကပ်ရလွယ်ကူသဖြင့် ဒုစရိုက်သမားများအကြိုက်ဖြစ်နေသည်။

ဝင့်ဝါကြည် လမ်းထွက်လျှင် အိမ်နီးချင်းများမှလွဲ၍ လမ်းထိပ်ရှိ ဈေးသည်များက နှုတ်မဆက်ရဲပေ။ အနေတည်၍တစ်ကြောင်း၊ ရောရောဝင်ဝင် မနေ၍တစ်ကြောင်းကြောင့် လူသူလေးစားကြ၏။ ကိုသဲကြည်ကဖြင့် ထိုသို့မဟုတ်ပေ။ နောက်လိုက်၊ ပြောင်လိုက်နှင့် အရောတဝင်နေသည့်အတွက် သူ့ကို အချဉ်ဟု သဘောထားကြပုံရ၏။ ဝင့်ဝါကြည်က အခုမှစဉ်းစားမိ၏။ တစ်ခါကလည်း 'ဦးသဲစားဖို့'ဆိုပြီး သူတို့သစ်သီးဆိုင်မှ ရောင်းမကုန်သည့် နာနတ်သီးစိတ်များ အတင်းလိုက်ပေးသေးသည်။

"ငါ နင်တို့ပစ္စည်းကိုအလကား မယူချင်ဘူး ရော့..တန်ရာတန်ကြေး"

ငွေတစ်ထောင်တန်တစ်ရွက်အား ဖတ်ခနဲပေးလိုက်ရာ ဝင့်ဝါကြည်က နှမြောသွား၏။ အိုက်တင်ခံပြီး မယူချင့်ယူချင်ဖြင့် ယူသွားကြသည်။

"အစ်ကိုကလည်းလေ သူတို့ပစ္စည်းက နှစ်ရာသုံးရာဖိုးပဲတန်တာ၊ အစ်ကိုပေးတာက တစ်ထောင်၊ မများလွန်းဘူးလား"

"ကောင်မလေး နှမြောမနေနဲ့၊ ဒီလိုစေတနာမျိုးကို လေးစားလို့ ပေးလိုက်တာလေ၊ ဘယ်သူတွေက မုန့်အလကားကျွေးလို့လဲ၊ သူတို့လင်မယားကမှ သိတတ်တာ"

"ဟင်း.....ပြောမရပါလားနော်၊ ကိုရွှေအသဲ.....ကိုရွှေအသဲ၊ လူတွေကို ကျပ်ကျပ်လျှော့တွက်နော်၊ အစ်ကို့တောင် ရောင်းစားကြလိမ့်မယ်"

ဝင့်ဝါကြည်က ကပ်စေးနှဲ၍ ပြောခြင်းမဟုတ်ပါ။ တစ်ရာရင်းပြီး တစ်ထောင်ပြန်ယူတတ်သည့် အချောင်သမားစိတ်တတ်ရှိသူများကြ၏။ အန္တရာယ်ကို ကြိုမြင်မိ၍ သူ့အား တားဆီးနေခြင်းဖြစ်သည်ကို သဘောမပေါက်ပေ။ ကိုသဲကြည်က တစ်ခါတစ်ခါ ခေါင်းမာတတ်သည်။ သူမှန်လျှင် ဖွတ်လုပ်တတ်သည့် လူစားမျိုးဖြစ်၏။

အခုလည်း အိမ်ပေါ်အထိ တက်လာသည်မှာ သွေးရိုးသားရိုး လာခြင်းတော့မဖြစ်နိုင်ပါ။ တစ်ခုခု ဖြစ်လာနိုင်၏။

"သတိတော့ထားပေါ့ အစ်ကိုရာ"

"ညည်းက အမြဲတမ်း အဆိုးဘက်ကပဲ ကြည့်တတ်တယ်နော်၊ လူတစ်ယောက်ကို အဆိုးဘက်က ကြည့်ရင် အဆိုးပေါ့၊ အကောင်းဘက်က တွေးကြည့်တတ်အောင် လုပ်၊ သိလား"

မကျေမနပ်နှင့် ဖွတ်တရွတ် ပြောလိုက်သေးသည်။

✦ ✦ ✦

(၁၀)ရက်ခန့်ကြာသည့်နောက် ကိုသဲကြည်မှာ အပြင်မှ အထိတ်တလန့်ဖြင့် အိမ်ထဲသို့ဝင်လာ၏။

"ဝါကို ဟိုလင်မယား နောက်ကလိုက်ပြီး ပိုက်ဆံလိုက်ချေးနေတယ်ကွာ၊ စိတ်ပျက်လိုက်တာ လွန်ပါရော"

"ကိုရွှေအသဲက ထုံးစံအတိုင်း ပေးလိုက်ပေါ့"

"ဟ...သူ့ဘေးကဆိုင်တွေက ငါ့ကို မျက်စိမှိတ်ပြတယ်၊ သဘောက မချေးနဲ့ပေါ့၊ အကြွေးသမားတွေက လာတောင်းလိုက်ကြ၊ ဆဲဆိုကြ ပြောကြနဲ့တဲ့၊ ဦးသဲ သွားမချေးနဲ့နော်တဲ့"

ဝင့်ဝါကြည်က ရယ်မောနေလိုက်သည်။ သည်တော့မှ ကိုသဲကြည်က အရှက်ကို ဖုံးကွယ်ရင်း...

"နောက်ကနေ တကောက်ကောက်နဲ့ကွာ၊ ရှက်တောင်လာပြီ လူတွေက ဘယ်လိုထင်သွားကြမလဲ"

"အရောဝင်ဦးလေ၊ သူတို့က ငွေမချေးလေ နောက်ကနေလိုက်ပြီး ရှက်အောင်တောင်းလေ ဖြစ်နေဦးမှာပဲ၊ ချေးလိုက်မှ ငြိမ်ပြီး ပျောက်သွားကြမှာ၊ အဲဒါ ဒုစရိုက်သမားတွေရဲ့ လုပ်ရပ်ပေါ့၊ မရရင် ကြောက်လန့်အောင် ခြိမ်းခြောက်မယ်၊ မကောင်းတဲ့မိန်းမယ်တွေကို လွှတ်ပေး

www.burmeseclassic.com

www.burmeseclassic.com





မယ်၊ ဒီလူကြီးကို ရအောင်နှာကြဆိုပြီး ဝိုင်းဒုက္ခပေးလာကြလိမ့်မယ်"

ဝင့်ဝါကြည်စကားတွေက အမှန်တရားဖြစ်မှန်း ကိုသဲကြည်က လက်ခံသွားတော့သည်။ ကြောက်လည်းကြောက်သွားမိ၏။ ယောကျ်ားဖြစ်သူက လူမိုက်ရုပ်၊ ဆိုက်ကားနင်းသည်ဆို၏။ မိန်းမက အပျော့ဆွဲဖြင့် မျက်လုံးက ယောကျ်ားတိုင်းကို ညှုချင်နေ၏။

"တွေ့လည်းတွေ့တတ်တယ် ကိုရွှေအသဲရယ်၊ အစ်ကိုမှတ်မိသေးလား၊ အစ်ကို့စိတ် ဘယ်လိုနေလဲဆိုတာ သိချင်လို့ အမျိုးသမီးတစ်ယောက်ကို ဝင့်ဝါအသိပါဆိုပြီး သူ့ကလေး ဆေးရုံတက်လို့ ငွေလိုတယ်ဆိုပြီး တောင်းခဲ့တာလေ"

"ဟာ.....ဟုတ်တယ်....ဟုတ်တယ်၊ အဲဒါ သူတို့ပဲလုပ်ခိုင်းတာနေမှာပဲ၊ ညီမလေးရယ် နင့်အစ်ကိုမျက်နှာကို ပြန်ကြည့်ပါဦး၊ ငါ့မျက်နှာမှာ လာလိမ်ကြပါလို့ စာများကပ်ထားသလား"

ဝင့်ဝါကြည်က သဘောကျသည့်အလား တခစ်ခစ်ရယ်လိုက်ပြီးမှ.....

"အဖြေကတော့ ရှင်းနေတာပဲ အစ်ကိုရေ၊ ကိုယ့်လမ်းကိုယ်သွား၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ လူတိုင်းကို မရောနဲ့၊ မှန်မှန်နေ၊ သဘောကောင်းမပြနဲ့၊ အဲဒါဆိုရင် ဘယ်လိုဒုစရိုက်သမားမျိုးမှ အစ်ကို့နား မလာကြတော့ဘူးပေါ့"

ပျော်ပျော်နေချင်သည့် ကိုသဲကြည်၏ဆန္ဒများမှာ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကွယ်သွားတော့သည်။ နှမဖြစ်သူကမှ လူ့လောကအကြောင်း နားလည်သေးသည်။ ကိုသဲကြည်က အလုပ်ထဲတွင်လည်း ဟိုလူညာစား၊ သည်လူညာပေါင်းနှင့် သူတို့လိုလားချက်ရအောင် တောင်းဆိုခိုင်းစေခြင်းခံရ၏။ သူ့ခမျာ မည်သို့ပင်ကူညီပါစေ အဆုံးတွင် ပြစ်တင်ကဲ့ရဲ့ခြင်းများဖြင့် ကွယ်ရာတွင် ဟားတိုက်ရယ်မောနေကြရာ ဝင့်ဝါကြည်က မခံနိုင်ပါ။ အထူးသဖြင့် အမျိုးသမီးများက ပိုဆိုးကြ၏။

"အစ်ကိုက သူတစ်ပါးရဲ့လှည့်ကွက်ထဲကိုဝင်ပြီး သဘောရိုးနဲ့ ကူညီခဲ့တယ်၊ ဒါပေမဲ့ သူတို့က လိုချင်တာရသွားရင် အစ်ကို့ကို ကန်ထုတ်လိုက်ကြရော၊ ဒါကြောင့်မို့ စေတနာ၊ မေတ္တာမထားဖို့ ပြောတာမဟုတ်ပါဘူး၊ အစ်ကို့လို စိတ်ကောင်းရှိသူကို လိမ်ညာဒုက္ခပေးကြလို့ ဝင့်ဝါ မခံချင်တာပါ၊ ပြီးရင် သူ တို့က အစ်ကို့ဆီက အကြံဉာဏ်တောင်း၊ ပြီးတော့ အစ်ကို့နေရာ ဝင်လု၊ အစ်ကို့ကို ဖယ်ထုတ်နဲ့ ခံခဲ့ရတာတွေ များနေပြီမဟုတ်လား၊ အဲဒါကို သတိထားဖို့ ပြောချင်တာပါ အစ်ကိုရယ်"

ကိုသဲကြည်က သူ့အမှားကို နားလည်သွားတော့သည်။ ဝင့်ဝါကြည်က.....

"အစ်ကို့အကြောင်းတွေကို သူတို့က အုပ်စုဖွဲ့ပြီး အတင်းအဖျင်းပြောကြ၊ ဟားတိုက်ရယ်မောကြနဲ့ ဝင့်ဝါရှက်တယ် အစ်ကို၊ ပြီးတော့ ရှိသေးတယ်၊ နှာဘူးကျပြီး ကူညီတာတို့၊ မိန်းမမြင်ရင် မျက်လုံးက မခွာတာတို့နဲ့၊ သိက္ခာကျတယ်"

ထိုစကားများအား ကိုသဲကြည်က အခုမှသိသွား၏။ ဝင့်ဝါကြည်ကို ကျေးဇူးတင်မိသည်။ လူတစ်ယောက်က သူ့အမှားကို သိမြင်လျှင် ပြင်နိုင်မှ လူပီသသူဖြစ်ကြောင်း ကိုသဲကြည် နားလည်သွား၏။

"ဟုတ်တယ် ညီမလေး၊ အစ်ကို့အမှားကို သိပါပြီကွာ၊ အစ်ကို့မှာ အလုပ်ထဲလည်း အလိမ်အညာမိ၊ ရပ်ကွက်ထဲလည်း သိက္ခာကျနဲ့ လူတွေနဲ့ ဆက်ဆံပြောဆိုရမှာတောင် ကြောက်လန့်နေပြီကွယ်၊ တကယ်တော့ အစ်ကို့ရဲ့ ပင်ကိုစိတ်က

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာသမားမျိုးပါ၊ ကိုယ်ကအပေးပဲရှိတယ်၊ သူများဆီက ပြန်မယူချင်ဘူး။ အဲဒါဟာ အစ်ကို့ရဲ့စိတ်ဓာတ်ပဲ''

''အစ်ကို့စိတ်ဓာတ်က သူတော်ကောင်းနဲ့တွေ့ရင် သိပ်ကိုအကျိုးရှိမှာပါ အစ်ကို၊ ဒါပေမဲ့ အစ်ကို့ကံကိုက သူယုတ်မာတွေနဲ့ ဆုံစည်းဖို့ပဲဖြစ်လာတယ်၊ ဒါကြောင့်မို့ ချင့်ချိန်စဉ်းစားတော့ အစ်ကိုရယ်၊ ဝင့်ဝါ မပြောပြတတ်တော့ပါဘူး''

''စိတ်ချနေပါတော့ ညီမလေးရာ၊ အစ်ကိုလည်း ကိုယ့်အမှားကို သိရပါပြီ၊ ခံစားခဲ့ရတာတွေများတော့ နှလုံးသားအထိ မှတ်လိုက်ပါပြီကွာ''

အမြင်မှန်ရသွားသည့် ကိုသဲကြည်အား နှမဖြစ်သူ ဝင့်ဝါကြည်က စိတ်ချမ်းသာစွာကြည့်ရင်း သက်ပြင်းရှည်ကို ချလိုက်မိတော့၏။

''လောကကြီးက ကောင်းပါတယ်ကွာ၊ လူတွေက မကောင်းကြတာပါ၊ အချင်းချင်း လိမ်ညာလှည့်ပတ်ကြ၊ လောဘဖက်ကြနဲ့၊ သံသရာကို မကြောက်ကြတာ အံ့ဩမိတယ်၊ ညီမလေးကို ကျေးဇူးတင်ပါတယ်ကွယ်''

ကိုသဲကြည်သည် ပြုံးနေသော နှမ၏မျက်နှာလေးကိုကြည့်၍ ကတိအခါခါပေးလိုက်တော့သည်။ နောက်ထပ် ဝင့်ဝါကြည်က ဖြည့်စွက်ပြောလိုက်၏။

''နောက် ရှိသေးတယ် အစ်ကို၊ လူတိုင်းကို ယုံကြည်တာ၊ ယုံလွယ်တာ၊ ယုံကြည်စိတ်ထားတာဟာ တစ်ချိန်မှာ ကိုယ့်ကို အန္တရာယ်ပေးလိမ့်မယ်ဆိုတာပါပဲ''

''ကိုယ်တွေ့ခံစားခဲ့ရတော့ မှန်ကန်ပါတယ်ကွယ်''

ငွေသိန်း ၃၀ ကိစ္စအား ဝင့်ဝါကြည် မသိစေချင်တော့ပါ။ ထိုအကြောင်းကိုရည်ရွယ်ပြီးပြောလိုက်ခြင်းအား ကိုသဲကြည်ကိုယ်တိုင် လက်ခံမိတော့သည်။

လေးစားစွာဖြင့်
နွေအလွှန်

---


# ခရုသင်း၊ သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ၊ ပွေး၊ ဝဲ၊ ညှင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နှင်းခူ၊ သဲဝဲစား၊ ရေဝဲစား၊ အနာစို၊ အနာစက် နှင့် သွေးမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်သော အရေပြားရောဂါများကိုကုသပေးပါသည်။

**ဆက်သွယ်ရန်လိပ်စာ**
ခရုသင်း၊ သမင်ဖြူ အရေပြားဆေးတိုက်
- တိုက်(၁)၊အခန်း(၀၁၁)၊၄-လွှာ၊စက်ရုံလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၁-၂၀၀၄၉၁။
- အမှတ်(၂၀၃)၊ပထမထပ်၊ယုဇနပလာဇာရှေ့၊ဗညားဒလလမ်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉-၅၀၄၁၂၃၈။


www.burmeseclassic.com

www.burmeseclassic.com



# မောင်မောင်ခိုင် (စစ်တွေ)

## ကယ်တင်ရှင် မဟာသဒ္ဒါကျော်

www.burmeseclassic.com

www.burmeseclassic.com



တောင်ညိုရိုးမ ဆောက်လုပ်ရေးကုမ္ပဏီမှ အင်ဂျင်နီယာလေး ကိုစောဝေမောင်တစ်ယောက် အကြီးအကျယ် စိတ်ညစ်နေရလေပြီ။

ကိုစောဝေမောင်သည် ရန်ကုန်စက်မှုတက္ကသိုလ်မှ B.E (Civil) ဘွဲ့ရခဲ့ပြီးနောက် ဦးလေးဖြစ်သူ အငြိမ်းစားတပ်မတော်အရာရှိတစ်ဦး၏ အဆက်အသွယ်ကောင်းမှုကြောင့် ထိုအလုပ်ကို ရခဲ့ခြင်းဖြစ်သည်။

အဆိုပါ တောင်ညိုရိုးမ ဆောက်လုပ်ရေးကုမ္ပဏီသည် ရခိုင်ပြည်နယ်အနှံ့တွင် ဆောက်လုပ်ရေးလုပ်ငန်းပေါင်းများစွာကို လုပ်ကိုင်နေရသည့် ကုမ္ပဏီတစ်ခု၊ တော်ရုံတန်ရုံနှင့် ထိုကုမ္ပဏီတွင် အလုပ်ရရန်မလွယ်။ ကိုစောဝေမောင်အတွက်တော့ နာမည်ကြီးဆောက်လုပ်ရေးကုမ္ပဏီမှ အင်ဂျင်နီယာဖြစ်ခြင်းကြောင့် လစာကောင်းသည်။ လုပ်ငန်းလည်းအဆင်ပြေသည်။ သို့သော် မည်သည့်ကိစ္စကြောင့် စိတ်ညစ်နေရပါသနည်း။

တခြားကိစ္စတော့မဟုတ်ပါ။ ရခိုင်တိုင်းရင်းသားတို့၏ ဖမ်းသီချင်းပါ စာသားအတိုင်း ပြောရမည်ဆိုက"ကိုက်စ၊ ကိုက်စ၊ ချိုက်ကိုက်စ" (ကိစ္စ၊ ကိစ္စ၊ ချစ်ကိစ္စ)ပင်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့သား ကိုစောဝေမောင်သည် ရန်ကုန်စက်မှုတက္ကသိုလ်တွင် ပညာသင်စဉ်က ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် မြန်မာစာအဓိကဖြင့် ပညာသင်ကြားနေသော တောင်ကုတ်မြို့သူ မကျော့သန္တာနှင့် ရင်းနှီးခဲ့ရာမှ တက္ကသိုလ်ကျောင်းသားကျောင်းသူတို့၏ထုံးစံအတိုင်း မကြာမီ ချစ်သူများအဖြစ်သို့ ရောက်ရှိသွားကြလေတော့သည်။

**ရှေးမြန်မာ**
**လူမျိုးများသည်**
**သားသမီးများကို**
**နာမည်ရိုးရိုးလေးသာ**
**ပေးတတ်ကြသည်။**
**ထူးဆန်းသောနာမည်များ၊**
**စီးပိုးလွန်းသည့်**
**နာမည်များပေးလေ့မရှိကြ။**
**ငယ်စဉ်က**
**မောင်သန့်ဟု**
**နာမည်ရိုးရိုးလေးပေးခဲ့သော**
**ပန်းတနော်မြို့သားလေး**
**တစ်ဦးသည် နောင်တွင်**
**ကမ္ဘာ့ကုလသမဂ္ဂ**
**အထွေထွေအတွင်းရေးမှူးချုပ်**
**ဦးသန့်ဟူသော**
**ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီး**
**ဖြစ်လာခဲ့သည်**
**. . .**

၎င်းတို့နှစ်ဦးသည် အလှရှုခင်းစိုသာမောရာ မြကျွန်းညိုကဗျာတောမှာ ပျော်ရွှင်ခဲ့ကြသည်။ ကံ့ကော်ပင်အောက်ရှိ ခုံတန်းလျားတွင်ထိုင်ပြီး ယုံတမ်းစကားပြောခဲ့ကြသည်။ ခုတော့ ဘွဲ့အသီးသီးရခဲ့ကြပြီး ကိုစောဝေမောင်က တောင်ညိုရိုးမဆောက်လုပ်ရေးကုမ္ပဏီအင်ဂျင်နီယာအဖြစ်နှင့် စစ်တွေမြို့တွင်ရောက်နေသကဲ့သို့ မကျော့သန္တာက တောင်ကုတ်မြို့တွင်နေထိုင်ကာ မိဘများ၏ ပွဲရုံလုပ်ငန်းတွင်ကူညီလုပ်ကိုင်နေသည်။

တချို့ကတော့ တက္ကသိုလ်တွင် ကျောင်းနေစဉ် ချစ်သူများ ဖြစ်ခဲ့ကြသော်လည်း ဘွဲ့ရပြီး အိမ်သို့ပြန်သွားကြသည့်အခါ တက္ကသိုလ်မှ ဇာတ်လမ်းများကို ပြည်ဖုံးကားချလေ့ရှိတတ်ကြသည်။

ကိုစောဝေမောင်နှင့် မကျော့သန္တာတို့၏အချစ်ကား ထိုသို့ ပွဲပြီးမီးသေအချစ်မျိုးမဟုတ်။ သံယောဇဉ်ဖြင့် ဖွဲ့နှောင်ထားပြီး ရာသက်ပန်ပေါင်းသင်းကြရန် ရည်ရွယ်သည့်အချစ်မျိုး။ မောင်တစ်ရွာ၊ မယ်တစ်မြို့စီ နေကြရသော်လည်း တစ်ဦးနှင့်တစ်ဦး စာအဆက်အသွယ်၊ တယ်လီဖုန်းအဆက်အသွယ်မပြတ်

www.burmeseclassic.com





ကြ။ မကြာမီက ကိုစောဝေမောင် ထံသို့ ချစ်သူ မကျော့သန္တာထံမှ စာတစ်စောင်ရောက်လာခဲ့သည်။ ရိုးရိုးစာမဟုတ်ပါ။ အချစ်ရာဇသံပေးသည့်စာဆိုလျှင် မှားမည်မဟုတ်။

**ကိုဝေ**

**သန္တာစာရေးလိုက်တယ်။ ကိုဝေနဲ့သန္တာတို့အကြောင်းကို ပါပါ၊ မေမေတို့ကို ဖွင့်ပြောလိုက်ပြီ။ ပါပါနဲ့မေမေတို့က ကိုဝေ့ကို တွေ့ချင်တယ်လို့ပြောတယ်။ ဒါကြောင့် ပြီးခဲ့တဲ့သီတင်းကျွတ်က သန္တာတို့မိသားစု တောင်ကုတ်မှာ အလှူလုပ်တာကို လာခဲ့ပါလို့မှာပေမယ့် ကိုဝေမလာခဲ့ဘူး၊ လာမယ့် ဧပြီလဆန်းရင် သန္တာတို့မိသားစု ငပလီကို အပန်းဖြေလာကြမယ်။ ကိုဝေလာခဲ့ပါ။ ပါပါနဲ့မေမေတို့က တွေ့ချင်နေတယ်။ ဒီတစ်ခါ ကိုဝေမလာရင်တော့ ကိုဝေနဲ့သန္တာတို့ ရှေ့ဆက်ရမယ့်ခရီးက အခြေအနေကောင်းမှာမဟုတ်ဘူး။ ဒီတော့ ကိုဝေ ဖြစ်အောင်လာခဲ့ပါ။ ဒါပဲ။**

**ချစ်ရတဲ့**

**သန္တာ**

စာတွင်ပါသည့်အတိုင်း မှန်ပါသည်။ ချစ်သူ မကျော့သန္တာ၏ မိဘများက သမက်လောင်းကို တွေ့ဆုံအကဲခတ်လိုသဖြင့် အလှူကိုလာခဲ့ရန် မကျော့သန္တာက အကြိမ်ကြိမ်ဖုန်းဆက်ခေါ်သည်။ ကိုစောဝေမောင်က တောင်ကုတ်မြို့သို့သွားရန် ခွင့်တင်သော်လည်း ကုမ္ပဏီ၏ ဆောက်လုပ်ရေးကိစ္စများ အရေးကြီးနေသဖြင့် ခွင့်မရ။ ထို့ကြောင့်မသွားနိုင်ခဲ့။ ယခုလည်း ဒုတိယအကြိမ်တွင် ဖုန်းဆက်ရုံသာမက နှုတ်တစ်ရာ၊ စာတစ်လုံးဆိုသကဲ့သို့ စာဖြင့်ပါ ဆင့်ခေါ်လေပြီ။

သည်တစ်ကြိမ်တွင်လည်း တောင်ညိုရိုးမ ဆောက်လုပ်ရေးကုမ္ပဏီသည် စစ်တွေမြို့စွန်တွင် ဂိုဒေါင်ကြီးတစ်လုံး ဆောက်လုပ်နေရသည်။ ဂိုဒေါင်သို့ အဝင်အထွက်လမ်း ဖောက်လုပ်ခြင်းအတွက် ကိုစောဝေမောင်က တာဝန်ယူရသည်။ ကုမ္ပဏီရုံးချုပ်က ရေးဆွဲပေးသောမြေပုံအရ လမ်းဖောက်ရာတွင် ညောင်ပင်ကြီးတစ်ပင်ကမလွတ်။ ညောင်ပင်လွတ်အောင် လမ်းကြောင်းပြောင်း၍ ဖောက်လုပ်မည်ဟု တင်ပြသော်လည်း ခွင့်မပြု။ မြေပုံပါ လမ်းအူကြောင်းသည် ကွန်တိန်နာကားကြီးများ၏ အလေးချိန်ကို ခံနိုင်သည့် မြေကြီးစမ်းသပ်မှု (Soil Test) လုပ်ပြီးသားဟု ပြန်ကြားခဲ့သည်။ မလွတ်ကင်းသောညောင်ပင်ကို ဒေသဓလေ့ထုံးစံအတိုင်း ပွဲပေးပြီး ခုတ်လှဲရန်နှင့် ညောင်ပင်ရှိ အစောင့်အရှောက်များအတွက် နတ်ကွန်းတစ်ခု ဆောက်လုပ်ပေးရန် ညွှန်ကြားပြီး ဆောက်လုပ်ရမည့် နတ်ကွန်းပုံစံ (Drawing) ကိုပါ ရုံးချုပ်မှ ရေးဆွဲပေးပို့ခဲ့ပြန်သည်။

ကိုစောဝေမောင်က လုပ်ငန်းကာလကို တွက်ချက်ကြည့်ရာ ညောင်ပင်ကြီးကို ခုတ်လှဲပြီး လမ်းဖောက်ခြင်းလုပ်ငန်းကို မတ်လကုန်လောက်တွင် အပြီးဆောင်ရွက်နိုင်မည်ဖြစ်သော်လည်း ပုံစံပါအတိုင်း အချွန်အတက်များ၊ ကနုတ်ပန်းများဖြင့် နတ်ကွန်းတစ်ခု ဆောက်ရမည်ဆိုပါက နောက်ထပ် တစ်ပတ်နှင့် ပင် ပြီးနိုင်မည်မဟုတ်။ လုပ်ငန်းမပြီးပါက ချစ်သူ မကျော့သန္တာ မှာသည့်အတိုင်း ပြော[illegible]

www.burmeseclassic.com



ပေလီသို့သွားရန်အတွက် ခွင့်ရလိမ့်မည်မဟုတ်။ ကိုစောဝေမောင်တစ်ယောက် ချစ်သူကိုလည်း မစွန့်လွှတ်နိုင်၊ လစာကောင်းသော ကုမ္ပဏီ အင်ဂျင်နီယာအလုပ်မှလည်း နုတ်မထွက်နိုင်။ ရှေ့တိုးလျှင်လည်း ထမ်းပိုးနှင့်၊ နောက်ဆုတ်လျှင်လည်း လှည်းတုတ်နှင့်ဆိုသည့်အခြေအနေမျိုးကို ရင်ဆိုင်နေရလေပြီ။ သည်တော့ ကိုစောဝေမောင် စိတ်မညစ်လျှင် မည်သူစိတ်ညစ်ပါအံ့နည်း။

✦ ✦ ✦

ကိုစောဝေမောင်သည် သူ၏စိတ်ညစ်မှုကို တစ်ပါးသူထံသို့ မျှဝေပေးလိုသောစိတ်မရှိသဖြင့် ၎င်းစိတ်ညစ်နေသည်ကို မည်သူမျှမသိ။ သို့သော် ၎င်းတို့ကုမ္ပဏီမှ စာရေးကလေး မောင်သခေါ်ကျော်ကတော့ ရိပ်မိသည်။ သခေါ်ကျော်သည် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ကိုစောဝေမောင်နှင့်အတူနေသူဖြစ်ပြီး တပည့်ဆိုလျှင်လည်းမမှား။ သခေါ်ကျော်ဆိုသည့်နာမည်ကို မြန်မာလူမျိုးများက အလွန်လှသည့် ရခိုင်နာမည်ဟု ထင်ကြသည်။

သို့သော် ရခိုင်တိုင်းရင်းသားများအဖို့တော့ ထူးဆန်းသည့်နာမည်မဟုတ်။ ရခိုင်တိုင်းရင်းသားတို့တွင် သားသမီးမွေးဖွားပြီး အဖတ်မတင်သူများသည် နောက်မွေးလာသည့်ကလေးကို လမ်းမပေါ်တွင်ချထားပြီး ဆွမ်းခံကြွလာသော ဘုန်းကြီးကို ကျော်လွှားပြီးကြွပါရန် လျှောက်ထားလေ့ရှိပါသည်။

ကလေးသည် ဘုရား၊ တရား၊ သံဃာတို့၏ အရိပ်အောက်တွင်ရှိသဖြင့် မကောင်းဆိုးဝါးများ မနှောင့်ယှက်နိုင်အောင် အကာအကွယ်ယူသည့်သဘောပင်။ ထိုသို့ ရဟန်းသံဃာ ကျော်ဖြတ်သည့်ကလေးကို ''မောင်သဃာကျော်''ဟု ခေါ်ရာမှ အသံထွက်လွဲပြီး ''မောင်သခေါ်ကျော်''ဟု ဖြစ်လာရခြင်းဖြစ်သည်။

ရခိုင်တိုင်းရင်းသားများအပါအဝင် ရှေးမြန်မာလူမျိုးများသည် သားသမီးများကို နာမည်ရိုးရိုးလေးသာ ပေးတတ်ကြသည်။ ထူးဆန်းသောနာမည်များ၊ စီးပိုးလွန်းသည့်နာမည်များ ပေးလေ့မရှိကြ။ ငယ်စဉ်က မောင်သန့်ဟု နာမည်ရိုးရိုးလေးပေးခဲ့သော ပန်းတနော်မြို့သားလေးတစ်ဦးသည် နောင်တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ဟူသော ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီး ဖြစ်လာခဲ့သည်။ ငယ်စဉ်က မောင်မောင်ခဟု နာမည်ရိုးရိုးလေးပေးခဲ့သော သူတစ်ဦးသည် နောင်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မောင်မောင်ခ ဖြစ်လာခဲ့သည်။

ငယ်စဉ်က မောင်ဝန်ဟုနာမည်ရိုးရိုးလေးပေးခဲ့သော ကွမ်းခြံကုန်းမြို့သားလေးတစ်ဦးသည် နောင်တွင် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာပါမောက္ခ၊ ဂျပန်နိုင်ငံ၊ အိုဆာကာ ဘာသာခြားတက္ကသိုလ်၊ မြန်မာစာ ဧည့်ပါမောက္ခ၊ နိုင်ငံတော် စာဆိုတော်ကြီး မင်းသုဝဏ်ဖြစ်လာခဲ့သည်မဟုတ်ပါလား။

ယခုခေတ် နာမည်ပေးပုံများကတော့ ကြီးကျယ်လွန်းလှသည်၊ စီးပိုးလွန်းလှသည်။ မောင်ဝေဟင်ထက်ကျော်၊ မောင်အဏ္ဏဝါပိုင်စိုး၊ မစိန်ရတီစိုးမိုးဟူသည့် နာမည်များပင်။

မောင်ဝေဟင်ထက်ကျော်သည် မြန်မာ့ဝေဟင်ကို စောင့်ရှောက်နေသည့် တပ်မတော်(လေ)မှ လေသူရဲဗိုလ်ကြီး ဝေဟင်ထက်ကျော်ဖြစ်

**ရခိုင်ဘုရင် မင်းဖလောင်းလက်ထက်က မဟာပညာကျော် ဟူသော အမတ်ကြီးတစ်ဦး ပေါ်ထွန်းခဲ့ဖူးသည်။ ဘုရင်၏အခက်အခဲများ၊ တိုင်းရေးပြည်ရာကိစ္စများကို ဉာဏ်ပညာကြီးစွာဖြင့် ပြေလည်အောင် ဆောင်ရွက်ပေးနိုင်ခဲ့၍ "ပညာရှိ မဟာပညာကျော်အမတ်ကြီး" ဟု ရခိုင်ဘုရင် သုံးလေးဆက်တိုင်အောင် ထင်ပေါ်ကျော်စောခဲ့သူ ဖြစ်သည် • • •**

www.burmeseclassic.com

www.burmeseclassic.com



လာလျှင်တော့ ကောင်းပါသည်။

မောင်အဏ္ဏာပိုင်စိုးသည် မြန်မာ့ပင်လယ်ကို ကာကွယ်နေသည့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်မှူး ဗိုလ်မှူးအဏ္ဏဝါပိုင်စိုး ဖြစ်လာလျှင်တော့ ဆိုဖွယ်ရာမရှိ။ ထို့အတူ မစိန်ရတီစိုးမိုးသည် စိန်တိုက်ပိုင်ရှင်မကြီး ဒေါ်စိန်ရတီစိုးမိုး ဖြစ်လာလျှင်တော့ အတိုင်းထက်အလွန်။

သို့သော် လက်တွေ့တွင် မောင်ဝေဟင်ထက်ကျော်သည် ဝေဟင်ထက်ကိုကျော်ဖို့နေနေသာသာ အဝီစိတွင်းတူးအလုပ်သမား ဖြစ်နေရှာသည်။ မောင်အဏ္ဏဝါပိုင်စိုးသည် အဏ္ဏဝါကိုပိုင်စိုးဖို့ နေနေသာသာ ရေထမ်းရောင်းနေရရှာသည်။ မစိန်ရတီစိုးမိုးသည် စိန်ရတီများကို စိုးမိုးဖို့နေနေသာသာ ပျံကျဈေးတွင် တညင်းသီးဆားရည်စိမ်၊ ဘဲဥဆားစိမ်များ ရောင်းနေရရှာသည်။

သခင်ကျော်ကား နယ်နယ်ရရမဟုတ်။ ဆယ်တန်းကို ဂုဏ်ထူးနှစ်ခုဖြင့် အောင်မြင်သော်လည်း မိဘများက တက္ကသိုလ်ပညာ သင်မပေးနိုင်သဖြင့် တောင်ညိုရိုးမ ဆောက်လုပ်ရေးကုမ္ပဏီတွင် စာရေးဝင်လုပ်ရင်း အဝေးသင်တက္ကသိုလ် ဥပဒေပညာကို သင်ကြားနေသူဖြစ်သည်။

ယခုဆိုလျှင် တတိယနှစ်ပင်ရောက်ပြီ။ သူသည် ကျောင်းစာအပြင် အခြားစာအုပ်များကိုလည်း ဖတ်ရှုလေ့လာသဖြင့် ဗဟုသုတပြည့်စုံသည်။ လက်ရှိအခြေအနေတွင် နာမည်နောက်က အင်္ဂလိပ်စာလုံး မပါသေးသော်လည်း ပညာတတ်ဟု သတ်မှတ်ရမည့်သူဖြစ်သည်။ နာမည်နောက် အင်္ဂလိပ်စာလုံးပါသော်လည်း စာပေမဖတ်၊ လေ့လာမှုမရှိဘဲ ကိုယ့်ကိုယ်ကိုယ် အသားလွတ် အထင်ကြီးနေကြသူများထက် သခင်ကျော်က နှာတစ်ဖျားပင်မက တစ်ကိုယ်လုံး အမြီးဖျားအထိပင်သာသည်ဟုဆိုလျှင် မများပါ။ ကိုစောဝေမောင်၏ ခါတိုင်းနှင့်မတူသော အမူအရာကို ကြည့်ပြီး သခင်ကျော်က.....

"ဆရာ့ကိုကြည့်ရတာ တစ်မျိုးပဲ၊ ဘာအခက်အခဲများရှိလို့လဲ ဆရာရယ်"

ဝိုချင်လျက် လက်တို့ဖြစ်နေသော ကိုစောဝေမောင်က ၎င်းနှင့် မကျော့သန္တာတို့၏ အခြေအနေကို ဖြစ်ကြောင်းရယ်ကုန်စင် နတ်သံနှော၍ ပြောပြသည်သာမက ချစ်သူထံမှစာကိုလည်း ပြလိုက်သည်။ သခင်ကျော်က စိတ်ဝင်စားစွာ နားထောင်သည့်အပြင် စာကိုလည်း ဖတ်ကြည့်ပြီးနောက်.....

"ဘောလုံးပွဲစကားနဲ့ ပြောရရင်တော့ အခြေအနေက ပထမတစ်ပွဲ ရှုံးပြီးပြီ၊ ဒီတစ်ပွဲမနိုင်ရင်တော့ အုပ်စုအဆင့်ကနေ ထွက်ရမှာပဲ၊ ဒီတော့ ဒီတစ်ပွဲကို အပြတ်အသတ်နိုင်အောင် ကန်နိုင်ဖို့လိုတယ်၊ အချိန်ပိုကို စောင့်လို့မရဘူး၊ ပယ်နယ်တီငါးလုံးကိုလည်း အားကိုးလို့မရဘူး"



"ဟုတ်တာပေါ့၊ ဒါကြောင့် ငါအကြီးအကျယ်စိတ်ညစ်နေတာ၊ ငါ့ကို မကူညီနိုင်တော့ဘူးလား မဟာသခင်ကျော်ရယ်"

"ဆရာ့အခက်အခဲကို ကျွန်တော် အတတ်နိုင်ဆုံး ကူညီပါ့မယ် ဆရာရယ်"

+ + +

www.burmeseclassic.com

www.burmeseclassic.com

ကိုစောဝေမောင်က သင်္ခါကျော်ကို "မဟာသင်္ခါကျော်"ဟု ခေါ်လိုက်သည်မှာ အကြောင်းမဲ့မဟုတ်ပါ။ ရခိုင်ဘုရင် မင်းဖလောင်းလက်ထက်က "မဟာပညာကျော်" ဟူသော အမတ်ကြီးတစ်ဦး ပေါ်ထွန်းခဲ့ဖူးသည်။ ဘုရင်၏အခက်အခဲများ၊ တိုင်းရေးပြည်ရာကိစ္စများကို ဉာဏ်ပညာကြီးစွာဖြင့် ပြေလည်အောင် ဆောင်ရွက်ပေးနိုင်ခဲ့၍ "ပညာရှိ မဟာပညာကျော်အမတ်ကြီး"ဟု ရခိုင်ဘုရင် သုံးလေးဆက်တိုင်အောင် ထင်ပေါ်ကျော်စောခဲ့သူဖြစ်သည်။

ယခုလည်း တောင်ညိုရိုးမဆောက်လုပ်ရေးကုမ္ပဏီမှ ဝန်ထမ်းများ၏ အခက်အခဲကိစ္စများရှိပါက သင်္ခါကျော်ကပင် ပြေလည်အောင်ဆောင်ရွက်ပေးနေကျဖြစ်သည်။ မည်မျှပင် ခက်ခဲသောကိစ္စဖြစ်ပါစေ၊ သင်္ခါကျော် ဆောင်ရွက်ဖြေရှင်းပေးလျှင် ပြေလည်သွားစမြဲပင်။ ထို့ကြောင့် ၎င်းအား "မဟာသင်္ခါကျော်"ဟု တင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။ သင်္ခါကျော်သည်ကား စာဖတ်ခြင်းကြောင့် ဗဟုသုတနှင့်ပြည့်စုံသည့်အပြင် တင်္ခဏုပ္ပတ္တိဉာဏ်ရှိသူတစ်ဦးလည်းဖြစ်သည်။ တင်္ခဏုပ္ပတ္တိဉာဏ်ဟူသည်ကား မည်မျှလောက် ခက်ခဲသောပြဿနာကိုမဆို ဖြေရှင်းနိုင်သောစွမ်းရည်၊ အကျဉ်းအကျပ်မှ ရုတ်တရက်လွတ်မြောက်အောင် ကြံဆောင်နိုင်သောအရည်အချင်းရှိသည့် ဉာဏ်တစ်မျိုးပင်ဖြစ်သည်။ ထိုဉာဏ်မျိုးကိုလုပ်ယူ၍ မရနိုင်။ မွေးရာပါ ဉာဏ်တစ်မျိုးသာဖြစ်သည်။

**တင်္ခဏုပ္ပတ္တိဉာဏ်ဟူသည်ကား မည်မျှလောက်ခက်ခဲသော ပြဿနာကိုမဆို ဖြေရှင်းနိုင်သောစွမ်းရည်၊ အကျဉ်းအကျပ်မှ ရုတ်တရက် လွတ်မြောက်အောင် ကြံဆောင်နိုင်သော အရည်အချင်းရှိသည့် ဉာဏ်တစ်မျိုးပင်ဖြစ်သည်။ ထိုဉာဏ်မျိုးကို လုပ်ယူ၍ မရနိုင်။ မွေးရာပါ ဉာဏ်တစ်မျိုးသာ ဖြစ်သည်**

...

အခက်အခဲကိစ္စများကို သင်္ခါကျော်က ကူညီမည်ဟုပြောသဖြင့် ကိုစောဝေမောင်၏ စိတ်ညစ်မှုထက်ဝက်ကျော်ခန့် ပျောက်သွားခဲ့သည်။ ကျန်ထက်ဝက်ကိုတော့ ပျောက်၍မရသေး။ သို့သော်လည်း သူ့ဆန်စား ရဲမှဆိုသကဲ့သို့ စိတ်ညစ်သည်ကို ဘေးဖယ်ထားပြီး လုပ်ငန်းတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ခဲ့ရသည်။

သူ၏ကြိုးစားဆောင်ရွက်မှုကြောင့် ဗျောင်ပင်ခုတ်လှဲခြင်း၊ ကိုဒေါင်အဝင်အထွက်လမ်းဖောက်လုပ်ခြင်းကား ပြီးခဲ့လေပြီ။ ကွန်တိန်နာကားကြီးများ ဝင်နိုင်လောက်အောင်လည်း စိတ်ချရပြီ။ မနက်ဖြန်ဆိုလျှင် မတ်လလည်းကုန်တော့မည်။ နတ်ကွန်းဆောက်လုပ်ရန်သာ ကျန်တော့သည်။ နတ်ကွန်းကို ပြီးအောင်ဆောက်လုပ်နေရလျှင်တော့ သည်တစ်ခါလည်း ဧပြီလဆန်းအမီ ချစ်သူထံသို့ သွားနိုင်မည်မဟုတ်။ သူ့ကိစ္စကို အတတ်နိုင်ဆုံး ကူညီပါမည်ဟုပြောသော သင်္ခါကျော်တစ်ယောက်လည်း လုပ်ငန်းခွင်အနီးရှိရွာထဲသို့ မကြာမကြာ သွားနေသည်မှအပ ထိထိရောက်ရောက် မကူညီနိုင်သေး။

✦ ✦ ✦

ကြုံတွေ့နေရသော အခက်အခဲများကို စဉ်းစားရင်း ညက

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာအိပ်မပျော်သော ကိုစောဝေမောင်တစ်ယောက် နောက်ကျပြီးမှ အိပ်ရာကနိုးခဲ့သည်။ ပြက္ခဒိန်ကတော့ မတ်လ (၃၁)ရက်နေ့ဖြစ်ကြောင်း ညွှန်ပြနေပြီ။ စောစောစီးစီး နိုးနေသော သခ်ါကျော်က.....

"ဆရာနိုးပြီလား၊ မျက်နှာသစ်လေ၊ ပြီးရင် ရွာထဲကိုလမ်းလျှောက်ပြီး ရခိုင်မုန့်တီသွားစားကြမယ်"

"ငါမလိုက်တော့ဘူးကွာ၊ မင်းဘာသာမင်းပဲသွားတော့"

"ဆရာကလည်း လိုက်ခဲ့စမ်းပါ၊ ဆရာ့ကိုစ အဆင်ပြေရမယ်လို့ ကျွန်တော် တာဝန်ယူထားပြီမဟုတ်လား"



သခ်ါကျော်ခေါ်၍သာ လိုက်ခဲ့ရသော်လည်း ကိုစောဝေမောင်တစ်ယောက်တော့ သံပတ်ပေးထားသော စက်ရုပ်ပမာ။ သခ်ါကျော်က ရခိုင်မုန့်တီ နှစ်ပွဲပင်စားသော်လည်း သူကတော့ စားချင်စိတ်မရှိ။ တစ်ပွဲပင်မကုန်။ အပြန်တွင် ရွာထဲ၌ နတ်ကနားပွဲတစ်ခုကို တွေ့ရသည်။ ကိုစောဝေမောင်ကတော့ စိတ်မဝင်စား။ ၎င်းတို့နှစ်ဦး နတ်ကနားပွဲအနီးမှ ဖြတ်အသွားတွင် နတ်ကတော် (ရခိုင်အခေါ် နတ်ကောင်းမ)က လက်ညှိုးထိုးပြီး.....

"ဟိုကောင်လေး လာခဲ့စမ်း"

ကိုစောဝေမောင်က ရုတ်တရက် အံ့သြသွားပြီး ကြောင်၍ကြည့်နေစဉ်.....

"ဗုဒ္ဓဟူးသား အင်ဂျင်နီယာလေး၊ နင့်ကိုခေါ်နေတာ"

ထိုအခါမှ သခ်ါကျော်က.....

"ဆရာ့ကိုခေါ်နေတာ၊ လာသွားရအောင်"

ကိုစောဝေမောင်လည်း သခ်ါကျော်ခေါ်ရာနောက်သို့ လိုက်ခဲ့မိသည်။ နတ်ကနားထဲအရောက်တွင် နတ်ကတော်က.....

"ငါနေတဲ့ညောင်ပင်ကို နင်ခုတ်ပစ်တယ်၊ အခု ငါ နေစရာမရှိတော့ဘူး"

သခ်ါကျော်က လက်အုပ်ချီရှင်းပြသည်။

"လမ်းဖောက်တာမလွတ်လို့ ခုတ်မိတာပါ အရှင်မရယ်"

ကိုစောဝေမောင်က မဆိုင်းမတွပင်.....

"အရှင်မနေဖို့အတွက် နတ်ကွန်းဆောက်ပေးပါ့မယ်"

"တော်စမ်း၊ ငါ ဆောက်နန်းမှာ မနေချင်ဘူး၊ ပေါက်နန်းမှာပဲနေ မယ်"

ဆောက်နန်းဆိုသည်မှာ လူများက ဆောက်ပေးသောနတ်ကွန်းကိုခေါ်ဆိုခြင်းဖြစ်ပြီး ပေါက်နန်းဆိုသည်မှာ မြေကြီးတွင်ပေါက်နေသော သစ်ပင်ကို ဆိုလိုခြင်းဖြစ်ပါသည်။

သခ်ါကျော်က.....

"အရှင်မ ကြိုက်တဲ့ပေါက်နန်းကိုပြပါ၊ ကျွန်တော်တို့ ဆောင်ရွက်ပေးပါ့မယ်"

"နင်တို့ ငါ့နောက်ကလိုက်ခဲ့ကြ"

နတ်ကတော်က ပြေးထွက်သွားရာ ကိုစောဝေမောင်တို့နှစ်ဦးလည်း နောက်မှပြေးလိုက်ကြရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ နတ်ကတော်က ရွာအဝင်ရှိ ကုက္ကိုပင်ငယ်တစ်ပင်ကို လက်ညှိုးထိုးပြရင်း.....

"ငါ ဒီမှာနေမယ်၊ ငါပြောတဲ့အတိုင်းမလုပ်ရင် နင်တို့ကုမ္ပဏီတစ်ခုလုံး ပြာကျပြီသာမှတ်၊ ငါသွားမယ်"

နတ်ကတော်ပြန်သွားသည့်အခါ သခ်ါကျော်က.....

"ဆရာ့ကိစ္စတော့ အဆင်ပြေသွားပြီ၊ ဒီကိစ္စကို စာနဲ့ရေးပြီး ကုမ္ပဏီရုံးချုပ်ကို ချက်ချင်းတင်ပြပေတော့၊ အတော်ပဲ၊ ဒီနေ့လကုန်ရက်ဆိုတော့ ရုံးချုပ်မှာ ဒါရိုက်တာအဖွဲ့ အစည်းအဝေးရှိတယ်"

ကိုစောဝေမောင်က စိုးရိမ်စွာဖြင့်.....

"တင်ပြလို့ကော ရုံးချုပ်က ခွင့်ပြုပါ့မလား"

"ဘာဖြစ်လို့ ခွင့်မပြုရမှာလဲ ဆရာ၊ ဒါရိုက်တာအဖွဲ့ဝင် ဦးထွန်းသာတို့ ဦးရွှေသိန်းကျော်တို့ဆိုတာ ရိုးရာဓလေ့ထုံးစံကို ဦးစားပေးတဲ့လူတွေ ဆရာရဲ့"

တောင်ညိုရိုးမဆောက်လုပ်ရေးကုမ္ပဏီအကြောင်းကို နောကျေနေသူ သခ်ါကျော်၏တွက်ကိန်းမှန်ပါသည်။ ကိုစောဝေမောင်၏ တင်ပြချက်အရ နတ်ကွန်းဆောက်လုပ်ရန် မလိုအပ်တော့။ ညောင်ပင်စောင့်နတ်အား ၎င်းနေလိုသည့် သစ်ပင်သို့ ရိုးရာဓလေ့အရ ပြောင်းရွှေ့ပေးရန်နှင့် ဤကိစ္စကို ဆောင်ရွက်ပြီးပါက လုပ်ငန်းခွင်အင်ဂျင်နီယာ ဦးစောဝေမောင်သည် ခွင့်ခံစားနိုင်သည်ဟု ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ ဆုံးဖြတ်ကြောင်း ညနေပိုင်းတွင် ပြန်ကြားခဲ့သည်။ ထိုနေ့

ဆရာ့
အချစ်ရေးကိစ္စ
အောင်မြင်ဖို့အတွက်
ဉာဏ်နီတွေရော၊
ဉာဏ်နက်တွေရော၊
ဉာဏ်မနီတနီ၊
မနက်တနက်
တွေရော
အကုန်ထုတ်ရတာ
...

ကား ကိုစောဝေမောင်၏ အပျော်ဆုံးနေ့တစ်နေ့ပင်။

+ + +

ထိုနေ့ညနေက ဆရာတပည့်နှစ်ဦးသည် ပျော်ရွှင်ခြင်းအထိမ်းအမှတ်အဖြစ် စားသောက်ဆိုင်သို့ သွားပြီး အောင်ပွဲခံခဲ့ကြသဖြင့် ကိုစောဝေမောင်သည် နောက်နေ့နံနက်တွင် နေမြင့်မှ အိပ်ရာကနိုးခဲ့သည်။ သခ်ါကျော်ကတော့ မည်သည့်အချိန်က နိုးနေသည်မသိ။ အဘွားကြီးတစ်ယောက်နှင့် တီးတိုးတီးတိုးပြောနေကြသည်ကိုတွေ့သဖြင့် ကိုစောဝေမောင်က တစ်ချက်ကြည့်လိုက်ပြီး.....

"အဒေါ်ကြီးက မနေ့တာ နတ်ကတော်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာလေး

ရယ်၊ မနေ့က အဒေါ် အမူအရာ ကောင်းကောင်းနဲ့ သရုပ်ဆောင် လိုက်တာ၊ အဒေါ်သရုပ်ဆောင်ရ တာနဲ့စာရင် ဆရာလေးတို့ပေးတဲ့ ပိုက်ဆံက နည်းနေလို့ နောက်ထပ် နည်းနည်းပေးဖို့ ဒီမောင်ရင်ကိုလာ ပြောတာ''

ထိုအချိန်မှ ဇာတ်လမ်းကို သဘောပေါက်သွားသူ ကိုစောဝေ မောင်က.....

''ရပါတယ် အဒေါ်ရယ်၊ ကျွန် တော့်ကိစ္စ အောင်မြင်တဲ့အတွက် အဒေါ်ကြီးကို ဘောက်ဆူးပေးတာ''

ဟုဆိုကာ အံဆွဲထဲမှ ဆင်ဖြူ တော်နှစ်ကောင် (ကျပ်ငါးထောင် တန်နှစ်ရွက်)ကိုယူပြီးပေးလိုက်ရာ နတ်ကတော်ကြီးက.....

''ကျေးဇူးပါပဲ ဆရာလေးရယ်၊ နောက်လိုတဲ့ကိစ္စရှိရင်လည်းပြောပါ၊ အဒေါ့်နာမည်က ဒေါ်ကြာဖံဖြူပါ၊ ရွာထဲမှာမေးလိုက်ရင် ရပါတယ်''

နတ်ကတော်ကြီး ပြန်သွား သည့်အခါ ကိုစောဝေမောင်က သခ်ါ ကျော်အား.....

''လက်စသတ်တော့ ဒါဟာ မင်း ဒါရိုက်တာလုပ်တဲ့ ဇာတ်လမ်း ကိုး''

''ဟုတ်တာပေါ့ ဆရာရယ်၊ ဆရာ့အချစ်ရေးကိစ္စ အောင်မြင်ဖို့ အတွက် ညဏ်နီတွေရော၊ ညဏ် နက်တွေရော၊ ညဏ်မနီတနီ၊ မနက် တနက်တွေရော အကုန်ထုတ်ရတာ ပေါ့''

ကိုစောဝေမောင်ကတော့ တပည့်ဖြစ်သူ သခ်ါကျော်အား.....

''မင်း တကယ်တော်ပါပေ တယ်၊ ''မဟာသခ်ါကျော်ဆိုတဲ့ နာ မည်နဲ့လည်း တကယ်ထိုက်တန်ပါ တယ်ကွာ''

ဟုသာ ချီးကျူးလိုက်ပါတော့ သတည်း။

မောင်မောင်ခိုင် (စစ်တွေ)

**အကြောဝေဒနာရှင်များဝမ်းမြောက်ဖွယ်**

**နှစ်ပေါင်း(၇၀)မှယနေ့ထိတိုင်အကြောဝိဇ္ဇာ ဆရာကြီးဆရာလှ အကြောပြုပြင်ရာဌာနမှ-**

**ဆရာကြီး၏သား ဆရာဦးရဲဝင်း**

**ကိုယ်တိုင်အောက်ပါအကြောရောဂါများကို တာဝန်ယူ ကုသပေးနေပါသည်။**

**ခါးနာ ၊ ခါးကိုက် ၊ ဒူးနာ ၊ အကြောသေ ၊ အကြောတက် ၊ ထုံနာ ကျင်နာ ၊**

**ခြေသေလက်ကပ် ၊ လေငန်းရောဂါ ၊ အာရုံကြောနှင့်သက်ဆိုင်သောရောဂါများကိုအချိန်တိုတိုဖြင့်**

**ထိရောက်စွာ ကုသပေးနေပါသည်။ အခြားအကြောနှင့်သက်ဆိုင်သော ဝေဒနာများကိုလည်းကုသပေးနေသည်။**

**ဆေးခန်းတည်နေရာ**

၇/၁၂၀၊ မိုလ်ချုပ်လမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အမှတ် (၄၃) ဘေးမာသိကား၊ ဝိဇ္ဇာနွယ်သာဂိမှတ်တိုင်တွင်ဆင်းပါ။

ဖုန်း - ၀၉ ၇၃၀၀၀၂၅၁၊ ၀၉ ၂၀၄၄၉၃၀၀၉

**ဆေးခန်းဖွင့်ချိန်** ။ နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ၊ (စနေ နေ့တိုင်း ဆေးခန်းပိတ်သည်။)

**အကြောဝိဇ္ဇာဆရာကြီးဆရာလှအကြောလိမ်းဆေးကြီး**

**ဤဆေးခန်းတွင် ရနိုင်ပါသည်။**

www.burmeseclassic.com

# အေးမို့လှိုင် (မြန်မာစာ)



## ကိုယ်တွေ့ဟာသများ

### နှစ်ခါနာ

ဦးအောင်သန်းနှင့်ဒေါ်ထွေးတို့ ဇနီးမောင်နှံ ဆိုင်ကယ်စီးလာသည်။

ဆိုင်ကယ်က တရုတ်လုပ် 'လော့ဂျာ'အမျိုးအစား အသစ်ကလေးမို့ ခပ်သွက်သွက်မောင်းလာသည်။ လမ်းကွေ့တစ်ခု ကွေ့လိုက်ချိန်တွင် ယာဉ်ထိန်းရဲတစ်ဦးက လမ်းဘေးမှ လက်ပြတားလိုက်သည်ကို တွေ့လိုက်၏။

အနားသို့ရောက်ခါနီးကျမှ ၎င်းရဲက လက်ပြပြီး သွားခိုင်းလိုက်သည်။

အရှိန်နှင့်မောင်းလာသော ဆိုင်ကယ်ကို ဘရိတ်ဆွဲလိုက်သဖြင့် ဟန်ချက်ပျက်၍ ပလက်ဖောင်းနှင့်ဝင်တိုက်မိရာ လင်မယားနှစ်ယောက်လုံး ကျွမ်းထိုးမှောက်ခုံဖြစ်ကုန်သည်။ စောစောကရဲသားမှာ ပြေးလာပြီး သူတို့နှစ်ယောက်ကို တစ်ချက်ကြည့်ကာ တာဝန်ရှိသူထံ လက်ကိုင်စကားပြောစက်ဖြင့် အစီရင်ခံလိုက်သည်။

ရဲသားလေး၏ အစီရင်ခံပုံကြောင့် သွေးသံရဲရဲဖြင့် လဲနေသော ဦးအောင်သန်းတစ်ယောက် သတိမေ့မတတ် ဖြစ်သွားသည်။ ရဲသားလေး ပြောလိုက်ပုံမှာ....

**ရဲသား။ ။** ဟုတ်ကဲ့ ဆရာ၊ ဒီမှာ သားအဖနှစ်ယောက် ဆိုင်ကယ်မှောက်လို့ပါ ဆရာ။



www.burmeseclassic.com

www.burmeseclassic.com



# မှတ်ကရော



လူပျိုသိုးကြီးကိုအောင်မှာ ညားခါစ သူ၏ဇနီး အသစ်စက်စက်လေးနှင့် နေပြည်တော် မြို့မဈေး ည ဈေးတန်းတွင် ဈေးဝယ်နေခြင်းဖြစ်သည်။

ဈေးတန်းထဲရှိ ကြက်သားဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်လိုက်သည်။ ဈေးသည်မလေးက ဇနီးသည်အား "ဘာယူမှာလဲ ညီမလေး"ဟု လှမ်းမေးလိုက်သည်။ ကြက်သားဝယ်ရန် လှမ်းပြောလိုက်၍ ကြက်သားသည်က ကြက်သားများခုတ်ထစ်ပြီး ဇနီးသည်အား လှမ်းပေးစဉ် အနီးရှိ ကိုအောင်က အိတ်ထဲမှပိုက်ဆံကိုထုတ်ပေးလိုက်သည်။

ဈေးသည်မလေးက ကိုအောင့်ကိုကြည့်ရင်း "ကျေးဇူးပဲ ဦးလေး"ဟု ပြောလိုက်ရာ ကိုအောင် ကျွဲမြီးတိုသွားသည်။ မသကာ အစ်ကိုကြီးဆို တော်သေးတာပေါ့။

နောက်တစ်နေ့နံနက်ပိုင်း၌ ဈေးကို မကျေပွဲနွဲရန် ကိုအောင်တစ်ဦးတည်းလာခဲ့သည်။ "မနေ့ညက မှောင်နေလို့ ငါ့ရုပ်ရည်ကို သေချာမတွေ့ဘဲ ဦးလေးလို့ခေါ်တာ၊ အခုမနက်ပိုင်း သေချာတွေ့ရမယ်"ဟုဆိုကာ မာန် ပါပါနှင့် ကြက်သားတန်းရှိ မနေ့ညကဝယ်ခဲ့သော ကြက် သားဆိုင်ရှေ့ရပ်ကာ ကြက်သားဝယ်လိုက်သည်။ ဝယ် ပြီး ကြက်သားဖိုးများ လှမ်းပေးရင်း ကြက်သားသည် လေးအား ပြောလိုက်သည်။

**ကိုအောင်။** ။ ငါ့ကိုမှတ်မိလား၊ မနေ့ညက နင့်ဆိုင်မှာ ကြက်သားဝယ်သွားတာလေ။

ဈေးသည်လေးက ခဏစဉ်းစားပြီး.....

**ဈေးသည်။** ။ ဪ..မှတ်မိပြီ၊ ဟိုညီမလေးနဲ့ပါလာတဲ့ အဘပဲ။

ဈေးသည်လေးပြောစကားကြောင့် ကိုအောင့်မှာ နောက်သို့လန်ကျလုမတတ် ဖြစ်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

# သင်ချင်ဦးလေ



စာသင်ဝါသနာပါသော အပျိုကြီးဒေါ်နီလာတစ်ယောက် ဘေးအိမ်မှ ၈ တန်းကလေးတစ်ဦးအား စာသင်ပေးနေသည်။

**ဒေါ်နီလာ။** ။ ဒီလောက်ဖျင်းအလွန်းတာ ဒုက္ခပါပဲနော်။

သူငယ်ချင်း ဒေါ်သီတာက.....

**ဒေါ်သီတာ။** ။ အခုမှ နယ်ကပြောင်းလာတာ၊ ဘယ်အသားကျဦးမှာလဲ၊ ငါတော့ စိတ်မရှည်ဘူး။

ဒေါ်နီလာက အားမလျှော့ပေ။ တစ်နေ့နေ့ စာလိုက်နိုင်မည်ဟု စိတ်မှာတွေးထင်ပြီး ညနေပိုင်းအချိန်လေးတိုင်း စေတနာဖြင့် သင်ကြားပေး၏။

တစ်နေ့တော့.....

***ဒေါ်နီလာ။*** ။ *ဟယ်.....အလီကျက်တာ ခုချိန်ထိ မရသေးဘူးလား။*

သည်တော့ကလေးက.....

**ကလေး။** ။ အနှ်တီပဲ ၁၀ အလီထိ ကျက်နိုင်းထားတာလေ။

**ဒေါ်နီလာ။** ။ အဲဒါဆိုဆက်ကျက်ထား၊ ပြီးရင်လာဆို

ကလေးက အလီကို တော်တော်နှင့်မရပေ။

**ဒေါ်နီလာ။** ။ ညံ့လိုက်တာဟယ်၊ အလီတောင်မရဘူးလား။

**ကလေး။** ။ အရင်ကျောင်းက မကျက်ခိုင်းဘူးဗျ။

ပြောလိုက်လျှင် ဆင်ခြေပေးတတ်သည်။ဒေါ်နီ

က သချ်ာတစ်ပုဒ်ကို တွက်ပြရာတွင်.....

**ဒေါ်နီလာ။** ။ ယေဘုယျဆိုတာ သိလား။

ကလေးက စဉ်းစားဟန်ဖြင့် တွေးနေပြီး အား

ဝမ်းသာ ပြောလိုက်တော့သည်။

**ကလေး။** ။ သိတာပေါ့ ဒေါ်လေးရဲ့ ယေဘု

လက်မှာပေါက်တဲ့ အရေကြည်ဘုတွေ

ပြောတာလေ။

ဒေါ်နီလာလည်း အဆုံးစွန်ဆုံးစိတ်ညစ်သွားမိ

သတည်း။

www.burmeseclassic.com

www.burmeseclassic.com



# မျက်စိမကောင်းလို့ပါ

မောင်ဇော်တို့မောင်နှမနှစ်ယောက် ယောက်ဖကြီး အား ရန်ကုန်ညဏ်ရှုခင်းများကို ကားဖြင့်လိုက်ပြနေ၏။

**ယောက်ဖ။** ။ ကြည့်ပါဦးကွာ၊ ကန်တော်ကြီးမှာ မီးတွေ ကိုထိန်လို့။

**မောင်ဇော်။** ။ ဟုတ်တယ် အစ်ကိုကြီး၊ ရန်ကုန်မြို့ကြီး ရဲ့ စည်ကားပုံက အံ့မခန်းပဲ။

**ယောက်ဖ။** ။ အေးကွာ၊ ကုန်တိုက်ကြီးတွေနဲ့ ခေတ်မီ လာပြီနော်၊ စားသောက်ဆိုင်တွေဆိုရင် လည်း ပေါများလှပါလားကွ၊ ဟိုတယ် ကြီးတွေက ကောင်းမှကောင်း။

ယောက်ဖကြီး၏ သဘောကျပုံကြောင့် မောင်ဇော် က.....

**မောင်ဇော်။** ။ အစ်ကိုကြီး စားသောက်ဆိုင်မှာသွားစား ကြရအောင်နော်။

**ယောက်ဖ။** ။ ကောင်းတာပေါ့ကွာ၊ ဟဲ.....ဟဲ။

မောင်ဇော်က စားသောက်ဆိုင်ကောင်းကောင်း အားရှာဖွေနေစဉ် ယောက်ဖကြီးမှာဝမ်းသာအားရဖြင့်..

**ယောက်ဖ။** ။ ဟော့....ဟော့ ဟိုရှေ့က မီးတွေထိန်ထိန် နဲ့ စားသောက်ဆိုင်ကိုသွားရအောင်။

မောင်ဇော်၏အစ်မက.....

**အစ်မ။** ။ ဘယ်မှာလဲ ယောက်ျားရဲ့။

**ယောက်ဖ။** ။ ဟိုမှာလေကွာ၊ လမ်းဆုံလမ်းခွမှာ တွေ့ ရတဲ့ဆိုင်ပေါ့။

ယောက်ဖကြီးပြရာသို့ ကြည့်လိုက်ရာတွင်.....

**အစ်မ။** ။ ဟင်း...ရှင်နော်၊ အဲဒါ စားသောက်ဆိုင် မဟုတ်ဘူး၊ ဓာတ်ဆီဆိုင်ကြီးရှင့်။

မောင်နှမနှစ်ယောက်ရယ်သံက တစ်ကားလုံး ဖုံး လွှမ်းသွားတော့၏။




အေးမို့လှိုင် (မြန်မာစာ)

www.burmeseclassic.com

www.burmeseclassic.com



# မောင်မောင်လွင် (ညောင်လေးပင်)

# လင့်စီးမုဆိုး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မြင်တိုင်ဘူတာမှ မနက်စောစောထွက်သည့် သာရဝေါ ရထားနှင့် ဖူးကြီးသို့ ကျွန်တော် လိုက်ခဲ့၏။ ထိုအချိန်က ဖူးကြီးရွာနှင့် မှော်ဘီမြို့မှာ အသွားအပြန် ကားတစ်စီးသာရှိ၍ သွားလာမှုခက်သဖြင့် ရထားစီးရခြင်းဖြစ်သည်။ ဖူးကြီးရွာသို့ရောက်သည်တွင် ကျောပိုးအိတ်လွယ်၊ ၃၀ ဒသမ ၀၆ စပရင်းဖီးလ်ရိုင်ဖယ်ကိုထမ်းလျက် ဗိုလ်တဲကုန်းဘက်သို့ လျှောက်ခဲ့သည်။

ဖူးကြီးရွာမှ တစ်မိုင်နီးပါးရှိမည့် "ဂျိုးဖြူ"ပိုက်လုံးကို ရောက်သည့်အခါ ပိုက်လုံးအတိုင်း မြောက်ဘက် "ကုက္ကိုပင်စခန်း"ရှိရာသို့သွား၏။ ဂျိုးဖြူပိုက်လုံးက တစ်မိုင်လမ်းကြောင်းအတိုင်းလာပြီး ကန်သာယာရွာမှခွဲလျက် ရန်ကုန်လူထုကို ဂျိုးဖြူကန်ကြီးမှ ရေပေးသော ပိုက်လုံးကြီးဖြစ်သည်။ ၆ ပေသာသာမြင့်သော သံပိုက်လုံးကြီးများဖြစ်၍ ပိုက်လုံးဆက်တိုင်း ခါးပတ်များရှိသည်။ အထဲ၌ ၅ လက်မခန့်ရှိမည့် ကွန်ကရစ်ကို ပတ်လည်လောင်းထားသည်။ အမေရိကန်နိုင်ငံလုပ်ဖြစ်သည်။

ဂျိုးဖြူသံပိုက်လုံးမည်းမည်းကြီး၌ အစိမ်းရောင်ရေညှိများရှိသော်လည်း နွေအချိန်တွင် ပိုက်လုံးပေါ် လမ်းလျှောက်ရသည်မှာ ခြောက်သွေ့နေ၍ အကြောင်းမဟုတ်။ မိုးနှင့် ဆောင်းရာသီ ရေညှိကချော်သဖြင့်ကျလျှင် ပိုက်လုံး၏အနောက်ဘက်မှ ရထားလမ်းကြောင့် သေချင်သေ၊ မသေက ကျိုးပဲ့နိုင်သည်။ အနိမ့်အမြင့် မညီညာသော မြေပြင်အရ ပိုက်လုံးအမြင့်က အချို့နေရာ၌ ၈ ပေခန့်မြင့်ပြီး အချို့နေရာမှာ ၁၀ ပေနီးပါးရှိသည်။

ပိုက်လုံး၏ အလယ်ဆက်ထားသည့် လမ်းကြောင်းအတိုင်းလျှောက်ခိုက် သေနတ်ကို သားကောင်တွေ့ခဲ့သော် ပစ်ရန် မောင်းတစ်ဝက်တင်ထား၏။ ဖူးကြီးတောမှာ ကျွန်တော်တောပစ်သည့်အချိန်က လူရှန်ကင်းသဖြင့် တောဟည်းဟည်းထနေသည်။

ရွာသူရွာသားများ ရွာဝန်းကျင်တွင် ထမင်းချက်ထင်းရှာကာ ပြည်စာပို့ရထားအလာ တစ်ရှက်၊ တစ်ထမ်းရောင်းရုံနှင့် တစ်ရက်၊ နှစ်ရက်နားပြီး ထမင်းစား၍ရသောကာလ။

တောကြက်နှင့်ဂျို(ချေ)၊ ဒရယ်ပစ်ချင်လျှင် အဝေးသို့သွားရန်မလို။ ရွာနီးချုပ်စပ်မှာပင် တောကြက်မှာ ရဲပတောင်းထအောင်ပေါ၏။ ညအချိန် ရွာခြေမလှမ်းမကမ်းတောက ဝေါင်းခနဲ ဝေါင်းခနဲ ဂျို(ချေ)ဟောက်သံကို စည်းချက်ကျကျ ကြားရသည်။ ဂျို(ချေ)အီး ဂျို(ချေ)လန့်ဆိုသောစကားကမှန်၏။ ဂျို(ချေ)ဖိုတစ်ခါဟောက်လျှင် အကြိမ်တစ်ရာထက်မနည်း။ ကြောက်လန့်သော် ပိုဆိုးသည်။

ကျွန်တော်က သွားရင်း ပတ်ဝန်းကျင်တောကို ပိုက်လုံးကြီးပေါ်မှ အသေအချာကြည့်သည်။ တင်ဘတ်ဖိနပ်ဝတ်ထားခြင်းကြောင့်မြည်သံလုံ၏။ တစ်ခါတစ်ရံ တော ကောင်းသဖြင့် သားကောင်များက

လူပြတ်လျှင် အစာကို တိတ်တခိုး ထွက်စားတတ်သည်။ ကြုံလျှင်ပစ်ရမည်။

တစ်နေ့ ကျွန်တော့်တပည့် ဆရာခင်မောင်စိုးရှိသည့် ကုက္ကိုပင်ရဲစခန်းမှအပြန် လမ်းတစ်ဝက် ကို ပေါက်လယ်နားအရောက် ဝက်ဖြန်းအရွယ် မွေးလုံးဖြူ တောဝက်သုံးကောင်က ကျွန်တော့်ကိုတွေ့ပြီး တောပြုတ်များအကြား ဟိုဝင်သည့် ထွက်နှင့်ပြေးသည်။ ထိုအခိုက် ဆတ်သွားဖူးရုံထဲက ထွက်လာသော ဝက်တောင်းကြီးမှာ အချိန် (၆၀)မကကြီးသည်။ ကုန်းအထက်မှာရပ်လျက် ကျွန်တော့်ကို ရန်မူပြီးကြည့်နေ၏။ ပါးစပ်နှစ်ဖက်က အပေါ်နှင့် အောက်သွားကို ဒေါသဖြင့် တဘောင်းဘောင်းရိုက်သည့်အခါ အမြှုပ်များထွက်လာသည်။

ကျွန်တော်က တောပစ်သွားတိုင်း စခန်းမှအထွက် မုဆိုးထုံးစံအတိုင်း သေနတ်ကို ပြောင်းရင်းကျည်ထိုးပြီး မောင်းတစ်ဝက်တင်၍ ပစ်ခလုတ်၏ လုံခြုံမှုကို ထိန်းသိမ်းထားတတ်ရာ ကိုက်(၅၀)အကွာ ဖောင်းမွှေးထလျက် ဘေးတိုက်ရပ်နေသော "ဝက်ကုလား"ကြီး၏ ရှေ့လက်ဂေါ်ပြားဆီသို့ သေနတ်အား အသာဆွဲယူချိန်လိုက်သည်။

ဦးချိုနှင့် အစွယ်ရှိသတ္တဝါက တစ်ဖက်ရန်သူကိုမကြောက်တတ်။ တောထဲလမ်းလျှောက်ရာမှာပင် အခြားသားကောင်များနှင့်မတူ။ ဦးချိုနှင့်အစွယ် အားကိုးကြသည့် အလျောက် ရဲရဲတင်းတင်းလျှောက်သည်။ ရန်သူတွေ့လျှင် အပြင်းအထန် ရန်ပြုတိုက်ခိုက်တတ်၏။

ကျွန်တော့်ရှေ့ တောင်ကုန်းငယ်အထက်မှ ဝက်ကုလားကြီးမှာလည်း လက်ငါးလုံးခန့် အပြင်ကိုထွက်သည့် အစွယ်အားကိုးဖြင့် သေနတ်နှင့်ချိန်သည်ကို မကြောက်ဘဲနေခိုက် ကျွန်တော့်စိတ်ကြိုက် အနေအထားမို့ အမဲကြီးပစ်ရိုင်ဖယ်၏မောင်းကို သေသေသပ်သပ်ဖြင့် ဖြုတ်လိုက်၏။

"ဒိုင်းခနဲ"သေနတ်သံနှင့်အတူ တောဝက်ကြီးမှာ နှစ်တောင်ခန့် အမြင့်ကို လွင့်ပါသွားပြီး လည်၍အကျ အသက်ပါသွားဟန်ဖြင့် ငြိမ်သွား၏။ ကျွန်တော်က ကျည်ကို မဖြုန်း။ တောထဲရောက်က Sighting မှန်သော ပစ်နေကျသေနတ်အား ပစ်မှတ်မစမ်းတော့ဘဲထားသည်။ အချို့မုဆိုးကား တောထဲရောက်သည်နှင့် ပေါက်ပေါက်ဖောက်သကဲ့သို့ တွေ့ကရာပစ်၏။ သေနတ်သံကြားပြီး သားကောင်မရက "မုဆိုးခြောက်"ဟု အများက အထင်သေးသည်။

စခန်းနှင့်မဝေးသည့်နေရာမို့ သေနတ်သံကြားသည်နှင့် ဆရာခင်မောင်စိုးတို့အဖွဲ့ ရောက်လာကာ တောဝက်သေကို ဝမ်းသာအားရ ထမ်းသွားကြ၏။ ဤအဖြစ်မျိုး မကြာခဏ မုဆိုးဘဝ၌ ကြုံခဲ့ဖူး၍ လမ်းလျှောက်ရင်း ပတ်ဝန်းကျင် တောတောင်ကို သတိထားခြင်းဖြစ်သည်။

တစ်နာရီခန့်လျှောက်ခဲ့လျှင်....

ဦးချိုနှင့်
အစွယ်ရှိသတ္တဝါက
တစ်ဖက်ရန်သူကို
မကြောက်တတ်။
တောထဲ
လမ်းလျှောက်ရာမှာပင်
အခြားသားကောင်များ
နှင့်မတူ။
ဦးချိုနှင့်အစွယ်
အားကိုးကြသည့်
အလျောက်
ရဲရဲတင်းတင်းလျှောက်
သည်။ ရန်သူတွေ့လျှင်
အပြင်းအထန်
ရန်ပြုတိုက်ခိုက်
တတ်၏
• • •

"ဟာ.....ဟိုမှာ ဆရာကြီး လာနေတယ်၊ စိန်မြင့်ရေ သွားကြို လိုက်ဦးဟေ့"

"ဟုတ်ကဲ့ ဆရာစိုး"

ကျွန်တော် ပိုက်လုံးအတိုင်း လမ်းလျှောက်လာသည်ကို ဆရာခင်မောင်စိုး တွေ့သွားကာ သူ့ရဲဘော်တစ်ဦးကို ကြိုရန်လွှတ်လိုက်၏။ စခန်းအနီး ခုံးပေါက်တံတားနား ရောက်နေပြီမို့.....

"ကဲ.....မောင်စိန်မြင့်၊ ဒါပဲယူသွားတော့ကွာ"

"ဟုတ်ကဲ့ ဆရာကြီး"

ကျွန်တော်က လွယ်ထားသည့် ကျောပိုးအိတ်ကိုချွတ်လျက် တံတားပေါ်မှ ရဲဘော်စိန်မြင့်ကိုပေးသည်။ သေနတ်လွယ်ကာ ပိုက်လုံးမှ ကွန်ကရစ်တံတားပေါ်သို့ လက်ထောက်တက်လိုက်၏။ စခန်းရှိ ဘန်ကာသို့ ကျွန်တော်တို့နှစ်ဦး လျှောက်ခဲ့ကြသည်။ ခရီးပန်းလာသဖြင့် ကျွန်တော် ခဏအနားယူသည်။ ဆရာခင်မောင်စိုးမှ တပ်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ အသွင်ပြောင်းခဲ့သူ။ ကျွန်တော်နှင့်အတူ နေခဲ့ဖူး၍ အကြောင်းသိဖြစ်သည်။ ကျွန်တော် ခဏမှေးနိုက် စကားလာမပြောဘဲ လုပ်စရာရှိသည်များ လုပ်နေသည်။

မနက်ပိုင်း ရေချိုးသည်။ လူမှာ လန်းဆန်းသွား၏။ စခန်းရှိ ရဲဘော်ငါးယောက်နှင့်အတူ ကြက်သားနှင့်ချက်ထားသည့် ပဲကုလားဟင်း၊ ငါးမီးဖုတ်အဖျော်ခတ်ထားသည့် ငါးပိရည်နှင့် တို့စရာ ကြက်ဟင်းခါးသီးပြုတ်က လိုက်ဖက်လှ



သည်။ အားရပါးရစားသည်။ စားကောင်း၏။

ရေနွေးကြမ်းပိုင်းထိုင်သည့် အခါ.....

"ဆရာကြီး"

"ပြောလေ မောင်စိန်မြင့်"

ရဲဘော်စိန်မြင့်ခေါ်သည်ကိုပြန်မေးလိုက်သည်။

"ကျွန်တော်တို့ အသားဟင်း မစားရတာကြာပြီ၊ ဆရာကြီးလာတုန်း ပစ်ပေးခဲ့ပါဦး"

"ဩော်....အေး...အေး၊ စားချင်လို့လား"

"ဟုတ်ကဲ့ ဆရာကြီး"

"ဟာ.....ဒီကောင် ဆရာကြီး အေးအေးဆေးဆေး နားပါစေဦးကွာ"

"ဟုတ်သားပဲ၊ မင်းဟာ..,.."

ကျွန်တော်နှင့် ရဲဘော်စိန်မြင့် ပြောသည်ကို ဆရာခင်မောင်စိုးက အားနာကာ သူ့ရဲဘော်အားဆူလိုက်ရာ ရဲဘော်အောင်အောင်ကပါ ဆရာခင်မောင်စိုးစကားကိုထောက်ခံကာ ဝင်ပြောသည်။ ရဲဘော်စိန်မြင့် မျက်နှာငယ်ငယ်ဖြင့် ကျွန်တော့်ကိုကြည့်နေစဉ်.....

"ရတယ် ခင်မောင်စိုး၊ ကဲ... မောင်စိန်မြင့် ဒီအချိန် နေမြင့်ပြီဆိုတော့ သားကောင်တွေ အိပ်ကျင်းဝင်၊ စားမြုံ့ပြန်တဲ့ကောင်ပြန်၊ အိပ်တဲ့အကောင် အိပ်နေလောက်ပြီ"

"ဟုတ်ကဲ့ ဆရာကြီး"

ကျွန်တော်က သားကောင်တို့၏စရိုက်ကို ပြောပြပြီး.....

"မောင်စိန်မြင့်ရေ ဆရာကြီးခိုင်းတဲ့အတိုင်းလုပ်၊ မင်း ညနေစားရမယ်၊ စားပြင်ကွာ"

ကျွန်တော်က အပိုင်ပြောကာ သေနတ်ကိုယူသည်။ ရဲဘော်စိန်မြင့်က ထင်းခုတ်ဓားမတစ်ချောင်းကို ကိုင်လျက် "သစ်စေ့ထုတ်စခန်း" ဘက်သို့ တောလမ်းအတိုင်းလာခဲ့၏။ စခန်းမှ ခပ်လှမ်းလှမ်းအရောက် သားကောင်၏ခြေရာအား ကောက်တော့သည်။ တစ်ဖက်က တောပြုတ်၊ အခြားတစ်ဖက်မှာလျှိုကြော၊ သည်အချိန် ချုံကောင်းကောင်းနှင့် ဝါးကောက်တောအောက်ခြေ၌ သားကောင်များ စားမြုံ့ခတ်ရင်း နားကြမှာ သေချာသည်။ ဂျီ(ချေ)၊ ဒရယ် တောဝက်ခြေရာများမှာ ထပ်နေ...

လျှိုကြောနှင့်မနီးမဝေး တော ပြုတ်စပ်တွင် "ပွဦးကာတို တစ်ပင်

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ အရွက်သေးကာ အကိုင်းအခက် သိပ်မများ၍ လင့်ထိုင်ရန်ကောင်း၏။ ကိုင်းကောင်းသဖြင့် လင့်ထိုးဖို့လွယ်သည်။ စခန်းမှထွက်ကတည်းက စကားမပြောရန်နှင့် ပြောလိုသော် လက်ဟန်ခြေဟန်ပြ လျက်ပြောရန် မှာထားခြင်းကြောင့် ရဲဘော်စိန်မြင့်၏ပခုံးကိုပုတ်ကာ နောက်ကြောင်းသို့ပြန်ခဲ့သည်။

လင့်ထိုးမည့်နေရာမှ ခပ်ဝေးဝေးသို့ရောက်လျှင် လင့်အတွက်လိုမည့် မျောက်ချောသားကိုင်းကြီး(၈) ကိုင်းနှင့် အပေါ်မှတင်မည့် ကိုင်းငယ်များကို ရဲဘော်စိန်မြင့်ကိုခုတ်ခိုင်းသည်။ ကိုင်းသေးက မြရာသားဖြစ်သဖြင့် အဖုအထစ်နည်းသည်။ တင်ပါးအောက်မခုလျှင်တော်ပြီ။

ကျွန်တော်တို့နှစ်ဦးသား ကျီးကန်းမနွယ်နှင့် နွယ်နီကို လိုက်နုတ်၏။ အဆင်သင့်ဖြစ်မှ လင့်ထိုးမည့်နေရာကို ပြန်သွားသည်။ လင့်စီးပြီးသားကောင်ပစ်လိုက တစ်ပတ်လောက်ကြိုထိုးသော် လင့်ဟောင်း၌ ပိုကောင်းသည်။ လင့်ဟောင်းလေ ပစ်ရလေဖြစ်၏။ လင့်ထိုးသည့်အတတ်က ပညာပါသည်။ တွေ့ရာနေရာ၌ လင့်ထိုး၍မရ။ သားကောင်အသွားအလာ၊ စားပင်၊ ဆားငန်ကျစ်တွင်းစသည်ဖြင့် သားကောင်အဝင်အထွက် အများဆုံးနေရာကို ရွေးရသည်။

လေတင်လေအောက်၊ ကိုယ်လင့်ထိုင်မည့် သစ်ပင်အနေအထား၊ ပစ်ကွင်း၊ မြင်ကွင်းမှအစ တွက်ဆရာမှ မုဆိုး၏အတွေ့အကြုံက အဓိကဖြစ်သည်။ အတွေးအခေါ်မကောင်းလျှင် လင့်စီးသော်လည်း မပစ်ရ။ ပင်ပန်းပြီး ဒုက္ခရောက်ဖို့များသည်။

လင့်ထိုးရန်အတွက် သစ်ဝါးကို လင့်အနီးအပါးတွင် ခုတ်ခြင်း၊ဖြတ်တောက်ခြင်းနှင့် တပိုတပါးအပေါ့သွားသော် သစ်စိမ်းနံ့၊ လူနံ့တို့ကြောင့် လင့်အနီးသို့ သားကောင်ဝင်တော့မည်မဟုတ်ပေ။

ဤသည်ကြောင့်ပင် ရဲဘော်စိန်မြင့်အား လင့်ထိုးချိန် လိုက်နာရမည့် စည်းကမ်းကို တိုးတိုးပြောပြသည်။ နေ့လယ်ခင်းအချိန် နေကြိကြိ၌ လင့်ထိုးမည့် သစ်ပင်အောက်ရောက်သည်နှင့် ကျွန်တော်က သေနတ်ကို သစ်ပင်တစ်ပင်တွင်ထောင်ပြီး ၁၄ တောင်ကြိုးကို ခါး၌ချည်ကာ ပျဉ်းကတိုးပင်ပေါ်သို့တက်သည်။ ခါချဉ်မရှိသဖြင့် ဘော်သေး၏။ အပေါ်ရောက်၍ ကိုင်းစုံနေရာမှာထိုင်လျက် နေသားကျမှ ရဲဘော်စိန်မြင့် ကြိုးနှင့်ချည်ပေးသော သစ်ကိုင်းများကို ဆွဲတင်လိုက်၏။ ကျွန်တော်တို့ နှစ်ယောက် စကားမပြောကြ။ လှုပ်ရှားမှုတိုင်းအား သေသပ်စွာဖြင့် လင့်ကို အသံမကြားအောင်ထိုးသည်။ တစ်နာရီနီးပါး စိတ်ကြိုက်လင့်ထိုးပြီး နောက် စခန်းသို့ ပြန်ခဲ့၏။

ကုက္ကိုပြင်စခန်းရောက်လျှင် နားနားနေနေ အားရှိရန် တစ်ရေးတစ်မော အိပ်လိုက်သည်။ မုဆိုးအဖို့ အားပြည့်ပြီး မျက်စိကြည်လင်မှ သားကောင်ရှာသည့်အခါနှင့် ပစ်ရာ၌ တွေ့လွယ်၍ ထိမှန်အောင်ပစ်နိုင်သည်။ ကုက္ကိုပြင်စခန်းမှာ ဂျီးဖြူပိုက်လုံးကြီး၏ လုံခြုံရေးအတွက်ထားသောစခန်းများအနက် တစ်ခုဖြစ်သည်။ ဘန်ကာကို အုတ်ဖြင့် အကျယ်(၁၀)ပေခန့်နှင့် အမြင့်(၁၅) ပေခန့် လေးထောင့်ကျကျဆောက်ထားသည်။ အဝင်ပေါက်မှလွဲပြီး ရန်သူကိုကြည့်ရန်နှင့် ပစ်ရန် အပေါက်များဖောက်ထား၏။ အုတ်နံရံတိုမှာ တော်ရုံကျည် မဖောက်နိုင်အောင် ထူသည်။ အပေါ်၌ ကျောက်ပြားမိုး ထား၏။ နေရာတိုင်း ဘန်ကာများ

www.burmeseclassic.com



မရှိသော်လည်း ရန်သူနှင့် အထိအတွေ့အများဆုံးဟု ယူဆရသည့် တောနက်ပိုင်းနေရာတချို့တွင် ယခုတိုင် လေးထောင့်စပ်စပ် ဘန်ကာကြီးများ မြင်ရသေးသည်။

ညနေ ၄ နာရီထိုးလျှင် ကျွန်တော် အိပ်ရာမှထကာ လန်းဆန်းသွားအောင် ရေချိုးသည်။ ရဲဘော်စိန်မြင့် ပြင်ပေးသော ထမင်းကြမ်းကို အဆာခံစားလိုက်၏။ ဝမ်းထဲအစာပြည့်မှ သေနတ်ချိန်တွယ်ရာတွင် ပို၍တည်ငြိမ်သည်။ ထမင်းစားပြီးနောက် လင့်ရှိရာသို့ ရဲဘော်စိန်မြင့်နှင့်အတူ ထွက်ခဲ့သည်။ လမ်းတစ်လျှောက် ကျွန်တော်မှာထားသလို စကားမပြောကြ။

လင့်ပေါ်ကို ကျွန်တော်တက်ခဲ့၏။ ရဲဘော်စိန်မြင့်က သေနတ်၏ရှေ့ချိန်သီးကာမှာ ကြိုးချည်ပြီး ကျွန်တော့်ဆီပေးသဖြင့် ကြိုးကိုဆွဲတင်လိုက်၏။ သေနတ်ကို ကျည်ထိုး၍ လူအား နေသားတကျ ပြင်ပြီးမှ ပေါင်ပေါ်၌ သေနတ် ကန့်လန့်ဖြတ်ထားသည်။ ရဲဘော်စိန်မြင့်ကို ပြန်ရန် လက်ဖြင့်အချက်ပြလိုက်၏။ ရဲဘော်စိန်မြင့် နောက်ကြောင်းကိုပြန်လှည့်သွားသည်။

ရဲဘော်စိန်မြင့်အား လင့်ရှိသည့်နေရာသို့ ခေါ်သွားသည်မှာ လင့်ပေါ်သို့ ပစ္စည်းတင်ပေးရန်သက်သက် ခေါ်သွားခြင်းမဟုတ်။ ကျွန်တော်နှင့် နှစ်ယောက်အတူတူသွားသည့်ခြေသံကို လျှို့မြောင်ထဲမှသားကောင်ကကြား၏။ တစ်ယောက်တည်းလာ၍ လင့်တက်လျှင် ခြေသံပျောက်သွားခြင်းကြောင့် သားကောင်က မသင်္ကာဖြစ်တတ်သည်။ နှစ်ယောက်လာပြီး တစ်ယောက်ပြန်သွားသည်မှာ တစ်ဦးတည်းလာကာ တစ်ယောက်ပြန်သွားပြီဟု သားကောင်ထင်ရန် လှည့်စားခြင်းဖြစ်သည်။ မုဆိုးကြီးများထံမှ လက်ဆင့်ကမ်းသယ်လာသော မုဆိုးပညာ။

ကျွန်တော် လင့်စောင့်သည့်နေရာ မနီးမဝေးတွင် မနေရန်နှင့် သေနတ်သံကြားကြားချင်း မလာခဲ့ရန် ရဲဘော်စိန်မြင့်ကို ပြောထားသည်။ သားကောင်က အမကို ပစ်ရပါက အထီးကို ထပ်ဆင့်နိုင်သည်။ တောပစ်ခိုက် အနှောင့်အယှက်မဖြစ်လို၍ ကျွန်တော်အချက်ပေးမှလာဖို့ မှာလိုက်ခြင်းဖြစ်၏။

လင့်စီးနေကျအတိုင်း (၅)နာရီ မထိုးမချင်း သက်သောင့်သက်သာဖြစ်နေသည်။ ကိုယ်ကို လင့်ပေါ်၌ လှည့်ပြောင်းရာမှာ ညင်သာဖို့လိုသည်။ သားကောင်က သစ်ကိုင်းပွတ်သံ၊ ကျိုးသံကို သဘာဝအသံမို့ မကြောက်သော်လည်း မုဆိုးတစ်ယောက် ခြေနှင့်နင်း၍ ကျိုးသွားသည့် သစ်ကိုင်းခြောက်ကျိုးသံကို ဗီဇအရ ခွဲခြားသိသည်။ မုဆိုး၏ လှုပ်ရှားမှုကိုကြားသော် မြင်ကွင်းသို့ ထွက်မည်မဟုတ်ချေ။

"အောက်..အီး..အီး..အွတ်"

ညနေချမ်းတွင် အအေးဓာတ်ဝင်လာ၏။ နာရီကိုကြည့်ရာ ၅ နာရီခွဲအချိန်မို့ အချိန်ကောင်းရောက်လာပြီဖြစ်၍ သေနတ်အားဆွဲယူကာ ညာပခုံးမှီသည့် အနေအထားသို့ပြောင်းစဉ် တောစပ်က ကြက်ဖတွန်သံ ကြားရသည်။

ကျွန်တော် လင့်ထိုးထားသောနေရာမှာ (၁၄)တောင်ခန့်မြင့်သဖြင့်

**မုဆိုးကောင်း ဒေါင်းနှင့်ကြက်**
**ဆိုသောစကားက မုဆိုးများအတွေ့အကြုံနှင့်ပြောသော**
**စကားအမှန်ဆိုရမည်။ ဒေါင်းနှင့် ကြက်က**
**အခြားသတ္တဝါ သားကောင်နှင့်မတူ။**
**ခေါင်းကို ရှေ့၊ ဝဲ၊ ယာ၊ အထက်၊ အောက်**
**ကြည့်တတ်ခြင်းကြောင့်**
**သစ်ပင်ပေါ်က လင့်စီးမုဆိုးကိုပမြင်သည်...**

www.burmeseclassic.com



အောက်ခြေတောပြုတ်မြင်ကွင်းမှာ ပြားသွားသည်။ ကြက်၊ ငှက်ထွက်လာသည်ကိုပင် တွေ့ရ၏။ ရှေ့နှင့်ဘေး ဘယ်ညာတစ်ပိုက်အား သတိထားပြီးကြည့်ခိုက်.....

"ကွတ်.....ကွတ်....ကွတ်"

"ကရီး.....ကရီး.....ကရီး"

တောကြက်ဖက တံဖျဉ်မြီးကွေးကြီးဖြင့် ကိုယ်ကရဲရဲတောက်လျက် ရှေ့မှဦးဆောင်ကာ ခံ့ခံ့ညားညား အသံပေးလျှောက်လာသည့်တွင် ကြက်မယားသုံးကောင်မှာ ကရီး၊ ကရီးအသံဖြင့် နောက်ကထက်ကြပ်မကွာ လိုက်လာသည်။

အတွေ့အကြုံမရှိစဉ်က တောကြက်ဖကို ကျွန်တော်အလွန်ကြောက်၏။ "မုဆိုးကောင်း ဒေါင်းနှင့်ကြက်"ဆိုသောစကားက မုဆိုးများ အတွေ့အကြုံနှင့်ပြောသော စကား အမှန်ဆိုရမည်။ ဒေါင်းနှင့်ကြက်က အခြားသတ္တဝါ သားကောင်နှင့်မတူ။ ခေါင်းကို ရှေ့၊ ဝဲ၊ ယာ၊ အထက်၊ အောက် ကြည့်တတ်ခြင်းကြောင့် သစ်ပင်ပေါ်က လင့်စီးမုဆိုးကိုပင်မြင်သည်။

တောကြက်ဖမြင်သည့်အခါ မုဆိုးက အသာငြိမ်ပြီး အသေကောင်နှယ် နေလိုက်လျှင် ဘာမှမဖြစ်။ နည်းနည်းလှုပ်သည့်နှင့် တောကြက်ဖက အသံပေး၍ ပုံပြေးတော့သည်။ "မြွေမြွေချင်း"ခြေမြင်သည့်ပမာ တစ်ကောင်၏ခြေကို တစ်ကောင်က ကြည့်တတ်သော သားကောင်တို့၏သဘာဝအရ ကြက်လှန့်သဖြင့် ကျွန်တော့်ပါးစပ်ထဲရောက်တော့မည့် သားကောင်အား တောကြက်ကြောင့် မရခဲ့သည်မှာ အကြိမ်ကြိမ်။

ယခုအချိန်တွင် တောကြက်ဖထက် များစွာပါးနပ်သော မုဆိုးဖြစ်၍ ကျွန်တော်က မလှုပ်မယှက်။ တောကြက်လာရာလမ်းကို အပေါ်မှဆီးကြည့်နေသည်။ တောကြက်ဖဝင်လာတိုင်း မုဆိုးလင့်စီးသည့်နေရာအောက်ဖြစ်သည်ကို မကြာခဏတိုက်တိုက်ဆိုင်ဆိုင် ကြုံဘူးသည်။ ကျွန်တော်ထင်ထားသကဲ့သို့ ကျွန်တော့်အောက်သို့ တောကြက်အုပ်ဝင်လာ၏။ တောကြက်ဖက သစ်ပင်အောက်ရှိ သစ်ရွက်ခြောက်များကို တစ်ချက်ယက်လိုက်၊ ဟိုဟိုသည်သည် အထက်အောက်ကြည့်လိုက်နှင့် အလုပ်ရှုပ်သည့်တွင် အပေါ်မှ ကျွန်တော့်အား မြင်သွားသည်။

ကျွန်တော်က အပေါ်မှဆီးကာ တောကြက်ဖကိုကြည့်သည်။ လူက တုတ်တုတ်မလှုပ်။ တောကြက်ဖက ကျွန်တော့်ကိုပြန်ကြည့်ပြီး ခေါင်းငြိမ်လိုက်သည်။

"အ"သည့်တောကြက်မများမှာ အဖော်ကြက်ဖအားကိုးကြောင့်

www.burmeseclassic.com



ကတိအတိုင်း ဂျီ(ချေ)ဖိုကို တစ်ညနေတည်းနှင့် ပစ်ရခဲ့သည်မှာ လင့်ထိုးရာ၌ ပညာပါ၍ ဖြစ်သည်။ လင့်ကို စနစ်တကျမထိုးဘဲ တောထဲ"ဇာတ်ပွဲ" သွားသည့်နယ် တပျော်တပါး လုပ်နေလျှင် ...

သစ်ရွက်ခြောက်များကြားက ခြကို ယက်စားလျက်ရှိသည်။ ကျွန်တော့် အပေါ် ဘာကောင်မှန်းမသိဖြစ် သော တောကြက်ဖခမျာ မျက်စိ လည်သွားဟန်တူသည်။ အနေ အထားမပျက် ခြကိုယက်၍ အဖော် ကြက်မများနှင့်အတူ စားကြ၏။

တောကြက်ဖက အစာစားရင်း တစ်ချက်တစ်ချက် ခေါင်းထောင်ကာ ပတ်ဝန်းကျင်ကိုကြည့်သည်။ စိတ် ချရမှ ပြန်စားသည်။ ကျွန်တော်က သားကောင်အတွက် သိပ်ဂရုစိုက် စရာမလို။ ကျွန်တော့်တွင် အဖော် တောကြက်ဖ ရပြီးဖြစ်သည်။ တည် ကြက်သဘောပင်။

မကြာမီ.....

"ကတော့.....ကတော်"

"ကတော့.....ကတော်"

တောကြက်ဖက ထိတ်လန့် တကြားအော်သည်။ တောကြက်မ များ လင်အဖော် တောကြက်ဖအသံ ကြားသဖြင့် ယောက်ယက်ခတ်သွား ၏။ တောကြက်ဖဦးဆောင်လျက် တစ်ဖက်သို့ ကြက်မများနှင့်အတူ ထွက်သွားချိန် ကျွန်တော်က ပခုံး တွင်မှီထားသည့် ရိုင်ဖယ်သေနတ် ကို မ၍မောင်းတင်ကာ အသင့် အနေအထားဖြင့် ကိုင်ထားသည်။

ကျွန်တော့်ရှေ့ မြင်ကွင်းတော စပ်က ကျွန်တော်ထင်ထားသည့် အတိုင်း ဂျီ(ချေ)မတစ်ကောင်ထွက် လာပြီ။ ကိုက်(၁၀၀)ခန့်ဝေးမည်။ ပစ် လျှင် ထိနိုင်သော အကွာအဝေး ဖြစ်သော်လည်း ကျွန်တော်မပစ်။ ထပ်စောင့်သည်။ ကျွန်တော်တွက် ထားသလို ဂျီ(ချေ)မနောက်က နှစ်စ ထောင်ချိုဖြင့် ဂျီ(ချေ)ဖိုကြီး လိုက် လာ၏။ ကျွန်တော် ကြည့်ကောင်း ကောင်းနှင့် ကြည့်နေစဉ် ဂျီ(ချေ) နှစ်ကောင် လမ်းလျှောက်ပုံ၊ တော တိုးပုံမှာ ညင်သာလွန်းသည်။ "မုဆိုး စိုင်သင်"စကားအတိုင်း သားကောင် လှုပ်ရှားမှုကို မုဆိုးအတုယူမှ သား ကောင်ရတတ်သည်။

ကျွန်တော်က ပို၍စိတ်ချရမည့် အကွာအဝေးကို ရောက်သည်အထိ စိတ်ရှည်သည်းခံပြီးစောင့်သည်။ ဂျီ (ချေ)ဖိုက ကျွန်တော်၏မျက်စိမြင် ကွင်းမှ ဂျီ(ချေ)မနှင့်အတူ ပျောက် သွား၏။ သွားပြီ။

ကျွန်တော်၏ တင်းထားသော စိတ်ကို လျှော့လိုက်သည်။ ကျွန် တော့်အထင် အချိန်ကနည်း၍ သား ကောင်အထွက်ကြွလျှင် ပစ်ရဖို့ မလွယ်။ ရဲဘော်စိန်မြင့်ကို ပေးထား သည့်ကတိ ပျက်တော့မည်။

ဂျီ(ချေ)နှစ်ကောင် ထွက်သွား သောဘက်က လူသံများကြားရ သည်။ တောလူတချို့ ဂျိုးဖြူပိုက်လုံး ပေါ်လမ်းလျှောက်ရင်းမှ စကားပြော လာကြဟန်တူသည်။ ကျွန်တော်က သေနတ်ကို အသင့်ကိုင်ထားဆဲ လူ သံများကြောင့် ဂျီ(ချေ)ဖိုကြီးမှာ နောက်ကြောင်းသို့ပြန်လာရာ ကျွန် တော်နှင့် မလှမ်းမကမ်း သစ်ပင် အောက်သို့ ဘယ်လိုရောက်နေမှန်း မသိ။ တွေတွေကြီးရပ်ကာ ခြေတင် လှမ်းလှမ်းဖို့အတွက် ခေါင်းကိုအသာ လှည့်ပြီး ကြည့်နေသည်။

စက္ကန့်ပိုင်းအတွင်း [illegible]

www.burmeseclassic.com

အခွင့်အရေးကို လက်လွှတ်မခံ။ မုဆိုးတို့၏အကျင့်အတိုင်း သေနတ်ပြောင်းအား ဂျိ(ချေ)ဖိုကြီး၏လည်တိုင်သို့ ထိုးချိန်လျက် ဒုတိယမောင်းခလုတ်ကို အသာညှစ်၍ အပိုင်ပစ်ချလိုက်သည်။

"ဒိုင်း....."

"ဘုံး.....အုံး"

"ပြောင်း...ပြောင်း...ပြောင်း"

အမဲပစ်ရိုင်ဖယ်၏ ကျည်ပေါက်ကွဲသံနှင့်အတူ ဂျိ(ချေ)ဖိုကြီး၏ လည်တိုင်ရင်းကို ဖြတ်ဖောက်သွားသဖြင့် ဂျိ(ချေ)ဖိုမှာ လွင့်စဉ်လဲကျသွားသည်။ လင်သားသေလျှင် လှည့်မကြည့်တတ်သော သားကောင်တို့၏စရိုက်အရ ဂျိ(ချေ)မမှာ ကဆုန်ပေါက်ကာ ပြေးတော့သည်။

ကျွန်တော်၏ကတိအတိုင်း ဂျိ(ချေ)ဖိုကို တစ်ညနေတည်းနှင့် ပစ်ရခဲ့သည်မှာ လင့်ထိုးရာ၌ ပညာပါ၍ဖြစ်သည်။ လင့်ကို စနစ်တကျမထိုးဘဲ တောထဲ"ဓာတ်ပွဲ"သွားသည့်နှယ် တပျော်တပါးလုပ်နေလျှင် သားကောင်ပစ်ရဖို့မလွယ်။

"ဝူး.....ဝူး"

"ဝူး.....ဝူး"

ကျွန်တော်က တောနေလူတို့၏ အလေ့အတိုင်း ဝူးထူး၍ခေါ်လိုက်သည်။ မကြာမီ ရဲဘော်စိန်မြင့်ရောက်လာတော့မည်။ ကျွန်တော်ပစ်ထားသည့် ဂျိ(ချေ)ဖိုကိုမြင်လျှင် "ဆရာကြီးကတော့ ပြောတဲ့အတိုင်း သားကောင်ကို ရအောင်ပစ်ခဲ့တာပဲ၊ ဟုတ်လိုက်လေကွာ"ဟူ၍ ဝမ်းသာအားရ ပြောလေမလား။

မောင်မောင်လွင် (ညောင်လေးပင်)


# ခရသင်း၊ သမင်ဖြူ

ခရသင်း၊ သမင်ဖြူ၊ အနာကြီးရောဂါ၊ **Fungus-Psoriasis**

မှိုစွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ ကာလသားရောဂါ၊ ဆီးပူညောင်းညာကျ၊

ဂနိရီးယား၊ ဆစ်ပလစ်၊ ရှုန်ကရိုက်၊ ရေယုန်၊ ရိဖြူ-ရိနီဆင်းရောဂါ၊

အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နှင်းခူ-ညှင်း၊

ယားနာအမျိုးမျိုးကို အာမခံနှင့် ကုပေးသည်။

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်

အမှတ်(၂၅၁)၊ ၂၈လမ်း၊ ၈၁×၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။

ဖုန်း - ၀၉ ၄၉၂ ၇၀၉၅၁၊ ၀၉ ၄၀ ၂၅၄၃၆ ၂၉


ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊

လှည်းကူး ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆ ၂၉၅၄၈၊ ၀၉ ၄ ၂၁၀၀၆၅၄၅


www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ဝေးလံသီခေါင်သည့် ရခိုင်ကျွန်းစဉ်ဒေသ ကျေးလက်မှာ လယ်ယာလုပ်ပြီး အရိုးခံဘဝနဲ့ ရပ်တည်နေသူ ကျော်သန်း၏ လူကုန်ကူးခြင်းဆိုသည်ကို ခုမှကြားဘူးရာ အထူးအဆန်းလိုဖြစ်နေပေ၏။

"အစ်ကိုတို့ ထိုင်းရောက်ကြရင် ဒုက္ခအကြီးအကျယ်တွေ့ကြရမှာ၊ ဒီကနေ ကိုယ့်ဆီပြန်ပြေးကြပါ"

ကျော်သန်းမှာ ကြီးစွာတုန်လှုပ်နေလေပြီ။ သို့သော် ထောင်ချောက်ထဲရောက်နေခဲ့ပြီမို့ ပြန်ထွက်ဖို့ဆိုသည်မှာ ဖြစ်နိုင်သည့်အခြေအနေမျိုးကား မဟုတ်ပါလေခဲ့။

+ + +

ကျော်သန်းမှာ ရန်ကုန်တွင် တစ်ညအိပ်ခဲ့ရပြီး မြဝတီကားဖြင့် လိုက်လာခဲ့သည်။ အမျိုးသမီးတစ်ယောက်က ကားဂိတ်တွင် ကြိုနေသည်။ ကျော်သန်းတို့အဖွဲ့ကို ပစ်ကပ်ကားတစ်စီးပေါ်တက်ခိုင်း၏။ ပျဉ်ထောင်အိမ်ကြီးတစ်ဆောင်ပေါ်သို့ ရောက်လာကြ၏။ ရေမိုးချိုးခိုင်း၏။ ထမင်းကျွေး၏။ မြဝတီမှာပဲ ညအိပ်ကြရသည်။

ညနေ မှောင်ရီပျိုးချိန်တွင် အသားညိုညိုနဲ့ ခပ်ပိန်ပိန်ကောင်မလေးတစ်ယောက် ကျော်သန်းအနီးသို့ ရောက်လာ၏။ ကျော်သန်း အာရုံစူးစိုက်ကြည့်လိုက်သည်။

"ခု အစ်ကိုတို့ကို လူကုန်ကူးလိုက်တာလေ၊ ဒီလိုပဲ ဒီကနေ ထိုင်းဘက်ကို ခဏခဏပို့ပေးတာ"

"ဟေ့လူတွေ.....ထကြ....ထကြ.....ထကြ"

လက်နှိပ်ဓာတ်မီးရောင် စူးစူးရှရှက ကျော်သန်းတို့မျက်နှာပြင်ပေါ်သို့ ကျရောက်လာပြီး အမိန့်ပေးသံကပါ တစ်ပြိုင်တည်း ထွက်ပေါ်လာသည်။

"လာ...လာ...လာ၊ ဆင်းကြ.....ဆင်းကြ"

ကျော်သန်းတို့မှာ အထုပ်လေးတွေ ကိုယ်စီပိုက်ပြီး အိမ်ပေါ်မှ ဒရောသောပါး ဆင်းလာကြ၏။ ကားတစ်စီးက အိမ်ရှေ့တွင်အသင့်စောင့်ကြိုနေသည်။ ကားမှာ မြို့မှ ထွက်ပြီး သိပ်မကြာ၊ တောထဲသို့ မောင်းဝင်လိုက်၏။ ကားသွားနေသောလမ်းမှာ ပုံမှန်သွားနေကျလမ်း မဟုတ်သည်ကတော့ သေချာသည်။

လွန်စွာ ခက်ခက်ခဲခဲ မောင်းနေရကြောင်း သတိထားမိကြ၏။ သစ်တုံးတို့ ကျောက်တုံးတို့ ဆီးနေလျှင် ကျော်သန်းတို့ပဲ ဆင်းဖယ်ကြရသည်၊ ဆင်းတွန်းကြရသည်။

ရောင်နီလေးသန်းလာပေပြီ။ မိုးလင်းတော့မည်။ တောတွင်းတစ်နေရာအရောက်တွင် မည်သည့်အဖွဲ့ဟူ၍မသိ။ လက်နက်ကိုင်တစ်စုက သေနတ်ပြပြီး ဆီးတား၏။ ကားဆရာက သူတို့ဆီသို့ ချဉ်းကပ်သွားသည်။ ပိုက်ဆံပေးလိုက်သည်ဟု ယူဆရသည်။ ကားက ဆက်လက်ထွက်ခွာခွင့်ရလာ၏။

နံနက်လင်းလျှင် ရေတသွင်သွင် စီးနေသော မြစ်ကျဉ်းလေးတစ်ခုနားသို့ ရောက်လာကြ၏။

"ရောက်ပြီ၊ ဆင်းကြလေ"

ကားဆရာ၏ အမိန့်ပေးသံကြောင့် ကျော်သန်းတို့ ကမန်းကတန်း ဆင်းလိုက်ကြ၏။

"ဒါ သောင်ရင်းမြစ်ပဲ၊ ဟိုဘက်က မြင်နေရတာ ထိုင်းနိုင်ငံ၊ ခင်ဗျားတို့ ဟိုဘက်ဒီဘက် တန်းထားတဲ့ကြိုးတန်းကို စက်လှေပေါ်ကနေဆွဲရင်း သွားကြရမှာ"

ကျော်သန်းတို့ စက်လှေပေါ် ဆင်းလိုက်ကြသည်။ လက်ကို ဘယ်ညာပြောင်းပြီး ကြိုးတန်းကိုဆွဲလိုက်ခြင်းဖြင့် ထိုင်းဘက်ကမ်းသို့ရောက်သွားကြ၏။ ကမ်းခြေတွင် အသင့်စောင့်ကြိုနေကြသော ယောက်ျားနှစ်ယောက်က လက်ပြခေါ်ကြသည်။ သူတို့အခြေအနေကို ကြည့်ခြင်းအားဖြင့် မြန်မာစကားသုံးဝမတတ်ဟု

www.burmeseclassic.com

ကျော်သန်းတို့ နားလည်လိုက်ကြသည်။ ကျော်သန်းတို့အဖွဲ့ကို ရှေ့တစ်ယောက်၊ နောက်တစ်ယောက် ညှပ်ကာ ခေါ်ယူလာကြ၏။

အဆောက်အအုံတစ်ခုရှေ့သို့ အရောက်တွင် တစ်ယောက်က တံခါးဖွင့်ပေး၏။ ကျန်တစ်ယောက်က နောက်ကနေ ခြေထောက်ဖြင့်ပိတ်ကန်ပြီး တစ်ယောက်ပြီးတစ်ယောက် အတွင်းသို့ရောက်စေ၏။ လူစုံသည့်အချိန်တွင် တံခါးကို သော့ခတ်ထားခဲ့ကြသည်။ အခန်းထဲတွင် ပြောင်းဖူးတွေတွေ့သဖြင့် ပြောင်းဖူးသိုလှောင်ရုံဟု နားလည်လိုက်ကြ၏။ ရုံထဲတွင် ကိုယ့်ထက်အလျင်ဦးပြီး ရောက်နေသူများကိုလည်း တွေ့ကြရသည်။

ကျော်သန်းတို့မှာ တစ်နေကုန် ပြောင်းဖူးသိုလှောင်ရုံထဲတွင် နေကြရသည်။ မည်သူမျှလည်း လာမတွေ့၊ စားစရာ၊ သောက်စရာလည်း လာမပို့ကြ။ ကျော်သန်းတို့မှာ ဗိုက်ဆာလွန်း၍ ပြောင်းဖူးစိမ်းများကို ကိုက်စားကြသည်။

ည ၈ နာရီခန့်တွင် ကားတစ်စီးရောက်လာပြီး ကျော်သန်းတို့ကို ကားပေါ်သို့ တက်ခိုင်းလိုက်သည်။ ကားမှာ မြို့တစ်မြို့ကို ကွေ့ပတ်ပြီး ညလုံးပေါက်မောင်း၏။ ကျော်သန်းတို့မှာ ဗိုက်ဟောင်းလောင်းဖြင့် တစ်ညတည်းဟူသောအချိန်ကာလကို ကားပေါ်မှာပဲ ကုန်စေခဲ့လေသည်။

+ + +

နံနက်မိုးလင်းပေပြီ။ မြစ်ကမ်းခြေရှိ ခြံဝင်းတစ်ခုထဲသို့ ကားကို အရှိန်လျှော့ပြီး မောင်းဝင်လိုက်သည်။ မြစ်ကမ်းခြေတွင် ငါးဖမ်းသင်္ဘောတွေ ပြည့်နေသည်။ မဟာချိုင်ဝဒုတ်ဆိပ်ကမ်းဟု နောက်မှသိရ၏။

နေ့လယ်ယောက်တွင် ထိုင်းလူမျိုးဟု ယူဆရသူတစ်ယောက် ထမင်းလာပို့၏။ ဆန်ဟောင်း၊ ဆန်ကြမ်းကို ချက်ထားတာပဲဖြစ်ပေလိမ့်မည်။ နံစော်နေ၏။ ငါးတွေ၊ ဟင်းတွေကို နို့လိုဟာမျိုး ချောချောကျိကျိ အရည်တစ်မျိုးနဲ့ ရောချက်ထားရာ ကျော်သန်း လုံးဝစား၍မရ။ ကျော်သန်းမှာ မိဘရိုးရာ လယ်သမားဖြစ်သည်။ မချမ်းသာသော်လည်း သည်မျှဆိုးသော၊ ညံ့သော ထမင်းဟင်းမျိုးကို တစ်ခါတလေမျှ မစားဖူး။

တစ်ယောက်လျှင် ပလာတူး ငါး တစ်ပိုင်းနှင့် ခရမ်းသီးတစ်ခြမ်း ရသည်။ ဘာပဲဖြစ်ဖြစ် ဟောင်းလောင်းကြီးဖြစ်နေသော ဗိုက်ထဲသို့ အစာရောက်ဖို့ အရေးကြီးသည်။ ကျော်သန်း ကြိုးစားပြီး မျိုချ၏။ အစာအိမ်ထဲတွင် နည်းနည်းအခုအခံရသွားချိန်တွင် ထမင်းပွဲမှ ထလိုက်၏။ သောက်ရေဘူးနားသို့ အရောက်တွင် ကျော်သန်း တော်တော်စိတ်ညစ်သွားရပြန်သည်။ သံချေးများဖြင့် ပေကျံနေသော သံပုံးထဲတွင် ထည့်ထားသောသောက်ရေမှာ နီကြင်ကြင်ဖြစ်နေ၏။ ကျော်သန်း ကြိတ်မှိတ်ပြီး သောက်ချလိုက်ပြန်သည်။

နေမွန်းတိမ်းချိန်လောက်တွင် ကျော်သန်းတို့ရွာသား၊ ကျော်သန်းတို့နဲ့ လယ်အတူလုပ်ဖက် သာကျော် ရောက်လာသည်။ ကျော်သန်းနဲ့ အကြည့်ချင်း ထိတွေ့သွားကြသည်။ ကျော်သန်းလည်း မရယ်မပြုံး၊ သာကျော်လည်း မရယ်မပြုံး။

"ကျော်သန်း မင်း ငါးဖမ်းသင်္ဘောနဲ့ ငါးဖမ်းလိုက်ရမယ်"

"ဟေ့ကောင် သာကျော်၊ ငါ ထိုင်းလာတာ မင်းအမေက ကုန်းပေါ်မှာပဲ လက်သမားအလုပ်ရမယ် ဆိုလို့ လိုက်လာတာကွ"

"မရဘူး၊ ငါးဖမ်းသင်္ဘောနဲ့ လိုက်ရမယ်၊ သူဌေးဆီမှာ မင်းတို့ကို ငါအပ်ပြီးသား"

သာကျော်မှာ သည်မျှသာပြောပြီး ဆိုင်ကယ်ကို မောင်းထွက်သွားသည်။

ကျောချမှ ဓားပြမှန်းသိ ဆိုသလိုမျိုးပေါ့။ မကျေချမ်းစိတ်သည် ကျော်သန်းရင်ထဲတွင် အစိုင်အခဲတစ်ခုလို ဖြစ်နေ၏။

ဩော်..ခေတ်စနစ်ပဲမကောင်းတာလား၊ လူတွေကပဲ မကောင်းတာလား၊ ကမ္ဘာလောကကြီးက ဖောက်ထိုးမိုးမျှော်ကြီးပါတကား။

+ + +

ကျော်သန်းတို့မှာ ဒုတ်ဆိပ်ကမ်းသို့ ရောက်သည့်နေ့မှစ၍ အလုပ်ဆင်းရ၏။ ပိုက်ချပ်ဖြင့် သံကြိုးရစ်ရသည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com





သည်။ အလုပ်အကိုင်အဆင်မပြေလျှင် လုပ်ငန်းတာဝန်ခံက ခြေထောက်ဖြင့် ပိတ်ကန်ခြင်းကို ခံရသည်။ ကျော်သန်းတို့မှာ ငရဲခန်းသို့ ချင်းနင်းဝင်ရောက်နေကြပြီဟု နားလည်လိုက်ကြ၏။

ကျော်သန်းတို့မှာ တစ်ပတ်လုပ်အားခ ထိုင်းဘတ် (၂၅၀)ရသည်။ ကိုယ့်ရွာသား ပွဲစားသာကျော်က (၁၂၅)ဘတ် ဖြတ်ယူသဖြင့် ကျော်သန်းတို့မှာ လုပ်အားခ တစ်ဝက်သာရသည်။ အိမ်ကြက်ချင်း အိုးမဲသုတ်ပြီး ခွပ်ခိုင်းနေသည်ဆိုက မှားမတဲ့လား။

ကျော်သန်းတို့ လူကုန်ကူးခံရသူတို့မှာ တစ်လခန့်အကြာတွင် မဟာချိုင်၊ ဝဒုတ်ဆိပ်ကမ်းမှ ပင်လယ်ပြင်ထဲသို့ ငါးဖမ်းထွက်ခဲ့ကြရလေပြီ။ သဘော်ာသားက (၁၅)ယောက်၊ အလုပ်ကြမ်းသမားက (၁၅)ယောက်၊ ပွဲနင်းက သုံးယောက်ပါဝင်သည်။

သဘော်ာမှာ အက်ဒမန်ပင်လယ်ထဲသို့ သွားနေခြင်းဟု သိကြရသည်။ လှိုင်းလုံးကြီးများမှာ တောင်တန်းကြီးများသဖွယ် တစ်လုံးပြီးတစ်လုံး ဝင်လာကြသည်။ စက်သံ၊ လှိုင်းသံတွေကြောင့် အချိန်ပြည့်ဆူညံနေ၏။ ကြမ်းတမ်းသော သဘာဝပတ်ဝန်းကျင်အထိအတွေ့ကြောင့် ကျော်သန်းမှာ မူးနောက်နောက်ကြီး ခံစားနေရ၏။

ပိုက်ချသည်မှာ စက်ဖြင့်ချသည်မှာ မှန်ပါ၏။ သို့သော် လိုအပ်လျှင် လိုအပ်သလို အလုပ်သမားတွေက ဖော့တွေ၊ ကြိုးတွေကို အဆင်ပြေအောင် စီစဉ်ပေးကြရသည်။ ပိုက်ကို လေးနာရီတွင် တစ်ကြိမ်စီဖော်သည်။ ငါးတွေရလွန်းလှ၏။ ငါးမျိုးစုံပါသည်။ ငါးမန်းကြီးတွေဆိုလျှင် (၄)လံမျှရှိသည့် အကောင်ကြီးတွေပါသည်။ လူအရပ်လောက်အကောင်တွေကတော့ များမှများ။ ငါးလိပ်ကျောက်အကောင်ကြီးဆိုတွေ လူ(၁၀)ယောက် မ,ရုံမျှဖြင့် မရနိုင်။

အလုပ်သမားများက ငါးအမျိုးအစားအလိုက် ရွေးရသည်။ ရွေးပြီးလျှင် အအေးခန်းထဲသို့ ပို့ကြရ၏။ အအေးခန်းထဲသို့ အလှည့်ကျဆင်းကြရသည်။ ငြင်းဆန်၍မရ။ ငြင်းဆန်လျှင် ပါးရိုက်ခံကြရသည်။ အအေးခန်းထဲသို့ရောက်လျှင် အေးလွန်းသဖြင့် အသားအရေတွေ ရှုံ့ဝင်ပြီး မည်းညစ်သွားသည်။ ရင်တွေတုန်ပြီး ဦးနှောက်တွေ မူးဝေသွားကြ၏။ အအေးခန်းမှတက်ပြီး ကုန်းပတ်သို့ရောက်လျှင် အနွေးဓာတ်ကလေးရလို၍ သဘော်ာမီးခိုးတိုင်ကို ပြေးဖက်ကြရသည်။ အခိုးဆုံးမှာ ခေါင်းအုံးမရှိ၊ စောင်မရှိသည့်အပြင် အိပ်ချိန်ဟူ၍ လုံးဝမပေးခြင်းပင်။ လှိုင်းများနဲ့ စီးချင်းထိုးနေသော သဘော်ာပေါ်တွင် (၂၄)နာရီ အလုပ်ကြမ်းလုပ်နေကြရသည်။

ပလာတူးငါးကို ဖြစ်သလိုတုံးကာ ရေမဆေးဘဲချက်သည်။ ငရုတ်သီးခြောက်ကို ချိုးထည့်သည်။ ခရမ်းသီးကို နှစ်ခြမ်းခွဲကာ အနံ့ဆိုးသော အဆီတစ်မျိုးဖြင့် ရောချက်သည်။ ချက်ပြီးသားငါးဟင်းတွေက အနံ့ဆိုးတွေကြောင့်အန်ချင်စိတ်ပေါက်သည်။

သောက်ရေကို ရေခဲနဲ့ ပင်လယ်ဆားငန်ရေရောပြီး သောက်ခိုင်း၏။ အလုပ်သမားတွေမှာ ထမင်းတစ်လုတ် အစာအိမ်ထဲရောက်ဖို့အတွက် အတော်ကြိုးစားပြီး မျိုချနေကြရ၏။ ထမင်းလုတ်ကိုဝါးရင်း

www.burmeseclassic.com



မျက်ရည်များလည်ရသည့်အထိဖြစ်ကြရသည်။ ရေချိုးရဖို့ဆိုသည်ကားဝေးစွ။ ပင်လယ်ဆားငန်ရေကြောင့် တစ်ကိုယ်လုံးတွင် ဆားပွင့်ထကာပေကျံနေ၏။

ထိုင်းနိုင်ငံသား သင်္ဘောသားတွေကတော့ ကောင်းပေ့ဆိုသည့် ငါးတွေကိုရွေးပြီး ကြော်ချက်စားကြသည်။ ကျောက်ပုစွန်တွေကိုကြော်ပြီး အရက်ကောင်းကောင်းနဲ့မြည်းကြသည်။ ပင်လယ်ထဲမှာ လှိုင်းအိကလေးနဲ့ဆိုတော့ သူတို့အတွက် ဇိမ်မှဇိမ်။

ထိုင်းသင်္ဘောသားတွေမှာ ကျော်သန်းတို့ အလုပ်သမားတွေကို သူတို့လက်ခုပ်ထဲက ရေဖြစ်နေပြီဆိုပြီး ခိုင်းချင်တိုင်းခိုင်းကြ၏။ စက်ရုပ်တွေနဲ့မခြား။ လူကုန်ကူးခံရသူ အလုပ်သမားများမှာ အရှင်လတ်လတ် ငရဲခန်းသို့ ရောက်နေကြရခြင်းပင်ဖြစ်ပေသည်တကား။

✦ ✦ ✦

တစ်နေ့ ရန်ကုန်မြို့နေ ဦးဗညွန့်၊ ကျောင်းအုပ်ဆရာကြီး(ငြိမ်း)ဆီသို့ ဖုန်းနှစ်ကော ရှေ့ဆင့်နောက်ဆင့် ဝင်လာသည်။ ပထမဝင်လာသောဖုန်းမှာ မြေပုံမြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်လုံးဆီကဖုန်းဖြစ်သည်။ [ဦးမောင်လုံးမှာ ၂၀၀၅–၂၀၀၇ ထိ အ–ထ–က (၆)ဗိုလ်တထောင်(စိန်ပေါလ်)ကျောင်းတွင် ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။] ဦးဗညွန့်နဲ့ ရွာနီးချုပ်စပ် ငယ်သူငယ်ချင်းဖြစ်သည်။ ကျွန်းစဉ်သားတွေ အင်ဒိုနီးရှားရေပိုင်နက်ထဲတွင် ကြီးစွာသောဒုက္ခနဲ့ ရင်ဆိုင်နေကြရပြီး အသက်ဆုံးရှုံးသွားနိုင်သည့် အနေအထားမျိုးထိရှိကြောင်း၊ ဆရာကြီးဦးဗညွန့်အနေဖြင့် အတတ်နိုင်ဆုံး ကြိုးစားကူညီပေးရန်ဖြစ်သည်။

နောက်တစ်ကောမှာ အက်ဒမန်ပင်လယ်ပြင်ငရဲခန်းမှ ဆရာကြီးဦးဗညွန့်၏ ငယ်တပည့်ဆီကဖုန်းဖြစ်သည်။ ငါးဖမ်းသင်္ဘောပေါ်မှာ အနှိပ်စက်အညှဉ်းဆဲခံနေရကြောင်း၊ နောက်(၂)လထက် အသက်ရှင်နိုင်စရာမရှိကြောင်း ဖုန်းဆက်ခြင်းဖြစ်၏။ ငရဲခန်းကင်ဒိုသံများဟု ကင်ပွန်းတပ်လိုက်လျှင် မှားအံ့မထင်ပေ။ ပင်လယ်ပြင်ငရဲခန်းထဲ ရောက်နေကြသူများမှာ ဆရာကြီးဦးဗညွန့်၏ ငယ်တပည့်များပင်ဖြစ်ကြသည်။

ဦးဗညွန့်ရင်ထဲတွင် မချိအောင်ခံစားသွားရသည်။ ရခိုင်ပြည်နယ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ နေပြည်တော် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့အပြင် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးစသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များဆီသို့ စာဖြင့်တစ်နည်း၊ လူကိုယ်တိုင်သွား၍တစ်မျိုး အကူအညီတောင်းခံ၏။

ဆရာကြီးဦးဗညွန့်သည် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်ရင်း I.O.M (International Organization for Migration) [ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း] နှင့် ဆက်သွယ်မိသွားခဲ့သည်။

✦ ✦ ✦

ကျော်သန်းတို့ ငါးဖမ်းသင်္ဘောမှာ (၂)လတစ်ကြိမ် အင်ဒိုနီးရှားနိုင်ငံ (AMBON) မြို့သို့ ငါးပို့ရန်ဝင်ကြောင်း ဆရာကြီးဦးဗညွန့်ဆီ သတင်းပို့၏။ ဆရာကြီး အဖြေတစ်ခု ချက်ချင်းရသွားသည်။ ကလေးများမှာ ပင်လယ်ထဲဆက်နေလျှင် အသက်တွေဆုံးရှုံးသွားကြတော့မည်။ ပင်လယ်ပြင်ထဲတွင် (၆)နှစ်တိတိ ငါးဖမ်းပေးရန်ကတိဖြင့် ပွဲစား


www.burmeseclassic.com

www.burmeseclassic.com



**(၆)ရက်မြောက်သောနေ့တွင် လမ်းမှဝယ်ယူလာခဲ့ကြသော မုန့်ထုပ်ကလေးတွေကုန်ပြီ။ ရေကိုတော့ ဦးထုပ်ဖြင့် မိုးရေခံပြီး သောက်ကြရ၏။ အီကွေတာမိုးသစ်တောရာသီဥတုရှိသော ဒေသဖြစ်၍ မိုးမပြတ်ရွာသည်။ ဒုက္ခသည်များမှာ မိုးရေထဲတွင် အချိန်ပြည့်လိုလို ပေခံနေကြရသည် . . .**

က ရောင်းစားခဲ့ကြောင်း သိရသည်။ သို့ဖြစ်၍ ကမ်းသို့ရောက်လျှင် ဖြစ်သည့်နည်းလမ်းဖြင့် ထွက်ပြေးကြရန် အကြောင်းကြားပေးလိုက်သည်။

ခုဆို ကျော်သန်းတို့အဖွဲ့ (AM-BON) မြို့ပတ်ဝန်းကျင် တောနက်ကြီးထဲမှတစ်နေရာသို့ ရောက်နေကြပေပြီ။ (၆)ရက်မြောက်သောနေ့တွင် လမ်းမှဝယ်ယူလာခဲ့ကြသော မုန့်ထုပ်ကလေးတွေကုန်ပြီ။ ရေကိုတော့ ဦးထုပ်ဖြင့် မိုးရေခံပြီး သောက်ကြရ၏။ အီကွေတာမိုးသစ်တောရာသီဥတုရှိသော ဒေသဖြစ်၍ မိုးမပြတ်ရွာသည်။ ဒုက္ခသည်များမှာ မိုးရေထဲတွင် အချိန်ပြည့်လိုလို ပေခံနေကြရသည်။ တောဝက်တွေပေါသဖြင့် တောဝက်အန္တရာယ်ကိုလည်း သတိထားနေကြရ၏။

သူတို့မှာ ရန်ကုန်ရှိ ဆရာကြီး ဦးဗညွန့်ဆီသို့ မပြတ်ဖုန်းဆက်၏။ ဆရာကြီးက I.O.M ကို အကူအညီတောင်း၏။ သူတို့ချင်း အင်ဒိုနီးရှား I.O.M နဲ့ ဆက်သွယ်ကြသည်။ ဆရာကြီး ဦးဗညွန့်က မှူခင်းနှင့်သတင်းစုံ ဂျာနယ်တွင်လည်း ဆောင်းပါးရေးပြီး သက်ဆိုင်ရာများထံမှ အကူအညီရယူရန် ဆောင်ရွက်သည်။ I.O.M ၏ ဆောင်ရွက်မှုကြောင့် တောတွင်းကာလ (၁၂) ရက်မြောက်နေ့တွင် ဒုက္ခသည်များကို ကယ်ထုတ်နိုင်ခဲ့ကြသည်။ ဤအခြေအနေမျိုးအထိ ဖြစ်ပေါ်လာရခြင်းမှာ I.O.M(မြန်မာ)က ဒေါ်အေးအေးမာကျော်(National Programme Officer)၏ ဆောင်ရွက်မှုများစွာပါဝင်ခဲ့ပေသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ရဲတပ်ဖွဲ့နှင့် လဝကတို့ စစ်ဆေးမှုများပြုလုပ်ရင်း နှစ်လကျော်အချိန်ကြာမြင့်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရေးအတွက် နေပြည်တော် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ထွန်းက သံရုံးများနှင့် ဆက်သွယ်ပြီး အဓိကဆောင်ရွက်ပေးသည်။ I.O.M ကပင် ဒုက္ခသည်များအတွက် I.O.M တံဆိပ်ပါ ဝတ်စုံများထုတ်ပေးသည်။ ၁၉-၉-၂၀၁၄ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် မလေးရှားလေဆိပ်သို့ ရောက်ရှိကြသည်။ မလေးရှားတွင် တစ်ညအိပ်ရသည်။ ၂၀-၉-၂၀၁၄ နံနက် ၁၁ နာရီ ၃၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

I.O.M (မြန်မာ)မှ ဒေါ်အေးအေးမာကျော်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစောဝင်း(ညွှန်မှူး)၊ ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုရဲမှူးမင်းအောင်၊ ရဲအုပ် ကျော်စွာဝင်းနှင့် ဦးဗညွန့်(ကျောင်းအုပ်ဆရာကြီး၊ ငြိမ်း)တို့က လေဆိပ်မှကြိုဆိုကြသည်။ လူမှုဖူလုံရေးဌာနတွင် တစ်ညအိပ်ပြီး နောက်တစ်နေ့တွင် မိမိနေရပ်သို့ ပြန်ပို့လိုက်ကြသည်။ ဒုက္ခသည်များ မြန်မာနိုင်ငံသို့ ရောက်ရှိရေးအတွက် ကုန်ကျစရိတ်များကို I.O.M ကပင် ကူညီခဲ့သည်။ နေရပ်သို့ပြန်ရန်အတွက်လည်း ဒုက္ခသည်တစ်ဦးလျှင် မြန်မာငွေကျပ် (၂)သိန်းစီ ထောက်ပံ့လိုက်သေးသည်။ ကျော်သန်းတို့အဖွဲ့တွင် လူပေါင်း (၁၄) ယောက် ပါဝင်သည်။

သို့သော် သက်လွင်ဦးဆိုသော ကောင်လေးတစ်ယောက်မှာ N.O.M မှ စစ်ဆေးစရာကျန်သေးသည်ဟု ပြောသဖြင့် မျက်စိသူငယ်၊ နားသူငယ်နဲ့ လူမျိုးခြားတိုင်းပြည်တွင် ကျန်နေခဲ့သေးသည်။ မည်သူမှတော့ စိတ်မကောင်းကြ။

ကျွန်းစင်မြေစောက်

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာညစာခံပွဲတစ်ခုကျင်းပခါနီးလေ ကေခိုင် စိတ်ရှုပ်ရလေဖြစ်နေ၏။ ကြည့်ပါဦး။ မိမိ၏ မင်္ဂလာပွဲအတွက် ခန်းမကြိုငှားရ၊ ကျွေးမွေးဖို့လုပ်ရ၊ ကြိုပို့ဖို့စီစဉ်ရနှင့် မင်္ဂလာမောင်နှံစီးရမည့်ယာဉ်ကအစ ဗီဒီယိုမှတ်တမ်းတင်အဆုံး ကိုယ်တိုင်စီစဉ်နေရသည်။ အဝတ်အစားဆိုလျှင်လည်း လိုက်ဖက်မည့်အရောင်ကအစ တွေးရ၊ ဒီဇိုင်နာနှင့်တိုင်ပင်ရ၊ မိတ်ကပ်နှင့် လက်ဝတ်ရတနာအပြင် အခြားသတို့သမီးနှင့် သက်ဆိုင်သော ဝတ်ဆင်ရမည့် ပစ္စည်းအဆုံး ကေခိုင်တစ်ယောက်တည်းသာလျှင် လုပ်ဆောင်နေရ၏။

"ဟင်း.....ကိုနောင်အတွက် အဆင်သင့်ရှိပြီးသားဖြစ်လို့ တော်ပါသေးရဲ့နော်၊ ဒါပေမဲ့ သူ့ဘက် ကိုယ့်ဘက် ဝတ်စားဖို့ စီစဉ်ရတာက ခေါင်းနောက်နေရပြီ"

ကေခိုင့်တွင် မောင်နှမ မရှိသည့်အတွက် တော်ပါသေးသည်။ သို့ပေမယ့် ကိုနောင့်မိဘများက အဝတ်အစား အရောင်အသွေးကအစ ချေးများနေ၏။ နှစ်ဖက်စလုံးတွင် တစ်ဦးတည်းသော သား၊ သမီးများဖြစ်နေ၍သာ ဆွေမျိုးဒဏ်မခံရသည်ကို ကျေးဇူးတင်နေရ၏။

"ကေခိုင် ရှင်ကံကောင်းတယ်သိလား၊ အားလုံးက ရှင့်သဘောပဲ၊ ကိုနောင်ဆိုလည်း အေးဆေးတယ်၊ ရှင်စီစဉ်တာကို ခေါင်းညိတ်တဲ့ယောကျ်ားမျိုးပဲ"

ကေခိုင်တစ်ယောက် သဘောတော်ကျသွားတော့၏။



# လုပ်ရက်တယ်

## အိမ့်(ရူပဗေဒ)

\+ + +

မင်္ဂလာပွဲကျင်းပသည့်နေ့တွင်တော့ သူငယ်ချင်းနှစ်ယောက်ကို အကူအညီတောင်းထားရသည်။ လက်ဖွဲ့ငွေ လက်ခံသည့်နေရာကအစ ကေခိုင်က ယုံကြည်စိတ်ချရသူကိုသာထား၏။

"ဟိုမှာ လုလုပပ ညစာခံစမ်းပါ ကေခိုင်ရာ၊ ဒီကကိစ္စ စိတ်သာချ၊ မျိုးနဲ့သက်တို့ရှိတယ်၊ မင်းတို့လက်ဖွဲ့တွေက အများကြီးပဲကွာ၊ အခု နာရီဝက်အလိုအထိ ငွေက သိန်း ၂၀ ကျော်နေပြီ၊ လက်ဖွဲ့ပစ္စည်းတွေက ဘယ်နခေါက်လောက် ကားနဲ့ တိုက်ရဦးမလဲ မသိဘူး၊ အားကျလိုက်တာကွာ"

"အဲဒါ ကိုနောင့်ဘက်က အရာရှိတွေ လက်ဖွဲ့ကြလို့ပါကွာ"

ကေခိုင်က ရင်ထဲတွင် ကျိတ်၍ ဝမ်းသာနေမိ၏။ မင်္ဂလာပွဲပြီးလျှင် လက်ဖွဲ့ပစ္စည်းများကို ကြည့်ကြမည်။ ပြီးလျှင် ကိုယ့်အိမ်ကိုယ့်ရာနှင့် ပျော်ရွှင်စရာ မိသားစုဘဝကို ခိုင်မြဲရန် နေထိုင်သွားကြမည်ဟု စိတ်ကူးဖြင့် ကြည်နူးနေရ၏။ မင်္ဂလာပွဲပြီးဆုံးချိန်တွင် ဧည့်သည်များအား နှုတ်ဆက်ရင်း ကျေးဇူးတင်စကားကို ပြောရတော့သည်။

\+ + +

ဟိုတယ်တွင် လူများရှင်းသွားချိန်မှ လက်ဖွဲ့ပစ္စည်းများရှိရာသို့ ကိုနောင် အံ့ဩသွားစေရန် ခေါ်လာ ပြလိုက်၏။

"ဟင်.....မျိုး လက်ဖွဲ့ပစ္စည်းတွေရောဟင်"

"ရှင်တို့ပဲ သယ်ခိုင်းထားတာဆိုပြီး ကားကြီးနဲ့လာယူသွားတာလေ"

ကေခိုင် သွေးများ နားထင်ဆောင့်တက်သွားသလို ခံစားသွားရတော့သည်။ ငိုချင်စိတ်ကိုထိန်းပြီး.....

"မသယ်ခိုင်းပါဘူးကွာ၊ ရှင်တို့က လာမှမမေးဘဲကိုး"

"သိဘူးလေ၊ လူငါးယောက်က မြန်လိုက်တာကွာ၊ ကားကြီးထဲသယ်သွားတာမှ ခဏလေးပဲ၊ လက် ဖွဲ့ငွေတွေပါ တောင်းသွားတာပါ၊ သက်တို့လည်း ကိုနောင့်ဘက်ကလူတွေထင်လို့ ပေးလိုက်တာပါ"


"အမယ်လေး...ကုန်ပါပြီတော်သွားပါပြီ"

"ကေခိုင်....ကေခိုင် သတိထားလေ"

အိမ့် (ရူပဗေဒ)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



"ခွပ်.....ခွပ်.....ခွပ်"

ခြေကျမှန်စွာဖြင့် ကဆုန်ပေါက် ပြေးနေသော မြင်းညိုကြီးတစ်ကောင်။

မြင်းညိုကြီးပေါ်တွင် သက္ကလပ် ဦးထုပ်ကို ခပ်ငိုက်ငိုက်စောင်းပြီး ကုတ်အင်္ကျီအညိုနှင့် ဘောင်းဘီရှည်အညိုကို ဝတ်ဆင်ထားသော လူတစ်ဦး။

မြင်းက အညိုရောင်၊ လူက အညိုရောင်ဝတ်စုံ။

မြင်း၏အရောင်နှင့် လူဝတ်ဆင်ထားသော အဝတ်အစား အရောင်မှာ တစ်မျိုးတစ်စားတည်း ဖြစ်၍ ကောင်းကင်ပြာနောက်ခံတွင် လွန်စွာကြည့်ကောင်းနေသည်။

မြင်းကို ဒုန်းစိုင်းစီးနေသူမှာ မြင်းစီးကျွမ်းကျင်လှသည်။ ဇက်ကြိုးကို ခါးညွတ်၍ကိုင်ထားခြင်းဖြင့် မြင်းပြေးနေစဉ် လေတိုးအားကို ယုတ်လျော့စေသည်။ လေခွင်းအနေအထားဖြင့် မြင်းကိုဒုန်းစိုင်းစီးနေသောလူမှာ ခန္ဓာကိုယ် ကျစ်လျစ်တောင့်တင်းသူ ဖြစ်ဟန်ရှိသည်။

မြန်မာနိုင်ငံ၏ အရှေ့မြောက် နယ်စပ်မြို့အနီး ပြေးလွှားနေသော မြင်းကြောင့် မြင်ရသည့်ရှုခင်းမှာ လွန်စွာကြည့်ကောင်းလှသည်။

ထိုသူက သူ၏မြင်းကို တစ်ဖက်နိုင်ငံသို့ ဝင်ရောက်နိုင်သည့် မလွယ်ပေါက်ဆီသို့ ဦးတည်နေသည်။ မလွယ်ပေါက်ကို ခွေးတိုးပေါက်ဟုလည်း အလွယ်တကူခေါ်ကြသည်။ နှစ်နိုင်ငံ တရားဝင်ကူးသန်းသွားလာနိုင်သောဂိတ်မဟုတ်ဘဲ တစ်ဖက်နိုင်ငံသို့ ခိုးကြောင်ခိုးဝှက်ဖြင့် ဝင်ရောက်နိုင်သောလမ်း ဖြစ်သည်။

နယ်စပ်ဒေသဖြစ်၍ ထိုနေရာမှ တရုတ်နိုင်ငံ ကြယ်ဂေါင်အထိသွားနိုင်သည်။ ကြယ်ဂေါင်တွင် အရောင်းအဝယ်မျိုးစုံရှိ၍ ဒုစရိုက်သမားများလည်း စုံလင်ကြသည်။

ငွေကြေးလဲလှယ်သည့်လုပ်ငန်း လုပ်သူများကလည်း ထိုဝင်ပေါက်ကိုပင် အသုံးပြုသည်။ တရားဝင်သွားလာရန် မဖြစ်နိုင်သူများကလည်း အဆိုပါနေရာများကိုပင် အသုံးပြုသည်။

တရားဝင်ဂိတ်များတွင် မြန်မာနိုင်ငံဘက်ခြမ်းမှ အဖွဲ့စုံတို့က ကြီးကြပ်စစ်ဆေးမှုပြုသည်။ တစ်ဖက်ခြမ်းတွင် တရုတ်နိုင်ငံဘက်မှ တာဝန်ယူ စစ်ဆေးကြပ်မတ်မှုပြုသည်။

နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ပတ်သက်၍ မြန်မာနှင့် တရုတ်နိုင်ငံတို့ သဘောတူစာချုပ် ချုပ်ဆိုထားကြသဖြင့် တရားခံ အလွှဲအပြောင်း လုပ်နိုင်ခွင့်ရှိသည်။

မြန်မာနိုင်ငံအတွင်းသို့ ရှောင်တိမ်းလာသော တစ်ဖက်နိုင်ငံဘက်တွင် ပြစ်မှုကျူးလွန်ခဲ့သူများအား မြန်မာနိုင်ငံက ဖမ်းဆီး၍ တရုတ်နိုင်ငံရဲတပ်ဖွဲ့သို့ လွှဲပေးရသည်။ အလားတူပင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့လည်း လွှဲအပ်ပေးရသည်။

နှစ်နိုင်ငံရဲတပ်ဖွဲ့တို့ စစ်ကြပ်စောင့်ထိန်းမှု ပြုလုပ်နေသည့်တိုင် ခိုးကြောင်ခိုးဝှက် ဒုစရိုက်မှုများက ရှိနေကြဆဲဖြစ်သည်။ နယ်စပ်ဒေသသည် ပထဝီမြေပြင်အနေအထားအရ လုံခြုံမှုမရှိဟု ဆိုနိုင်သည်။

**နှစ်နိုင်ငံ နယ်နိမိတ်ကျောက်တိုင် ဟူသည် တောထဲ၊ တောင်ပေါ်တွင် အသိအမှတ် အမြင်နှင့်သာ စိုက်ထူထား၍ ခြံစည်းရိုးမရှိသော အိမ်နီးချင်းကဲ့သို့ တစ်ဖက်ပိုင်နက်ကို အလွယ်တကူ ကူးဝင်နိုင်သည်။**

...

www.burmeseclassic.com

www.burmeseclassic.com

ထိုမှဆက်လက်၍ မျှော်ကြည့်လျှင် ဝဒေသနှင့် ကိုးကန့်ဒေသဟူ၍ရှိသည်။ ''ဝ''ဒေသနှင့် ကိုးကန့်ဒေသသည် နယ်မြေချင်းဆက်စပ်သည်။ နယ်စပ်ဒေသကို ပိုင်းခြားထားသော နယ်နိမိတ်ကျောက်တိုင်များသည် တိုင်းရင်းသား ရခိုင်ဒေသကဲ့သို့ အခိုင်အမာ ခြံစည်းရိုးကာရံထားသော ဒေသများမဟုတ်ပေ။

နှစ်နိုင်ငံနယ်နိမိတ်ကျောက်တိုင်ဟူသည် တောထဲ၊ တောင်ပေါ်တွင် အသိအမှတ်အမြင်နှင့်သာ စိုက်ထူထား၍ ခြံစည်းရိုးမရှိသော အိမ်နီးချင်းကဲ့သို့ တစ်ဖက်ပိုင်နက်ကို အလွယ်တကူ ကူးဝင်နိုင်သည်။

ထိုသို့သော အခြေအနေများကြောင့် နယ်စပ်ဒေသ၏ အားနည်းချက်ကို အသုံးချပြီး ဒုစရိုက်သမားများက နယ်စပ်ဖြတ်ကျော်ကြသည်။ အချို့သော ဒေသခံများက အရောင်းအဝယ်ဖြင့် သွားလာမှုရှိသလို အချို့က ကြယ်ဂေါင်အထိ သွားရောက်ပြီး သောက်စားပျော်ပါးကာ ညပိုင်းကျမှ မိမိနေထိုင်ရာ နိုင်ငံဘက်သို့ ပြန်ဝင်တတ်သူများလည်း ရှိသည်။

မြင်းညိုကို စီးနင်းလာသူက အလောတကြီးဖြင့် စီးနင်းပြီး ခရီးနှင်နေသည်။ တစ်ဦးဦးအား အချိန်မီတွေ့ဆုံရန်အတွက် ဖြစ်ဟန်ရှိ၏။

''ဒိုင်း.....''

''ရှီ.....''

ကျည်ပေါက်ကွဲသံနှင့် ထိမှန်မှုမရှိ၍ လေထဲတိုးဝင်ဖြတ်သန်းသံက ပေါ်လာသည်။

မြင်းညိုရှင်က သေနတ်သံကို ဂရုပြုမိသည်နှင့် သူ၏မြင်းကို ကွေ့ကောက်၍စီးသည်။

''ဒိုင်း.....ဒိုင်း''

စောင့်ကြိုပစ်ခတ်ဟန်ရှိသော နေရာမှ ကျော်လွန်သွားချိန်တွင် အနောက်မှ ထပ်မံပစ်ခတ်သံ နှစ်ချက် ပေါ်လာသည်။ ကျည်ပေါက်ကွဲသံက အပြင်းစားမဟုတ်၍ ကာဘိုင်သေနတ်သံဟု ထင်ရသည်။

နယ်စပ်ဒေသတွင် လက်နက်ပုန်းက ပေါသည်။ မူးယစ်ဂိုဏ်းများနှင့် လုယက်ဂိုဏ်းများက သေနတ်ကို ပုန်းလျှိုးကွယ်လျှိုး ကိုင်တတ်ကြသည်။

မြင်းညိုရှင်က သူ့မြင်းကို လမ်းကြောင်းပြောင်းလိုက်သည်။ အန္တရာယ် စောင့်ကြိုနေမည်ဟု ယူဆရသောနေရာကို ရှောင်ရင်း လမ်းသစ်ကို ရွေးလိုက်သည်။

လမ်းသစ်က လူအသွားအလာများသော ကားလမ်းရှိသည့်လမ်းဖြစ်သည်။ ကားလမ်းပေါ်ရောက်သည်နှင့် မြင်းညိုရှင်က သူ့မြင်းကို အသားကျစီးလိုက်သည်။

''တီ.....တီ.....တီ''

မြင်းညိုရှင်၏နောက်မှရောက်လာသော ကားတစ်စီးက ဟွန်းသံပေး၍ လမ်းတောင်းသည်။ မြင်းညိုရှင်က သူ့မြင်းကို လမ်းဘေးသို့ဆွဲချ၍ လမ်းဖယ်ပေးလိုက်သည်။

မောင်းလာသောကားက မြင်းကိုကျော်တက်ပြီး မောင်းသွားသည်။ လမ်းပေါ်တွင် လူအသွားအလာရှိနေ၍ လုပြတ်သည်ဟုမဆိုသာ။



မြင်းကိုကျော်လွန်ပြီး ကားက ရှေ့သို့ ကိုက်ငါးဆယ်ခန့်ကျော်သွားပြီးမှ နောက်ပြန်ဆုတ်လာသည်။ မြင်းညိုရှင်က သူ့မြင်းကို ရပ်မြဲရပ်ထားရင်း နောက်ဆုတ်မောင်းလာသောကားကို ကြည့်နေခဲ့၏။

ကားက သူ့မြင်းရှေ့တွင် ရပ်လိုက်သည်။

ကားပေါ်မှ မိန်းမလှလေးတစ်ဦး ဆင်းလာသည်။ ကားတံခါးကို ဖွင့်ထားလျက်ကြည့်ရင်း မြင်းညိုရှင်ကို လှမ်းခေါ်လိုက်သည်။

''ကိုသီဟ''

www.burmeseclassic.com

www.burmeseclassic.com



မြင်းညို့ရှင်ပင်လျှင် အံ့အား သင့်သွားခဲ့ရ၏။

"မြလေးခင်"

မြလေးခင်က လှပစွာပြုံးရင်း သူ့ကိုကြို့ဆိုလိုက်သည်။

"ကိုသီဟ ဒီကိုတယ်လိုရောက် လာတာလဲ"

"သူငယ်ချင်းတစ်ယောက်ဆီ အလည်လာရင်း မြင်းစီးချင်တာနဲ့ ဒီနားတစ်ဝိုက်မှာ လေ့လာရင်း မြင်း စီးနေတာပါ"

"ဟုတ်ရဲ့လား၊ ရန်ကုန်သား ကြီးက ဒီလိုဝေးကွာလွန်းတဲ့ဒေသ ကို လာရတယ်ဆိုတော့ အကြောင်း တစ်ခုခုတော့ ရှိမှာပေါ့"

"ဒေသန္တရ လေ့လာရေးပါ မြ လေးခင်"

"ယုံကြည်ပေးပါ့မယ်ရှင်"

"ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ မြ လေးခင်ကရော ဘာအကြောင်းနဲ့ ဒီကိုရောက်နေရတာလဲ"

"ဩော်.....ကိုသီဟ မေ့နေ ပြီထင်တယ်၊ ကျောင်းမှာတုန်းက မြ လေးခင်ရဲ့အဖေက မူဆယ်မှာနေ တယ်လို့ ပြောဖူးတယ်လေ"

"အင်း.....ဟုတ်သားပဲ၊ အဲဒီ လိုဆိုရင် မြလေးခင်ရဲ့အိမ်ကို လာ လည်ခွင့်ရှိသလား"

"ဖေဖေက သူစိမ်းယောက်ျား လေးတွေနဲ့ ခင်ခင်မင်မင်နေတာ မကြိုက်ဘူး၊ ဒီတော့ ဒီလိုလုပ်လေ"

"ဘယ်လိုလုပ်ရမှာလဲ"

"မြလေးခင်ကပဲ ကိုသီဟ ရှိ တဲ့နေရာကို လာတွေ့ပါ့မယ်၊ လိပ် စာပေးခဲ့လေ"

သီဟက ကားထဲသို့ လှမ်း ကြည့်လိုက်သည်။ ကားထဲတွင် ယာဉ်မောင်းတစ်ဦးနှင့် ကားနောက် ခန်းတွင် ထိုင်နေသော လူနှစ် ယောက်ကို တွေ့လိုက်ရသည်။

မြလေးခင်နှင့် အဖော်အဖြစ် လိုက်ပါလာသူနှစ်ဦးက သီဟကို မသိမသာ ခေါင်းငဲ့ကြည့်ရင်း လေ့ လာနေကြသည်။ နှစ်ဦးစလုံး လူ လတ်ပိုင်းအရွယ်များဖြစ်၍ လူသန်၊ လူကြမ်းပုံစံမျိုး ပေါက်နေ၏။

အစောင့်နှစ်ယောက်ပါရှိပြီး လူစိမ်းယောက်ျားလေးများနှင့် ရင်း ရင်းနှီးနှီး ဆက်ဆံသည်ကိုမကြိုက် သူ၏သမီးဖြစ်သူက သီဟကို မှတ် မှတ်ရရ နှုတ်ဆက်နေသည်မှာ သီဟအတွက် စဉ်းစားစရာတွေဖြစ် နေရသည်။

"ကောင်းပြီလေ၊ မြလေးခင် ကို မျှော်နေပါ့မယ်"

သီဟက ၎င်းတည်းခိုနေသော ဟိုတယ်လိပ်စာကို ပြောပြလိုက်၏။ မြလေးခင်က နှုတ်ဆက်ပြီး ကား ပေါ်ပြန်တက်သည်။

မြလေးခင် လိုက်ပါသွားသော ကားကို ငေးကြည့်နေမိသည့် သီဟ ၏အတွေးထဲတွင် သူနှင့် မြလေး ခင်တို့၏ အတိတ်မှ ချစ်ပုံရိပ်များကို ပြန်လည်မြင်ယောင်နေမိခဲ့သည်။

✦ ✦ ✦

"ဟင်....."

ည ၉ နာရီထိုးမှ သီဟသည် သူတည်းခိုနေသော ဟိုတယ်၏ အခန်းအမှတ် (--)သို့ ပြန်ရောက် ခဲ့သည်။

မူဆယ်မြို့သည် ညအချိန်၌ ဆောင်းကာလကဲ့သို့ အေးစက်နေ သည်။ သီဟ ရောက်ရှိတည်းခိုနေ သောအချိန်သည် မိုးအကုန် ဆောင်း အဝင်ကာလဖြစ်သည်။

"ဟင်....."

အခန်းထဲရောက်သည်နှင့် သူ့ အခန်းထဲမှပစ္စည်းများ နေသား တကျမဟုတ်ဘဲ ပြောင်းလဲနေသည် ကို တွေ့လိုက်ရ၏။

သူ၏ခရီးဆောင်သေတ္တာမှာ မူလထားရှိရာ အိပ်ရာနံဘေးရှိ စား ပွဲခုံပေါ်မှ ခုတင်ခြေရင်းသို့ ရွှေ့ရောက် နေသည်။

အိပ်ရာကိုလည်း လှန်လှော

**ဝဏ္ဏဗလဆိုသောနာမည်က**
**သီဟကို တုန်လှုပ်စေခဲ့သည်။ သူ့ကိုပင်**
**မူဆယ်မှ သုံးရက်အတွင်း ထွက်ခွာသွားရန်**
**သတိပေးခဲ့လေပြီ...**

www.burmeseclassic.com

www.burmeseclassic.com

ရှာဖွေထား၍ တွန့်ကျေပြီး ခြေရာလက်ရာများပျက်နေသည်။

သီဟ အခန်းထဲသို့ ဝင်လာစဉ်က အခန်းတံခါးသော့ကိုဖွင့်၍ ဝင်လာခဲ့ရခြင်းဖြစ်သည်။ ခရီးဆောင်အိတ်ကိုလည်း သော့ခတ်ထားမြဲအတိုင်း တွေ့ရသည်။

သီဟက ခရီးဆောင်အိတ်ကို မဖွင့်တော့ဘဲ အခန်းကို လှည့်ပတ်စစ်ဆေးသည်။ မသင်္ကာစရာ ဘာမှမတွေ့ရပေ။ အားလုံး လုံလုံခြုံခြုံ ရှိနေသည်။

အခန်းတံခါးဝင်ပေါက်သော့ကို စိတ်ချရသည်အထိပိတ်ပြီး ခရီးဆောင်အိတ်ကို ဖွင့်ကြည့်သည်။ အဝတ်အစားများမှာ သူထားခဲ့သလို မဟုတ်။

ခရီးဆောင်အိတ်၏အောက်ခံကို သီဟက အထူးအစီအစဉ်ဖြင့် ပြုပြင်ထားသည်။ သို့ဖြစ်၍ အံဝှက်ကို ဖွင့်ကြည့်သည်။ သူ၏အရေးကြီးသော စာရွက်စာတမ်းများမှာ ပုံမှန်အတိုင်း ရှိနေကြသည်။

သီဟက အိပ်ခန်းဗီရိုထဲတွင် ဝှက်ထားသော လက်တော့ပ်ကွန်ပျူတာကိုယူပြီး စစ်ဆေးသည်။ ကွန်ပျူတာပါဝါခလုတ်ကိုဖွင့်သည်။

ကွန်ပျူတာထဲတွင် ပေါ်လာသော စာသားကြောင့် သီဟအဖို့ အံ့အားသင့်စရာ ဖြစ်ခဲ့ရသည်။

**"သီဟ၊ မင်းဘယ်သူဆိုတာ ငါသိတယ်၊ ဒီကနေပြီး သုံးရက်အတွင်း ထွက်သွားပါ။ မလိုက်နာရင် မင်းရဲ့အသက်ကို အာမခံချက် မပေးနိုင်တာ ဝမ်းနည်းပါတယ်"**

**ဝဏ္ဏဖလ**

ဝဏ္ဏဖလဆိုသောနာမည်က သီဟကို တုန်လှုပ်စေခဲ့သည်။ သူ့ကိုပင် မူဆယ်မှ သုံးရက်အတွင်း ထွက်ခွာသွားရန် သတိပေးခဲ့လေပြီ။

ယနေ့နံနက်ကလည်း သူမြင်းစီးနေစဉ် ချောင်းမြောင်းပစ်ခတ်ခြင်း ခံလိုက်ရ၏။ ကံကောင်းထောက်မမှုကြောင့် အသက်ဘေးမှ လွတ်ခဲ့ခြင်းဖြစ်သည်။

ချောင်းမြောင်းပစ်ခတ်မှုဖြစ်ပွားပြီး မကြာမီ မြလေးခင်နှင့် ဆုံခဲ့ရသည်။ မြလေးခင်က သူမလိပ်စာကို အတိအကျမပြောဘဲ ရှောင်ခဲ့သည်။

ဝဏ္ဏဖလ.....

ချောင်းမြောင်းပစ်ခတ်မှု.....

အတိတ်ကာလမှ ချစ်သူ မြလေးခင်.....

မည်သို့ဆက်နွှယ်နေသည်ကို တော့မသိ။ မြလေးခင်ကို သီဟက သူတည်းခိုနေသည့်ဟိုတယ်ကို ပြောပြခဲ့သည်။ နံနက်ပိုင်းတွင်အသိပေးပြောပြပြီးနောက် ညပိုင်း သူ့အခန်းသို့ ပြန်ရောက်လာသောအခါ သူ့အခန်းထဲသို့ ဝင်ရောက်သူရှိခဲ့သည်။

အခန်းတံခါး သော့ခတ်ထားပါလျက် ခြိမ်းခြောက်သူက မည်သည့်နည်းဖြင့် အခန်းထဲသို့ ဝင်ရောက်နိုင်ခဲ့လေသနည်း။

လက်တော့ပ်ကွန်ပျူတာထဲတွင် ခြိမ်းခြောက်စာရိုက်ထည့်သွားနိုင်သူမှာ ကွန်ပျူတာကျွမ်းကျင်သူဖြစ်သည်။ သူတို့တစ်တွေ မည်သို့ဆက်သွယ်မှုရှိ၍ မည်သို့အန္တရာယ်ပြုနိုင်သည်ဆိုသည်မှာ သီဟအတွက် စဉ်းစားစရာတွေ ဖြစ်ခဲ့ရ၏။

သီဟက သူ့လုံခြုံရေးအတွက် အထူးသတိထားနေရသည်။ တည်းခိုနေသော ဟိုတယ်ပင်လျှင် သူ့အတွက် လုံခြုံစိတ်ချရသော နေရာ မဟုတ်မှန်း သိသွားခဲ့သည်။

✦ ✦ ✦

"တီ.....တီ.....တီ"

နှစ်ခြိုက်စွာ အိပ်ပျော်နေသော သီဟမှာ နံနက်လင်းစပြုချိန်၌ သူ၏လက်ကိုင်ဖုန်းမြည်သံကြောင့် လန့်နိုးခဲ့ရသည်။

"ဟယ်လို.....သီဟပါ"

"ကိုသီဟ၊ မြလေးခင်ပါ"

"မြလေး၊ အစောကြီးပဲ၊ ဘာကိစ္စအထူးရှိလို့လဲ"

"ဒီနေ့မနက်ပဲ မြလေးခင်ရဲ့ အဖေ မန္တလေးကို ခရီးထွက်သွားတယ်၊ မနက်ဖြန်ညပိုင်းကျမှ ပြန်ရောက်မယ်တဲ့၊ အဲဒါ မြလေးခင်က ကိုသီဟနဲ့တွေ့ချင်လို့"

သီဟက စဉ်းစားသည်။ တွေ့သင့်၊ မတွေ့သင့် ဝေခွဲရသည်။ မြလေးခင်မှာ ဆူးရှိသော နှင်းဆီပန်းလိုဖြစ်နေသည်။ အကိုင်အတွယ် မကျွမ်းကျင်က ဆူးစူးနိုင်သည်။

"ဟုတ်ပြီလေ၊ အထူးကိစ္စရှိလို့လား"

"ဆိုပါတော့"

"မြလေးကို ဘယ်မှာတွေ့ရမလဲ"

"မြလေး ရုပ်ဖျက်ပြီး ထွက်လာခဲ့မယ်"

www.burmeseclassic.com



"ဘယ်ကိုလာမှာလဲ၊ ဘယ်လို ချုပ်ဖျက်ထားမှာလဲ"

"အိမ်မှာ မြင်းတွေရှိတယ်၊ မြင်းစီးလေ့ကျင့်မယ်ဆိုပြီး ထွက်လာမယ်၊ ဟိုနေ့က ကိုသီဟနဲ့ မြလေးခင်တို့ ဆုံတဲ့နေရာက ပိုကောင်းတယ်"

"ဖြစ်ပါ့မလား၊ အဲဒီနေရာက အန္တရာယ်ရှိတယ်"

"ဘာကိုဆိုလိုတာလဲ"



သီဟက သေနတ်ဖြင့် ချောင်းပစ်ခြင်းခံရသည်ကို သတိရမိ၍ လွှတ်ခနဲပြောလိုက်မိသည်။ မြလေးခင်က ပြန်မေးမှ စကားကိုလှီးလွှဲပြောလိုက်ရသည်။

"ဟိုလေ.....အဲဒီနေရာက လူသွားလူလာပြတ်တယ်၊ တစ်ဖက်နိုင်ငံနယ်စပ်နဲ့လည်းနီးတယ်၊ မြလေးအတွက် စိုးရိမ်လို့ပါ"

"ကိုသီဟအတွက်ဆိုရင် မြလေးဘက်က စွန့်စားရဲပါတယ်"

"ဟိုလေ မြို့ထဲက တစ်နေရာရာဆိုရင်ကော"

"မြလေးကို တစ်မြို့လုံးက သိကြတယ်၊ ဖေဖေသိသွားနိုင်တယ်၊ ဒါ့ကြောင့် မြလေးပြောတဲ့နေရာပဲလာခဲ့နော်"

မြလေးခင်နှင့် စကားပြောပြီးသည်နှင့် သီဟက သူ့သူငယ်ချင်းထံ ဖုန်းဖြင့်ဆက်သွယ်၍ ဆိုင်ကယ်ငှားလိုက်သည်။

"မင်းက ဘယ်ကိုသွားမှာလဲ"

"မင်းသိပါတယ်ကွာ၊ ကျောင်းတုန်းက ငါ့ချစ်သူ မြလေးခင်နဲ့ ငါတွေ့ခဲ့တယ်၊ အဲဒါ သူကချိန်းလို့သွားမလို့ပါ"

"မြလေးခင်ကို ချစ်နေဆဲပဲလား"

"ငါ့နှလုံးသားထဲမှာ သူကအမြဲရှိနေတယ်"

"မြလေးခင်ကို မေ့ပစ်လိုက်ပါကွာ"

"ဟော့ကောင် မင်းငါ့ကို ဘယ်လိုအကြံပေးတာလဲ"

"ငါ့သူငယ်ချင်းကို အသက်ရှည်ရှည် နေစေချင်လို့"

"ဘာ...ဘာ မင်းဘာကိုပြောတာလဲ၊ မင်းက ဘာတွေများသိထားလို့လဲ"

"အဲဒီလိုတော့ မသိဘူး၊ မူဆယ်မြို့မှာ မြလေးခင်ဆိုတာကို ဘယ်သူမှ ထိရဲ သိရဲခွင့်မရှိဘူးကွ"

"မထိရဲ၊ မကိုင်ရဲတဲ့ပန်းကို နမ်းခွင့်ရှိတာဟာ ငါ့အတွက် ကုသိုလ်ထူးတာမဟုတ်ဘူးလား"

"ဟော့ကောင် အကြွားမပိုနဲ့၊ မင်းကိုငါ စိတ်မချဘူး၊ ငါပါအဖော်လိုက်ခဲ့မယ်"

"ငါတို့ချင်း လွတ်လွတ်လပ်လပ် တွေ့ချင်လို့ပါကွာ၊ မင်းမလိုက်နဲ့၊ ဆိုင်ကယ်ပဲငှားကွာ"

သီဟ၏သူငယ်ချင်း စိုင်းနွတ်မှာ မူဆယ်ဇာတိဖြစ်၏။ မိခင်မှာ ဗမာလူမျိုးဖြစ်၍ ဖခင်ဖြစ်သူမှာ ရှမ်းတိုင်းရင်းသားဖြစ်သည်။

စိုင်းနွတ်၏သတိပေးမှုကိုလက်မခံဘဲ သီဟက ဆိုင်ကယ်ငှားပြီး တစ်ဦးတည်းထွက်ခဲ့သည်။ မြလေးခင် ချိန်းဆိုထားသောနေရာမှာ သူမြင်းစီးထွက်စဉ် မြလေးခင်၏ကားနှင့် ဆုံခဲ့ရာနေရာဖြစ်သည်။

သီဟက ဆိုင်ကယ်ဖြင့် ကြိုတင်ရောက်နေခဲ့သည်။ မြလေးခင်က မြင်းဖြူတစ်ကောင်ကို အဖော်မဲ့စီး၍ ရောက်လာခဲ့သည်။

သူတို့နှစ်ဦး ဆိုင်ကယ်နှင့်မြင်းကို တောင်ကုန်းအကွယ် ချုံစပ်တွင် ဝှက်ထားရင်း လမ်း၏မျက်ကွယ်နေရာ၌ တွေ့ခဲ့ကြသည်။

"မြလေးခင်ရယ် တွေ့ရပြီး

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ပျောက်သွားတာ အခုမှပဲ တွေ့တော့တယ်''

''မြလေးလည်း ကိုသီဟကို အမြဲသတိရနေခဲ့ပါတယ်''

သူတို့နှစ်ဦး မတွေ့ကြရသည်မှာ ကြာပြီဖြစ်၍ တစ်ဦးကိုတစ်ဦး တင်းကျပ်စွာဖက်ထားရင်း ရင်ခုန်သံများကို ကူးယှက်နေခဲ့ကြ၏။

အတွေ့ဦးနှစ်မြောရင်း လောကကြီးကို မေ့ထားခဲ့မိကြသည်။

''ခွပ်.....ခွပ်.....ခွပ်''

နောက်ကျောဘက်မှ ရုတ်တရက် သံလက်သီးအစွပ် တပ်ဆင်ထားသော လက်သီးဖြင့် အထိုးခံလိုက်ရ၍ သီဟမှာ နံဘေးသို့ပစ်လဲကျသွားရင်း လောကကြီးကိုမေ့သွားခဲ့၏။

''မိန်းမယုတ်.....လာစမ်း၊ သစ္စာဖောက်မ''

အမိန့်သံတစ်ခုက ဒေါသတကြီး ထွက်လာခဲ့သည်။ မြလေးခင်ကို မညှာမတာ ထိုးလိုက်သည်။ မြလေးခင်မှာ နောက်သို့ ပက်လက်လန်လဲကျရင်း သီဟနည်းတူ လောကကြီးနှင့် ခေတ္တအဆက်ပြတ်သွားခဲ့တော့သည်။

✦ ✦ ✦

''ဟင်.....သူတို့ လက်ဦးသွားပြီ''

စိုင်းနွတ်နှင့် သူငယ်ချင်းငါးယောက်ခန့် ဆိုင်ကယ်သုံးစီးဖြင့် ရောက်လာကြသည်။ သီဟ ငှားရမ်းသွားသောဆိုင်ကယ်ကို တောင်



ကုန်းအကွယ်တွင်တွေ့ရသည်။ လူကိုတော့ မတွေ့ရ။

မြေပြင်ကို လေ့လာသည်။ လူတစ်စု၏ နင်းချေခြင်းကို ခံထားရသော သစ်ရွက်ခြောက်များနှင့် မြေစာမြက်တို့၏ ပိပြားနွမ်းကြေမှုက သီဟကို လူတစ်စုက ဖမ်းသွားကြောင်း သိသာလှသည်။

စိုင်းနွတ်က ပတ်ဝန်းကျင်ကို လေ့လာသည်။ မြလေးခင်၏ခေါင်းမှ ပြုတ်ကျကျန်ရစ်ခဲ့သော ရွှေဆံညှပ်တစ်ခုကို မထင်မှတ်ဘဲ ရှာတွေ့လိုက်၏။

မြလေးခင်ကိုယ်တိုင် အဖမ်းခံရကြောင်း သိလိုက်၏။

သီဟနှင့် မြလေးခင်ကို အလစ်အငိုက်ယူ၍ ဖမ်းဆီးသွားသူများမှာ မည်သူဖြစ်ကြောင်း စိုင်းနွတ်က ချက်ချင်းသဘောပေါက်ခဲ့သည်။

စိုင်းနွတ်က သူ့အဖော်များကို ခြေရာခံ၍လိုက်ပါရန် တိုင်ပင်သည်။ သူတို့တွင် မည်သည့်လက်နက်မှ မပါရှိကြ။ သို့သော် သူတို့အားလုံးသည် သိုင်းပညာကို ကျွမ်းကျင်စွာ တတ်မြောက်ကြသူများဖြစ်၍ သူတို့ကိုယ်ကိုသူတို့ ယုံကြည်မှုအပြည့်ရှိနေကြသည်။

စိုင်းနွတ်က သူ့အဖွဲ့ထဲမှတစ်ယောက်ကို မူဆယ်မြို့မရဲစခန်းသို့ အကူအညီတောင်းခံရန် စေလွှတ်ခဲ့သည်။ သူတို့က ခြေရာခံကိုအသော့နှင်ခဲ့ကြသည်။

စိုင်းနွတ်တို့အဖွဲ့ တရွေ့ရွေ့ ချဉ်းကပ်ခဲ့သောနေရာမှာ မြလေးခင်၏ဖခင်ဆိုသူနေထိုင်ပိုင်ဆိုင်ရာ စိုက်ပျိုးမွေးမြူရေးခြံကြီးတစ်ခုသို့ဖြစ်သည်။

မူဆယ်မှ ငါးမိုင်ခန့်ဝေးသော နေရာတွင်ရှိသည်။ တောတောင်နှင့် ဆက်စပ်ပြီး တစ်ဖက်နိုင်ငံကိုလှမ်းမြင်ရသည့်နေရာတွင်ရှိသည်။

စိုက်ပျိုးရေးခြံထဲတွင် နှစ်ရှည်စားသုံးသီးနှံပင်များနှင့် ရာသီစားသုံးပင်များ စိုက်ပျိုးထားသည်။ စိုက်ပျိုးရေးခြံနှင့်တွဲလျက် နို့စားနွားနှင့် ခိုင်းနွားမွေးမြူရေးခြံရှိသည်။

စိုက်ပျိုးရေးခြံမှာ နှစ်ရှည်ပင်များကြောင့် ဥယျာဉ်ကြီးတစ်ခုလို ဖြစ်နေသည်။ ခြံနှစ်ခြံတွင် အလုပ်လုပ်နေသော လခစားအလုပ်သမား (၁၀)ယောက်ခန့်နှင့် နေ့စားလုပ်ခစား အလုပ်သမား (၂၀)ခန့်ရှိသည်။

www.burmeseclassic.com

# အဘိုးကြီးက အများအမြင်မှာ သမီးဆိုပြီး တိတ်တိတ်ပုန်းယူထားတဲ့ မယားလေ၊ အဘိုးကြီးရဲ့ မယားက တစ်ဖက်နိုင်ငံထဲမှာနေတယ်

မြလေးခင်နေထိုင်သောနေအိမ်မှာ ခြံဝင်းထဲတွင် သီးသန့်ဆောက်ထားပြီး အနောက်တိုင်းဆန် အိမ်ပုံစံဖြစ်သည်။ အိမ်ထဲတွင် အပူပေးစက် ထားရှိရန်မလိုပေ။ အိမ်၏အလယ်တွင် အနွေးငွေ့ပေးသည့် ထင်းလောင်စာသုံး မီးလင်းဖိုရှိသည်။

မီးလင်းဖိုမှထွက်ရှိသော မီးခိုးနှံ့များကို ထုတ်လွှတ်သည့် မီးခိုးခေါင်းတိုင်လည်းရှိသည်။ ခေတ်မီအိမ်ပုံစံမဟုတ်ဘဲ အနောက်တိုင်းအိမ်ပုံစံဖြစ်၍ ရှေးဟောင်းအိမ်ကြီးဟုလည်း ဆိုနိုင်သည်။

"ဘယ်လိုလဲ၊ မင်းကို ငါသတိပေးထားပါလျက် ဘာ့ကြောင့်ခေါင်းမာရတာလဲ"

စိုက်ပျိုးရေးခြံ၏ တစ်ဖက်စွန်းတောင်ကုန်းထိပ်တွင် သီးခြားအိမ်ငယ်တစ်လုံးရှိသည်။ ထိုအိမ်ကိုလည်း ဘိလပ်မြေသုံး အုတ်ခဲများဖြင့် တည်ဆောက်ထား၍ လုံခြုံခိုင်ခံ့မှုရှိသည်။

ထိုအဆောက်အအုံထဲတွင် သီဟကို ကုလားထိုင်ပေါ်တွင်ထိုင်စေလျက် ကုလားထိုင်နှင့်တွဲပြီး ကြိုးဖြင့်တုပ်နှောင်ထားသည်။ အနီး၌ လူနှစ်ယောက်က စောင့်ကြပ်နေသည်။

မြလေးခင်ကို ကြမ်းပြင်တွင် ထိုင်စေလျက် လက်ပြန်ကြိုးတုပ်ထားသည်။ သီဟရှေ့တွင်ရပ်ပြီး အသံမာမာနှင့် ပြောခဲ့သူမှာ အသက်(၅၀)ခန့်အရွယ်ရှိသူ အသားဖြူကပြားတစ်ဦးဖြစ်သည်။

အသက်(၅၀)နှစ်ခန့်ဟု ထင်ရသော်လည်း လူက တောင့်တင်းသန်မာသည်။ နှုတ်ခမ်းမွှေးရေးရေးထားရှိသူဖြစ်သည်။

ထိုသူက သီဟ၏မေးစေ့ကို သူ့လက်ဖြင့် အပေါ်သို့မော့တင်လိုက်ပြီး စူးစိုက်ကြည့်သည်။

"မင်းက ငါစိုက်ထားတဲ့အပင်ကိုမှ ခိုးစားချင်တဲ့အကောင်ပဲ"

"ခင်ဗျား ဘာတွေပြောနေတာလဲ၊ ခင်ဗျားကို ကျုပ်မသိသလို ကျုပ်ကိုလည်း ခင်ဗျားမသိဘူး၊ ကျုပ်သိတာက ခင်ဗျားရဲ့သမီး မြလေးခင်ပဲ"

"ဟား.....ဟား.....ဟား"

ထိုသူက ဟားတိုက်ရယ်ရင်း သီဟ၏အပြောကို ဟာသပြုလုပ်လိုက်သည်။

"မင်းဟာ အတော်လေးကို သနားစရာကောင်းတဲ့လူပဲ၊ ဒီနယ်တစ်ဝိုက်မှာ ကြီးရွှေဆိုရင် ဘယ်သူမှ မော့မကြည့်ရဲဘူးကွ၊ မင်းက ဒီကိုလာပြီး လူစွာလုပ်ချင်သေးတယ်"

"ခင်ဗျားနာမည် ဘယ်သူ"

"မမှတ်မိရင် ထပ်ပြောမယ်၊ ကြီးရွှေတဲ့ကွ"

သီဟက ကြီးရွှေဆိုသူကိုမော့ကြည့်လိုက်သည်။ ရွံရှာမုန်းတီးသောအကြည့်ဖြင့် ထပ်တလဲလဲ စူးစိုက်ကြည့်နေခဲ့၏။

"ခင်ဗျားနာမည် ကြီးရွှေ၊ ဟုတ်လား"

"သေချာတာပေါ့ကွာ"

"ခင်ဗျားကို ကျုပ် လိုက်ရှာနေတာကြာပြီ၊ မထင်မှတ်ဘဲတွေ့ရတော့ ခင်ဗျားနဲ့ကျုပ် ရှင်းစရာရှိတာရှင်းကြတာပေါ့"

"မင်းနဲ့ငါ ဘာမှရှင်းစရာမလိုဘူး၊ မင်းကရှင်းချင်လည်း အခု ငါ့လက်ထဲမှာလေ၊ မင်းဘာတတ်နိုင်မှာမို့လဲ"

"ခင်ဗျားက ကျုပ်ကိုအကောင်ငယ်တယ်ဆိုပြီး အထင်သေးတာကိုး၊ ခင်ဗျားရင်ဆိုင်ရမယ့်အန္တရာယ်က မိုးကြိုးမုန်တိုင်းထက်ပြင်းလိမ့်မယ်"

"ဟား..ဟား..ဟား၊ ကြီးရွှေအကြောင်းသိရင် မင်းအခုလို ပြောဝံ့မှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"စောင့်ကြည့်ကြသေးတာပေါ့ဗျာ"

"ဟုတ်လား၊ စောင့်နေတုန်း ငါ့လက်စွမ်းကို မြည်းကြည့်စမ်းကွာ"

ကြီးရွှေက သူ၏ညာဘက်လက်ဝါးစောင်းဖြင့် သီဟ၏နားအုံကို လွှဲရိုက်လိုက်သည်။ သီဟ၏ ဦးခေါင်းထဲတွင် မိုးကြိုးအပစ်ခံလိုက်ရသလိုဖြစ်ရင်း မျက်စိထဲတွင် ကြယ်တွေလတွေ ထောင်သောင်းမကလင်းလက်သွား၏။

"ဝုန်း....."

ထိုင်နေသော ကုလားထိုင်နှင့်အတူ သီဟမှာ မြလေးခင်အနီးသို့ လဲကျသွားခဲ့၏။ လဲကျသွားစဉ် သူ့ဦးခေါင်းက မြလေးခင်၏ပေါင်ကို ဦးခိုက်သလို ဖြစ်သွားခဲ့သည်။

မြလေးခင်က သူမ၏အနီးသို့ ပစ်ကျလာသော သီဟကိုငုံ့ကြည့်ရင်း ရင်ထဲမှသံယောဇဉ်ကြောင့် မျက်ရည်ပေါက်များက တားဆီးချိန်မရဘဲ ပြိုကျလာခဲ့သည်။

"ဩော်..နင်က နင့်အကောင်ကို သနားပြီး မျက်ရည်ကျရတယ်ပေါ့လေ၊ ငါ့ရှေ့မှာ မျက်ရည်ကျပြတာ ငါ့ကို လှောင်ပြောင်သလိုပဲ"

ကြီးရွှေက သူ့ဒေါသကိုမထိန်းနိုင်၍ မြလေးခင်၏ပါးကို ဘယ်ပြန်ညာပြန် ရိုက်ပစ်လိုက်၏။

မြလေးခင်က ကြောက်လန့်တကြား တောင်းပန်သည်။

"သူနဲ့မြလေးက တက္ကသိုလ်မှာ ပညာသင်ကြားရင်း ခင်မင်ခဲ့တာပါ"

"ခင်မင်တာ ဟုတ်လား"

ထပ်မေးပြီး ထပ်ရိုက်သည်။ မြလေးခင်မှာ ခံနိုင်ရည်မရှိ၍ မေ့မြောရင်း သီဟအပေါ် မှောက်လျက်ဖြစ်သွားခဲ့သည်။

"ဒီနှစ်ယောက်ရဲ့မြင်ကွင်းကို မမြင်ချင်ဘူး၊ ညကျရင် အပြတ်ရှင်းပစ်လိုက်"

ကြီးရွှေက သူ့တပည့်များကို အမိန့်ပေးရင်း နောက်လှည့်ထွက်သွားခဲ့သည်။ အစောင့်နှစ်ယောက်က သီဟကို ကြမ်းကြမ်းတမ်းတမ်း ဆွဲထုတ်ရင်း မြလေးခင်နှင့် လူချင်းခွဲထားလိုက်၏။

✦ ✦ ✦

ညနေပိုင်း နေကျချိန်တွင် အမှောင်ထုက ဆောလျင်စွာရောက်ရှိလာသည်။ ရာသီဥတု၏အေးချမ်းမှုကြောင့် နှိပ်စက်ခံထားရသူ သီဟနှင့် မြလေးခင်တို့မှာ နာကျင်ကိုက်ခဲမှုဝေဒနာကို စတင်ခံစားနေကြရ၏။

အစောင့်နှစ်ဦးက အချုပ်အနှောင်ခံထားရသူနှစ်ဦးကို လာကြည့်သည်။ မည်သို့မျှ ရုန်းကန်ထွက်ပြေးနိုင်စွမ်းမရှိကြောင်း သိရသဖြင့် အအေးဒဏ်ခံနိုင်ရန် အဆောက်အအုံ၏ ဝရန်တာတွင် အရက်သောက်ရင်း ညဥ့်နက်ချိန်ကို စောင့်နေခဲ့ကြ၏။

အစောင့်နှစ်ဦးမှာ အရက်ကို အချမ်းပြေသောက်ရာမှ အရက်ဝမ်းထဲဝင်သွားသည်နှင့် အဆက်မပြတ်ထပ်သောက်ကြသည်။

သောက်ချိန်ကြာလာတော့ အစောင့်နှစ်ဦးစလုံး မူးယစ်ရီဝေလာကြသည်။ အရက်မူးတော့ စကားကို ထိန်းနိုင်စွမ်းမရှိတော့။

"ဟော့ကောင် အဘိုးကြီးက သူ့အသည်းလေးကို ဟိုကောင်နဲ့အတူ အပြတ်ရှင်းခိုင်းခဲ့တယ်"

"ဒီဒေသမှာ လူသတ်ပြီး အလောင်းဖျောက်တာ လွယ်ပါတယ်ကွ"

"ဒါတော့ဒါပေါ့ကွာ၊ မြလေးခင်ကို သနားပါတယ်၊ သူက တို့ကို အမြဲကျွေးမွေးထောက်ပံ့နေတဲ့သူကွ"

"ဘယ်တတ်နိုင်မလဲကွာ၊ ဦးကြီးရွှေရဲ့ နောက်ခံအင်အားကအရမ်းကောင်းတာ၊ သူခိုင်းတာကို မလုပ်ရင် တို့ပါအသတ်ခံရလိမ့်မယ်"

"အေးကွာ၊ မြလေးခင်ကလည်း မိုက်ပါတယ်"

"ဘာဖြစ်လို့လဲ၊ သူက သစ္စာဖောက်ပဲ"

"ဟ.....သူ့ကို အဘိုးကြီးက အများအမြင်မှာ သမီးဆိုပြီး တိတ်တိတ်ပုန်းယူထားတဲ့မယားလေး၊ အဘိုးကြီးရဲ့မယားက တစ်ဖက်နိုင်ငံထဲမှာနေတယ်"

"မြလေးခင်ကို အဘိုးကြီးက မတရားခြိမ်းခြောက်ပြီး သိမ်းပိုက်ထားတာကွ၊ မင်းဘာသိလို့လဲ"

"ဘယ်လိုခြိမ်းခြောက်သလဲ"

"မြလေးခင်ကို သူ့အမေကျောင်းစရိတ်မရှိတော့ မူးယစ်ဆေးဝါးရောင်းပြီး ကျောင်းထားပေးတယ်

www.burmeseclassic.com



ဟိုဘက်နိုင်ငံထဲမှာ အဖမ်းခံရတယ်၊ အဘိုးကြီးက သူ့အပေါင်းအသင်းတွေနဲ့ကယ်ပြီး မြလေးခင်ကို ဆက်ပြီးကျောင်းထားပေးတယ်၊ ကျောင်းမှာတော့ အပျိုပေါ့ကွာ''

သူတို့နှစ်ဦး အရက်ကြောင့် နှုတ်ကိုမထိန်းနိုင်ခဲ့ကြပေ။ ပြောရင်းဆိုရင်းသောက်ခဲ့ပြန်သဖြင့် မူးသည်ထက် မူးလာတော့၏။

''ဒုတ်.....ဒုတ်.....ဒုတ်''

မြန်လိုက်သည့် လှုပ်ရှားမှု။ အရက်မူးသမား အစောင့်နှစ်ယောက်လုံး လဲကျမေ့မြောသွားခဲ့ကြသည်။

ဝရန်တာကိုကျော်တက်ချဉ်းကပ်ခဲ့သူတစ်စုက အစောင့်နှစ်ဦးကို အနီးရှိ ပလတ်စတစ်ကြိုးဖြင့် တုပ်နှောင်ခဲ့ကြ၏။

သူတို့ကိုယ်ပေါ်မှ ပစ္စတိုတစ်လက်နှင့် ခြောက်လုံးပြူးတစ်လက်ကိုလည်း သိမ်းယူလိုက်ကြသည်။

ကယ်တင်ရှင်လူတစ်စုက ဝရန်တာမှတစ်ဆင့် အထဲသို့ ဝင်လိုက်ကြသည်။ မြလေးခင်နှင့် သီဟတို့ကို တုပ်နှောင်ထားသောကြိုးများဖြေပေးရင်း ကယ်တင်လိုက်သည်။

''ဟင်.....စိုင်းနွတ်''

''စကားမပြောနဲ့၊ ဒီကအမြန်ထွက်မယ်''

စိုင်းနွတ်၏ဦးဆောင်မှုဖြင့် သူတို့တစ်တွေ အဆောက်အအုံကိုကျောခိုင်းပြီး စိုက်ပျိုးဥယျာဉ်ထဲသို့ပြေးဝင်ကြသည်။ သစ်ပင်ကြီးများကိုအကာအကွယ်ယူရင်း လျင်မြန်စွာကူးပြောင်းကြသည်။

''မင်းတို့ ဒီမှာပဲနားကြဦး၊ ကြီးရွှေရဲ့အိမ်ကို ရဲတွေဝိုင်းထားတယ်၊ အိမ်ထဲကအခြေအနေကြည့်ပြီးမှ လှုပ်ရှားလိမ့်မယ်''

ကယ်တင်ရှင် စိုင်းနွတ်နှင့်အတူ လူငယ်ငါးဦးတို့က သီဟနှင့် မြလေးခင်ကို ကယ်ထုတ်ခဲ့သည်။

ကြီးရွှေနေထိုင်သောအိမ်ထဲတွင် ကြီးရွှေနှင့်အတူ သူ၏တပည့် (၁၀)ယောက်ခန့်ရှိနေကြ၏။ ရဲတပ်ဖွဲ့က အတင်းအဓမ္မ ချဉ်းကပ်လျှင် အပြန်အလှန် ပစ်ခတ်မှုတွေ ဖြစ်ပွားနိုင်ဖွယ်ရှိသည်။

ကြီးရွှေသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို ဗန်းပြလုပ်ကိုင်နေသော်လည်း မူးယစ်လုပ်ငန်းကို တွဲဖက်လုပ်ကိုင်နေသူဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ သတင်းရရှိထားပြီးဖြစ်သည်။

သက်သေအထောက်အထား ခိုင်လုံစွာရရှိထားခြင်းမရှိသေး၍ စောင့်ကြည့်မသင်္ကာသူအဖြစ် ရဲတပ်ဖွဲ့က အနီးကပ်ထောက်လှမ်းခံနေရသူဖြစ်သည်။

ယနေ့တော့ ကြီးရွှေ၏ ဇာတ်သိမ်းကာလရောက်တော့မည်ဟု အားလုံးက မျှော်လင့်ထားကြသည်။

\+ + +

ရဲတပ်ဖွဲ့ဝင်များက ကြီးရွှေ၏ နေအိမ်အနီး ချဉ်းကပ်နေရာယူထားစဉ် ညအမှောင်တွင် ကြီးရွှေ၏အိမ်ရှေ့မှ ဆိုင်ကယ်နှစ်စီးနှင့် လူလေးယောက် ထွက်လာသည်။

''ရပ်လိုက်ပါ''

ကင်းပုန်းဝပ်၍ စောင့်ကြည့်နေသည့် ရဲတပ်ဖွဲ့ဝင်များက ဆိုင်ကယ်နှစ်စီးကိုတားသည်။

ဆိုင်ကယ်သမားက ရပ်မပေးဘဲ မောင်းပြေးသည်။ ရဲတပ်ဖွဲ့က မလွှဲမရှောင်သာတော့၍ ဆိုင်ကယ်နောက်ဘီးများကို သေနတ်နှင့်လှမ်းပစ်ရင်း ဖမ်းဆီးခဲ့ကြရ၏။

အဖမ်းခံရသူ ဆိုင်ကယ်နှစ်စီးနှင့် ဆိုင်ကယ်သမား လေးဦးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြားပေါင်း နှစ်သိန်းကျော်ကို ဖမ်းဆီးရမိလိုက်၏။

လူကြီးလူကောင်းအယောင်ဆောင် ကြီးရွှေကို ဖမ်းဆီးရန် သက်သေခံအထောက်အထား ရရှိပြီဖြစ်၍ ရဲတပ်ဖွဲ့ဝင်များက ပေါ်ပေါ်ထင်ထင်ပင် ကြီးရွှေ၏နေအိမ်သို့ ချဉ်းကပ်လိုက်ကြ၏။

အပြင်မှ သေနတ်သံကြောင့် အိမ်ကြီးထဲတွင် အပေါင်းအဖော်တပည့်များနှင့် ဝိုင်းဖွဲ့၍ အရက်သောက်နေသော ကြီးရွှေက လျှို့ဝှက်ကိုင်ဆောင်နေသော ပစ္စတိုတစ်လက်နှင့်အတူ နေအိမ်အတွင်းမှ ခုန်ထွက်ခဲ့သည်။

''ဦးကြီးရွှေ လက်နက်ချပြီးအဖမ်းခံပါ''

''ကြီးရွှေဘဝမှာ ဘယ်သူ့ကိုမှ အရှုံးပေးခဲ့ဖူးတာ မရှိဘူးကွ''

ကြီးရွှေက ပြန်အော်ပြောရင်း သေနတ်နှင့်ခုခံ၍ သီဟနှင့် မြလေးခင်တို့ကို ချုပ်နှောင်ထားခဲ့သည့် အဆောက်အအုံဘက်သို့ ထွက်ပြေးခဲ့သည်။

ကြီးရွှေ၏တပည့်များကလည်း

www.burmeseclassic.com

သူတို့လက်ထဲမှ လက်နက်ပုန်းများနှင့် ခုခံသည်။ တူးမီးသေနတ်သံလည်းပါသည်။

မြလေးခင်က သီဟလက်ကို တင်းတင်းဆုပ်ကိုင်ထားရင်း ရှေ့ဆက်ကြုံတွေ့ရမည့် အဖြစ်ဆိုးအတွက် ကြောက်ဒူးတုန်ကာ ရင်တမမဖြင့် ကြည့်နေခဲ့သည်။

ကြီးရွှေထွက်ပြေးသွားသည်ကို သီဟနှင့် စိုင်းနွတ်တို့က သတိထားမိလိုက်ကြသည်။ ရဲတပ်ဖွဲ့ဝင်များက ကြီးရွှေ၏အိမ်ကို ဝင်ရောက်စီးနင်းနိုင်စေရန် ကြိုးပမ်းနေကြ၏။

ကြီးရွှေက သီဟနှင့် မြလေးခင်တို့ကို ချုပ်နှောင်ထားရာ အဆောက်အအုံမှ အစောင့်နှစ်ယောက်ကို အားကိုးပြီး ထိုအဆောက်အအုံဆီသို့ ထွက်ပြေးခဲ့ခြင်းဖြစ်သည်။

"ကိုသီဟ...ကိုသီဟ၊ မသွားပါနဲ့"

အနီးမှ ရုတ်တရက်ထွက်ပြေးသွားသည့် သီဟကို မြလေးခင်က စိုးရိမ်တကြီး အော်ဟစ်တားဆီးသည်။ ကြီးရွှေအပေါ် နာကြည်းစိတ်ရှိနေသော သီဟက အမှောင်အောက်မှာပင် ကြီးရွှေထွက်ပြေးရာနောက်သို့ လိုက်ခဲ့သည်။

စိုင်းနွတ်လည်း မနေသာတော့။ သီဟနောက်မှ ပြေးလိုက်ခဲ့ရသည်။ မြလေးခင်ကို စိုင်းနွတ်နှင့် ပါလာသူများက ဝိုင်းဝန်းတားဆီးထား၍ မြလေးခင်မှာ လိုက်ပါခွင့်မရခဲ့ပေ။

ကြီးရွှေနေထိုင်သောအိမ်နှင့် သီဟနှင့်မြလေးခင်တို့ကို ချုပ်နှောင်ထားခဲ့သောအဆောက်အအုံမှာ ကိုက် ၁၀၀ ခန့်ကွာဝေးသည်။

ရဲတပ်ဖွဲ့ဝင်များက ကြီးရွှေ၏အိမ်ကို သက်စွန့်ကြိုးပမ်းဖြင့် ချဉ်းကပ်ကြသည်။ အိမ်ထဲရှိ လူသုံးယောက်ကို ဖမ်းမိခဲ့သော်လည်း အချို့က အမှောင်ထုကို အကာအကွယ်ယူ၍ ထွက်ပြေးသွားနိုင်ခဲ့ကြသည်။

ကြီးရွှေ၏အိမ်ထဲသို့ ရောက်ရှိနေသူ ရဲအရာရှိက မူဆယ်မြို့ရှိ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးတပ်ဖွဲ့စုရုံးသို့ ဖုန်းဖြင့်ဆက်သွယ်သည်။

မူးယစ်ဆေးဝါးများ ရှာဖွေတွေ့ရှိ ဖမ်းမိထားကြောင်း သိရသဖြင့် မူးယစ်တပ်ဖွဲ့စုမှူးနှင့်အဖွဲ့ ထပ်မံရောက်ရှိလာသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူးတို့ ဦးဆောင်သည့် အဖွဲ့များလည်း ထပ်မံလိုက်လာနေပြီဖြစ်ကြောင်း သိလိုက်ရ၏။

\+ + +

"ဟိုနှစ်ကောင် ဟိုကောင်နဲ့ ဟိုကောင်မကို ပစ်သတ်လိုက်တော့"

သီဟနှင့် မြလေးခင်တို့ ချုပ်နှောင်ခံထားရဆဲဟုထင်ကာ ကြီးရွှေက သူ၏လူယုံတော် အစောင့်နှစ်ယောက်ကို အဆောက်အအုံအပြင်ဘက်မှလှမ်း၍ အမိန့်ပေးလိုက်၏။

သူက အမိန့်ပေးသော်လည်း အထဲမှ မည်သည့်အသံမှမကြားရ၍ မစူးမစမ်းဘဲ အဆောက်အအုံထဲသို့ ပြေးဝင်သွားခဲ့သည်။

သီဟနှင့် မြလေးခင်တို့ကို သူ့လက်နှင့်သတ်ပြီးမှ ထွက်ပြေးရန် စဉ်းစားခဲ့၍ဖြစ်သည်။ သူ့ကိုအကာအကွယ်ပေးမည့် မူးယစ်ဂိုဏ်းသားများရှိရာသို့ ထွက်ပြေးရန်လည်း စဉ်းစားထားပြီးဖြစ်သည်။

"ဟင်....."

အမှောင်ထဲ၌ပင် ကြီးရွှေက ပစ္စတိုသေနတ်ကို အသင့်အနေအထားဖြင့် ကိုင်ဆောင်ထားပြီး အထဲသို့ အပြေးအလွှားဝင်လိုက်သည်။

အထဲတွင် မည်သူမျှမရှိ။

ပိုပြီးဒေါသူသွားသည်။ ဝရန်တာသို့ ထွက်ကြည့်သည်။ အစောင့်နှစ်ဦး ကြိုးတုပ်ခံထားရသည်ကို အံ့အားသင့်ဖွယ် တွေ့လိုက်ရ၏။ တပည့်နှစ်ဦးစလုံးက မေ့နေဆဲဖြစ်သည်။

"ဒီကောင်တွေ အတော်ညံ့တဲ့ကောင်တွေပဲ"

ကြီးရွှေက ဒေါသတကြီးဖြင့် သူ့တပည့်နှစ်ဦးကို ခြေဖြင့်လှမ်းကန်လိုက်သည်။ ထိုအချိန်၌ပင် သူ့နောက်မှ အရှိန်အဟုန်ပြင်းပြင်းဖြင့် ရိုက်နှက်ခြင်းခံရ၍ ကြီးရွှေမှာ မှောက်လျက်လဲကျသွားခဲ့သည်။

အားလုံးကို လက်ရဖမ်းမိလိုက်၏။

ကြီးရွှေကို လက်ရဖမ်းမိပြီးနောက် ရဲတပ်ဖွဲ့က ကြီးရွှေ၏နေအိမ်အား စီးနင်းရှာဖွေရာ နေအိမ်နံရံတွင် အံဝှက်နှင့်မြှုပ်နှံဝှက်ထား

www.burmeseclassic.com





သော် စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်းကျော်နှင့် လက်နက်ခဲယမ်းများကို ထပ်မံတွေ့ရှိဖမ်းမိခဲ့ပြန်၏။

ကြီးရွှေ၏နေအိမ်အတွင်းမှ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများကို လွယ်လွယ်ကူကူ ရှာဖွေတွေ့ရှိခြင်းမှာ ရဲတပ်ဖွဲ့ကို ပူးပေါင်းကူညီခဲ့သော မြလေးခင်ကြောင့်ဖြစ်သည်။

"သစ္စာဖောက်မ....."

ကြီးရွှေက မြလေးခင်ကိုလှမ်းကြည့်ရင်း ခံပြင်းဒေါသကြီးစွာဖြင့် လှမ်းပြောလိုက်၏။

"ကျွန်မက ရှင့်ကို သစ္စာဖောက်တာမဟုတ်ဘူး၊ အားလုံးအတွက် သစ္စာရှိရှိ ရင်ဆိုင်တာ"

"ငါကျွေးမွေးလို့ နင်ဟာ ပညာတတ်ဖြစ်လာတာ"

"ဒါပေမဲ့ ကျွန်မဘဝကို အပိုင်သိမ်းဖျက်ဆီးပြီးမှ ပညာသင်ပေးခဲ့တာကို ကျေးဇူးတင်စရာမလိုဘူး"

ရဲတပ်ဖွဲ့ဝင်များ၏ရှေ့မှောက်တွင် အပြန်အလှန် ချေပမှုဖြစ်နေ၍ မူးယစ်တပ်ဖွဲ့စုမှူး ဒုရဲမှူး စိုင်းနော်ဟိန်းက ဟန့်တားရင်း ပဏာမ စစ်ချက်ရယူသည်။

သီဟကိုလည်း အဘယ်ကြောင့်ပါဝင်ရကြောင်း စစ်မေးသည်။

---

**ဝဏ္ဏဆိုတာ**
**ရွှေပါ၊**
**ဗလဆိုတာ**
**အင်အားကြီးသူပါ၊**
**ဒါကြောင့်**
**ကြီးရွှေဆိုတဲ့**
**နာမည်ဝှက်ကို**
**ဖော်နိုင်ခဲ့တာပါ**

...

"ကျွန်တော့်အမေ အသည်းအသန်ဖြစ်နေချိန်မှာ ကျွန်တော့်ချစ်သူ ဟောဒီက မြလေးခင်က ကျွန်တော့်အမေဆီက အိမ်မြေဂရန်ယူသွားပြီး ကြီးရွှေကိုပေးခဲ့တယ်၊ ကြီးရွှေက ကျွန်တော့်အမေဆီကဝယ်ထားတာပါဆိုပြီး သိမ်းယူသွားလို့ အဲဒီကိစ္စကိုရှင်းဖို့ မူဆယ်ကိုရောက်လာတာပါ"

မြလေးခင်ကိုမကြည့်ဘဲ သီဟက ပြောပြလိုက်သည်။

"ကျွန်တော်ဒီကိုရောက်တော့ မြလေးခင်နဲ့တွေ့တယ်၊ အဲဒီညမှာပဲ ကျွန်တော်တည်းခိုတဲ့အခန်းထဲကို ကြီးရွှေရဲ့တပည့်တွေက ခိုးဝင်ပြီး ဝဏ္ဏဗလဆိုတဲ့နာမည်နဲ့ ဒီကသုံးရက်အတွင်းထွက်သွားဖို့ခြိမ်းခြောက်ခဲ့ပါတယ်"

"ဝဏ္ဏဗလကို ဘာ့ကြောင့် ကြီးရွှေလို့ စွပ်စွဲတာလဲ"

ဒုရဲမှူး စိုင်းနော်ဟိန်း၏အမေးကို သီဟက ပြန်ပြောခဲ့၏။

"ဝဏ္ဏဆိုတာ ရွှေပါ၊ ဗလဆိုတာ အင်အားကြီးသူပါ၊ ဒါကြောင့် ကြီးရွှေဆိုတဲ့ နာမည်ဝှက်ကို ဖော်နိုင်ခဲ့တာပါ၊ မြလေးခင်က ပူးကပ်ပြီး လေ့လာစဉ်မှာပဲ အဖမ်းခံလိုက်ရပါတယ်"

"ဟုတ်ပါတယ်၊ ကြီးရွှေက ခရီးထွက်သွားကြောင်းလိမ်ပြောပြီး ခေါ်ခိုင်းလို့ ခေါ်ပေးရတာပါ၊ ကိုသီဟနဲ့ ချိန်းတွေ့စဉ်မှာ ဝိုင်းဖမ်းခဲ့ကြတာပါ၊ နောက်မှ သံယောဇဉ်မကုန်နိုင်လို့ ကိုသီဟနဲ့ပူးပေါင်းဖို့ ဆုံးဖြတ်ခဲ့မိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မြလေးခင်၏ နောင်တစကားကို သီဟက မယုံပေ။ မြလေးခင်၏ အကြောင်းစုံကို သိထားသော စိုင်းနွတ်က သတိပေးခဲ့၍သာ သီဟက မြေဂရန်များ ပြန်လည်ရရှိရန် ကြိုးစားစဉ် အဖမ်းခံခဲ့ရကြောင်းနှင့် သူ့ထံတွင် မြလေးခင် ရယူသွားကြောင်း သက်သေပြုခဲ့သူများ၏ ထောက်ခံချက်များပါလာကြောင်း ထပ်ဆင့်ရှင်းပြခဲ့သည်။

မြလေးခင်မှာ လောကစည်းစိမ်ဥစ္စာကို မက်မောမိရာမှ ကြီးရွှေ၏ ကြိုးဆွဲရာအရုပ်ဖြစ်ခဲ့ရ၏။ မြလေးခင်က မိခင်ကြီးကြောင့် ကြီးရွှေ၏လွှမ်းမိုးမှုကို မလွန်ဆန်နိုင်ကြောင်း ဝန်ခံခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးတို့က မူးယစ်ဆေးဝါးအမှု၊ လက်နက်မှု၊ လိမ်လည်မှု၊ မတရားတားဆီးချုပ်နှောင်မှုတို့ဖြင့် အရေးယူရန် မလွဲမသွေ တာဝန်ရှိလာကြောင်း ရှင်းပြခဲ့သည်။

ကြီးရွှေမှာ ထောင်ထဲ၌ပင် လူ့ဘဝသက်တမ်းကုန်ဆုံးရတော့မည့် ပြစ်ဒဏ်ထိုက်သူဖြစ်နေသည်။ မြလေးခင်က သူမ၏အမှားများကို ဝန်ချ တောင်းပန်ခဲ့သည်။

"မြလေးရယ် မင်းဟာ မှန်ပေါ်မှာရပ်နေတဲ့ မိန်းကလေးလို အရှက်တရား မထိန်းနိုင်သူပါ၊ ငါ့ရဲ့ချစ်ခြင်းနဲ့ မထိုက်တန်သူဖြစ်လို့ မင်းကိုငါ မေ့ပစ်လိုက်ပါပြီ"

သီဟ၏ ဆုံးဖြတ်ချက်က ပြတ်သားသည်။

မြလေးခင်မှာ ခဏစံဘဝကို ပျော်ပိုက်ရင်း အမှားပြုလုပ်ကာ ချစ်သူ၏ မေတ္တာတရားကို အလွဲသုံးစားပြုလုပ်မိခဲ့သမျှမှာ ယခုတော့ တန်ပြန်ဒဏ်ခတ်ခံရပြီဟု ယုံကြည်ကာ ချုံးပွဲချ ငိုခဲ့မိလေတော့သည်။

စာပေသစ္စာဖြင့်
အောင်ကျော်ဇော

အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်
နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

ခရသင်း သမင်ဖြူ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်010Y978/ 0102Y3654
ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၈)တဆထလ(၀၇၇)

ခရသင်း၊ သမင်ဖြူ၊ နီး၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊
ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့်
အရေပြားရောဂါမျိုးမျိုး **ကာလသားရောဂါ၊** ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊
ရင်ကရှိုက်၊ရေယုန်၊ မက်ခရု၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ
အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို
**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော
တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါအထူးကုဆေးတိုက်
အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတကာသတင်း

## ငယ်စဉ်က လိင်ပိုင်းဆိုင်ရာ စော်ကားခံရမှုကြောင့် စိတ္တဇလူသတ်သမားဖြစ်လာမှု

ဘရာဇီးနိုင်ငံတွင် တစ်နှစ်မပြည့်သည့်ကာလအတွင်း လူပေါင်း (၃၉)ဦးကို သတ်ဖြတ်ခဲ့သည်ဟု ဝန်ခံထားသည့် စိတ္တဇလူသတ်မား ကိုမက်စ်သည် ငယ်ရွယ်စဉ်က လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုလုပ်ခြင်းခံရသောကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုဖြစ်ခဲ့သူဖြစ်ကြောင်း ဝန်ခံခဲ့သည်။

ကိုမက်စ်သည် ဆေးရုံစောင့်ဝန်ထမ်းတစ်ဦးဖြစ်ပြီး ၎င်းစိတ်ဆိုးဒေါသထွက်သည့်အချိန်တိုင်း တွေ့ရှိသမျှလူများကို သတ်ဖြတ်လေ့ရှိသည်။ ၎င်းသတ်ဖြတ်၍ သေဆုံးသူများမှာ ၎င်းနှင့်ဆက်နွယ်မှုမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ ကိုမက်စ်သည် လူပေါင်း (၃၉) ဦးကို သွေးအေးအေးဖြင့် သတ်ဖြတ်ပြီး (၄၀)ဦးမြောက် လူအား သတ်ဖြတ် ရန် ကြိုးပမ်းနေစဉ် ဖမ်းဆီးရမိခဲ့ ခြင်းဖြစ်သည်။

ယခုအခါ အာဏာပိုင်များက ၎င်းအား ပြစ်ဒဏ်ချမှတ်နိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

Ref: World Crime News

8-11-2014



www.burmeseclassic.com


www.burmeseclassic.com



# ကမ္ဘာ့အကြီးဆုံး တူနာငါး ဖမ်းမိခဲ့တဲ့ကျောင်းသူ

ကနေဒါနိုင်ငံအရှေ့ပိုင်း၊ Northumberland St rait တွင် အသက် (၁၂)နှစ်အရွယ် ဂျီနာဂါဗင် ဆိုသူ ကျောင်းသူလေးသည် ကမ္ဘာ့ အကြီးဆုံး တူနာငါးကို ဖမ်းမိခဲ့သည့် အတွက် စံချိန်တင်သွားခဲ့သည်။ ငါး မှာ ၄၄ စတုံ(၂၈၀ ဒသမ ၅ ကီလို) အလေးချိန်ရှိကြောင်း သိရသည်။

ထိုငါးကို လှေပေါ်ဆွဲတင်နိုင် ရန် အချိန်နှစ်နာရီကြာကြောင်း၊ အဖေဖြစ်သူကလည်း ဝင်ကူခြင်းမရှိ ကြောင်း သိရသည်။ ငါးရလျှင် iPad mini ဝယ်ပေးမည်ဆိုသောကြောင့် ကလေးကို ကြိုးစားပြီးဆွဲတင်နိုင် အောင် အားပေးခဲ့ကြောင်း သိရ သည်။



ငါးမျှားခြင်းကို အနောက်နိုင်ငံ တွင် အားလပ်ရက်၊ ရုံးပိတ်ရက်များ ၌ အပန်းဖြေခြင်းအလေ့အထဖြင့် အနားယူကြလေ့ရှိသည်။

Ref: World Amazing News


2-11-2014

---

# တက္ကသိုလ် မိလ္လာပိုက်အတွင်း ကျောင်းသူတစ်ဦး မွေးဖွားပြီး စွန့်ပစ်ခဲ့သည့် ကလေးငယ်ကို ကယ်တင်ခဲ့မှု

တရုတ်နိုင်ငံအရှေ့ပိုင်း၊ ရှန်ဒေါင်းပြည်နယ်၊ လင်းယီမြို့၊ တက္ကသိုလ်တစ်ခုရှိ မိလ္လာပိုက် အတွင်း၌ စွန့်ပစ်ခံထားရသော ကလေးငယ်တစ်ဦး၏ငိုသံကြောင့် အချိန်မီ ကယ်ဆယ်ခဲ့ရသည်။

တက္ကသိုလ်ကျောင်းသူတစ်ဦး က ကိုယ်ဝန်လွယ်ထားသည်ကို ဖုံး ဖိကာ မီးဖွားချိန်တွင် အိမ်သာ အတွင်း သွားရောက်မီးဖွားကာ စွန့် ပစ်ထားခဲ့ခြင်းဖြစ်နိုင်ကြောင်း



သတင်းများ၌ ဖော်ပြထားကြသည်။ အိမ်သာပိုက်အတွင်း တစ်ဆို့ကျန်နေ သည့် ကလေးငိုသံကြောင့် ကျောင်း သားများ သိရှိခဲ့ပြီး မီးသတ်ဝန်ထမ်း များကိုခေါ်ယူကာ ကလေးကိုကယ် တင်ခဲ့ရခြင်းဖြစ်သည်။

ကလေးကိုကယ်ထုတ်နေစဉ် ရဲ တပ်ဖွဲ့က ထိုအဆောင်တွင်နေသော ကလေးအမေကျောင်းသူကို ခြေရာ ကောက် ရှာဖွေဖော်ထုတ်ခဲ့ပြီး ဆေး ရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ထိုကျောင်းသူကို တရားမစွဲဆို မီ အရင်ဆုံး စစ်ဆေးမေးမြန်းမှုများ ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

Ref: China News

29-10-2014

# ချစ်သူဟောင်းကို ခွေးသားဟင်းချက်ကျွေးသူ



အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ်တွင် အသက် (၃၄)နှစ်အရွယ်ရှိ မစ္စတာ ရှိုင်ယန်ဝါတန်ပေါ့သည် ရည်းစားဟောင်း၏ခွေးကိုသတ်၍ ဟင်းချက်ကာ ရည်းစားဟောင်းကို လိမ်လည်လှည့်ဖြားပြီး ကျွေးခဲ့သောကြောင့် ရဲများက ဖမ်းဆီးအရေးယူခဲ့သည်။

ဝါတန်ပေါ့သည် တိရစ္ဆာန် ညှဉ်းပန်းနှိပ်စက်မှုအပါအဝင် အခြား ပြစ်မှုများဖြင့် အဖမ်းခံထားရသည်။ သူသည် ရည်းစားဟောင်းကို လက်စားချေသည့်သဘောဖြင့် ခွေးသား ကျွေးခဲ့ခြင်းဖြစ်သည်။ ရည်းစားနှင့် ကွဲသွားပြီးနောက်တွင် ဝါတန်ပေါ့သည် ဝက်သားဟင်းဟုပြောကာ အတူစားသောက်ခဲ့ကြသည်။

နောက်နေ့တွင် တယ်လီဖုန်း မက်ဆေ့ချ်မှ ခွေးသားဘယ်လိုနေလဲဟုမေးကာ ရိခဲ့သည်ဟု ရဲများက ပြောကြားခဲ့သည်။ ဝါတန်ပေါ့က ခွေး ကိုသတ်ပြီး ချက်ခဲ့ခြင်းမဟုတ်ကြောင်း ငြင်းဆိုထားသော်လည်း သူ့ထံမှ ခွေး၏အစိတ်အပိုင်းများကို တွေ့ရှိခဲ့ကြောင်း ရဲများကဆိုသည်။

Ref: USA News

5-11-2014

---

# ရေလွှာလှိုင်းစီးပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့်ခွေးများ

အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ်တွင် ရေလွှာလှိုင်းစီးပြိုင်ပွဲ၌ ခွေးများပါဝင် ယှဉ်ပြိုင်မည်ဖြစ်ပြီး ခွေးကောင်ရေ ၆၅ ကောင်ခန့် ပါဝင်ယှဉ်ပြိုင်မည်ဟု သိရသည်။ အဆိုပါပြိုင်ပွဲမှ ဒေါ်လာ ၆၀၀၀ နီးပါး အကျိုးအမြတ် ရရှိမည်ဟု ခန့်မှန်းထားပြီး ချို့တဲ့သူများကို ကူညီရန် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အရွယ်အစား အကြီး၊ အလတ်၊ အသေး၊ သားပေါက်အပြင် အိမ်မွေးတိရစ္ဆာန်များလည်း ၎င်းတို့၏သခင်နှင့် ပါဝင် ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ထိုပြိုင်ပွဲသည် ယခုနှစ်မှ ကျင်းပသည့် ပထမဆုံးပွဲဖြစ်ပြီး ခွေးများ၏ ရေလွှာလှိုင်းစီးသည့် စွမ်းရည်များကို မြင်တွေ့ရမည်ဖြစ်ကြောင်း ပွဲစီစဉ်သူက ပြောကြားခဲ့သည်။

Ref: World Amazing News

3-11-2014



www.burmeseclassic.com

www.burmeseclassic.com





# ပျံသန်းနေသည့်လေယာဉ်ပေါ်သို့ ဆိုင်ကယ်ဖြင့်ကျော်ဖြတ်ပြသူ

ဆိုင်ကယ်စီးသမားနစ်ဒီဝစ်နှင့် လေယာဉ်မှူး ဂလင်းဒဲလ်တို့သည် တောင်အာဖရိကနိုင်ငံရှိ လေယာဉ်ကွင်းတစ်ခုတွင် အလွန်ခက်ခဲသည့် လုပ်ဆောင်ချက်ဖြစ်သော ပျံသန်းနေသည့် လေယာဉ်ပျံပေါ်မှ ဆိုင်ကယ်နှင့် ကျော်ဖြတ်ပြသည့်ပြကွက်ကို အောင်မြင်စွာလုပ်ပြနိုင်ခဲ့သည်။

သူတို့သည် ထိုပြကွက်ကိုပြသနိုင်ရန် နှစ်နှစ်နီးပါး အချိန်ယူ ပြင်ဆင်ခဲ့ရသည်။ နစ်ဒီဝစ်က ချိန်သားကိုက်၍ ဆိုင်ကယ်ကိုမောင်းနှင်လာချိန် ဂလင်းဒဲလ်ကလည်း လေယာဉ်ပျံကို မောင်းနှင်လာသည်။

နစ်ဒီဝစ်သည် ပျံသန်းနေသည့် လေယာဉ်ပေါ်သို့ ကျော်ဖြတ်ရာ ရိုးရိုးမဟုတ်ဘဲ ကျွမ်းထိုးသည့်ပုံစံမျိုးဖြင့် ကျော်ဖြတ်ခဲ့ခြင်းဖြစ်သည်။ ထိုပြကွက်ကို လူကြိုက်များခဲ့သော်လည်း လေယာဉ်မှူး ဂလင်းဒဲလ်သည် လေယာဉ်ပြပွဲတစ်ခုတွင် မတော်တဆမှုဖြင့် ကွယ်လွန်သွားခဲ့ရှာသည်။

Ref: World Amazing News

2-11-2014

ဆောင်းဟေမန်

www.burmeseclassic.com

www.burmeseclassic.com



# ပြည်တွင်းသတင်း

## မနက်ပိုင်းမှာတွေ့တဲ့သူနဲ့ လိုက်သွားမိရာ သားမယားအဖြစ်ဆက်ဆံပြီးနောက် အခြားသူနဲ့ပေးစားလို့ အိမ်ပြန်လာပြီး အမှုဖွင့်ခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်အတွင်း မိဘအုပ်ထိန်းမှု မလွတ်ကင်းသေးသည့် မိန်းကလေးငယ်တစ်ဦးအား ခိုးယူပေါင်းသင်းခဲ့သည့်အပြင် ၎င်း၏သူငယ်ချင်းတစ်ယောက်နှင့်ပါ အတင်းပေးစားခဲ့သောကြောင့် မိန်းကလေးက လက်မခံဘဲ မိဘအုပ်ထိန်းသူထံ တိုင်ကြားပြီးနောက် ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၁၆-၁၁-၂၀၁၄ ရက်နေ့ ညနေ ၆ နာရီအချိန်ခန့်တွင် ဦး----(၅၂ နှစ်)၊ လှိုင်သာယာမြို့နယ်နေသူ၏သမီးဖြစ်သူ မ----(၁၅ နှစ် ရလ)သည် နေအိမ်မှ ပျောက်သွား၍ လိုက်လံရှာဖွေရာ ည (၁၂)နာရီအချိန်ခန့်တွင် အမှတ်(၉)ရပ်ကွက်၊ ဘားအံလမ်းပေါ်တွင် ပြန်တွေ့ခဲ့ရသည်ဆို၏။

ပြန်တွေ့စဉ် သမီးဖြစ်သူအား မေးမြန်းရာ ညနေ ၆ နာရီခန့်က ၎င်း၏သူငယ်ချင်းဖြစ်သူ အသေးလေးက မိတ်ဆက်ပေး၍ ယနေ့နံနက်ကမှ သိကျွမ်းသူ ထူးထူးကျော်(ခ) ဥက္ကာ၊ (၁၇ နှစ်)၊ (ယာဉ်နောက်လိုက်)၊ ရခိုင်ရိုးလေးကျေးရွာ၊ ထန်းတပင်မြို့နယ်နေသူမှ ဖုန်းဆက်ခေါ်၍ သွားရောက်ခဲ့သည်ဆို၏။

ထူးထူးကျော်နှင့်အတူရှိနေစဉ် ၎င်း၏နေအိမ်မှ ဖုန်းဆက်ခဲ့သည်ကို ထူးထူးကျော်(ခ) ဥက္ကာက လိမ်ပြောလိုက်ဟု ခိုင်းစေပြောခိုင်းသဖြင့် လိမ်ပြောခဲ့သည်ဆို၏။

၎င်းနောက် ထူးထူးကျော်က မ----၏ဖုန်းအား စက်ပိတ်ပြီးယူထားကြောင်းနှင့် မ----က နေအိမ်သို့ပြန်မည်ဟုပြောရာ ထူးထူးကျော်က မပြန်နဲ့ဟုပြောဆိုပြီး အမှတ်(၉)ရပ်ကွက်ရှိ အသေးလေး၏နေအိမ်သို့ ခေါ်ဆောင်သွားကာ အသေးလေးနေအိမ်သို့အရောက် မ----က အိမ်ပြန်လိုကြောင်း ထပ်မံပြောဆိုသည့်အခါ ထူးထူးကျော်က လက်ကိုအတင်းဆွဲ၍ နေအိမ်နောက်ဖေးရှိ ခြင်ထောင်အတွင်းဆွဲခေါ်သွားပြီး အတည်တကျ ပေါင်းသင်းယူပါမည်ဟုပြောခဲ့သောကြောင့် သားမယားအဖြစ် နေထိုင်ခဲ့ကြောင်း ပြောပြ၍ သိရှိခဲ့ရသည်။

၎င်းနောက် ထူးထူးကျော်က ၎င်း၏သူငယ်ချင်းတစ်ယောက်နှင့် မ----အား အတင်းပေးစားခဲ့၍ မ----က လက်မခံခဲ့ကြောင်း ပြောပြသဖြင့် သိရှိခဲ့ရသည်။

အရွယ်မရောက်သေးသူအား ခိုးယူပေါင်းသင်းသူ ထူးထူးကျော်အား အရေးယူပေးရန် ဖခင်ဖြစ်သူ ဦး----က တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ သောင်ကြီးနယ်မြေရဲစခန်း (ပ) ၈၉၁/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၆၆/၃၆၃ ဖြင့် အမှုရေးဖွင့်ပြီး အမှုစစ် ဒုရဲအုပ် မျိုးထွဋ်မှုက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အေးအေးနိုင်**

www.burmeseclassic.com

www.burmeseclassic.com



# သွေးတိုးရောဂါကြောင့် အပေါ့သွားစဉ် လဲကျသေဆုံးခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၏ အိမ်သာအတွင်းသို့ ဝင်ရောက်၍ အပေါ့သွားသည့် ဆိုက်ကားသမားကြီးတစ်ဦး သွေးတိုးရောဂါကြောင့် လဲကျသေဆုံးသွားကြောင်း သိရသည်။

စုံစမ်းသိရှိရသည်မှာ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့ နံနက် ၉ နာရီ ၄၅ မိနစ်အချိန်က လမ်းမတော်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ထွန်းအောင်ကျော်ထံသို့ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ အနော်ရထာလမ်းနှင့် လှည်းတန်းလမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်တွင် လူတစ်ဦးသေဆုံးနေကြောင်း တာဝန်သိပြည်သူတစ်ဦးမှအကြောင်းကြားခဲ့သည်ဆို၏။

အကြောင်းကြားချက်အရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဦးမန်းကျော် (၆၂ နှစ်)၊ (ဆိုက်ကားနင်း)၊ နေရပ်လိပ်စာ(စုံစမ်းဆဲ)၊ မြောက်ဥက္ကလာပမြို့နယ်နေသူဟု သိရှိရပြီး ၎င်းသည် လက်ဖက်ရည်ဆိုင်အတွင်းရှိ အိမ်သာသို့ အပေါ့ဝင်သွားရာ ကြာနေသဖြင့် ဆိုင်ရှင်နှင့် ဆိုင်ဝန် ထမ်းတို့က တံခါးဖွင့်ကြည့်ရာ အိမ်သာအတွင်း၌ သွေးတိုးရောဂါဖြင့် လဲကျသေဆုံးနေကြောင်း သိရသည် ဆို၏။

အလောင်းအားစစ်ဆေးရာ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရှိ ရသဖြင့် ရဲဆေးစာဖြင့် ရန်ကုန်ပြည် သူ့ဆေးရုံကြီးသို့ပို့အပ်ရာ ပီအာရ် ဝ၆၅ ဖြင့် လက်ခံထားရှိပြီး စခန်း မှူး ဒုရဲမှူး ထွန်းအောင်ကျော်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် လမ်းမတော်မြို့မရဲစခန်း သေမှုသေ ခင်းအမှတ်စဉ် (၁၈/၂၀၁၄)ဖြင့် အမှု ဖွင့်ပြီး အမှုစစ်/တရားလိုက စစ် ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်း**

# တည်င်းကုန်းဘူတာထဲ ရထားဝင်ရောက်စဉ် စကြံပေါ်ရပ်နေသူအဘွားအိုမှာ လေဟပ်ပြီးလဲကျရာမှ ထိခိုက်သေဆုံးခဲ့ရရှာမှု

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တည်င်းကုန်းဘူတာသို့ မောင်းနှင်ဝင်ရောက်လာသော မြို့ပတ်ရထား၏အရှိန်ကြောင့်လေဟပ်ပြီး ပလက်ဖောင်းပေါ်တွင်ရပ်နေသော အသက် (၇၀)အရွယ်ရှိ အမျိုး သမီးကြီးတစ်ဦး လဲကျ၍ ရထားခြေ နင်းခုံနှင့်တိုက်မိရာ သေဆုံးသွား ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၉–၁၁–၂၀၁၄ ရက်နေ့၊ ညနေ ၅ နာရီအချိန်တွင် အမျိုးသမီးတစ်ဦး ရထားတိုက်မိသေဆုံး၍ အင်းစိန်ဆေးရုံသို့ ရောက်ရှိနေကြောင်း အင်းစိန်မြို့မရဲစခန်းမှ သတင်းရရှိခဲ့သည်ဆို၏။

သတင်းအရ အင်းစိန်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးဌေးအောင်နှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဒေါ်လာပြား (၇၀ နှစ်)၊ ဒဂုံ (တောင်)မြို့နယ်နေသူဖြစ်ကြောင်း သိရှိခဲ့ရသည်။

ဒေါ်လာပြား (၇၀ နှစ်)သည် ဆွေမျိုးများနှင့်အတူ အင်းစိန်မြို့နယ်၊ တည်င်းကုန်းရပ်ကွက်၊ တည်င်းကုန်းဘူတာ သံလမ်းဈေး၌ ကုန်စိမ်းလိုက်ဝယ်နေရာမှ ညနေ ၃ နာရီ ၂၀ မိနစ်အချိန်၌ အင်းစိန်မှ လှော်ကားသို့ စက်ခေါင်းမောင်းသူ ဇော်လင်း (၃၇ နှစ်)၊ မလွှကုန်းဘူတာနေသူ မောင်းနှင်လာသော စက်ခေါင်းအမှတ် ၁၂၃၀ ပိတောက် (၉၇)ရထားမှာ တည်င်းကုန်းဘူတာ အဝင် စကြံ (၄)သို့ ရောက်ရှိလာချိန်တွင် ဒေါ်လာပြားမှာ ရထားလေ ဟပ်၍ လဲကျရာမှ ရထားခြေခုံဖြင့် ရိုက်မိသဖြင့် ဦးခေါင်းနောက်စေ့ ဖူးရောင်ဒဏ်ရာ၊ ဝဲယာလက်ဖျံ၊ ကျောကုန်း၊ ခါး၊ ခြေတို့တွင် ဖူး ရောင်ဒဏ်ရာများ ရရှိခဲ့သည်။ အင်းစိန်ဆေးရုံသို့ ပို့ဆောင်စဉ် ညနေ ၄ နာရီ အချိန်တွင် သေ ဆုံးသွားကြောင်း သိရှိရသည်။

အလောင်းအား အင်းစိန်ဆေး ရုံမှ ပီအာရ် ၁၀ ဖြင့် လက်ခံခဲ့ သည်။ အင်းစိန်မြို့မရဲစခန်း သေမှု သေခင်း အမှတ်စဉ် ၈၄/၂၀၁၄ ဖြင့် အမှုရေး ဖွင့်၍ အမှုစစ် စခန်းမှူး ဒုရဲမှူးဌေးအောင်က အမှုမှန်ပေါ် ပေါက်ရေးအတွက် စစ်ဆေးလျက်ရှိ ကြောင်း သိရသည်။


**T.T.သိန်း**

www.burmeseclassic.com

www.burmeseclassic.com

# ၁၂ လရာသီ ဗေဒင်ဟောစာတမ်း









## မိဿ မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း မွေးဖွားသူများ

စီးပွားရေးလုပ်ကိုင်နေသူများမှာ ဆွေမျိုးညီအစ်ကိုမောင်နှမများနှင့် ပူးပေါင်းလုပ်ကိုင်ရသည့် အလုပ်မျိုးဖြစ်ပါက အကျိုးပေးမည်။ ခရီးဝေးသို့သွားလာပြီး စီးပွားရေးလုပ်လျှင် ပို၍ ကောင်းမွန်မည်၊ ပို၍အကျိုးပေးမည်။ လူမျိုးကွဲ၊ ဘာသာခြားနိုင်ငံခြားသားများနှင့် ဆက်ဆံရသည့်အလုပ်များလည်း အသင့်အတင့်ကောင်းမည်။ ဝန်ထမ်းဖြစ်ပါက အလုပ်တာဝန်ပိုများမည်။ အိမ်ထောင်သည်ဖြစ်ပါက သားသမီးကြောင့် ဂုဏ်တက်မည်။ ဝမ်းသာနေရဆဲတွင် သောကဒွန်တွဲတတ်သည်။ ငယ်ရွယ်သူများ အချစ်ရေးကောင်းမည်။ ပညာသင်များ အပေါင်းအသင်းကို အလိုမလိုက်ပါနှင့်။ အမှုအခင်းကြုံရတတ်သည်။

**ယတြာ မွေးနေ့နံနက်တွင် ဘုရားကို ယာဂုဆွမ်းကပ်လှူပါ။**

---



## ပြိဿ ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း မွေးဖွားသူများ

စီးပွားရေးလုပ်ကိုင်သူများ အဆင်ပြေ၍ ဝင်ငွေကောင်းမည်။ ဝင်သောငွေ မြဲမည်။ အိမ်၊ ခြံ၊ မြေ၊ ဥယျာဉ် တို့ကြောင့် အမှုအခင်းဖြေရှင်းရမည်။ ဝန်ထမ်းများ လက်အောက်ငယ်သားတို့ကြောင့် အကြီးအကျယ် အနှောင့်အယှက်ဖြစ်မည်။ အိမ်ထောင်သည်ဖြစ်ပါက ဇနီး၊ ခင်ပွန်းတို့အတွက် ငွေကုန်ကြေးကျများမည်။ သို့သော် အိမ်ထောင်ရေးသာယာမည်။ ငယ်ရွယ်သူများ မိဘများ၏ ကျန်းမာရေးသတိထားပါ။ ပညာသင်များ စိုးရိမ်စရာမရှိပါ။

**ယတြာ မွေးနေ့တွင် မာလကာသီးငါးလုံးကို အိမ်ဘုရားတွင် ကပ်လှူပေးပါ။**

---



## မေထုန် မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း မွေးဖွားသူများ

အတိုက်အခံနှင့် ယှဉ်ပြိုင်သူတွေ့မည်။ သို့သော် ကျော်ဖြတ်၍ အနိုင်ရမည်။ လုပ်ငန်းမှ ဝင်ငွေများ မပြတ် ရရှိမည်ဖြစ်သော်လည်း အလုံးအရင်းဖြင့် ရရှိမည်မဟုတ်ပါ။ ဝန်ထမ်းများ ပညာတော်သင်ခရီး၊ သို့မဟုတ် သင်တန်း၊ သို့မဟုတ် ယာယီတာဝန်ဖြင့် ခရီးထွက်ရမည်။ အိမ်ထောင်သည်များ အိမ်ထောင်ရေးသာယာမည်။ ငယ်ရွယ်သူများ အိမ်ထောင်ဖက်ကောင်းကို ရှာဖွေတွေ့ရှိမည်။ ပညာသင်များ စိတ်ကြောင့် သောကပိုတတ်သည်။

**ယတြာ မုန့်စိမ်းပေါင်းကို မွေးနေ့တွင် မွေးနံထောင့်မှ ကပ်လှူပါ။**

www.burmeseclassic.com

www.burmeseclassic.com





## ကရကဋ် ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၀) ရက်အတွင်း မွေးဖွားသူများ

စီးပွားရေးလုပ်ကိုင်သူများ အကြီးအကဲဖြစ်သူ၏ ကြည့်ရှုစောင့်ရှောက်မှု၊ အရင်းအနှီးနှင့် ဈေးကွက်ညွှန်ပြမှု ရရှိခံစားရမည်။ ဝန်ထမ်းဖြစ်ပါက အသွားအလာ ဂရုစိုက်ပါ။ သွားလာရင်း ထိခိုက်အနာတရဖြစ်တတ်သည်။ အထူးသဖြင့် ဆိုင်ကယ်၊ ကား သတိပြုပါ။ အိမ်ထောင်သည်ဖြစ်ပါက ဇနီးမောင်နှံနှစ်ဦး ထူးမြတ်သောပုဂ္ဂိုလ်ကို ဖူးတွေ့ရလိမ့်မည်။ ငယ်ရွယ်သူဖြစ်ပါက ချစ်သူနှင့်အတူ ခရီးထွက်ရမည်။ ချစ်သူမရှိသေးသူများ ချစ်သူရရှိမည်။ ပညာသင်များ ဝိဇ္ဇာဘက်တွင် အားနည်းမည်။

**ယတြာ** **ခွေး၊ ဆင်၊ မျောက်တို့ကို အစာကျွေးပါ။ အဝတ်အထည်ဟောင်း စွန့်လှူပါ။**

---



## သိဟ် ဇူလိုင်လ (၂၁) ရက်မှ ဩဂုတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ

စီးပွားရေးတွင် လုပ်ကိုင်ကြံစည်ရင်း အလွဲလွဲအချော်ချော်ဖြစ်၍ ဝင်ငွေထက် ထွက်ငွေက ပိုများနေတတ်သည်။ လုပ်ငန်းသစ်များ တိုးချဲ့ရန် အလျင်စလို မဆုံးဖြတ်သင့်သော အချိန်ဖြစ်သည်။ ဝန်ထမ်းဖြစ်ပါက လက်အောက်ငယ်သားများအပေါ် ယုံကြည်စိတ်ချမှု အပြည့်မထားသင့်သေးပါ။ အိမ်ထောင်သည်ဖြစ်ပါက ကျန်းမာရေးသတိထားသင့်သည်။ စိုးရိမ်စရာတော့မရှိပါ။ ငယ်ရွယ်သူများ ချစ်သူနှင့် မကြာခဏ သဘောထားချင်းမတိုက်ဆိုင်မှုပေါ်မည်။ ပညာသင်များကောင်းသော်လည်း ကြိုးစားမှု အားနည်းနေသည်။

**ယတြာ** **မွေးနံ့ပန်းကို ဆီးခက်ငါးခက်ရံ၍ မွေးနံ့ထောင့်မှကပ်လှူပါ။**

---



## ကန် ဩဂုတ်လ (၂၁) ရက်မှ စက်တင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ

စီးပွားရေးလုပ်ကိုင်ရာတွင် ကိုယ်တိုင်ဦးဆောင်မှုရှိမှ အောင်မြင်မှုရရှိနိုင်သည်။ အမျိုးသမီးသုံးပစ္စည်း၊ အဝတ်အစား ရောင်းဝယ်ပါက ရောင်းအား၊ ဝယ်အား ထွန်းကားမည်။ လုပ်ငန်းတိုးချဲ့ခြင်း၊ လုပ်ငန်းသစ်လုပ်ကိုင်ခြင်း ပြုလုပ်နိုင်သောကာလဖြစ်သည်။ ဝန်ထမ်းများ သာမန်အနေအထားတွင်ရှိမည်။ အိမ်ထောင်သည်ဖြစ်ပါက ဇနီးထံမှ သို့မဟုတ် ခင်ပွန်းထံမှ လုပ်ငန်းအောင်မြင်နိုင်သော အကြံပြုချက်ရရှိမည်။ ငယ်ရွယ်သူများ ဦးခေါင်းတွင် ထိခိုက်ဒဏ်ရာရရှိတတ်သည်။ ပညာသင်များ အလှူဒါနပြုလေကောင်းလေဖြစ်မည်။

**ယတြာ** **မိမိသုံးစွဲနေသောပစ္စည်းကို စွန့်လှူလိုက်ပါ။**

www.burmeseclassic.com



## တူ စက်တင်ဘာလ (၂၁) ရက်မှ အောက်တိုဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ

အထစ်အငေါ့နှင့် အလွဲလွဲအချော်ချော်ဖြစ်နေသော စီးပွားရေးလုပ်ငန်းများ လတစ်ဝက်ကျော်လျှင် ထူးခြားစွာ အောင်မြင်လိမ့်မည်။ သက်ကြီးရွယ်အိုများအတွက် ငွေကုန်ကြေးကျများမည်။ ဝန်ထမ်းဖြစ်ပါက အကြီးအကဲများအတွက် ကူညီအားဖြည့်ပေးရသူဖြစ်လိမ့်မည်။ အိမ်ထောင်သည်များ မကြာခဏသဘောထားကွဲတတ်သည်။ အိမ်ထောင်ရေးပြိုကွဲခြင်း မရှိနိုင်ပါ။ ငယ်ရွယ်သူများ အချစ်ရေးကြောင့် ရတက်မအေးဖြစ်ရလိမ့်မည်။ ပညာသင်များ အခက်အခဲကြားမှ အောင်မြင်မည်။

**ယတြာ** **နေအိမ်ဘုရားတွင် ဩဇာသီးငါးလုံးကပ်လှူ၍ ရေသန့်တစ်ဘူးလှူပါ။**

---



## ပြိစ္ဆာ အောက်တိုဘာလ (၂၁) ရက်မှ နိုဝင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ

စီးပွားရေးလုပ်ငန်းကို အခြားသူအား ယုံကြည်စိတ်ချမှုဖြင့် မလွှဲပါနှင့်။ ကိုယ်တိုင်လုပ်မှ မိမိကံကြောင့် အောင်မြင်လိမ့်မည်။ ကံတရားအကျိုးပေးချိန်ဖြစ်၍ အစိုးရထီကို ကံစမ်းပါ။ ထီ၊ သို့မဟုတ် ကံစမ်းမဲပေါက်မည်။ ဝန်ထမ်းဖြစ်ပါက အရေးကြီးသော စာရွက်စာတမ်းများကို ဂရုတစိုက်ဖြင့်သိမ်းဆည်းပါ။ အိမ်ထောင်သည်ဖြစ်ပါက သားသမီးတို့ထံမှ ထောက်ပံ့မှုရမည်၊ သို့မဟုတ် သားသမီးတို့ကြောင့် ဂုဏ်တက်မည်။ ငယ်ရွယ်သူများ ကျန်းမာရေး ဂရုစိုက်ပါ။ ပညာသင်များလည်း အတူတူပင်ဖြစ်သည်။ အစားအသောက်ဆင်ခြင်ပါ။

**ယတြာ** **သံဃာတစ်ပါးပါးကို ထီး၊ ဖိနပ် လှူပေးလိုက်ပါ။**

---



## ဓနု နိုဝင်ဘာလ (၂၁) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ

စီးပွားရေးကို ကိုယ်တိုင်ဦးဆောင်နိုင်မှလုပ်ပါ။ တစ်ဦးတည်းလုပ်ပါ။ စပ်တူ၊ ရှယ်ယာ မလုပ်ပါနှင့်။ စကားပြောမှားတတ်သည်။ ဒေါသနှင့်ယှဉ်သော အမှုအခင်းမျိုး ကြုံတတ်သည်။ ဝန်ထမ်းဖြစ်ပါက အထင်အမြင်လွဲခြင်း၊ အတိုင်အတောခံရခြင်းကြုံမည်။ အိမ်ထောင်သည်များ သားသမီးတို့၏ ထောက်ပံ့မှုကို ထူးထူးခြားခြားရရှိမည်။ အိမ်၊ မြေ အသစ်ဝယ်ယူပိုင်ဆိုင်နိုင်မည်။ ငယ်ရွယ်သူများ တစ်ဖက်သတ်ချစ်သူထံမှ ချစ်စကားများ ကြားရလိမ့်မည်။ ပညာသင်များ စိုးရိမ်စရာမရှိပါ။

**ယတြာ** **မွေးနေ့တွင် ဂြိုဟ်တိုင်၌ ရေ၊ အလင်းတိုင်၊ အမွှေးတိုင် သက်စေ့ကပ်လှူပါ။**

www.burmeseclassic.com

www.burmeseclassic.com





## မကာရ ဒီဇင်ဘာလ (၂၁) ရက်မှ ဇန်နဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ

မအောင်မြင်သော စီးပွားရေးကို ဥပေက္ခာပြုလိုက်ပါ။ လုပ်ငန်းသစ်က အကောင်း ဆုံးအကျိုးပေးမှုဖြစ်လာမည်။ အခက်အခဲများကြားမှ ထင်မြင်မျှော်မှန်းသည်ထက် ပို၍ အောင်မြင်မှုရရှိမည်။ ဝန်ထမ်းဖြစ်ပါက ရာထူး၊ နေရာ၊ ဌာန တိုးမြှင့်ပြောင်းခြင်းခံရမည်။ အိမ်ထောင်သည်ဖြစ်ပါက မိတ်ဆွေကောင်းများတွေ့မည်။ မြေအရောင်းအဝယ် အကျိုးပေးလိမ့်မည်။ ငယ်ရွယ်သူများ ချစ်သူနှင့်အတူ အဝေးခရီးသို့သွားရမည်။ ပညာသင်များ ကြိုးစားမှုလိုနေတတ်သည်။

**ယတြာ** **မိတ်ဆွေ၊ သူငယ်ချင်းများကို သကြားလုံးဝေငှ၍ ဒါနပြုလိုက်ပါ။**

---



## ကုမ် ဇန်နဝါရီလ (၂၁) ရက်မှ ဖေဖော်ဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ

ဆုံးရှုံးသွားသောငွေ၊ လက်လွှတ်သွားသောပစ္စည်းများ ပြန်လည်ရရှိတတ်သည်။ မြေယာ၊ ဥယျာဉ်၊ ခြံမြေတို့ကြောင့် ငွေကြေးအဆင်ပြေမည်။ အိမ်၊ မြေအသစ်တို့ ဝင်လာတတ်သည်။ ဝန်ထမ်းဖြစ်ပါက အလုပ်တာဝန် ပိုများမည်။ အထက်/အောက် ဝန်ထမ်းများနှင့် စိတ်သဘောထားကွဲလွဲတတ်သည်။ အိမ်ထောင်သည်ဖြစ်ပါက ငွေကြေးချေးငှားခြင်း၊ ယုံကြည်ပေးအပ်ခြင်း အထူး သတိပြုပါ။ သားသမီးတို့၏ ကျန်းမာရေး ဂရုစိုက်ပါ။ ငယ်ရွယ်သူများ ချစ်သူနှင့် အပျော်လွန်တတ်သည်။ ပညာသင်များ ပူပင်သောကစိတ်ကြောင့် တိုးတက်မှုနှောင့်နှေးတတ်သည်။

**ယတြာ** **မွေးနေ့တိုင်း ခွေးလေခွေးလွင့်များကို အစာကျွေးပေးပါ။**

---



## မိန် ဖေဖော်ဝါရီလ (၂၁) ရက်မှ မတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ

ကြံစည်စိတ်ကူးထားသော စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ပါက အောင်မြင်မည်။ လုပ်ငန်းအဟောင်းမှ လုပ်ငန်းအသစ်သို့ ပြောင်းလဲလုပ်ကိုင်ရမည်။ ခရီးဝေးသွားလာရမည်။ သွားရလျှင် လာဘ်ပွင့်မည်။ ဝန်ထမ်းများ မိမိထက် ရာထူးကြီးသူ၊ သို့မဟုတ် အသက်အရွယ်နှင့် ဂုဏ်ကြီးသူကို အကူအညီပေးရလိမ့်မည်။ အိမ်ထောင်သည်ဖြစ်ပါက လင်မယားနှစ်ဦးအကြားသို့ မမှန်စကားပြောတတ်သူများ ရောက်ရှိတတ်သည်။ ငယ်ရွယ်သူဖြစ်ပါက အလုပ်အကိုင်ရရှိမည်။ ချစ်သူအသစ်တွေ့မည်။ ပညာသင်ဖြစ်ပါက ဂုဏ်ပြုခြင်းခံရမည်။

**ယတြာ** **ဗုဒ္ဓရုပ်ပွားတော်ကို ရေသပ္ပါယ်၍ လိုရာဆုတောင်းပါ။**

ထက်သုခြေဦး

www.burmeseclassic.com